www.burmeseclassic.com



BURMESE CLASSIC .com

# မြသားသွင်

လုံးချင်းဝတ္ထုသစ်

# ကြယ်စင်ညနှင့် လရိပ်ကဗျာ

design : aung kyaw moe

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

## အခန်း (၁)

နှုတ်ခမ်းကို တင်းတင်းဖိကိုက်ထားရင်းက လရိပ်မေ ည် သူ့မလက်သီးဆုပ်လေးများကို မလျှော့တမ်း ဖိဆုပ်ဖျစ်ညှစ် ားလိုက်သည်။ ထာဝရခွဲခွာခြင်း၊ ဒီစကားသည် လရိပ်မေနှင့် မေ့ကြားမှာ သုံးရမည့်စကားလုံးတဲ့လား။

ဆို့နင့်နာကျင်မှုတို့ဖြင့် ကြေကွဲနေရသည့် နှလုံးသား တွက် ထိုစကားကို ဖြေရန် လရိပ်မေတွင် အဖြေမရှိခဲ့ပါပေ။

တကယ်ပဲ လရိပ်မေ၏ ဖေဖေသည် လရိပ်မေအား ဝရခွဲခွာခြင်းဖြင့် နှုတ်မဆက်ဘဲ ခွဲခွာခဲ့ပြီတဲ့လား။

နှလုံးသားတွေ ရှင်သန်နေဆဲဖြစ်ပေမယ့် လူကတော့ တ်မဲ့သွားသူတစ်ယောက်လို နေရာမှာပင် မလှုပ်မယှက်ရပ် တ် လရိပ်မေ တွေတွေကြီး ရှိနေရသည်။

သိန်းမင်းတာဟေ

www.burmeseclassic.com

www.burmeseclassic.com



ခုချိန် လရိပ်မေ၏ စိတ်အာရုံများသည်လည်း အားလုံး ဟာလာဟင်းလင်း အသိနှင့် ကိုယ်မကပ်နိုင်တော့လောက်အောင် ရင်မှာ နင့်သည်းမှုတို့က နက်ရှိုင်းစွာ ခံစားနေရသည်။

"လရိပ်… လရိပ်… သတိထားပါဦး လရိပ်ရယ်၊ အဲဒီလိုကြီး စိတ်ကို တင်းမထားနဲ့လေ၊ လျှော့လိုက်၊ စိတ်ကို လျှော့လိုက်ပါ လရိပ်ရယ်"

သူငယ်ချင်းဖြစ်သူ နုသွယ်၏အသံက လရိပ်မေ နားထဲတွင် မကြားတစ်ချက်၊ ကြားတစ်ချက်နှင့် နုသွယ်အသံက သူမ နားထဲသို့ ဟိုးအဝေးကပင် ရောက်ရှိလာသိမျိုး။

စောစောက သူမမျက်စိရှေ့တွင် မြင်နေရသည့် လူများသည်လည်း အချိန်ခဏအတွင်းမှာ ဘယ်ဆီရောက်ရှိသွားမှန်း မသိတော့။

သူမကို ဖြတ်ကျော်သွားသူ၊ ထွက်ခွာသွားသူနှင့် သူမ နားတွင် ကျန်ရစ်ခဲ့သူဆိုလို့ သူမသူငယ်ချင်း နုသွယ်နှင့် နုသွယ်၏ အမေ ဒေါ်လေးတင်တို့သည်သာ သူမနားတွင် ရှိနေလေသည်။

ကျန်လူများသည် သူမနှင့်တကွ ဖေဖေ့ကို ထားသွားခဲ့ပြီ ဖြစ်သည်။

စောစောကလူများ အုပ်အုပ် အုပ်အုပ်နှင့် စည်ကားသယ် ရှိခဲ့သည့်နေရာလေးက ခုတော့ ခဏချင်းမှာပင် လူတွေပျောက်





ကွယ်သွားကာ ဟိုတစ်စ ဒီတစ်စ လူအနည်းငယ်ကိုသာ တွေ့ရတော့သည်။

ဆို့နင့်လာသော ရင်၊ နင့်သည်းနက်ရှိုင်းသော ခံစားမှုများနှင့် နလုံးသားမှ မွှမွှကြေမတတ် ခံစားနေရသော လရိပ်မေသည် ခုချိန် အားပါးတရ အော်ဟစ်ကာ ငိုကြွေးပစ်လိုက်ချင်ပေမယ့် ခက်သည်က သူမ မျက်ရည်ကျနိုင်အောင် ခံစားနာကျင် ကြေကွဲရသည့်အဖြစ်။

သည်အဖြစ်က လရိပ်မေ ဘဝအတွက် ဘယ်တော့မှ လည်း ဖြေဖျောက်၍ရတော့မည် မဟုတ်ပါ။

မောယန်းနွမ်းနယ်စွာ ခြေလှမ်းတို့ကိုပင်သယ်ရန် အားအင် မရှိတော့သလောက် ကုန်ခမ်းနေသည့် လရိပ်မေကို နုသွယ်သည် လက်လေးဆွဲကိုင် ဖေးမထားရင်းက သူမကိုယ်တိုင်က နာကျင်ကြေကွဲ ဝမ်းနည်းနေရသည်။

"အားလုံး ပြီးသွားပြီပဲ လရိပ်ရယ်၊ အိမ်ပြန်ကြပါစို့နော်"

နုသွယ်အသံက တိုးတိတ်စွာ သူ့နားထဲ ရောက်ရှိလာရသည်။

"အားလုံး ပြီးသွားပြီတဲ့လား"

ဘုရားရေ… နုသွယ်ပြောသလို အရာအားလုံးသည် တကယ်ပဲ ပြီးဆုံးသွားခဲ့ပြီတဲ့လား။

ဟင့်အင်း… မပြီးပါ။



www.burmeseclassic.com

www.burmeseclassic.com



သူများတွေ ဘယ်လိုပင် သတ်မှတ်ပြောပါစေ၊ လရိပ်မေ ရင်ထဲတွင်တော့ ဖေဖေသည် လရိပ်မေဘဝ၊ လရိပ်မေ နှလုံးသား ထဲ ပြီးဆုံးပျောက်ကွယ်သွားမှာ လူတစ်ယောက်မဟုတ်ဆိုတာ လရိပ်မေသာ သိပါသည်။

ထိုခဏ အုံ့ဩစရာကောင်းသည်က သူမ ဘယ်လိုမှ ငို၍မရနိုင်သည့် မျက်ရည်များက ခုတော့ဖြင့် ဘယ်လိုကနေ ဘယ်လို ရောက်ရှိလာသည် မသိ။ မျက်ဝန်းမှ မျက်ရည်စများ သည် လရိပ်မေ ပါးပြင်ထက် ကြွေသက်စီးဆင်းကျလာရလေ သည်။

ထိုမျက်ရည်များကို လရိပ်မေသည် မသုတ်မိပါပေ။ သုတ်ရန်လည်း လရိပ်မေ စိတ်မကူး။

သည်မျက်ရည်တွေ ဖေဖေ့အတွက် ကျသည့်မျက်ရည် တွေမို့ လရိပ်မေ မသုတ်ရက်ပါ။

လရိပ်မေ သိပ်ချစ်သော ဖေဖေသည် လရိပ်မေအား လူ့လောကကြီးထဲတွင် တစ်ယောက်တည်း စိတ်ချလက်ချထား သွားခဲ့ပြီ ဖြစ်သည်။ ဒီအတွက် ကံကြမ္မာကို လရိပ်မေ အပြစ် ဖွဲ့ရမည်လား။

"စိတ်ကိုဖြေပါ လရိပ်ရယ်၊ သမီးတစ်ယောက်အနေနဲ့ လရိပ်ဟာ လရိပ် ဖေဖေ့အပေါ်မှာ အများကြီး တာဝန်ကျေခဲ့သူ ပါ"





ဖေဖေ့အပေါ် လရိပ် တာဝန်ကျေခဲ့သည်တဲ့လား။

လရိပ်သည် သူမကိုယ်သူမ ဒီလိုမထင်ခဲ့ပါပေ။ သမီး တစ်ယောက်အနေနှင့် ဖေဖေ နောက်ဆုံးအချိန်ထိ ဖေဖေ့ရင်ထဲက ဆန္ဒများကို ဖြည့်ဆည်းခွင့်မရလိုက်သည်ကိုပင် သူမကိုယ်သူမ ကျောင်တရလို့မဆုံးပါ။

"ပြန်စို့နော် လရိပ်"

နသွယ် စကားကို လရိပ်မေသည် ခေါင်းမညိတ်၊ ခေါင်း ခါမိပါပေ။ နသွယ် ဆွဲခေါ်ရာနောက် ခြေလှမ်းတို့ကို အနိုင်နိုင် သယ်ရင်း လိုက်ပါလာခဲ့သည်။

နသွယ်သည် လရိပ်မေလက်လေးကို ဆွဲကိုင်ထိန်းရင်း ကားပေါ်တက်စေလိုက်သည်။

ကားက လမ်းလေးအတိုင်း တရိပ်ရိပ်ပြေးလျက် ရှေ့ သို့တည့်စူးစူးကို ပို့ထားသည့်တိုင် သူမ မျက်ဝန်းထဲ ဘာမှမြင် နိုင်စွမ်းမရှိပါ။

ပတ်ဝန်းကျင်ရှိ အရာအားလုံးတို့သည် သူမမျက်ဝန်းထဲ ဘာမှမြင်နိုင်စွမ်းမရှိလောက်အောင် ရင်မှာ နင့်သည်းစူးနင့်သည့် ဝေဒနာတို့နှင့် လောကကြီးတွင် သူမတစ်ယောက်တည်းပါလားဆို သော အသိက ရင်ကို အဆမတန် နှိပ်စက်လျက် နှလုံးသားကို ကြေမွခံစားနေစေရလေသည်။

ဖေဖေ သူမကို ထာဝရခွဲခွာခြင်းသည် လရိပ်မေဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com



သူမ ကမ္ဘာလေးကို ပျက်စီးသွားစေရသည့်အဖြစ်။

သည်အဖေနှင့် ဒီသမီးနှစ်ယောက်သာရှိသည့် ဘဝမှာ ဖေဖေ သူမကို ခွဲခွာသွားသည့်အခါမှာတော့ လရိပ်မေသည်သာ တစ်ယောက်တည်း အထီးကျန်အားငယ်စွာ အားကိုးရာမဲ့ ကျန်ရစ်ခဲ့လေသည်။

ဖေဖေ့အရိပ်၊ ဖေဖေ့အငွေ့အသက်တွေ ရှိနေသေးသည့် သူမတို့သားအဖ နေထိုင်ရာ အိမ်လေးကို မြင်ရတော့ လရိပ်မေ နှလုံးသားက မခံမရပ်နိုင်အောင် ကြေကွဲဆို့နင့် နင်းသည်းစွာ ခံစားလိုက်ရသည်။

ပိုင်ရှင်မဲ့နေပြီဖြစ်တဲ့ မီးခိုးရောင် တစ်ထပ်တိုက်ပုလေးက တံခါးများစေ့ပိတ်လျက် တိတ်ဆိတ်စွာ ထီးထီးကြီး ရှိနေရလေသည်။

လရိပ်မေသည် ဝေသီသော မျက်ဝန်း၊ ခိုတွဲလာသော မျက်ရည်စများနှင့် သော့ခတ်ထားသော အိမ်လေးကို ကြည့်ပြီး ဖေဖေ့ကို မြင်ယောင်လာရသည်။

မကျဉ်းမကျယ်ပေမယ့်လည်း တိတ်ဆိတ်ကာ ငြိမ်သက်အေးချမ်းလှန်းသည့် ဒီခြံလေးနှင့် အိမ်ကို ဖေဖေသည် သူ့အသက်နှင့် ထပ်တူ မြတ်နိုးသူဖြစ်သည်။

ခုတော့ ဖေဖေ မြတ်နိုးတွယ်တာဝါသည်ဆိုသော ထိုအိမ်လေးကို လရိပ်မေ လက်လွှတ်ဆုံးရှုံးခဲ့ရပြီ ဖြစ်သည်။





သားအဖနှစ်ယောက် စုဆောင်းထားသည့်ငွေများသည်လည်း ဖေဖေ့ကျန်းမာရေး မကောင်းတော့သည့်အချိန်ကစလို့ မှီစုမဲ့စု ထုခွဲသုံးစွဲလာသည်မှာ ရှိသည့်ငွေနှင့် ဖေဖေ့ကျန်းမာရေးအတွက် ကုသရသည့်စရိတ်က မလောက်ခဲ့ပါ။

ငွေမလောက်၍ ဖေဖေ့အသက်ကို ဒီအတိုင်း အဆုံးရှုံးခံဖို့ဆိုတာလည်း လရိပ်မေ စိတ်ကူးထဲမှာတောင် မရှိသည့်အဖြစ်၊

လရိပ်မေသည် ဖေဖေ့ကျန်းမာရေးအတွက် လိုအပ်သည့်ငွေကို ရအောင်ကြံဖန်ရှာဖွေရင်း ဖေဖေ့ကျန်းမာရေး အခြေအနေ ဆိုးဝါးလာသည့်အချိန်မှာပင် ဖေဖေ မြတ်နိုးပါသည့် အိမ်လေးကို တစ်ဖက်က အတိုးနှင့် သိမ်းလိုက်သည်မို့ လရိပ်မေမှာ အထုပ်အပိုးပစ္စည်းများနှင့် ဆင်းခဲ့ရသည်။

သည်အခြေအနေကို ဖေဖေကတော့ ဘာတစ်ခုမှ သိသွားခဲ့ပါ။ အကောင်းဆုံး ကုသနေသည့်ကြားကပင် ဖေဖေ့ကျန်းမာရေးသည် တဖြည်းဖြည်း ဆိုးဝါးလာကာ ဆေးရုံ၌ပင် တွယ်လွှန်သွားခဲ့သည့်အတွက် နာကျင်ကြေကွဲနေသည့်ကြားက ကံကြမ္မာကိုပင် သူမ ကျိတ်၍ ကျေးဇူးတင်ရမလို ဖြစ်နေသည်။

လရိပ်မေ စီးလာသည့် ကားလေးက သူမနှင့် ဖေဖေ နေထိုင်ခဲ့သည့် အိမ်လေးကို ဖြတ်ကျော်လာတော့ လရိပ်မေ ရင်တစ်ခုလုံး ကွဲကြေသွားရသည်။

မမြင်နိုင်သည့် ကံကြမ္မာသည် သူမနှင့် ဖေဖေ့အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ပဲ အငြိုးကြီးစွာ ရက်စက်ရသည်တဲ့လား။

မျက်ဝန်းအိမ်တွင် ခိုတွဲနေသည့် မျက်ရည်စများ ပါးပြင်ပေါ် ကျလာပေမယ့် လရိပ်မေ ဖယ်ရှားခြင်းမပြုဘဲ အသိနှင့်ခန္ဓာ လွတ်နေသူတစ်ယောက်လို တွေတွေလေးရှိနေရသည်။

ကားလေးက နုသွယ်တို့ အိမ်ရှေ့တွင် ညင်သာစွာ ထိုးရပ်သွားလေသည်။

ဖြူဖျော့နေသော မျက်နှာလေးနှင့် အားအင်ချိနဲ့သူတစ်ယောက်လို ရင်မှာ ဝေဒနာတွေ နင့်သည်းစွာ ခံစားနေရသော လရိပ်မေ၏ ကိုယ်လေးကို နုသွယ်သည် သူမလက်နှင့် ထိန်းပေးရင်း ကားတံခါးကို သူမ အသင့်ဆင်းနိုင်ရန် ဖွင့်ပေးထားလိုက်သည်။

မြေကြီးပေါ် ခြေချမိသည်ဆိုရင်ပဲ လရိပ်မေသည် သူမကိုယ်သူမ အရင်တုန်းက လရိပ်မေမဟုတ်ဘဲ တခြားသူတစ်ယောက် ဖြစ်သွားသလို ခံစားလိုက်ရသည်။

သည့်နောက် မပြိုလဲအောင် ခြေလှမ်းတွေ အနိုင်နိုင်ထိန်းရင်း လရိပ်မေ အိမ်ပေါ်သို့ လှမ်းတက်လာခဲ့လိုက်သည်။

လရိပ်မေမှာ သူမအတွက် ပေးထားသည့် အခန်းလေးထဲသို့ လှမ်းဝင်ကာ ခုတင်ပေါ် အရုပ်ကြိုးပြတ်လို လှဲချလိုက်သည့်အခါ လရိပ်မေ၏ ခန္ဓာကိုယ်က ဖွဲအိတ်တစ်ခုလို ပျော့ခွေသွားရသည်။





နုသွယ်က လရိပ်မေကိုယ်ပေါ်သို့ စောင်ပါးပါးတစ်ထည်ကို ယူ၍ ခြုံပေးလိုက်သည်။

ကိုယ်ကို ခပ်စောင်းစောင်းလေးထားလျက် လရိပ်မေသည် မလှုပ်မယှက်အနေအထားနှင့်ပင် မျက်နှာကြက်ကို အားယူစိုက်ကြည့်နေ၏။

"စိတ်ကိုဖြေပါ လရိပ်ရယ်၊ တစ်နေ့မှာ နုသွယ်တို့လည်း ဒီခရီးကို မသွားမဖြစ် သွားကြရမှာပါ၊ အရင်သွားတဲ့လူနဲ့ နောက်သွားတာပဲ ကွာမှာပါ၊ ဒီလို စကားပြောလို့ နုသွယ်ကို ကိုယ်ချင်းစာနာဘူးလို့ ထပ်တူခံစားရတယ်ဆိုတာတော့ ယုံပါကွယ်"

နုသွယ်အအသံက တုန်ယင်တိုးအက်လျက်ရှိပြီး မျက်ဝန်းများ အရွှေ့အလျားမရှိ မလှုပ်မယှက် ငြိမ်သက်နေသော လရိပ်မေ၏မျက်နှာလှလှလေးကိုမရဲတရဲကြည့်ကာ ပြောနေခြင်းဖြစ်သည်။

ဖြူဝင်းလှပသော လရိပ်မေ၏ မျက်နှာလှလှလေးမှာ သောက၏ ဖိစီးနှိပ်စက်မှုကြောင့် မရွှင်လန်းနိုင်ဘဲ ညှိုးဖျော့လျက်ဟာတရှုန်းစိုတောက်ပနေသော မျက်ဝန်းအစုံမှာလည်း မျက်ရည်စတို့ဖြင့် စိုလူးအိုင်ဖွဲ့လျက် အရောင်အဆင်းပင် မရှိသလောက်မှိန်ဖျော့လျက်ရှိနေရသည်။

"နုသွယ်ရဲ့ စေတနာကို လရိပ် နားလည်ပါတယ်၊ ဒါလေးနဲ့ နုသွယ်တို့ ကျေးဇူးကို လရိပ်တစ်သက် ဘယ်တော့မှ မေ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အို…"

ဖျစ်ညှစ်အားယူပြောလိုက်ရသည်မို့ လရိပ်မေမှာ ကိုယ့်အသံကိုပင် မမှတ်မိနိုင်ဘဲ ဟိုးအဝေးတစ်နေရာမှ ပျံ့လွင့်လာသလိုပင် ထင်မိရသည်။

"ဒီအချိန်မှာ ဒီစကားတွေ ပြောနေဖို့မလိုပါဘူး လရိပ်ရယ်၊ လရိပ်တို့ ကျေးဇူးတွေလည်း နုသွယ်တို့ သားအမိအပေါ်မှာ ရှိပါတယ်"

နုသွယ်ကို ပြန်ပြောရန် စကားတို့က ပျောက်ဆုံးသွားရပြန်သည်။ လရိပ်မေ အသံမှာ ချည့်နဲ့နဲ့ဖြစ်နေရုံမက ခြောက်ကပ်အက်ကွဲလျက် ခပ်တိုးတိုးအသံကိုပင် မနည်းအားယူပြောနေရခြင်းဖြစ်ရာ နောက်ထပ်ဆက်၍ စကားပြောရန် သူမတွင် အင်အားမရှိသလောက် ဖြစ်သွားရပြီဖြစ်သည်။

နုသွယ်သည် သူမ၏ အချစ်ဆုံးသူငယ်ချင်းဖြစ်သူ လရိပ်မေအတွက် တစ်ချိန်တိုး စိတ်ပူစိုးရိမ်လျက်ရှိနေရသည်။

တကယ်တော့ နုသွယ်နှင့် လရိပ်မေသည် ဘဝတူသူငယ်ချင်းများ ဖြစ်ကြပါသည်။ လရိပ်မေတွင် အဖေတစ်ယောက်တည်းရှိသလို နုသွယ်တွင်လည်း အမေတစ်ယောက်တည်းသာရှိသူ ဖြစ်ပါသည်။

နုသွယ်အမေက စက်ချုပ်ကာ သူတို့သားအမိနှစ်ယောက်၏ ဘဝကို ကျစ်လျစ်စွာ ရပ်တည်ရှင်သန်နေရသလို လရိပ်မေ





တို့ သားအဖကတော့ သူမဖေဖေဘောက်မှ ရရှိသော အမွေအနှစ်များကို တတိတိ ထိုင်စားခဲ့ကြသူများ ဖြစ်သည့်တိုင် နုသွယ်တို့ သားအမိလိုတော့ အိမ်ငှားနှင့်မဟုတ်ဘဲ ကိုယ်ပိုင်ခြံလေးနှင့် ချောင်လည်သင့်တင့်စွာ နေနိုင်ခဲ့ကြသူများ ဖြစ်သည်။

ဖေဖေတွင် စွဲကပ်နေသော ရင်ကျပ်ပန်းနာရောဂါကြောင့် အလုပ်ကို ပင်ပန်းစွာမလုပ်နိုင်သလို ရာသီဥတုနှင့် အစားမှားခြင်းတို့ ခံနိုင်ရည်မရှိသူ ဖြစ်သည့်အတွက် အစိုးရရုံးတွင် အရာရှိလုပ်နေရာမှ ဆေးပင်စင်ယူခဲ့ရသူ ဖြစ်သည်။

ဘဝတူချင်းမို့ လရိပ်မေတို့ သားအဖက နုသွယ်တို့သားအမိအတွက် တတ်နိုင်သျှော အကူအညီပေးခဲ့ကြသလို နုသွယ်တို့သားအမိကလည်း လရိပ်မေတို့အပေါ်မှာ လေးစားကြည်ညိုချစ်ခင်ကြသူများဖြစ်ရာ အိမ်ချင်း လမ်းခြားလျက်ရှိသော်လည်း လရိပ်မေနှင့် နုသွယ်တို့မှာ နှစ်အိမ်မှတစ်အိမ် ကူးလူးဆက်ဆံခဲ့ကြသည်။

နုသွယ်နှင့် လရိပ်မေဆိုတာက ဘဝဘဝက ရေစက်ပါလာသည်လား မသိပါ။ တစ်ယောက်ကိုတစ်ယောက် ညီမအရင်းအချာများလို ချစ်ခင်ကြသူများ ဖြစ်သည်။

ခုချိန်တွင် လရိပ်မေ ဘဝက နုသွယ်တို့သားအမိသာ မရှိခဲ့ပါက မတွေးရဲစရာပင် ဖြစ်သည်။

မိမရှိ ဘမရှိ တစ်ကောင်ကြွက် တစ်မျက်နှာဘာမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိစုမဲ့စုအိမ်လေးကိုပါ အကြွေးဖြင့် သိမ်းခံလိုက်ရခြင်းကြောင့် နာမည်ကသာ လရိပ်မေဖြစ်လျက် လရိပ်က နေမင်းလို ပူလောင်နေရသည်။

မျက်လုံးထောင့်စွန်းမှ မျက်ရည်စက်တွေက ခေါင်းအုံးလေးပေါ်သို့ အတားအဆီးမဲ့စွာ ကျလာရသည်။

"လရိပ်ရယ်"

နသွယ်က သူငယ်ချင်း၏အဖြစ်ကို မကြည့်ရက်သလို လရိပ်မေ၏ လက်ချောင်းဖြူဖြူလေးများကို သူမ လက်လေးဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ဖျစ်ညှစ်ထားလိုက်သည်။

ဖြူနုဝင်းဖန့်နေသော သိပ်လှသည့် လရိပ်မေနှင့် အသားမဖြူမညိုနှင့် ရှက်ကြမ်းရေကျိုအလှသာရှိသော နသွယ်တို့နှစ်ယောက်မှာ အစစအရာရာ ဆန့်ကျင်ဘက်ဖြစ်သည်။

လရိပ်မေ ငိုနေတော့ နသွယ်ကပါ မျက်ရည်မထိန်းနိုင်ဖြစ်ရကာ လိုက်ငိုမိသည်။ နသွယ်ဆိုတာက အရာရာကို ကြောက်ရွံ့ထိတ်လန့်နေတတ်သူ၊ အားငယ်ပျော့ညံ့စိတ်ဖြင့် ကြည့်မြင်တတ်သူတစ်ယောက် ဖြစ်သည်။

နသွယ်နှင့်စာလျှင် လရိပ်မေက ထိုသို့မဟုတ်။ ပင်ကိုဗီဇက မိန်းကလေးပီပီ အားငယ်ပျော့နှဲ့သူ ဖြစ်ပါသော်လည်း ဖခင်ဖြစ်သူနှင့် တစ်သက်လုံး နေထိုင်လာခဲ့သူ ဖြစ်သည့်အတိုင်း အရာရာကို အားငယ်ပျော့ညံ့စိတ်ဖြင့် ကြည့်တတ်သူ မဟုတ်ခဲ့





သလို နေရာတကာ ကြောက်ရွံ့စိုးထိတ်စွာ အားငယ်နေတတ်သူလည်း မဟုတ်ပါ။

လရိပ်မေမှာ နသွယ်နှင့် နှိုင်းယှဉ်တိုင်း ခေါင်းမာတတ်သူ၊ တစ်ဖွတ်ထိုးဆန်တတ်သူ ဖြစ်နေတတ်ပြန်သည်။

တကယ်တော့ လရိပ်မေ ခေါင်းမာခြင်း၊ တစ်ဖွတ်ထိုးဆန်ခြင်း မဟုတ်ပါ။ လုပ်သင့်လုပ်ထိုက်တာကို ပြတ်သားစွာ ဆုံးဖြတ်လုပ်ကိုင်တတ်ခြင်းသာ ဖြစ်ပါသည်။

"လရိပ် အိပ်သွားပြီလား သမီး"

နသွယ်အမေ ဒေါ်လေးတင်၏ အသံတိုးတိုးကို ကြားလိုက်ရသည်။

"ဟုတ်ကဲ့ အမေ"

အမေ စိတ်သက်သာပါစေတော့လို့ ပြန်ဖြေလိုက်ရပေမယ့် လရိပ်မေ မျက်ဝန်းမှိတ်ထားသည့်တိုင် မျက်ဝန်းထောင့်စွန်းမှ စီးကျနေသော မျက်ရည်များကြောင့် သူမ အိပ်မပျော်သေးတာကိုလည်း နသွယ် သိနေရလေသည်။

"အေး… အေး… အိပ်ပါစေကွယ်၊ ခမျာ သနားစရာလေးပါ"

ခပ်ဖွဖွခြေသံက ဝေး၍ ပျောက်ကွယ်သွားသည်။ မျက်စိမှိတ်ထားလျက် လရိပ်မေ မျက်ဝန်းထဲမှာ မေမေ့ပုံရိပ်တွေကသာ ရစ်ဝဲဝဲ မြင်ယောင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ဖေဖေ မကွယ်လွန်မီ ရက်ပိုင်းအလိုမှာ ပြောသွားခဲ့သည့် စကားတွေက လရိပ်မေ နားထဲ ပြန်လို့ကြား ယောင်လာရသည်။

"သမီးမေမေ မသေဘူး လရိပ်၊ ဖေဖေ မရှိတော့တဲ့နောက် သမီးမေမေနဲ့ ဆက်သွယ်ပါ"

"ဟင့်အင်း... လရိပ် မသွားဘူး ဖေဖေ"

မိခင်ဖြစ်သူ သက်ရှိထင်ရှားရှိနေပါသည်ဆိုသော စကားက လရိပ်စိတ်ကို အနည်းနှင့်အများ တုန်လှုပ် လှုပ်ရှားသွားစေခဲ့သည်က မှန်သော်လည်း ဖေဖေနှင့် လရိပ်ကို ရက်စက်စိမ်းကားစွာ ပစ်ထားခဲ့ရက်သည့် မေမေ့ကို နှလုံးသားထဲက လိုက်လှဲစွာ နာကျင်နေမိသည့်အတွက် ချက်ချင်းခေါင်းခါလိုက်ခြင်းဖြစ်သည်။

"သမီး စိတ်ကို ဖေဖေ သိလို့ ပြောနေတာ မဟုတ်ပါဘူးကွယ်၊ ဒါပေမဲ့..."

"တော်ပါတော့ ဖေဖေ၊ လရိပ် ဒီစကားတွေ မကြားပါရစေနဲ့၊ ဖေဖေနဲ့ လရိပ်ကို ရက်ရက်စက်စက် ပစ်သွားရက်တဲ့ မေမေ့ကို လရိပ် မတွေ့ပါရစေနဲ့တော့"

"သမီးရယ်"

နွမ်းဖျော့နေသော ဖေဖေ့မျက်နှာမှာ သိသာစွာ ပျက်ယွင်းသွားရှိမကာ ခေါင်းငြိမ့်လိုက်ပါ တိုးသွားသည်ကို မြင်လိုက်ရသည်။

လူမမာဖြစ်နေသော ဖေဖေ့ကို လရိပ်မေမှာ စိတ်ထိခိုက်





အောင် မပြောလိုသော်လည်း လရိပ်မေ မညာတတ်ပါ။ မညာချင်ပါ။ စိတ်ထဲရှိသည့်အတိုင်း အမှန်ပြောလိုက်ရသည့်အတွက်လည်း လရိပ်မေ နောင်တမရမိလိုက်ပါချေ။

"လရိပ်ဟာ ဖေဖေ့သမီးပါ၊ အမေဆိုတာမရှိဘဲ တစ်သက်လုံးနေလာခဲ့ပြီးမှတော့ လရိပ်အတွက် အမေ ရှိရှိ မရှိရှိ မထူးဆန်းတော့ပါဘူး ဖေဖေ"

လရိပ်မေသည် ဖေဖေ၏ ညှိုးမှောင်သွားသော မျက်နှာကို မကြည့်ရက်တော့ဘဲ ခေါင်းကိုသာ တွင်တွင်ငုံ့လျက် ပြောနေမိသည်။

သူမ စကားကြောင့် စိတ်ထိခိုက်သွားသည့် ဖေဖေ့မျက်နှာကို မကြည့်ရက်၍ လွှဲနေသည့်တိုင် ဖေဖေ့မျက်ဝန်းအကြည့်တွေက လရိပ်မေထံမှ မခွာဘဲ သူမကိုသာ ငေးစိုက်လျက် တွေတွေကြီး ငြိမ်သက်စွာကြည့်နေမည်ကိုလည်း လရိပ်မေ သိနေခဲ့ရသည်။

"သမီးရယ်... ဖေဖေ မရှိတော့ရင် သမီးတစ်ယောက်တည်း"

"လရိပ် နေရဲပါတယ် ဖေဖေ၊ လရိပ် ဖေဖေ့သမီးပဲ ဖြစ်ချင်တယ်"

"သမီး... သမီးရယ်"

ဖေဖေ့အသံက နာကြည်းဆွေးမြည့် ကြေကွဲနေရသည့်



www.burmeseclassic.com

www.burmeseclassic.com



အသံမျိုးဖြစ်ကာ လရိပ်မေ ရင်ထဲက ခံစားချက်ကို သိရှိနားလည်ဟန်ဖြင့် ရင်မှာ ဆွတ်ကျင်နေရသလိုမျိုး။

"သမီးဟာ ဖေဖေ့သမီးဖြစ်သလို မေမေ့သမီးဆိုတာလည်း မမေ့ပါနဲ့ကွယ်"

နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းစေ့ရင်းက လရိပ်မေသည် ဖေဖေ့ရှေ့ မငိုမိအောင် စိတ်ကို ချုပ်တည်းထားပါလျက်နှင့် မျက်ရည်စများက ပါးပြင်ထက် ပိုးပိုးပေါက်ပေါက် ကျလာသည်မို့ ခေါင်းကို ငုံ့မြဲတိုင်းထားရင်း အသံမထွက်အောင် ကျိတ်ပြီး ရှိုက်ငင်နေမိသည်။

ဖေဖေ့ထံမှ တစ်စုံတစ်ရာမပြောဘဲ တိတ်ဆိတ်သွားခြင်းကြောင့် လရိပ်မေ ဖေဖေ့ကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။

လရိပ်မေ စကားကြောင့် စိတ်မချမ်းသာ ဖြစ်သွားရရှာကာ ငြိမ်သက်တိတ်ဆိတ် ဆွေးမြည့်နာကြည်း ကြေကွဲနေသော ဖေဖေ့မျက်နှာကို ကြာရှည်မကြည့်ရက်နိုင်သလို ရင်မှာ လှိုက်ခဲ့လာ၏။

"ဖေဖေရယ်"

ဖေဖေ့လက်တစ်ဖက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လျက် မျက်နှာအပ်ထားမိလိုက်သည်။ ထိုအချိန် ဖေဖေ့မျက်လုံးများ ပြန်ဖွင့်လာပြီး မျက်စိတည်ရာကို စင်းစင်းစူးစူးကြီး စိုက်ကြည့်၍ ငြိမ်သက်လျက် ရင်တစ်ခုတည်းသာ နိမ့်ချည်မြင့်ချည်





လှုပ်ရှားလျက်ရှိနေရသည်။

"ခွင့်လွှတ်ပါ ဖေဖေရယ်၊ လရိပ်ကြောင့် ဖေဖေ စိတ်ထိခိုက်သွားရင် လရိပ်ကို ခွင့်လွှတ်ပါ၊ ဖေဖေ လရိပ်ကို စိတ်မချဘူးဆိုတာ လရိပ် သိပါတယ်၊ လရိပ် ဖေဖေ ဖြစ်စေချင်တဲ့ ဆန္ဒအတိုင်း နာခံပါတော့မယ်"

လရိပ်၏ ငိုရှိုက်သံတိုးတိုးနှင့် စကားက ရင်ထုမနာဖြစ်သွားရသော ဖခင်၏ အသည်းနှလုံးကို လာရောက်ရိုက်ခတ်သဖြင့် လရိပ်မေ၏ ဖခင် ဦးစောနောင်ခမျာ သမီးဖြစ်သူဘက်သို့ ရင်ကို သတ်ဖြင့်ဖိလျက် စောင်းလှည့်ကြည့်လာပါသည်။

"မငိုပါနဲ့ သမီးရယ်၊ သမီးစိတ်ကို ဖေဖေ သိပါတယ်၊ သိလို့လည်း ဖေဖေ ခုလို ပြောနေရတာပေါ့၊ အရွယ်ငယ်ငယ်နုလှလှနဲ့ ဖေဖေ့သမီးကို သူစိမ်းတွေအလယ်မှာ မျက်စိသူငယ်နားသူငယ်နဲ့ ထားခဲ့ရမှာ ဖေဖေ စိတ်မချနိုင်လွန်းလို့ အခုလို သမီးမေမေနဲ့ ဆက်သွယ်ခိုင်းရတာပါကွယ်၊ ဖေဖေ့ကို ခွင့်လွှတ်ပါ"

"အို… ဖေဖေ့မှာ ဘာအပြစ်ရှိလို့လဲ"

"ဖေဖေ့ကြောင့် သမီးမေမေကို သမီး မတွေ့ချင်၊ မမြင်ချင်တော့လောက်အောင် ဖြစ်သွားခဲ့ရတာ မဟုတ်လားကွယ်၊ သမီးတစ်ယောက်အနေနဲ့ မိခင်အပေါ် ဒီလိုမဖြစ်သင့်ဘူးဆိုတာ ဖေဖေ သိပါတယ်၊ ဒါပေမဲ့ ဖေဖေ သေခဲ့ရင်လည်း သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လုံးဝအကြောင်းမကြားပါနဲ့"

"ဟင့်အင်း… ဟင့်အင်း… ဖေဖေ မသေရဘူး၊ မသေရဘူး"

"သမီးရယ်"

ထိန်းချုပ်ထားသည့်ကြားမှပင် လရိပ်မေ ရှိုက်ငိုလိုက်တော့ ဦးစောနောင်မှာ သမီးဖြစ်သူ၏ အဖြစ်ကို မမြင်ရက်သလို လရိပ်မေ၏ စကားသံကို မကြားတစ်ချက် ကြားတစ်ချက်နှင့်ပင် နှုတ်ခမ်းကို ပြုတ်လုမတတ် ကိုက်ထားလျက် ကြိုးစား၍ မာန်တင်းနေလိုက်သည်။

ဦးစောနောင် မျက်ဝန်းထဲတွင် သိပ်လှသလောက် မာန်မာနကြီးလှသော လရိပ်မေ၏ မိခင် ဒေါ်ခင်မမ၏ မျက်နှာကို မြင်ယောင်လာသည်။

ရိုးသား၍ ကြိုးစားသော ဝန်ထမ်းအရာရှိလေးနှင့် တစ်ဦးတည်းသော သူဌေးသမီးလေးတို့ ဖူးစာရေးနတ်မင်း၏ ကျီစယ်နှောက်ပြောင်မှုကြောင့် ဆုံစည်းပေါင်းဖက်ခဲ့ရသော်လည်း သမီးလေး လရိပ်မေကို မွေးဖွားပြီးချိန်မှာတော့ သိပ်ချစ်ခဲ့ကြပါသည် ဆိုသော လင်မယားနှစ်ယောက် ကွဲခဲ့ရလေသည်။

အစိကပြဿနာမှာ သူဌေးသမီးနှင့် သာမန်အညတြ ဝန်ထမ်းလေး ဦးစောနောင်တို့ လက်ထပ်ခဲ့မိသဖြင့် မိဘများက ဒေါ်ခင်မမကို အမွေပြတ် စွန့်လွှတ်ခြင်းခံခဲ့ရာမှ စခဲ့လေသည်။





ချစ်စ ခင်စ ကြင်နာစဝို့ ချစ်သူမျက်နှာ တစ်ကမ္ဘာအမှတ်ဖြင့် အချစ်တစ်ခုတည်းနှင့် လိုတာမရနိုင်သော မပြည့်စုံသည့်ဘဝမှာ အောင့်အည်းသည်းခံနိုင်ခဲ့ပါသော်လည်း ငွေကို ရေလိုသုံးလာသူဝီဝီ ဒေါ်ခင်မမ ထင်တိုင်းသုံးခွင့်မရသောအခါ စိတ်ဆင်းရဲခြင်းကြီးစွာ ဖြစ်လာရသည့်အခါ သည်းမခံနိုင်ခြင်းအတိုင်းအတာတို့က ကုန်ဆုံးခြင်းသို့ ရောက်ရှိခဲ့ရသည်။

ကွာရှင်းပြတ်စဲခြင်း၏ အဆုံးမှာ လရိပ်မေက သူနှင့်အတူကျန်ရစ်ခဲ့ပြီး သမီးတစ်ယောက်တည်း နောင်တတွေနှင့် ပြန်လာသူကို မိဘတွေက ဝမ်းသာအားရ ကြိုဆိုနေရာပေး နှစ်သိမ့်ရုံမက အမွေပြတ်စွန့်လွှတ်ခြင်းကိုပါ ပြန်လည်ရုပ်သိမ်းသွားခဲ့သည်။

ခင်မမကို အပျိုတုန်းကထက်ပင် နှစ်ဆတိုး၍ သမီး၏ အလိုကို မျက်နှာတစ်ချက် အညိုးမခံစေဘဲ အလိုလိုက်အကြိုက်ဆောင်ပေးခြင်းဖြင့် ကျန်ရစ်ခဲ့သည့် သမီးနှင့် ယောကျ်ားကို မေ့ပျောက်စေခဲ့သည်။

ထိုအကြောင်းအရာများကို လရိပ်မေ သိတတ်စ ကလေးအရွယ်ကတည်းက ညအိပ်ရာဝင် ပုံပြင်တစ်ပုဒ်လို ပြောပြခဲ့မိခြင်းကြောင့် လရိပ်မေ ရင်ထဲက ခံစားချက်များအားလုံး အမေဆိုသည့်သူအပေါ် အယုံအကြည်မရှိတော့ဘဲ သူစိမ်းပြင်ပြင်ဖြစ်နေခဲ့သည့် အဖြစ်မှာ တကယ်တော့ မဆန်းကြယ်လှပါ။

သည်လိုအမေမျိုးကို လရိပ်မေ အလိုမရှိသလို လိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မလိုချင်ပါ။ တွေ့လည်း မတွေ့ချင်၊ မြင်လည်း မမြင်ချင်လိုသည်မှာ လရိပ်မေ၏ အပြစ်မဟုတ်ပါပေ။

မိခင်ဖြစ်သူကို နာကြည်းစေခဲ့သော ဦးစောနောင်၏ အပြစ်များသာ ဖြစ်ပါသည်။ ခင်ပွန်းသည်နှင့် ချစ်စရာသမီးငယ်လေးကို ရက်စက်စွာ ပစ်ခွာသွားရက်သော အမေတစ်ယောက်၏ နှလုံးသားကို လရိပ်မေအနေဖြင့် အဘယ်ကဲ့သို့သော နှလုံးသားဖြင့် ယုံကြည်စိတ်ချရတော့မည်နည်း။

နောက်ဆုံး ဖေဖေ စိတ်ချမ်းသာစေရန် ရည်ရွယ်ပြီး မေမေနှင့် အဆက်အသွယ်ပြု တွေ့ပါမည်ဟု ကတိပေးလိုက်ရပေမယ့် သူမစိတ်ထဲမှာတော့ လုံးဝမပါပါ။

လရိပ်မေ၏ ကတိစကားက ဖေဖေ့ကို အနည်းနှင့်အများဆိုသလို စိတ်သက်သာရာ ရစေလိမ့်မည်ဖြစ်ကြောင်း သံသယဖြစ်စရာ မလိုပါချေ။ လရိပ်မေ၏ အတွင်းစိတ်ဓာတ်ကမူ မေမေနှင့် ဘယ်တော့မှ မဆက်သွယ်ပါဟု စိတ်မှာ ဆုံးဖြတ်ထားပြီးသား ဖြစ်သည်။

လရိပ်မေဆိုတာ ဖေဖေ့သမီးဖြစ်သလို မေမေ့သမီးဆိုတာလည်း မငြင်းပါ။ သို့သော် မိဘနှစ်ပါး၏ ဗီဇသွေးက လရိပ်မေကိုယ်ခန္ဓာထဲမှာ စီးဆင်းနေခြင်းကြောင့် လရိပ်မေတွင် မာန်မာနတွေ အပြည့်ရှိနေပါသည်။

ဖေဖေ ပြောပြသဖြင့် လရိပ်မေ၏ မိခင်မှာ ချမ်းသာ





ကြွယ်ဝသော တစ်ဦးတည်းသော သူဌေးသမီးတစ်ဦးမှန်းလည်း လရိပ်မေ သိခဲ့ရပါသည်။

ဖေဖေ့သမီး ပီသသော လရိပ်မေသည် စိန်ရွှေငွေဝတ်တွေထက် မိခင်၊ ဖခင်တို့၏ နွေးထွေးအေးမြသော ချစ်ခြင်းမေတ္တာကိုသာ မက်မောစွာ တန်ဖိုးထားသူဖြစ်သည်။

ထို့အတူ ဖေဖေ့ကိုလည်း သိပ်ချစ်ရပါသည်။

ခုတော့ သူမ သိပ်ချစ်ရသည့် ဖေဖေသည်လည်း မရှိတော့။ ကွယ်လွန်ခဲ့ပြီဖြစ်သည်။

ဖေဖေ သေဆုံးသွားမှ အမေဖြစ်သူကို လိုက်ရှာရမည့် လရိပ်မေကို ပတ်ဝန်းကျင်က ဘယ်လိုထင်မြင်ယူဆကြမည်နည်း။ အမွေပစ္စည်း လိုချင်သူတစ်ယောက်အနေဖြင့် အထင်အမြင် မခံနိုင်ပါ။

လရိပ်ကို ခွင့်လွှတ်ပါ ဖေဖေ။

လရိပ် မေမေ့ကို မတွေ့ချင်ဘူး၊ မတွေ့ပါရစေနဲ့ ဖေဖေရယ်ဟု စိတ်တွင်းမှ ဖခင်ဖြစ်သူကို တိုးတိတ်ကြေကွဲစွာ တောင်းပန်ထားဆိုရင်း လရိပ်မေ၏ ပါးပြင်ထက် မျက်ရည်တွေ စီးကျလာသည်။

ဖေဖေ နောက်ဆုံးပေးထားခဲ့သည့် မေမေ့ဓာတ်ပုံနှင့် ဆက်သွယ်ရန် လိပ်စာတို့က ဖေဖေ့အဝတ်သေတ္တာ၏ အောက်ဆုံး၌ နဂိုအနေအထားမပျက် ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ယောက်ကို အမှန်တကယ် ချစ်ခင်မြတ်နိုးသော မိခင်တစ်ယောက်သာ ဖြစ်ခဲ့လျှင် လရိပ်မေ၏ မေမေသည် သမီးဖြစ်သူကို ခုလို နှစ်ပေါင်းများစွာ ရက်ရက်စက်စက် ပစ်ပယ်မေ့ပျောက်ထားလိမ့်မည် မထင်ပါ။

သမီးဖြစ်တဲ့ သူမကို တွေ့ချင်မြင်ချင်ဇောနှင့် သူမရှိရာကို အရောက်လာမှာ သေချာပါသည်။

အခုတော့ လရိပ်မေမှာ အမေဆိုသူကို ငယ်စဉ် ကလေးဘဝမှစ၍ ယခုအသက်အရွယ်အထိ တစ်ခါမှ ဆုံတွေ့ဖူးခြင်းမရှိတာကို ပြန်လည်တွေးမိတိုင်း အမေဆိုသူကို တစိမ့်စိမ့်တွေး၍ နာကြည်းမဆုံး ရှိလာရသည်နှင့် နှုတ်ခမ်းအတွင်းသားလေးကို ပြတ်ထွက်လုမတတ် ဖိကိုက်ထားလိုက်သည်။

"အိပ်ပျော်အောင် အိပ်လိုက်ပါလား လရိပ်ရယ်၊ လရိပ် သိပ်ပင်ပန်းနေပြီဆိုတာ နုသွယ် သိတယ်၊ အိပ်လိုက်ပါတော့နော်"

တိုးတိတ်ညင်သာသော နုသွယ်အသံလေးက အကြင်နာကရုဏာများဖြင့် ပျော်ဝင်လျက်ရှိနေရုံမက လရိပ်မေ၏ အဖြစ်ကို မကြည့်ရက် မပြောရက်စွာ နုသွယ် အသံသည် သိသာစွာ တုန်ယင်လျက် ငိုသံပင် စွက်နေလေသည်။

သူမကိုကြည့်လျက် နုသွယ်တစ်ယောက် မျက်ရည်ကျနေမည်ဖြစ်ကြောင်း လရိပ်မေ ကောင်းစွာရိပ်မိသဖြင့် ကံကောင်းအကျိုးပေးဖြစ်သော သူမတို့သူငယ်ချင်းနှစ်ယောက်အကြောင်းကို





တွေးလျက် လရိပ်မေ ရင်မှာ နာကျင်ရပြန်၏။

လရိပ်မေ မအိပ်မချင်း နုသွယ်တစ်ယောက်လည်း စိတ်သက်သာရာရမည်မထင်တာကြောင့် နုသွယ်ကို ငဲ့ကြည့်ကာ…

"နုသွယ်"

"ဟင်…"

"ဘာလိုချင်လို့လဲ လရိပ်"

တိုးသက်ဖျော့တော့သော လရိပ်မေ၏ အသံတိုးအက်အက်လေးကို ကြားရုံနှင့် နုသွယ်တစ်ယောက် လှုပ်ခတ်ပျာလောင်သွားတာကို ကြည့်ပြီး နုသွယ် လက်လေးကို သူမ၏ အေးစက်စက်လက်လေးများဖြင့် ဖွဖွဆုပ်ကိုင်လိုက်ပြီးနောက်…

"လရိပ် ဘာမှမလိုချင်ပါဘူး နုသွယ်ရယ်၊ လရိပ် အခုပဲ အိပ်တော့မယ်ဆိုတာ ပြောမလို့ပါ၊ နုသွယ်လည်း လရိပ်ကြောင့် သိပ်ပင်ပန်းနေပြီ၊ အနားယူလိုက်တော့နော်"

"အင်းပါကွယ်၊ လရိပ်သာ အိပ်ပျော်အောင် အိပ်လိုက်ပါ၊ လရိပ် အိပ်ပျော်သွားရင် နုသွယ်လည်း အနားယူတော့မှာပါ၊ အဲ… စိတ်ကိုလျှော့ပြီး အိပ်လိုက်တော့နော်"

လရိပ်မေ အသံမထွက်ဘဲ ခေါင်းညိတ်ပြလိုက်သည်။ နုသွယ်က ခြေသံဖွဖွနင်း၍ အခန်းထဲမှ ထွက်သွားပြီး လရိပ်မေ ငြိမ်သက်နှစ်ခြိုက်စွာ အိပ်ပျော်နိုင်စေရန် အခန်းတံခါးကို အသံမမြည်အောင် ညင်သာစွာ စေ့ပိတ်ပေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ငြိမ်သက်နေသော အခန်းလေးထဲတွင် လရိပ်မေ တစ်ယောက်တည်း အတွေးများက အဆုံးအစမရှိ လွင့်မျောနေရသည်။

သို့သော် မကြာလိုက်ပါ။

ပင်ပန်းနွမ်းနယ်ထားသမျှ စိတ်နောက် ကိုယ်မလိုက်နိုင်တော့ဘဲ မျက်ဝန်းလေးများ လေးလံလာလျက် သိပ်မကြာခင်မှာအက် နှစ်မြိုက်စွာအိပ်ပျော်ခြင်းသို့ ရောက်ရှိသွားရလေတော့သည်။

အိပ်မက်ထဲမှာ လရိပ်မေ ဖေဖေ့ကို ကျန်းမာစဉ်တုန်းကအတိုင်း ပြန်တွေ့ရသည်။ လရိပ်ကို ခွဲမသွားဖို့ ဖေဖေ့ကို ငိုယိုတောင်းပန်နေမိသည်။ ထိုစဉ် လရိပ်မေ၏ မေမေဆိုသူ ရောက်လာပြီး သူနှင့်အတူ လိုက်ခဲ့ဖို့ခေါ်သည်။

လရိပ်မေ ဖွတ်အတင်းရုန်းပြီး ဖေဖေရှိရာသို့ ပြန်သွားဖို့ ကြိုးစားလိုက်သည်။

သို့သော် ဖေဖေသည် လရိပ်မေနှင့် နီးကပ်မလာတော့ဘဲ သူမနှင့် တဖြည်းဖြည်း ဝေး၍သွားရလေတော့သည်။

* * *



## အခန်း (၂)

နုသွယ်တို့ အိမ်လေးကို ခပ်လှမ်းလှမ်းမှ လှမ်းမြင်ရလျှင် အိမ်ပေါက်ဝတွင် ထွက်ရပ်ကာ သူမတို့အလာကို စောင့်ကြိုနေသော ဒေါ်လေးတင်ကို လရိပ်မေ တွေ့လိုက်ရသည်။

လရိပ်မေမှာ မောဟိုက်လျက် ခြေတစ်လှမ်းနှင့်တစ်လှမ်း အားညှစ်ထုတ်ကာ လှမ်းသွားရသဖြင့် လူက အတော့်ကိုသတ်ကယင်ဖြစ်၍နေလေသည်။

နုသွယ်က လရိပ်မေကို ဘေးမှဖေးမ၍ တွဲလျက် ငြိုးငယ်နေသော မျက်နှာလေးဖြင့် လရိပ်မေ၏ မျက်နှာလှလှလေးကိုသာ မော့ကြည့်လျက်ရှိနေသည်။

"ဒုက္ခရှာလို့ လရိပ်ရယ်၊ ဆိုက်ကားငှားစီးမယ်ဆိုတာကိုးမထောင်ဘူး၊ အခုတော့ လရိပ် သိပ်မောနေပြီမဟုတ်လားဒင်၊ အဲဒါ နုသွယ် စကား လရိပ် နားမထောင်လို့ဖြစ်ရတာပေါ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် နုသွယ်ရယ်၊ လရိပ် လမ်းလျှောက်နိုင်ပါတယ်"

"ဟင်း… လရိပ်နဲ့တော့ သိပ်ခက်တာပဲကွယ်"

အားတင်းပြီး နုသွယ်ကို ဟန်လုပ်ကာ ပြောလိုက်ရပေမယ့်လည်း လရိပ်မေ ရင်ထဲမှာတော့ တလှပ်လှပ်ဖြစ်နေရသောကြောင့် လရိပ်မေမှာ သူမကိုယ်သူမလဲကျမသွားစေရန် မိမိကိုယ်ကို ထိန်း၍ မျက်စိကို စုံမှိတ်ထားလိုက်ရသည်။

ထိုအဖြစ်ကို နုသွယ်တစ်ယောက် မြင်ဖြစ်အောင် မြင်လိုက်ရသည့်အတွက် လရိပ်မေအား စိုးရိမ်သွားရကာ…

"လရိပ်… လရိပ်… ဘာဖြစ်တာလဲဟင်၊ ခေါင်းမူးလို့လား၊ ဒါဆို ဒီမှာ ခဏထိုင်နားလိုက်ဦးနော်"

"ရတယ် နုသွယ်… ရတယ်၊ လရိပ် ဘာမှမဖြစ်ပါဘူး ခဏနားလိုက်ရင် သက်သာသွားမှာပါ"

"ဟော… ဟိုမှာ အမေ လိုက်လာပြီ၊ လရိပ် ဒီမှာ ခဏထိုင်နားနေဦးနော်"

နုသွယ် စကားကို ပြန်လည်ပြောရန် အားပင်မရှိအောင် ဖြစ်ရသည်မို့ အနီးအနားက နုသွယ်ပြသော သစ်တုံးကြီးတစ်ခုပေါ် လရိပ်မေ ပင်ပန်းချည့်နဲ့စွာ ထိုင်ချလိုက်မိသည်။

ဖေဖေ၏ ရက်လည်ဆွမ်းကျွေးပြီးတကည်းက လရိပ်မေ တစ်ယောက် ဖေဖေ့စိတ်ကြောင့် မစားနိုင် မသောက်နိုင်ဖြစ်ကာ





တမှိုင်မှိုင်ဖြစ်နေခဲ့ရာမှ အိပ်ရာထက်သို့ ဗုန်းဗုန်းလဲကျသွားရခြင်း ဖြစ်သည်။

အိမ်ပေါ်က ဆင်းပေးတုန်းက လရိပ်မေကို သနားသဖြင့် အပိုဆောင်းပေးခဲ့သော ငွေမှာ ဖခင်ဖြစ်သူ နာမကျန်းဖြစ်စဉ်က ကုသစရိတ်နှင့် ရက်လည်ဆွမ်းကိစ္စများအဆုံး ကုန်ကျခဲ့သည့် အပြင် လိုအပ်သည့်ငွေတို့ကိုလည်း နုသွယ်တို့သားအမိက ဖြည့်ပေးသဖြင့် လရိပ်မေမှာ အားနာ၍မဆုံးခဲ့။

သူမအနေနှင့် ငြင်းဆိုရန်ကလည်း ကိုယ်ပိုင် သူမငွေဆို၍ လုံးဝမရှိတော့။ ဒီကြားထဲ သူမက နေမကောင်းဖြစ်ပြီး အိပ်ရာထဲ ဗုန်းဗုန်းလဲသဖြင့် နုသွယ်တို့သားအမိကပင် လရိပ်မေကို သူတို့၏ ချွေးနည်းစာလေးဖြင့် အစွမ်းကုန် ဂရုစိုက် ပြုစုကုသပေးနေကြခြင်းဖြစ်သည်။

နုသွယ်တို့သားအမိ၏ စေတနာ၊ မေတ္တာကို လရိပ်မေ သိသလို ရုန်းကန်လှုပ်ရှားနေရသည့် ဘဝကိုလည်း မျက်မြင်ကိုယ်တွေ့ မြင်နေရသဖြင့် လရိပ်မေသည် သူမအတွက် မကုန်သင့်ဘာ မကုန်ရလေအောင် သိတတ်မှုဖြင့် တစ်ဖက်မှ သက်သာပါစေတော့ဆိုသည့်သဘောဖြင့် ဆေးခန်းအသွားအပြန်ကို ဆိုက်ကားငှားစေဘဲ ဖွတ်အတင်းအားခဲလျက် လမ်းလျှောက်သွားခြင်းဖြစ်သည်။

"လရိပ် သမီး၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး ဒေါ်လေးတင်ရယ်၊ ခေါင်းနည်းနည်း မူးလို့ပါ၊ ခုတော့ သက်သာသွားပါပြီ"

"ကြည့်စမ်းကွယ်၊ ဒီလောက် နေမကောင်းဖြစ်နေရက်နဲ့ ဘာလို့ ဆိုက်ကားငှားစီးမလာကြတာလဲ၊ နုသွယ်က မပြောဘူးလား"

"နုသွယ် ပြောပါတယ် အမေရယ်၊ လရိပ်က စွတ် အတင်းတားနေလို့ ခေါ်ပြီးသား ဆိုက်ကားကို တောင်းပန်ပြီး ပြန်လွှတ်လိုက်ရတယ်"

"ဟင်း… ခက်တဲ့ကလေးတွေပဲကွယ်၊ လရိပ်စိတ်ကို ဒေါ်လေးတင် သိတယ်၊ ကဲ… ကဲ… နုသွယ်နဲ့ ဒေါ်လေး တွဲခေါ်"

"ရပါတယ် ဒေါ်လေး၊ လရိပ် သက်သာသွားပါပြီ"

သားအမိနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် လှမ်း၍ကြည့်မိသွားကြသည်။ လရိပ်မေ၏ စိတ်ဓါတ်ကို သိထား ပြီးသားမို့ နောက်ထပ် တစ်စုံတစ်ရာ ဘာစကားမှ တိုက်တွန်း မပြောကြတော့ပါ။

"ဒါဖြင့်လည်း နုသွယ်နဲ့ ဖြည်းဖြည်းလျှောက်ခဲ့ကြပေ ဒေါ်လေးက သမီးတို့ ဆေးခန်းသွားတာ ကြာလို့ ဘာများဖြစ်နေ လဲလို့ဆိုပြီး စိတ်ပူလို့ ထွက်စောင့်နေတာကွယ်"

သို့ဖြင့် လရိပ်မေမှာ ဖြည်းဖြည်းချင်း လျှောက်ကာ





အိမ်သို့ ပြန်ရောက်လာကြသည်။

"လရိပ် မောလားဟင်၊ ရော့… ဒီ ရေအေးအေးလေး သောက်လိုက်နော်"

နုသွယ် ကမ်းပေးလာသော ရေအေးအေးလေးကို လရိပ်မေ သည် မငြင်းဘဲ ယူသောက်လိုက်ပြီးနောက် အိပ်ရာပေါ်သို့ လှဲချ လိုက်သည်။

ဖြစ်နိုင်လျှင် လရိပ်မေ ကိုယ်ခန္ဓာမှာ တွယ်ငြိနေသော ရောဂါများရောဂါကို အဝေးသို့ မောင်းထုတ်ပစ်လိုက်ချင်ပါသည်။ လရိပ်မေသည် သူ့မကြောင့် ဘယ်သူ့ကိုမှ ဒုက္ခမရောက်စေလို သော်မှ အခုလိုဖြစ်နေရသည့်ကိစ္စမို့ ကိုယ့်ကိုယ်ကိုယ် အားမလို အားမရနှင့် အတော်ပင် မကျေမနပ်ဖြစ်နေမိရသည်။

"လရိပ်ကို ဒေါ်လေး ပြောမယ်၊ ဒေါ်လေးတို့ကို ကိုယ့် မိသားစုဝင်တွေလို သဘောထားရင် လရိပ်ရင်ထဲက အားနာနေတဲ့ စိတ်ကို ဖယ်ထုတ်လိုက်ပါကွယ်၊ ဒါဆို လရိပ်ရင်ထဲမှာ တင်းကျပ် နေတာတွေ သူ့အလိုလို ကွယ်ပျောက်သွားလိမ့်မယ်၊ ဒေါ်လေး ပြောတာ နားလည်တယ်မဟုတ်လားဟင်"

"ဟုတ်ကဲ့"

ရစ်ဝဲလာသော မျက်ရည်စတွေနှင့် လရိပ်မေ ခေါင်းလေး ငြိမ့်ပြလိုက်သည်။

"ဒေါ်လေး စိတ်ထဲမှာ လရိပ်ကို နုသွယ်နဲ့ အတူတူ



www.burmeseclassic.com

www.burmeseclassic.com



တစ်သွေးတစ်သားတည်း မှတ်ယူထားတယ်ဆိုတာ ကလေး ယုံ
ကွယ်၊ လရိပ်သာ တစ်ခုခုဖြစ်ရင် ဒေါ်လေးပဲ့ ဘယ်လော
ရင်ကျိုးလိုက်မလဲဆိုတာလည်း သမီး စဉ်းစားဦးမှပေါ့"

"ဒေါ်လေးရယ်"

"အခုချိန်ကစပြီး လရိပ်ဟာ ဒေါ်လေးရဲ့သမီး ဖြစ်သွ
ပြီ"

"အို..."

ဝမ်းသာဝမ်းနည်းစိတ်တွေနှင့် လရိပ်မေ ပါးပြင်ပေါ်
မျက်ရည်တွေက အတားအဆီးမရှိ ပြိုကျဆင်းသက်လာရသည်

"မငိုပါနဲ့ လရိပ်ရယ်၊ အခုချိန်ကစပြီး နုသွယ်နဲ့ လရိပ်
တို့ ညီအစ်မတွေ ဖြစ်သွားကြပြီလေ"

"နုသွယ်ရယ်... လရိပ်... လရိပ် ဝမ်းသာလို့ပါကွယ်

"ဒါဆို နောက်ဆို နုသွယ်တို့စကား လရိပ် နားထော
မယ်နော်"

"နုသွယ်ရယ်"

ခေါင်းညိတ်ပြရုံကလွဲလို့ လရိပ်မေတွင် စကားမရှိ
တော့ပါ။ အားလုံး၏ မျက်နှာပေါ်တွင် အပြုံးကိုယ်စီနှင့် ကျေ
ကြည်နူးနေကြသလို လရိပ်မေ ရင်ထဲမှာလည်း ဝမ်းသာခြင်း
ကြေကွဲခြင်းဆိုသည့် ခံစားမှုများကို တစ်ပြိုင်နက်တည်း ခံစာ
ရသည်။





လူ့ဘဝဆိုသည်မှာ ထာဝရ တည်ငြိမ်မနေနိုင်ပါ။ အမြဲ
တမ်း ရွေ့လျားပြောင်းလဲနေသည့် သဘောအတိုင်း ပျော်ရွှင်
ကြည်နူးမှု၊ ဝမ်းနည်းကြေကွဲမှု စသော အရာများသည်လည်း
တည်မြဲနိုင်။

ဖေဖေ့ကို လွမ်းသည့်စိတ်၊ သတိရမိသည့်စိတ်များကြောင့်
နေမကောင်းဖြစ်သည့် သူမကို ဒေါ်လေးတင်က အထူးဂရုစိုက်
ခြင်းကြောင့် ရင်ထဲမှာ အထီးကျန် ဝမ်းနည်းကြေကွဲရခြင်းတို့က
နည်းငယ် ဖြေသာသလိုရှိသော်လည်း ဖခင်ဖြစ်သူကို သတိရ
လွမ်းဆွတ်နေသည့်စိတ်ကတော့ လျော့ပါးသွားခြင်း မရှိခဲ့ပါချေ။

လရိပ်မေတစ်ယောက် နုသွယ်တို့အိမ်ကို ရောက်နေပြီးမှ
သားအမိနှစ်ယောက် အလုပ်ကို ပို၍ ကြိုးစားလုပ်ကိုင်နေကြသည်။

ဒေါ်လေးတင်ကို နုသွယ် ကူညီလုပ်ကိုင်ပေးနေသည်ကို
မြင်ရတော့ လရိပ်မေသည်လည်း သူမ တတ်နိုင်သလောက်
ကူညီချင်ပေမယ့် ခက်သည်က သူမ စက်ချုပ်တာနှင့်ပတ်သက်
ပြီး ဘာမှနားမလည်သည့်မို့ စိတ်ထဲထင်သလောက် ဒေါ်လေးတင်
တို့ကို မကူညီနိုင်သည်ကိုပင် လရိပ်မေ ရင်ထဲ မချင့်မရဲ ဖြစ်နေ
လေသည်။

ဒေါ်လေးတင် အလုပ်က စက်ခုံပေါ်က တစ်နေကုန်
ဆင်းရသည်မရှိပါ။ ခါးချည့်အောင် တကုပ်ကုပ်နှင့် ပင်ပင်ပန်းပန်း
ရှာဖွေလုပ်ကိုင်ရသောငွေဖြင့် လရိပ်မေက အလကားထိုင်စား



www.burmeseclassic.com

www.burmeseclassic.com



နေရသည့်အဖြစ်ကို ကြာတော့ စိတ်ထဲ မလုံလာသဖြင့် စား
စားနေရသော်လည်း စိတ်မချမ်းမြေ့နိုင်ဘဲ ရှိနေရသည်။

အထူးသဖြင့် ဒေါ်လေးတင်၏ အသက်အရွယ်နှင့် လ
ရသော အလုပ်က မမျှတခြင်းအပေါ်မှာ လရိပ်မေသည် နု
နည်းမှ စိတ်မချမ်းသာနိုင်ပါ။

ထို့ကြောင့် အိမ်မှုကိစ္စများကို ဒေါ်လေးတင်နှင့် နုသွ
တို့ တားနေသည့်ကြားမှ လရိပ်မေသည် မရရအောင် ဖွတ်လ
ပေးသလို အထည်များကိုလည်း သူမ တတ်နိုင်သမျှ နားလ
အောင် ကြိုးစားသင်ယူနေမိသည်။

"ကလင်… ကလင်…"

အိမ်ရှေ့မှ ဆိုက်ကားသံကြောင့် အတွေးအိပ်မက်ထဲ
လရိပ်မေတစ်ယောက် လန့်နိုးလာပြီး အိမ်ရှေ့သို့ လှမ်းကြည့်လို
သည်။

"ဟင်…"

"ဒေါ်လေး… ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်တာလဲ"

ခြေထောက် ထော့နင်းထော့နင်းဖြင့် ဆိုက်ကားပေါ်
ဆင်းလာသော ဒေါ်လေးတင်ကို မြင်လိုက်ရသည့် လရိပ်
တစ်ယောက် အပြေးအလွှား ဖေးမတွဲကူရင်း စိုးရိမ်ထိတ်လန့်
မေးလိုက်မိခြင်းဖြစ်သည်။

"နုသွယ်ရေ"





လရိပ်မေမှာ နုသွယ်အား လှမ်းခေါ်လိုက်လေသည်။

"နေ… နေ… သမီး၊ ဒေါ်လေး ဘာမှမဖြစ်ပါဘူး
ယ်၊ စက်ဘီးစီးလာတဲ့ကလေးက ဝင်တိုက်မိလို့ပါ"

"အို… အမေက ဘာမှမပြောခဲ့ဘူးလား"

မျက်စိမျက်နှာပျက်နှင့် အနားရောက်လာသော နုသွယ်
ပြောလိုက်တော့…

"ဩော်… ကလေးကို သွားပြောလည်း သူက ဘာသိ
သဲတွယ်"

"ဆေးခန်းတော့ သွားပြမှဖြစ်မယ်နော် ဒေါ်လေး"

"အေးပါကွယ်… ပြတာပေါ့၊ ဒီနေ့ ပေးရမယ့် အထည်
တွေကို လက်စသတ်ပေးလိုက်ဦးမယ်"

"အဲဒါတွေ ထားပါ အမေရယ်၊ နုသွယ် လုပ်ပါ့မယ်၊
အရေးကြီးတာက အမေ့ခြေထောက်က ဒဏ်ရာကို ဆေးခန်း
ပြဖို့ပဲ"

"ဟုတ်တယ် ဒေါ်လေး၊ ညနေ ဆေးခန်းပြရမယ်"

ညာဘက်ခြေထောက်မှာ ဒဏ်ရာခပ်နက်နက် ဒဏ်ရာရ
သော ဒေါ်လေးတင်အား ညနေ ဆေးခန်းလိုက်ပြပြီးနောက်
ထဲ အနားယူခိုင်းလိုက်ရသည်။

ဒဏ်ရာက ဘာမှမပြောပလောက်ဘူးဟု ထင်ခဲ့ပေမယ့်
တမ်းမှာတော့ ထိုဒဏ်ရာ၏ အရှိန်ဖြင့် ဒေါ်လေးတင်ခမျာ



www.burmeseclassic.com

www.burmeseclassic.com



အဖျားဝင်ပြီး အိပ်ရာထဲ လဲသွားရသည့်အတွက် နုသွယ်အပေါ်မှာ တာဝန်တွေက ပိုပိုလာကာ ဒေါ်လေးတင်ကိုယ်စား နုသွယ်သည် စက်ခုံပေါ်က မဆင်းရသလောက် ဖြစ်သွားသည်။

အိမ်မှုကိစ္စ၊ လူနာပြုစုခြင်း၊ နုသွယ်အား တတ်နိုင်သလောက် ကူညီခြင်းတို့ကို လရိပ်မေ ဝင်ရောက်ကူညီလုပ်ကိုင်ပါသည်။

ဒေါ်လေးတင် အနာအခြေအနေက မသက်သာသည့်အပြင် ဒေါ်လေးတင်မှာ ဆီးချိုရောဂါနှင့် အရင်က ပင်ပန်းခဲ့သည့်ဒဏ်တွေက ခုလို အားနည်းသည့်အချိန်မှာ စုဝင်ကာဖြစ်ရခြင်းမို့ ဆေးခန်းနှင့်အိမ် မပြတ်အောင် ကုသပေးနေပါလျက်နှင့် ပြန်၍ နာလန်ထူလာသည်မရှိဘဲ တရောင်ရောင်နှင့်ပင် အိပ်ရာထဲက မထနိုင်သော အခြေအနေသို့ ဆိုက်ရောက်လာသည်။

ဘယ်လိုပင် ကြိုးစား၍ကုသပါသော်လည်း ဒေါ်လေးတင်ခမျာ ဒီတောင်ကိုလွတ်အောင် မကျော်နိုင်တော့ဘဲ နုသွယ်နှင့် လရိပ်မေတို့ကို ထားရစ်ကာ ကျောခိုင်းထွက်ခွာသွားပြန်သောကြောင့် ကံတူအကျိုးပေးမလှပသော သူငယ်ချင်းနှစ်ယောက် လောကအလယ်တွင် မျက်စိသူငယ်နှင့် ကျန်ရစ်ခဲ့ရပြန်၏။

“နုသွယ်”

“ဟင်…”

“သိပ်အားငယ်နေလားဟင်”





“လရိပ်ရယ်…နုသွယ်အနားမှာ လရိပ်ရှိနေသရွေ့ နုသွယ် အားငယ်လည်း ဖြေသာပါတယ်”

“နုသွယ်ရယ်… လရိပ်တို့အဖြစ်တွေက ဆိုးပါတယ် သူငယ်ချင်းရယ်”

“လရိပ်

“ပြောလေ နုသွယ်”

“နုသွယ်ကို ခွဲမသွားပါနဲ့နော်”

“စိတ်ချပါ နုသွယ်ရယ်၊ လရိပ် ခန္ဓာမြဲနေသရွေ့ နုသွယ် အနားက ဘယ်တော့မှ ခွဲမသွားပါဘူး သူငယ်ချင်းရယ်၊ စိတ်ချနော်”

ကလေးတစ်ယောက်လို အားကိုးတကြီး ပြောနေသည့် နုသွယ် လက်ကလေးကို လရိပ်မေသည် အားပေးဖျစ်ညှစ်ကာ ပြောလိုက်တော့ မျက်ရည်များ ပြည့်နေသော မျက်ဝန်းနှင့် နုသွယ်သည် လရိပ်မေအား ကြည့်လာလေသည်။

ဒေါ်လေးတင် မရှိတော့ကတည်းက နုသွယ်က လရိပ်မေကို မျက်စိအောက်က အပျောက်မခံတော့ဘဲ သူမအနားတွင် ကလေးတစ်ယောက်လို အားကိုးတကြီးတွယ်ကပ်နေသူဖြစ်သည်။

လှလှပပ နုနုနယ်နယ် ဖွံ့ရွယ်သူနှစ်ယောက်၏ အုပ်ထိန်းသူ ကင်းမဲ့သော အနာဂတ်ခရီးရှည်ကြီးကို မည်သို့မည်ပုံ ရှေ့ဆက်ရမည်ဆိုသည့် အတွေးကို နုသွယ် တွေးမတွေး မသိသော်လည်း



www.burmeseclassic.com

www.burmeseclassic.com

လရိပ်မေကတော့ မိမိတို့သူငယ်ချင်းနှစ်ယောက်၏ အနာဂတ်ရှေ့ရေးကို တွေးဆချင့်ချိန်လျက် ရှိနေရသည်။

နှသွယ်က တစ်နေ့ကုန် စက်ချုပ်သည်။ လရိပ်မေက အိမ်မှုကိစ္စပြီးသည်နှင့် နှသွယ်အလုပ်ကို တတ်နိုင်သမျှ ကူညီပေးသည်။ ဒီလိုနှင့် တစ်နေ့ဝင်၍ တစ်မိုးချုပ်ခဲ့ရပြန်သည်။

"လရိပ်တို့ ဒီလိုဆက်သွားနေလို့ကတော့ မဖြစ်ဘူးထင်တယ်"

"ဟင်… ဘာဖြစ်လို့လဲ၊ လရိပ်က နှသွယ်နဲ့အတူတူ မနေချင်တော့လို့လား"

မိခင် ပျောက်ဆုံးသွားမှာကို စိုးကြောက်နေသော သားငယ်ကဲ့သို့ နှသွယ် မျက်ဝန်းလေးထဲတွင် အားငယ်ထိတ်လန့်မှုတို့ကို မြင်လိုက်ရသည့်အတွက် လရိပ်မေ နှသွယ်ကို နှစ်သိမ့်သလို ပြုံးပြလိုက်ပြီး…

"လရိပ် ပြောတာ အဲဒီလိုသဘောမျိုး မဟုတ်ဘူးလေ၊ လရိပ်တို့ ရှေ့ရေးအတွက်ကို ပြောတာပါ၊ နှသွယ်ရော လရိပ်ပါ ကျောင်းဆက်တက်ရဦးမယ် မဟုတ်လား၊ ဒီတော့ ခုကတည်းက အလုပ်တွေလုပ်ပြီး ပိုက်ဆံစုထားမှ ဖြစ်မှာလေ၊ လရိပ်ပြောတာ အဲဒါ နှသွယ်ရဲ့"

ထိုအခါမှ နှသွယ်သည် သူ့စကားကို နားလည်သွားရသလို…





"နှသွယ် ကျောင်းမတက်တော့ဘူး လရိပ်"

"ဟာ… မဟုတ်တာ နှသွယ်ရယ်၊ နှသွယ် လရိပ်နဲ့အတူ[…] ကျောင်းတက်ရမှာပေါ့"

"နှသွယ် အဝေးသင်ပဲ တက်မယ် လရိပ်"

"ဘယ်လိုပဲ ကျောင်းတက်တက် ဘွဲ့တစ်ခုရရင် ပြီးပြီ […]ဟုတ်လား"

"လရိပ်လည်း အဝေးသင်ပဲ တက်မှာပါပဲ၊ တကယ်တော့ […]ရိပ်ကိုယ်တိုင်လည်း ကျောင်းတက်မယ်သာ ပြောနေတာပါ၊ […] တကယ့်လက်တွေ့မှာ နှသွယ်ကို အားကိုးနေရတာ မဟုတ်[…]"

"အဲဒီစကားတွေ နှသွယ်တို့နှစ်ယောက်ကြားမှာ မပြော[…]ထား လရိပ်ရယ်၊ နှသွယ်ဘဝမှာ လရိပ်သာ မရှိရင် မတွေးရဲ[…]င်ပါပဲကွယ်၊ နှသွယ်နားမှာ လရိပ်ရှိနေလို့ နှသွယ် ဒီလောက်[…]ည်ရှိနေတာပါ"

"နှသွယ်ရယ်"

ငိုသံစွက်နေသော အသံတိုးတိုးလေးကို နားထောင်ရင်း […]ိပ်မေ သက်ပြင်းရှိုက်လိုက်သည်။ လရိပ်မေကို နှသွယ် […]ပြီး အားကိုးတွယ်တာမှန်းလည်း လရိပ်မေ သိပါသည်။ […]ခဲ့ နှသွယ်တစ်ယောက်တည်းရဲ့ ဝင်ငွေလေးနဲ့ လရိပ်မေနှင့် […]ယ် တစ်ဝမ်းတစ်ခါး ရပ်တည်နိုင်သည်မှန်သော်လည်း ဘဝ


www.burmeseclassic.com

www.burmeseclassic.com



[illegible] နှစ်ယောက်ကျောင်းစရိတ်က ရှိနေသေးလေ၏။

ထို့အတွက် သူမ ဝင်ငွေတစ်ခုတည်းကိုပင် အားကိုး၍ ဖြစ်သေးဝါ။

"မနက်ဖြန်ကစပြီး လရိပ် အလုပ်ရှာတော့မယ် နုသွယ်၊ ဒါမှ နုသွယ်နဲ့ လရိပ်အတွက် ကျောင်းစရိတ်ကာမိမှာ"

"နုသွယ်လည်း အလုပ်ကြိုးစားမှာပါ လရိပ်ရယ်"

"မလိုပါဘူးကွာ၊ နုသွယ် ဒီလောက် စက်ခုံပေါ်က မဆင်းဘဲ တကုပ်ကုပ်ချုပ်နေရတာကိုပဲ လရိပ် စိတ်မကောင်းဘူး၊ နုသွယ်ကို လရိပ် ဘယ်လိုမှ မကြည့်ရက်ဘူး"

"လရိပ်နော်… အခု လရိပ် အလုပ်ထွက်လုပ်မယ်ဆိုတာကို နုသွယ်ကရော ဒီအတိုင်း ကြည့်နေရက်မယ် ထင်လို့လား၊ လရိပ်စိတ်ကို သိနေလို့သာ တားမရလို့ ကြည့်နေရမှာ၊ ဖြစ်နိုင်ရင် နုသွယ်က လရိပ်ကို အလုပ်လုပ်စေချင်တာ မဟုတ်ဘူး"

"ဘာဖြစ်လို့"

"နုသွယ်တစ်ယောက်တည်း ကျန်ရစ်ခဲ့မှာစိုးလို့ပေါ့"

"နုသွယ်ရယ်"

ထိုနေ့ညတွင် နုသွယ်ရော လရိပ်မေပါ အိပ်မပျော်နိုင်ဘဲ အတွေးကိုယ်စီနှင့် အိပ်ရာထက်မှာ ကိုယ်လေး ဘယ်ညာ ရွေ့လျက် လူးလွန့်နေမိသည်။

"နုသွယ် အိပ်တော့လေ"ဟု လရိပ်မေ သတိပေးလိုက်





သည်။ "အင်းပါ" ဟု နုသွယ် ဆိုသော်လည်း တကယ်မှာတော့ နုသွယ်လည်း အိပ်ပျော်နိုင်ဟန် မတူပါ။ လရိပ်မေ အလိုကျ တိတ်တိတ်ဆိတ်ဆိတ်လေး ငြိမ်သက်နေလေသည်။

တရွေ့ရွေ့ကုန်ဆုံးလာသော အချိန်များနှင့်အတူ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ လရိပ်မေသည် အသက်မှန်မှန်ရှူလျက် ခပ်စောင်းစောင်းလေး အိပ်ပျော်နေသော နုသွယ်ကို တစ်ချက် ငုံ့ကြည့်လိုက်မိသည့်ခဏ နှလုံးသားမှာ နာကျင်စို့နင့်သွားရသည်။

မျက်ရည်တွေက ပါးပြင်ထက် မခြောက်တခြောက်နှင့် နုသွယ်၏ မျက်နှာလေးက မီးရောင်ခပ်မှိန်မှိန်အောက်တွင် သနားစရာကောင်းလွန်းလှသည်။ လရိပ်မေသည် နှစ်ခြိုက်စွာ အိပ်ပျော်လျက်ရှိသော နုသွယ် မျက်နှာလေးကို တစ်ချက် ခပ်ရှူးရှူးကြည့်ပြီး အကြည့်များကိုလွှဲလျက် ကျောခိုင်းအိပ်စက်ဖို့ ကြိုးစားလိုက်သည်။

ထို့နောက် မိမိတို့ သူငယ်ချင်းနှစ်ယောက်၏ အဖြစ်ကို တစိမ့်စိမ့်တွေးရင်းက ဖခင်ဖြစ်သူကိုပါ ရင်မှာ လွမ်းစိတ်တို့နှင့် နာကျင်လာလျက် မျက်ရည်ပူများက မျက်ဝန်းထောင့်မှ တစ်ပေါက်ချင်း စီးကျလာရသည်ကို လရိပ်မေမှာ နုသွယ် နိုးသွားမှာစိုးလျက် ရှိုက်ငိုဘဲ မျက်ရည်များကိုသာ ကျိတ်၍ သုတ်နေလိုက်သည်။

ဖေဖေသာ လရိပ်မေ၏ အဖြစ်များကို မြင်တွေ့ပါရွှင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်များ ရင်ကွဲမတတ်ခံစားနေရမည် မသိပါ။ လရိပ်မေ၏ အဖြစ်အပျက်များကို မသိဘဲ ဖေဖေ သူမအား မေမေနှင့်ပဲ ဆက်သွယ်နိုင်းခဲ့သည်။

မေမေတဲ့လား။

ယခင်ကာလဘဝကတည်းက သမီးဖြစ်သူ သူမကို ခေါင်တွယ်၍ ပစ်ခွာထွက်ပြေးသွားသော မိခင်ဖြစ်သူကို လရိပ်မေ စိတ်ထဲက တွေးမိတိုင်း နာကြည်းလျက်ရှိရာ သူမ ဘယ်လိုဒုက္ခမျိုးပဲ ကြုံလာပါစေ မိခင်ဖြစ်သူကိုဖြင့် ဘယ်တော့မှ မဆက်သွယ်ပါဟု ဆုံးဖြတ်ထားလေသည်။

သူမဘဝတွင် ဖေဖေ ပေးခဲ့သည့် ခွန်အားတွေဖြင့် ကိုယ့်ဘဝကိုယ် အနာဂတ်ခရီးလမ်းကို လျှောက်လှမ်းရမည်ဟု အားခဲထားသည့်ကြားကပင် သူမ၏ မသိစိတ်က ဖေဖေ ပေးသွားခဲ့သည့် မိခင်ဖြစ်သူ ဓာတ်ပုံကို ကြည့်ချင် မြင်ချင်လိုသော စိတ်တို့က ရင်မှာ ပြင်းပြစွာ ဖြစ်ပေါ်လာရသည့်အတွက် လရိပ်မေသည် အိပ်ရာထဲမှနေ အညင်သာဆုံးထကာ ခြင်ထောင်အပြင်ဘက်သို့ ထွက်လာခဲ့လိုက်သည်။

လရိပ်မေမှာ ဖေဖေပေးထားသည့် စာအိတ်ကို တစ်ချက်မျှမကြည့်ဘဲ သူမ အဝတ်သေတ္တာထဲ ဒီအတိုင်းပင် ပစ်ထားခဲ့ရာ အဝတ်သေတ္တာကို ဖွင့်လိုက်သည်နှင့် အလွယ်တကူပင် ရှာဖွေ၍ တွေ့ခဲ့လေသည်။

သိန်းမင်းစာပေ



မီးရောင်ခပ်မှိန်မှိန်အောက်မှ အညိုရောင်စာအိတ်လေးကို လရိပ်မေသည် ဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။ စာအိတ်ထဲမှ ခပ်ဓာမာ အရာဝတ္ထုတစ်ခုကို လက်ဖြင့် စမ်းသပ်မိသဖြင့် အသာဆွဲထုတ်ကြည့်လိုက်ရာ ဝင်းအိပြောင်လက်နေသော တစ်ကျပ်သားခန့် ရွှေဆွဲကြိုးတစ်ကုံးကို စိန်မှာ မြရံထားသည့် လော့ကက်လေးဖြင့် အတူတွဲလျက် တွေ့လိုက်ရသည်မို့ အံ့ဩသွားရသည်။

ဘုရားရေ… ဒါ ဘယ်သူ့ပစ္စည်းလဲ။

လရိပ်မေ တစ်ခါမှ မမြင်တွေ့ဖူးသည့် ရွှေဆွဲကြိုးလေးသာ မီးရောင်အောက်တွင် ဖျပ်ဖျပ်လက်လျက် ရှိနေသည်။ လရိပ်မေသည် ဆွဲကြိုးကလေးကို သေတ္တာပေါ် အသာချကာ စာအိတ်ထဲက စာရွက်ခေါက်ကို ဆွဲယူဖြန့်ဖတ်လိုက်သည်နှင့် ဖေဖေ့လက်ရေးလေးများကို လွမ်းဆွတ်ကြေကွဲဖွယ် တွေ့မြင်လိုက်ရသည်။

*သမီး လရိပ်မေ*

*လူ့လောကကြီးမှာ ဖေဖေ ကြာကြာနေခွင့်မရှိဘူးဆိုတာ သိနေလို့ ဒီစာကို ဖေဖေ့ကိုယ်စား ရေးလိုက်တယ်။ သမီးမေမေကို နာကြည်းစိတ်နဲ့ သမီးကို သူပေးခဲ့တဲ့ ဆွဲကြိုးလေးကို မမြင်မတွေ့ချင်လို့ ဖေဖေ နှစ်ပေါင်းများစွာ သိမ်းထားခဲ့ကယ်။ အဟောင်းက အသစ်မဖြစ်ချင်တဲ့ ဖေဖေ့ကို သမီး နားလည်ပေးပါ။*

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အခုတော့လည်း ဖေဖေလည်း မနေရတော့ဘူး။ ဖေဖေ မရှိတော့တဲ့အခါ သမီးလေးတစ်ယောက်တည်း လောကကြီးထဲမှာနေလို့ မဖြစ်တော့ဘူး။ သမီးမေမေရဲ့ ဆွဲကြိုးလေးကို သမီး ဝတ်ပါ။ ပြီးတော့ သမီးမေမေနဲ့ ဆက်သွယ်ပြီး သမီးရဲ့ အနာဂတ်ကို အကောင်းဆုံးဖြစ်အောင် ဖန်တီးပါ။

သမီးစိတ်ကို ဖေဖေ သိပေမယ့် သမီး မေမေကိုတော့ တွေ့ဖြစ်အောင် သမီး တွေ့လိုက်ပါကွယ်။ သမီးမိန်းကလေး တစ်ယောက်ရဲ့ ဘဝကို သမီးမေမေက အကောင်းဆုံး လမ်းညွှန်ပေးနိုင်ပါလိမ့်မယ်။ တကယ်တော့ ဘယ်လိုမိခင်မျိုး ဖြစ်ဖြစ် သူတို့သားသမီးကို သူတို့ ချစ်တတ်ကြပါတယ်။ အကြောင်းကြောင်းတွေကြောင့် မတတ်သာလို့ စွန့်လွှတ်လိုက်ရတာပဲ ရှိပါတယ်။ သမီး ထင်ထားသလို မဟုတ်ပါဘူး။ သမီးမေမေက သမီးကို သိပ်ချစ်တယ်ဆိုတာ ယုံကြည်ပါကွယ်။

သမီးရဲ့

ဖေဖေ

စာအဆုံးမှာ လရိပ်မေ ပါးပြင်ထက်သို့ ကျဆင်းလာသည့် မျက်ရည်တွေကလည်း အတားအဆီးမရှိတော့ပါ။

ဖေဖေသည် သူ့သမီး လရိပ်မေ၏ စိတ်ခေတ်ကို ကြိုတင်၍ သိမြင်ထားခြင်းကြောင့် မိခင်ဖြစ်သူ သွားတွေ့ဖို့ တိုက်တွန်း





စာ ရေးထားခဲ့ခြင်းပင် ဖြစ်သည်။

သမီးမေမေက သမီးကို သိပ်ချစ်တယ်ဆိုတာ ယုံကြည်ပါတဲ့လား ဖေဖေရယ်။ ဟင့်အင်း… လရိပ် မယုံကြည်ချင်ဘူး၊ ယုံကြည်ရဲဘူး ဖေဖေ၊ လရိပ်ကို ခွင့်လွှတ်ပါ။ လရိပ် မေမေ့ဆီ လုံးဝမသွားတော့ဘူးဆိုသည့် ဆုံးဖြတ်ချက်ကို ဖေဖေက ကြိုတင်သိနေခဲ့၍များ ဒီစာရေးထားခဲ့ခြင်းလား မသိပါ။

သားသမီးတိုင်းကို သူတို့မိခင်တွေက သိပ်ချစ်ကြသည်ဆိုလျှင် လရိပ်ကို ... ရိပ်ရဲ့ မေမေဆိုတဲ့သူက ဘာဖြစ်လို့ သူ အင်မတန်နုနယ်သေးကွေးသည့် အရွယ်မှာ ရက်ရက်စက်စက် တျာခိုင်းရစ်ခဲ့ရတာပါလိမ့်။

မေမေသာ လရိပ်မေကို မိခင်စိတ်နှင့် တကယ်ချစ်ခဲ့ပါလျှင် မေမေသည် ဖေဖေ မသိအောင် လရိပ်အား တစ်နည်းနည်းနှင့် လာရောက်တွေ့ဆုံဖို့ ကြိုးစားရမည် ဖြစ်သည်။

သည်အခွင့်အရေးတွေကို မေမေသည် များစွာရရှိထားပါလျက်နှင့် ဘာကြောင့် သူမကို တစ်ခါမှ လာရောက်မတွေ့ဆုံရပါသည်လဲ။ ဒါဟာ သားသမီးကို သိပ်ချစ်တတ်တဲ့ မိခင်တစ်ယောက်ရဲ့ ဥပေက္ခာပြုမှုတဲ့လား။

မချိပြုံးတစ်ချက်က လရိပ်မေ နှုတ်ခမ်းလေးထက် တွဲခိုသွားရသည်။

သမီးမေမေက သမီးကို သိပ်ချစ်ပါသည်ဆိုတဲ့ စကား



www.burmeseclassic.com

www.burmeseclassic.com



လရိပ် မေ့နိုင်တာ ခွင့်လွှတ်ပါ ဖေဖေရယ်၊ တကယ်တော့ မေမေကသာ လရိပ်ကို သိပ်ချစ်ခဲ့တာပါ။

ပါးပြင်မှ မျက်ရည်စတွေကို မသုတ်ဘဲ လရိပ်မေသည် ဖခင်ဖြစ်သူကိုသာ သတိရ တမ်းတနေလိုက်သည်။

ထိုစဉ်…

"လရိပ်"

"ဟင်… နုသွယ်"

ဘယ်အချိန်ကတည်းက နုသွယ်သည် သူမအနား ရောက်နေသည် မသိပါ။ လရိပ်မေ၏ ပခုံးကို ခပ်ဖွဖွဆုပ်ကိုင် လာမှပင် တိုးသက်စွာ ရှိုက်နေမိရာမှ ဖျတ်ခနဲ မော့အကြည့်မှာ နုသွယ်ကို မျက်ရည်ဝေသော မျက်ဝန်းအစုံဖြင့် တွေ့လိုက်ရခြင်း ဖြစ်သည်။

"ဘယ်သူ့စာလဲဟင်၊ ဦးလေးစာလား"

နုသွယ် အမေးကို လရိပ်မေသည် ခေါင်းညိတ်ပြလိုက် သည်။

"ရော့… နုသွယ်၊ ဖတ်ကြည့်"

နုသွယ် စာဖတ်နေချိန်ဝယ် လရိပ်မေမှာ သူမရှေ့က အခန်းနံရံများကို မမြင်မတွေ့နိုင်သလို ဝေသီသောမျက်ဝန်းအစုံ ဖြင့် အဝေးဆုံးတစ်နေရာသို့ ငေးမျှော်ကြည့်လျက်ရှိနေသည်။

"ဟင်… ဒါဆို လရိပ်မှာ မမေ ရှိသေးတာပဲ၊ ဦးလေး





တလည်း လရိပ်ကို လရိပ်မေမေနဲ့ သွားတွေ့နိုင်းထားတာပဲ၊ လရိပ် သွားမတွေ့သေးဘူးလားဟင်"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲဟင်၊ နုသွယ်မှာက အဖေရော အမေရော မရှိတော့ဘူး၊ လရိပ်မှာ အမေရှိသေးတယ်ဆိုတာ ပျော်စရာကြီး၊ လရိပ်မေမေကလည်း လရိပ်ကိုတွေ့ရင် သိပ်ဝမ်းသာရှာမှာပဲနော်"

"လရိပ် သူ့ကို မတွေ့ချင်ဘူး နုသွယ်"

"ဘယ်သူ့ကိုလဲ"

"မေမေ့ကို…"

"အို… လရိပ်ရယ်"

နုသွယ်က လရိပ်မေ မျက်နှာကို အံ့သြတိတ်လန့်သလို အကြည့်လာသည်။ နုသွယ်က တက်ကြွနေသလောက် လရိပ်မေ ဆီက မတုန်မလှုပ် ကျောက်ရုပ်ကလေးလို တွေဝေငေးမှိုင်နေတာ ကို ကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်ရသူက နုသွယ်။

"လရိပ်"

"ဟင်…"

"လရိပ်မေမေကို လရိပ် ဘာလို့ မတွေ့ချင်ရတာလဲဟင်"

"ဖေဖေနဲ့ လရိပ်ကို ပစ်သွားတဲ့ မေမေ့ကို လရိပ် မတွေ့ ချင်ဘူး နုသွယ်"

"လရိပ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် နုသွယ်၊ လရိပ် မေမေ့ကို မတွေ့ချင်ဘူး စိတ်နာတယ်၊ ဒါကြောင့် ဘယ်တော့မှ သွားမတွေ့တော့ဘူးလို့ ဆုံးဖြတ်ထားတယ်"

"အို… မဟုတ်တာ လရိပ်ရယ်၊ ကိုယ့်အမေကို အဲဒီလို မပြောကောင်းဘူး"

"ဒါပေမဲ့ လရိပ် အားလုံးကို ဆုံးဖြတ်ထားပြီးပြီ နုသွယ် လရိပ်ကို နောက်ထပ် ဘာမှမတိုက်တွန်းပါနဲ့တော့ကွာ"

"လရိပ်"

"ဟင့်အင်း… မေမေနဲ့ ပတ်သက်ပြီး လရိပ် ဆုံးဖြတ် ချက်ကို မပြင်တော့ဘူး"

ဘူးဆို ဖရုံမသီးတတ်သော လရိပ်မေ၏ အကြောင်းသိ သိထားသူပီပီ နုသွယ်တစ်ယောက် ဘာမှဆက်၍မပြောနိုင် ဖြစ်သွားရသည်။ စာလေးကို စာအိတ်ထဲသို့ ပြန်အထည့် စာအိတ်ထဲက ခပ်မာမာပစ္စည်းလေး စမ်းမိတာမို့ နုသွယ် အထဲ ဆွဲယူကြည့်လိုက်သည်။

"ဟင်…"

ဓာတ်ပုံလေးတစ်ပုံပါလား။

လရိပ်မေနှင့် ခပ်ဆင်ဆင်ရှိသော်လည်း ဓာတ်ပုံထဲက အမျိုးသမီးကြီးက လရိပ်မေနှင့် သိပ်မတူ။ သို့သော် ထိုအမျိုးသမီး ကြီးသည် လရိပ်မေ၏ မေမေဆိုတာကိုလည်း နုသွယ် ချက်ချင်း





သိလိုက်ရသည်။

"လရိပ်"

"နုသွယ်"

"ဒီမှာ လရိပ် မေမေဓာတ်ပုံ"

နုသွယ် ကမ်းပေးလာသည့် ဓာတ်ပုံလေးကို လရိပ်မေ ငြင်းဆန်ဘဲ လှမ်းယူလိုက်သည်။ ဓာတ်ပုံထဲက မေမေဆိုသူ အမျိုးသမီးကြီး၏ မျက်နှာကို လရိပ်မေ အကြာကြီး စူးစိုက်ကြည့် နေပြီးမှ ဓာတ်ပုံနောက်ကျောဘက်ကို ကြည့်လိုက်သည်။

မေမေ့လက်ရေးနှင့် ရေးမှတ်ထားသည့် လိပ်စာတစ်ခု တို့ တွေ့ရသည်။

*ခင်မမ*

*ခြံအမှတ် (….)*

*သံလွင်လမ်း။*

*ရန်ကုန်မြို့။*

ဓာတ်ပုံကို [illegible]အိတ်ထဲသို့ လရိပ်မေ ပြန်သိမ်းလိုက် သည်။ ဆွဲကြိုးလေးကို နဂိုအတိုင်း ပြန်ထည့်ကာ သေတ္တာထဲသို့ ပြန်သိမ်းလိုက်သည်။

"ညဉ့်နက်ပြီ နုသွယ်၊ အိပ်ကြစို့"

သူငယ်ချင်းနှစ်ယောက် အိပ်ရာထက်မှာ အတွေးကိုယ်စီ နဲ့ ငြိမ်သက်နေကြသည်။ နုသွယ်သည် လရိပ်မေကို သူ့မေမေ


www.burmeseclassic.com

www.burmeseclassic.com



နှင့် ခြံနဲ့လည်သင့်မြတ်သွားမည့်နေ့ရက်များ တွေးလျက် သူ့ အဖြစ်ကို သူမ ဝမ်းနည်းကာ စောင်ကို ခေါင်းထိခြုံလျက် တစ်ညလုံး အသံမထွက်အောင် ကျိတ်၍ ရှိုက်ငိုနေတော့သည်။

* * *



## အခန်း (၃)

နသွယ်တစ်ယောက် နာရီကို လှမ်းကြည့်လိုက်သည်။ ...နေ့ပါဆို သူမ နာရီကြည့်တာ ဘယ်နှကြိမ်မြောက်မှန်း မသိ ...တော့။

သည့်နောက် ခက်ခဲမောပန်းစွာ သက်ပြင်းချလိုက်မိ ...ည်။ မွန်းတည့်ပြီး တဖြည်းဖြည်း နေစောင်းလာ၍ နသွယ် ...ာ်ချုပ်နေရင်းမှ လည်တဆန့်ဆန့် စောင့်မျှော်ခြင်းအလုပ်ကို ...းမရနိုင်တော့ဘဲ အိမ်ပေါက်ဝရှိ သစ်သားခုံတန်းလေးပေါ် ...င်လျက် လရိပ်မေ လာမည့်လမ်းကို လှမ်းမျှော်ကြည့်နေမိသည်။

နသွယ်နှင့်အတူတူ နေလာသည့်ရက်များအတွင်း လရိပ်မေ ...ယောက်တည်း နသွယ်ကိုထားကာ ခွဲထွက်သွားခြင်းမှာ ဤ ...ကြိမ်သည် ပထမဦးဆုံးပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက်စာ ထမင်းစားသောက်ပြီးကတည်းက အလုပ်သွားရှာမည်ဆိုကာ ထွက်သွားသော လရိပ်မေကို မတားမြစ်နိုင်သည့် အတွေ့တူပင် စိုးရိမ်ခြင်းများစွာနှင့်သာ သူမ စောင့်မျှော်ရန် တတ်နိုင်တော့သည်။

ဖြစ်နိုင်လျှင် လရိပ်မေ သွားရာနောက် နုသွယ်ကိုယ်တိုင် ထက်ကြပ်မကွာ လိုက်သွားလိုလှပါသည်။

တကယ်တမ်း သူမသည် ထိုအဖြစ်ကို လက်တွေ့အကောင်အထည်ဖော်ရန် မဖြစ်နိုင်သောကြောင့် ထိုအကြံအစည်ကို အပ်ထည်အင်္ကျီများ ချုပ်ခြင်းဖြင့် လက်လျှော့ဖြေသိမ့်ခဲ့ရသည်။

သိပ်လှသည့် လရိပ်မေတစ်ယောက်တည်း မည်သည့်အခါမှ အဖော်မပါဘဲ သွားရခြင်းကို စိုးရိမ်ပူပန်လျက် နုသွယ်ရှိရာသို့ ဘယ်တော့မှ ပြန်မလာဘဲ အပြီးအပိုင် ထွက်သွားတော့မည်လားဟုထင်မှတ်ကာ မျက်ရည်လေးတစမ်းစမ်းဖြင့် လရိပ်မေ အိမ်အပြန်နောက်ကျခြင်းကို စိတ်ပူလျက်ရှိနေရသည်။

လရိပ်မေ ပြောသွားသော အချိန်ထက် နောက်ကျနေသဖြင့် နုသွယ်မှာ စိတ်ထဲ တထင့်ထင့်ဖြစ်ကာ ချုပ်လက်စအင်္ကျီကိုပင် ပစ်ချလျက် လရိပ်မေ ဘာလို့ နောက်ကျတာပါလိမ့်လမ်းမှာ တစ်ခုခုများ ဖြစ်နေလားဆိုသည့် စိုးရိမ်ပူပန်စိတ်အတွေးနှင့် သောကရောက်နေရသည်။





"နုသွယ်"

"ရှင်..."

"သြော်... အန်တီမေ"

နောက်ပါးဆီမှ ခေါ်သံကြောင့် အလန့်လန့် အဖျပ်ဖျပ်နှင့် လှမ်းကြည့်လိုက်သောအခါ အေးအိမ်မှ အန်တီမေကို ပြုံးလျက် တွေ့လိုက်ရသည်။

"လရိပ် ပြန်မလာသေးဘူးလား"

"ဟုတ်ကဲ့"

ရှည်ရှည်ဝေးဝေး ရှင်းပြရန် အင်အားမရှိသဖြင့် တိုတိုတုတ်တုတ်ပင် ဖြေကြားလိုက်ပြီး သူမ အကြည့်များက လရိပ်မေလာမည့်လမ်းဆီသို့ ငေးမြဲငေးနေလိုက်သည်။

"ဒီအချိန် ဒီလိုပဲကွယ့်၊ ရုံးဆင်းချိန်၊ ကျောင်းဆင်းချိန်ဆိုတော့ ကားကျပ်တယ်၊ ဒါနဲ့ လရိပ်တစ်ယောက်တည်း ဘယ်ကိုသွားတာလဲ"

"မြို့ထဲကိုပါ အန်တီမေ၊ ကျောင်းစရိတ်ရအောင် သူလည်း အလုပ်လုပ်မယ်ဆိုပြီး အလုပ်ရှာထွက်သွားတာပါ"

"သြော်... သြော်... အသက်အရွယ် ငယ်ကြပေမယ့် နုသွယ်နဲ့ လရိပ်က သိပ်တော်တာပဲကွယ်၊ မိဘရှိရက်နဲ့ ပျက်စီးနေကြတဲ့ သားသမီးတွေကြားမှာ နုသွယ်တို့ကတော့ မိဘမရှိဘဲနဲ့ ကြိုးစားကြတာပဲ၊ အန်တီမေတော့ ချီးကျူးမဆုံးနိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဖော်ရွှေကာ စိတ်ရင်းမနောကောင်းသည့် အန်တီမေတို့ လင်မယားသည် သားသမီးမရှိကြသူများပီပီ နုသွယ်နှင့် လရိပ်မေကို သမီးရင်းချာလေးများလို ချစ်ခင်တွယ်တာကြသူများဖြစ်ကာ ကံတူအကျိုးပေးသူများအဖြစ်နှင့်လည်း သူမတို့အပေါ် သနားပိုကြသူများဖြစ်သည်။

"ဟော… ပြောရင်းဆိုရင်း ဟိုမှာ လာနေတာ လရိပ် မဟုတ်လား"

"ဟုတ်တယ် အန်တီမေ၊ လရိပ် ပြန်လာပြီ"

နုသွယ် လှမ်းကြည့်လိုက်သောအခါ လမ်းချိုးကွေ့လေး အဝိုင်း ခပ်ဖြည်းဖြည်း လျှောက်လာနေသော လရိပ်မေကို တွေ့လိုက်ရသည်။

ခေါက်ဆွဲအသုပ်ထုပ်လေးကို လက်တစ်ဖက်က ဆွဲကိုင်လာသော လရိပ်မေ မျက်နှာလှလှလေးမှာ တစ်နေကုန်သွားရခြင်းကြောင့် နွမ်းဖျော့လျက် နုသွယ်နှင့် အန်တီမေကို မြင်သောအခါ ငြိမ်းအေးစွာ ပြုံးရယ်ပြလေသည်။

နုသွယ်မှာ ဟန်မဆောင်နိုင်၊ ကလေးတစ်ယောက်လိုပင် လရိပ်မေအနား အပြေးလေးသွားကာ…

"စိတ်ပူလိုက်ရတာ လရိပ်ရယ်၊ လမ်းမှာ တစ်ခုခုများ ဖြစ်နေသလားလို့ စိတ်ပူပြီး အလုပ်တောင် ဖြောင့်ဖြောင့် နုသွယ် မလုပ်နိုင်ဘူး"





"ဟုတ်တယ် လရိပ်ရေ၊ နုသွယ် စိတ်ပူနေတာကို သိလို့ အန်တီမေ သူ့ကို အဖော်လုပ်ပေးနေတာ"

"အားနာစရာ အန်တီမေရယ်၊ လရိပ် လမ်းမှာ ကားမရလို့ပါ"

"သိတယ်… သိတယ်၊ ဒီအချိန်ဆို ဒီလိုပဲဖြစ်တတ်တယ် ဆိုတဲ့အကြောင်း အခုပဲ နုသွယ်ကို အန်တီမေ ပြောပြနေတာ"

"ကျေးဇူးတင်ပါတယ် အန်တီမေရယ်"

"ကဲ… ကဲ… အိမ်ထဲဝင်ကြ၊ အန်တီမေလည်း သွားစရာရှိသေးလို့ သွားလိုက်ဦးမယ်"

အန်တီမေ နှုတ်ဆက်ထွက်ခွာသွားလျှင် နုသွယ်က လရိပ်မေ လက်ထဲမှ ခေါက်ဆွဲထုပ်လေးကို ပြောင်းယူကာ အိမ်ပေါ်တက်ခဲ့ကြသည်။

လရိပ်မေသည် အခန်းထဲဝင်ကာ တစ်ယောက်တည်း တိတ်ဆိတ်စွာ အဝတ်လဲနေ၏။

ဧည့်ခန်းမှာ နှစ်ယောက်အတူ ထိုင်မိကြသည်နှင့် နုသွယ်က လရိပ်မေ၏ မျက်နှာလှလှလေးကို အကဲခတ်သလို တစ်ချက် ကြည့်လိုက်သည်။

"အလုပ်အဆင်ပြေခဲ့ရဲ့လားဟင်"

လရိပ်မေ ဦးခေါင်းကို ဖြည်းလေးစွာ ခါယမ်းပြလိုက်ပြီး အိမ်ရှေ့လမ်းသို့ ခပ်တွေတွေလေး ငေးမောကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရှာဖွေသည်ဆိုတာက အပြောလွယ်သလောက် လက်တွေ့ရင်ဆိုင်ရသည့် အခက်အခဲများစွာရှိသည့်အဖြစ်ကို လရိပ်မေ ကိုယ်တွေ့ဖြစ်သည်။

ရရှိမည့် လုပ်အားခနှင့် အသွားအပြန် ခရီးစရိတ်၊ အိမ်ပြန်တို့ကို တွက်ချက်ရ၏။ မကိုက်ညီသည့် အလုပ်ကို လုပ်၍ မဖြစ်ပါ။ ငွေကုန်လူပန်းတာသာ အဖတ်တင်မည့်ကိစ္စမို့ မယ်ချရသည်ကလည်း ရှိသည်။

သည်နေ့ အလုပ်အတွက် သွားရောက်ရှာဖွေ စုံစမ်းမှုမှာ လရိပ်မေ ထင်သလို ဖြစ်မလာသည်မို့ သူမအနေနှင့် မောရုံသာ အဖတ်တင်ရကြောင်း လရိပ်မေသည် နုသွယ်အား မပြောရက်သည်မို့. . .

"ဒီနေ့မရလည်း နောက်နေ့ပေါ့ နုသွယ်ရယ်၊ စိတ်ကြိုက်အလုပ်မတွေ့မချင်း ရှာရမှာပေါ့"

"လရိပ်ရယ်"

စိတ်မောလူမောနှင့် နွမ်းနယ်နေသည့် လရိပ်မေ မျက်နှာလေးကိုကြည့်ပြီး နုသွယ် ဘာမှမတတ်နိုင်သည့်အဆုံး လက်ပိုက်ကြည့်နေရခြင်းဖြစ်သည်။ နုသွယ် သဘောဆန္ဒအရဆိုလျှင် လရိပ်မေကို နုသွယ် ဘာမှမလုပ်စေချင်ပါ။ ဘာပဲပြောပြော နုသွယ်ကတော့ လရိပ်မေ အလုပ်မရတာကိုပင် စိတ်မှာ ကျိတ်၍ ကျေနပ်ဝမ်းသာနေရသည်။





ထိုနေ့ညက သူငယ်ချင်းနှစ်ယောက် စကားအနည်းငယ်ပြောဆိုနိုင်ကြပြီး ကိုယ့်အတွေးနှင့် ကိုယ် အိပ်ရာထဲ ဝင်လာကြသည်။

နံနက်ခင်း၏ နေရောင်သည် နွေးထွေးစွာ ဝင်ရောက်လာသည်။ လရိပ်မေသည် ပြတင်းပေါက်မှ ရပ်လျက် ခြံထဲသို့ကြည့်လျက် အတွေးတို့ ပျံ့လွင့်နေလျက်ရှိသည်။

စိမ်းစိုသော သစ်ရွက်နုနုများ၏ အလယ်တွင် ဖြူဖွေးသော စံပယ်ပွင့်လေးများက လေသင့်တိုင်း ပန်းရနံ့တို့ သင်းပျံ့လာရသည်။ ကြည်လင်တောက်ပသော ကောင်းကင်ပြာ အဖြူရောင်တိမ်မျှင်စများ လွင့်မျောပုံက ကြည့်လို့ကောင်းနေသလို နေခြည်ကြောင့် သစ်ရွက်သစ်ခက်လေးတို့သည်လည်း ရောင်လက်နေရသည်။

နုသွယ်က အကျႌမိန်းကလေးနှင့်အတူ စက်ချုပ်သံ တဂျုံးဂျုံးဖြင့် အလုပ်ကို ဖိကြိုးစားနေသည်။

နုသွယ်ကို ကြည့်ပြီး လရိပ်မေ၏ အသိအာရုံမှာ နေ့စဉ်နေ့တိုင်း အလုပ်ရှာဖွေရခြင်းကို မငြီးငွေ့နိုင်ဘဲ ရှိသည်။

အလုပ်ရရေးကိုသာ တွေးတောလျက် ခေါင်းထဲက မထွက်ဘဲ ရှိသည်။ လရိပ်မေ အလုပ်ရှာနေသည်မှာ တစ်ပတ်ကျော် ရှိနေပါပြီ။ ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ တရုတ်စာ ဘာတစ်ခုမှ ကျွမ်းကျင်သော ကျောင်းသူလေးအတွက် လရိပ်မေ လိုချင်



www.burmeseclassic.com

www.burmeseclassic.com



သော အလုပ်မျိုး မရနိုင်ပါချေ။

မနက်ရှစ်နာရီ ညရှစ်နာရီ အရောင်းစာရေးအလုပ်ကလည်း လရိပ်မေနှင့် တွက်ချက်လို့ လုံးဝမကိုက်ညီ။

မျှော်လင့်ချက်များ ကုန်ဆုံးသွားပြီဟု စိတ်ပင်ပန်းကြီးစွာ အားမတန် မာန်လျှော့ရတော့မည်ဟု ထင်မြင်လာသည်။

ခုခေတ်တွင် အနည်းဆုံးတော့ ကွန်ပျူတာလောက် တတ်ထားသင့်သည်။ ဒါမှမဟုတ် တခြားကျွမ်းကျင်သော ဘာသာစကားတစ်ခုခု ရှိသင့်သည်။ လရိပ်မေတွင် ထိုလိုအပ်ချက်များ ဘာတစ်ခုမှမရှိ။

သည်တော့လည်း လရိပ်မေ လိုချင်သော ငွေကြေးနှင့် အလုပ်ကို ရှာဖွေမရနိုင်။ နောက်ဆုံး အမောသာ အဖတ်တင်လျက် ခုံတွင် အတွေးပေါင်းစုံဖြင့် ငြိမ်သက်နေလိုက်သည်။

တစ်နေကုန် တစ်နေခန်း စက်ခုံပေါ်မှ ဆင်းရသည်မရှိသော နုသွယ်အဖြစ်ကို ကြည့်ကာ စိတ်ထဲက ဝမ်းနည်းကြေကွဲလျက် မိုးလင်းမိုးချုပ် တကုပ်ကုပ်လုပ်နေသမျှ လရိပ်မေသည် မကြည့်ရက်နိုင်ဘဲ ရှိနေသည်။

ဝိန်သော ခန္ဓာကိုယ်လေးမှာ ပိုလို့ချည့်နဲ့လာသည်ဟု ထင်ရသည်။ သို့သော် နုသွယ်က လရိပ်မေ ရှေ့မှာ မျက်နှာတစ်ချက်မပျက် ပြုံးလျက်သာ လရိပ်မေကို တိတ်တခိုး အကဲခတ်လျက်ရှိနေမြဲ ဖြစ်သည်။





"လရိပ်ရှိလား နုသွယ်"

"ဪ... အန်တီမေ၊ လာပါ၊ လရိပ် ရှိပါတယ်"

"လရိပ်ရေ... ဒီမှာ အန်တီမေ လာနေတယ်"

မေးသံ ဖြေသံ ခပ်တိုးတိုးတို့နှင့်အတူ ခြေသံဖွဖွနှင်းသျှတ် အိမ်ထဲဝင်လာသည့် အန်တီမေ၏ ပြုံးရွှင်သောမျက်နှာကို မြင်လိုက်ရသဖြင့် ထိုင်ရာမှထပြီး အပြုံးဖြင့် ကြိုဆိုလိုက်သည်။

"ထိုင်ပါ အန်တီမေ"

"အေး... လရိပ် အလုပ်ရှာနေတာ အန်တီမေ သိတယ်၊ အလုပ်ကိစ္စ အဆင်ပြေ မပြေဆိုတာ သိချင်လို့လေ"

အန်တီမေက လရိပ်မေနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်ရင်း မေးလိုက်ခြင်းဖြစ်သည်။ နုသွယ်ကတော့ ရေနွေးဓာတ်ဘူးနှင့် အကြမ်းပန်းကန်လုံးလေးများကို အန်တီမေရှေ့ ချပေးရင်း လရိပ်မေနှင့် အန်တီမေကို အကဲခတ်သလို ကြည့်နေသည်။

"အလုပ်ကိစ္စ အန်တီမေ သိတဲ့အတိုင်း အဆင်မပြေပါဘူး အန်တီမေရယ်၊ အလုပ်ကို ကြိုက်တော့အချိန်က အဆင်မပြေ၊ အချိန်က အဆင်ပြေပြန်တော့လည်း အလုပ်က မကိုက်နဲ့၊ ငွေကုန်လူပန်းတာပဲ အဖတ်တင်တယ်ဆိုပါတော့"

"လရိပ်က ဘယ်လိုအလုပ်မျိုး လုပ်ချင်တာလဲကွယ့်၊ လခကရော ဘယ်လောက်မှန်းထားလို့လဲ"

"အလုပ်ကတော့ မရွေးပါဘူး အန်တီမေရယ်၊ ရိုးရိုးသား



www.burmeseclassic.com

www.burmeseclassic.com



သား လုပ်ရမယ့်အလုပ်မျိုးဆိုရင် လုပ်ချင်တာပါပဲ၊ လခကတော လရိပ်တို့နဲ့ ကိုက်ညီမယ့်လခမျိုး၊ စားစရိတ်ငြိမ်းဆိုရင် ပိုတော ကောင်းဦးမှာ"

"ဟုတ်ပြီ… ဒါဖြင့် အန်တီမေ အသိမိတ်ဆွေ ပြော အလုပ်တစ်ခုတော့ ရှိတယ်၊ လရိပ်ပြောသလို လခလည်း ကော တယ်၊ စားစရိတ်ငြိမ်းဆိုတော့ ငွေစုနိုင်တဲ့အ မျိုးထဲကပါ

"ဘာအလုပ်လဲဟင် အန်တီမေ"

အားတက်သရော မေးလိုက်မိသည်။

မထင်မှတ်ဘဲ လရိပ်မေ လိုချင်သော အနေအထား မို့ မျှော်လင့်ချက်ဖြင့် လရိပ်မေ မျက်နှာလှလှလေး တောက်ပသွ ရသည်။

"အလုပ်က သိပ်မဆိုးပါဘူး၊ အသက်ရှစ်ဆယ်ကျေ အရွယ် အဘွားအိုတစ်ယောက်ကို အဖော်လုပ်ပြုစုပေးရမယ့် လုပ်ပဲ၊ စားစရိတ်ငြိမ်း တစ်လကို သုံးသောင်းရမယ်၊ လရိ လုပ်နိုင်ပါ့မလား"

"ဒါဆို အိမ်ဖော်သဘောမျိုးလား အန်တီမေရယ်"

နုသွယ် အသံလေးက နှစ်မြို့က်သဘောကျခြင်း မ ကြောင်း ဖော်ပြနေသည်။

"မဟုတ်ဘူးကွယ့်၊ အိမ်ဖော်အဒေါ်ကြီးက သတ်သ ရှိပါတယ်၊ အခုက အဘွားအိုတစ်ယောက်တည်းကို အဖော်လု





ဆောင့်ရှောက်ပေးရုံပါပဲ၊ ပြောရရင်တော့ကွယ်… မြေးအဘွား နှစ်ယောက်တည်းရှိကြတဲ့ သူဌေးအိမ်တစ်အိမ်ပဲ ဆိုပါတော့၊ သူ့မြေးက ကုမ္ပဏီဖွင့်ထားတော့ အိမ်ကို သေချာပြန်မကြည့်နိုင် ဘူး၊ အဒေါ်ဝမ်းကွဲ အပျိုကြီးတစ်ယောက်ကို မျက်နှာလွှဲထားရ တာ၊ ဟိုကလည်း အသက်ခြောက်ဆယ်ကျော်နေပြီ၊ လူကလည်း အအားဝတော့ ဘာမှမလှုပ်ရှားနိုင်ဘူး…

"အိမ်မှုကိစ္စ ဘာဘာညာညာနဲ့ဆိုတော့ အဘွားအတွက် အဖော်လိုတာပေါ့ကွယ်၊ အသက်ကြီးပြီဆိုတော့ မေ့တာလျော့တာ မျိုး စိတ်ရှည်သည်းခံနိုင်ရမယ့်အပြင် ကိုယ့်ရင်သွေးရင်းချာလို စိတ်ထဲ သဘောထားနိုင်ရမယ့်သူမျိုးကို လိုချင်ကြတာ၊ ပြောမယ် ဆိုရင်တော့ နည်းနည်းရှည်တယ်၊ လူရင်းထဲက စိတ်ချယုံကြည် ရမယ့်သူမျိုး လိုချင်ကြတာ ဆိုပါတော့ကွယ်"

နုသွယ်က လရိပ်မေ မျက်နှာလေးကို တစ်ချက်လှမ်း ကြည့်လိုက်သည်။ နုသွယ် စိတ်ထဲမှာ လရိပ်မေကို ထိုအလုပ် ဘက်မခံစေချင်ကြောင်း ပေါ်လွင်နေသည်။

"လရိပ်နဲ့ ဖြစ်ပါ့မလား အန်တီမေရယ်၊ လရိပ်က ဒါမျိုး တစ်ခါမှ လုပ်ဖူးတာမဟုတ်ဘူး၊ ပြီးတော့…"

"ဖြစ်ရမှာပေါ့ကွယ်၊ သူ့ဌေးဆိုပေမယ့် အဆင့်အတန်း ခွဲခြားပြီး ဂုဏ်မောက်တဲ့ သူဌေးမျိုး မဟုတ်ကြပါဘူး၊ အင်မတန် စိတ်ရင်းစေတနာ ကောင်းကြတဲ့လူတွေပါ၊ အန်တီမေကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com

ညည်း နုသွယ်တို့ လရိပ်တို့အပေါ်မှာ သမီးလေးတွေလို ချစ်ခဲ့သူပါ၊ ခုတွေ့ရောက်မယ့်အလုပ်မျိုးဆို လုံးဝပြောမှာမဟုတ်ပါ ကွယ်၊ အခုကိစ္စက နှစ်ဦးနှစ်ဖက် အဆင်ပြေစေချင်လို့ပါ"

အဘွားအိုတစ်ယောက်ကို စောင့်ရှောက်ပြုစုရမည့်အ မှု လက်ခံချင်ပါသော်လည်း ဘယ်လိုသူဌေးမျိုးလဲဟု တွေး သဖြင့် လရိပ်မေ ရုတ်တရက် စကားမပြန်နိုင်သော်လည်း အန် မေ ထပ်ဆင့်အာမခံလိုက်ခြင်းကြောင့် အားတက်သွားရမိသည်

"သူတို့အိမ်မှာ မိသားစု ဘယ်နှယောက်ရှိလဲ အန်တီ

"ဘွားအေနဲ့ အဒေါ်အပျိုကြီး ဒေါ်ထားရယ်၊ အိမ် ဒေါ်ကြိုင်နဲ့ အကူ မအေးနဲ့၊ မအေးယောကျ်ား ကားဒရိုင် မောင်သိန်းရယ်၊ ပြီးတော့ ဘွားရဲ့မြေးသူဌေး ဒါပဲရှိကြတာကွ မအေးတို့လင်မယားက နောက်ဖေးတန်းလျားမှာ သီးသန့်နေ တယ်၊ ခြံရှင်းတဲ့ မာလီကတော့ မနက်ကလာ ညပြန်ပဲ၊

တစ်ခါတလေတော့လည်း သူဌေးနဲ့ သူ့သူငယ်ချင်း အိမ်မှာ လာစုအိပ်ကြတာလည်း ရှိတာပေါ့ကွယ်"

"အို… ဒီအတိုင်းဆို လရိပ်နဲ့ ဖြစ်ပါ့မလား အန်တီ ရယ်"

နုသွယ်အသံက တွန့်ဆုတ်ကာ မဝံ့မရဲ တားမြစ်သ ထွက်လာရသည်။

"ယောကျ်ားတွေ ရှိတော့လည်း ဘာဖြစ်လဲ နုသွယ်ရ





တို့က လရိပ်ကို ကိုက်မစားပါဘူး၊ သူလည်း သူ့အလုပ်သူ ယ် ကိုယ်လည်း ကိုယ့်အလုပ်ကိုယ်လုပ်ရင် ပြီးတာပဲ မဟုတ် အဓိကက ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်ဖို့ပါပဲ"

"လရိပ် ပြောတာ မှန်တယ်ကွယ့်၊ ပြီးတော့ သူတို့က ညီတစ်လုံးနဲ့ နေလာကြတဲ့သူတွေဆိုတော့ သူတို့ရဲ့ ဂုဏ် ကို စိတ်ချရပြီးသား ဖြစ်သွားတာပေါ့ကွယ်"

လရိပ်နှင့် နုသွယ် နှစ်ယောက်သား မျက်လုံးချင်း ဆုံသွား ည။ အလုပ်အကိုင် အနေအထားအားလုံးက နုသွယ်ကို တ်တစ်လမ်းကနေ အဆင်ပြေနိုင်ဆုံး ကူညီပေးနိုင်မည့် အထားဖြစ်ကြောင်း လရိပ်မေ သဘောပေါက်လိုက်သလို ယ် သဘောမတူမှာကိုလည်း လရိပ်မေ သိနေခဲ့ပါ၏။

မိန်းမနှင့်ယောကျ်ား ဟူသော အသွင်တူလှသည့် အသိ ၌ လရိပ်မေ စိတ်ထဲမှာ ကြောက်ရွံ့သလိုဖြစ်မိသော်လည်း ့ဂုဏ်သိက္ခာကို ကိုယ် ယုံကြည်ဖို့သာ အဓိကမို့ ထိုအလုပ် ထက်ခံရန် လရိပ်မေ ဆုံးဖြတ်လိုက်သည်။

"လရိပ် လုပ်မယ် အန်တီမေ"

"ဒါဖြင့် မနက်ဖြန်ပဲ အန်တီမေ အကြောင်းပြန်လိုက် မယ်နော် လရိပ်"

"ဟုတ်ကဲ့"

အလုပ်ကိစ္စ အဆင်ပြေသွားပြီမို့ အန်တီမေ နှုတ်ဆက်


www.burmeseclassic.com

www.burmeseclassic.com



ဖြန့်သွားလေသည်။ ထိုညက လရိပ်မေ အတွေးများဖြင့် တော
တော်နှင့် အိပ်မပျော်နိုင်ခဲ့ပါ။

ကိုယ်က နုငယ်လှပလွန်းသည့် မိန်းမသားတစ်ယော
မို့လည်း အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်ရှိသော် ဘယ်
ဘယ်ပုံ ရင်ဆိုင်ဖြေရှင်း ရှောင်ရှားသင့်သည်ဆိုတာ တွေးတော
ဆင်ခြင်မိသလို...

တစ်ဖက်ကလည်း တစ်ယောက်တည်း ချန်ခဲ့မည့်
နုသွယ်အတွက် သူမ စဉ်းစားနေမိသည်။

နုသွယ်သည် သူမလို မဟုတ်၊ အားငယ်တတ်သူမို့သူ
သာ အလုပ်သွားလုပ်ပါက နုသွယ်တစ်ယောက်တည်း ထားခဲ့ရ
မဖြစ်သည်မို့ နုသွယ်အတွက် အကောင်းဆုံးအကြံဉာဏ်ကို အန်
မေဆီ အပ်ခဲ့ရန်သာ တွေးတောစဉ်းစားမိလေတော့သည်။

အန်တီမေဆိုတာ လရိပ်မေနှင့် နုသွယ်အတွက် စိတ်
ရသည့်သူတစ်ယောက်။ ဖေဖေနှင့် ဒေါ်လေးတင် ရှိစဉ်ကတည်း
အန်တီမေသည် သူမတို့မိသားစုအပေါ် ခင်မင်သဘောကော
ခဲ့သူဖြစ်သည်။

ပြီးတော့ အန်တီမေယောက်ျားဆိုတာကလည်း ရိုးသာ
အေးဆေးသည့် ကျောင်းဆရာတစ်ယောက်မို့ သူမ စိတ်ပူစ
မရှိပါ။ အတွေးနှင့် နုသွယ်အတွက် စိတ်အေးရပြီမို့ လရိပ်
သူမအကြောင်း သူမ စဉ်းစားရပြန်၏။





လရိပ်မေ ဒီအလုပ်ကို လက်ခံလိုက်တာ ဖေဖေသိရင် သဘောကျပါ့မလား။ ရိုးသားသော သမ္မာအာဇီဝအလုပ်မို့ ဖေဖေ သဘောတူမှာပါဟု ကိုယ့်ကိုယ်ကို ဖြေတွေးရင်း မိခင်ဖြစ်သူကို ချက်ခနဲ သတိရလိုက်မိသည်။

မေမေ...။

လရိပ်မေ၏ မေမေကိုယ်တိုင် လရိပ်မေဆိုသည့် သမီး တစ်ယောက် သူ့မှာ ရှိနေသေးတာကို သတိမှုရပါဦးမလား မသိပါ။

နောက်အိမ်ထောင်၊ နောက်ထပ် ရလာမည့် သားသမီးတွေနှင့် ပျော်နေမှာကို စိတ်ကူးဖြင့်မြင်ယောင်ကြည့်ရင်း လရိပ်မေ နှလုံးသားတွေ ထုံကျင်အေးစက် ကြေကွဲဆို့နင့်လာရသည်။

လရိပ်မေဆိုသည့် သမီးတစ်ယောက်ကို မေမေ မေ့နေမှာပါ။ ပါးပြင်ပေါ်သို့ လရိပ်မေ မျက်ရည်တွေ စီးကျလာရသည်။

အို...။

လရိပ်မေ ငိုနေပါလား။

မေမေ့အကြောင်းကို တွေးမိလို့များလား၊ ဟင့်အင်း... ဟင့်အင်း... လရိပ်မေ မေမေ့ကြောင့် ငိုတာ မဖြစ်ရဘူး၊ ဖေဖေနဲ့ လရိပ်မေကို ရက်ရက်စက်စက် ပစ်သွားရက်တဲ့ မေမေ့ကို လရိပ်မေ သတိမရချင်ဘူး ဖေဖေ။

လရိပ် ဖေဖေ့ကိုပဲ ချစ်တယ်၊ သတိရတယ်၊ လွမ်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သမိုင် မျက်ရည်ကျတာ ဖေဖေ့ကို သတိရ လွမ်းလို့ကျတဲ့ မျက်ရည်တွေပဲ ဖြစ်ပါရစေ။

လရိပ်ဟာ ဖေဖေ့သမီးပါ။

လရိပ်ဘဝမှာ ဖေဖေပဲ ရှိပါတယ် ဖေဖေရယ်၊ လရိပ်မေ မျက်ရည်တွေကို နသွယ် မသိအောင် ခိုးသုတ်ရင်း နှုတ်ခမ်းလေးကို တင်းတင်းစေ့ထားလိုက်သည်။

* * *



## အခန်း (၄)

"မမကြီးအတွက် လူရှာပြီ မောင်မင်းယုလွင်ရေ၊ မနေ့က မေမေကိုယ်တိုင် လာပြီး အကြောင်းကြားတယ်၊ မင်းအဘွားက တော့ မြင်မြင်ချင်း သဘောကျသွားတယ်၊ ကြီးကြီးတားလည်း သဘောတွေ့တာနဲ့ တစ်ခါတည်းပဲ လက်ခံလိုက်တယ်"

"ဟုတ်လား"

မင်းယုလွင်က သူ့အလုပ်စာရင်းဇယားများ စစ်ဆေးရင်း မော့မကြည့်ဘဲ ပြန်ပြောလိုက်ခြင်းဖြစ်သည်။

များပြားရှုပ်ထွေးလှသော အလုပ်တာဝန်များကြောင့် အားတို့ သူ့အနေဖြင့် ဂရုမစိုက်နိုင်ဘဲ ဖြစ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိစ္စဖြင့် နိုင်ငံခြားခရီးကို မကြာခဏသွားနေရသလို လုပ်ငန်းတိုးချဲ့လုပ်ကိုင်နေရခြင်းကြောင့်လည်း အိမ်တွင်းရေးကိစ္စအားလုံး ကြီးကြီးထား လက်ထဲသို့ ပုံအပ်ထားရသူဖြစ်သည်။

မိုးရွာတုန်း ရေခံသူမို့ အလုပ်ကို နေ့မအိပ် ညမအိပ် ကြိုးစားလွန်းသဖြင့် အခုလို အသက်ငယ်ငယ်ရွယ်ရွယ်နှင့် စီးပွားရေးလောကတွင် အများ အားကျလေးစားရသည့် လုပ်ငန်းရှင်သူဌေး ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမင်းယုလွင်ဟု ဖြစ်လာရခြင်းဖြစ်သည်။

အရက်မြင့်မြင့်၊ အသားဖြူဖြူ၊ မုတ်ခုံးထူထူနှင့် ဦးမင်းယုလွင်ပုံစံက ရှုးရှုတောက်ပသော မျက်ဝန်း၊ ဖြောင့်စင်းသောနှာတံ၊ တိကျတင်းစေ့ထားသော နှုတ်ခမ်းများကြောင့် ထက်မြက်မှုနှင့် တိကျမှုကို အထင်အရှား ဖော်ပြလျက်ရှိသလို ခန့်ညားချောမောသော သူ့ရုပ်သွင်က တစ်ဖက်သားကို အထူးပင် ညှို့ငင်ဆွဲဆောင်နိုင်သူလည်း ဖြစ်သည်။

ရိုးသား၍ ကြိုးစားသော သူ့အတွက် နာရီတိုင်း အချိန်တိုင်း အဖိုးတန်လျက် အချိန်ပိုဆိုတာ သူ့အတွက် နည်းလွန်းလှပေသည်။

ကြီးကျယ်ခမ်းနားသော တိုက်ကြီးနှင့် လိုအပ်သလို စီ ခန့်ခွဲအုပ်ချုပ်နေသော ကြီးကြီးထားကိုယ်တိုင်က အသက်ကြီး





ည့်အထိ သူ့ခန္ဓာကိုယ် ဝဝဖိုင့်ဖိုင့်ကြီးကြောင့် စိတ်သွားတိုင်း ယ်မပါနိုင်သူလည်း ဖြစ်သည်။

ထို့ကြောင့် ဘွားကို အနီးကပ်ပြုစုစောင့်ရှောက်ပေးနိုင် ည့်သူတစ်ယောက်ကို စုံစမ်းရှာဖွေခိုင်းထားခြင်း ဖြစ်သည်။ လည်း သူ့ဆန္ဒမဟုတ်ပါ။

ကြီးကြီးထားမိတ်ဆွေ၏ အကြံဉာဏ်သာ ဖြစ်ပါသည်။ ရှည်ရမည်။ သည်းခံနိုင်ရှည်။ ဘွားကို ကိုယ့်သွေးသား ရင်းတစ်ယောက်လို သဘောထားချစ်ခင်နိုင်ရမည်ဆိုသော လိုချင်သည့် အချက်များကိုတော့ ကြီးကြီးထားကို သူ ပြောပြ ထားသည်။

အခု သူ ရှာခိုင်းထားသည့်လူ ရပြီမို့ ဘွားအတွက် တစ်ယောက်တည်း မည်သည့်အဖော်မှမရှိဘဲ ပျင်းရိငြီးငွေ့နေခြင်း တင်းဝေးရတော့မည်ဖြစ်သည်။

"သူတို့ပြောတာကတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ တကယ့် တွေ့မှာ ဘွား သဘောကျတဲ့သူဖြစ်မှနော် ကြီးကြီးထား"

"အမလေး... မောင်မင်းယုလွင်ရယ်၊ မင်းအဘွားက တော့ လရိပ်မေလေးကို သဘောကျမှ ကျ၊ မြင်မြင်ချင်း ချစ်လွန်း လို့ လက်ကို မလွှတ်တမ်းဆွဲထားတော့တာပါပဲ"

မင်းယုလွင် မျက်မှောင်ကြီး အနည်းငယ်တွန့်ကြုတ်သွား တော...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ ကြီးကြီးထား"

"တလေးဓ နာမည်က လရိပ်မေတဲ့၊ နာမည်လေးနဲ့လိုက် အောင် လှုကလည်း ချစ်စရာ၊ မျက်နှာလေးက အေးချမ်းပြီး ဖြူစင်ရိုးသားရှာပါတယ်ကွယ်"

"ဘွားနဲ့ ကြီးကြီးထား သဘောကျရင် ပြီးတာပါပဲလေ အဓိကက အဘွား စိတ်ချမ်းသာစေချင်တာပါ"

"အေးကွယ်... လရိပ်မေနဲ့ကတော့ အခြေပြေမှာပါ"

"တူ... တူ... တူ..."

ဖုန်းသံကြောင့် မင်းယုလွင် ကောက်ယူနားထောင်လိုက် သည်။

"ဟဲလို..."

"ကိုမင်းလား... ဝတ်ရည်ပါ"

"ကို အခုပဲ အလုပ်သွားတော့မှာ"

"သွားလေ... ဝတ်ရည်လည်း ကိုမင်း အလုပ်သွားမသွား သိချင်လို့ ဆက်ကြည့်တာ၊ ခဏနေရင် ကိုမင်းရုံးခန်းကို ဝတ်ရည် လာခဲ့မလို့၊ ဒါပဲနော် ကိုမင်း"

"ဟော့... နေဦး၊ ဝတ်ရည်... ဟာ... ကျွတ်..."

မင်းယုလွင် စကားမဆုံး တစ်ဖက်က ဖုန်းချသွားတာမို့ ရင်မှာ မချင့်မရဲနှင့်ပင် မင်းယုလွင် မျက်နှာကြီးမှာ အလိုမကျ ဖြစ်သွားရသည်။ ဝတ်ရည် သူမ သူ့ဆီ ဘာလာလုပ်မလို့ပါလိမ့်၊





သည်နေ့ သူ မအားပါ။ နိုင်ငံခြားသားဧည့်သည် တစ်ယောက်နှင့် စီးပွားရေးကိစ္စ တွေ့ဆုံဆွေးနွေးရမည်မို့ သူ့အနေ ဖြင့် ရုံးကို ခဏဝင်ရုံသာ ရှိလေမည်။

သူ့ကို ဝတ်ရည် လာတွေ့လျှင် သူမရှိမှာက သေချာပါ သည်။ စကားကို ဆုံးအောင်နားမထောင်ဘဲ သူမကပင် အလျင် ဖုန်းကိုချသွားလေသည်။ ပြီးရင် မင်းယုလွင်ကို သူမ စိတ်ကောက် ဦး လုပ်ဦးမည်ဖြစ်သည်။

ကလေးဆန်လွန်းသော ဝတ်ရည်ကြောင့် မင်းယုလွင် တစ်ယောက် မကြာခဏ စိတ်အနှောင့်အယှက်ဖြစ်ရသည်က သည်း မနည်းတော့ပါ။

"ဝတ်ရည်က ဘာတဲ့လဲ မောင်မင်းယုလွင်"

"ရုံးကို လာမလို့တဲ့ ကြီးကြီးရေ၊ ကျွန်တော်က အပြင်မှာ ကိစ္စရှိသေးတာ သူ မသိဘူး၊ ပြီးရင် သူ့ကို စောင့်မနေဘူးလား ဆိုပြီး စိတ်ကောက်ဦးမယ်"

"အေးကွယ်... ဝတ်ရည်လေးက ကလေးပဲ၊ ခွင့်လွှတ် လိုက်ပါ"

ကြီးကြီးထား စကားကို မင်းယုလွင်သည် ဘာမှမပြော ဘဲ ရင်မောစွာ သက်ပြင်းရှိုက်လိုက်ရင်း ခေါင်းကို တစ်ချက် ခါလိုက်သည်။

"ဒဲ... ကျွန်တော် သွားတော့မယ် ကြီးကြီးထား၊ ဘွား



www.burmeseclassic.com

www.burmeseclassic.com



ကို ဂရုစိုက်လိုက်ပါ"

"အေး… အေး… စိတ်ချသွားပါကွယ်၊ ကလေးမလေးလည်း မနက်ဖြန် ရောက်လာတော့မှာပဲ၊ ဝတ်ရည်လေးနဲ့တွေ့ရင်လည်း ချော့လိုက်ပါ မောင်မင်းယုလွင်ရယ်"

မင်းယုလွင် ဘာမှ ကြီးကြီးကို ပြန်မပြောတော့ဘဲ ကားကို ပေါ်တီကိုအောက်မှ မောင်းထွက်လာခဲ့သည်။

ဝတ်ရည်… ဝတ်ရည်…။

တက္ကသိုလ် ဒုတိယနှစ် ရောက်နေပြီ၊ နေရာတကာ ကလေးဆန်ချင်နေတုန်းပါပဲလား။ တကယ်တော့ မင်းယုလွင် ဖြစ်စေချင်သည်က ဝတ်ရည်ကို ထိုပုံစံမဟုတ်ပါ။

ဝတ်ရည်ကို နေရာတကာ ကလေးဆန်ဆန် မဖြစ်စေချင်ပါ။ သူ့အပေါ်မှာ နားလည်မှုရှိစေချင်သည်။ လူကြီးတစ်ယောက်လို နေထိုင်နိုင်းခြင်း မဟုတ်ပါ။

မင်းယုလွင်ကိုယ်တိုင် ကုမ္ပဏီနှင့်အတူ လုပ်ငန်းများစွာကို ဦးစီးလုပ်ကိုင်နေရသောကြောင့် သူမကိုလည်း သူ့နည်းတူ နားလည်သဘောပေါက်စေခြင်းသာ ဖြစ်ပါသည်။

ဝတ်ရည်နှင့် သူသည် လူကြီးချင်း သဘောတူ၍ စေ့စပ်ထားကြသူများဖြစ်သည့်အတိုင်း သူ့ထက် အသက်ငယ်သော ဝတ်ရည်က သူ့ကို ကလေးတစ်ယောက်လို ဆိုးနွဲ့ဗိုလ်ကျတတ်သည်။ အနိုင်ယူချင်လေသည်။





သူ့ဘက်ကတော့ သူမလေးကို တတ်နိုင်သမျှအလိုလိုက်ပါသည်။ နားလည်ဖို့ ကြိုးစားသည်။ သို့သော် ဝတ်ရည်က ချစ်၍ရှာခဲ့သော ချစ်သူတော့ဖြင့် မဟုတ်ခဲ့ပါ။

မင်းယုလွင် ဘဝမှာ အချစ်ကို ရှာဖွေချိန်မရခဲ့ပါ။ ထို့အတူ စိတ်လည်း မဝင်စားခဲ့။ ကုမ္ပဏီတစ်ဖက်နှင့် လုပ်ငန်းများစွာ၌ လုပ်ကိုင်နေသူပီပီ အချိန်တိုင်း နာရီ၊ စက္ကန့်တိုင်း သူ့ခေါင်းထဲတွင် လုပ်ငန်းအကြောင်း၊ စီးပွားရေးအကြောင်းများကိုသာ အချိန်ပြည့် အာရုံစူးနစ်နေခဲ့သည်။

မင်းယုလွင်၏ မိဘနှစ်ပါးလုံးမှာ သူ ဆယ်တန်းအောင်သည့်နှစ်မှာပင် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆုံးပါးသွားခြင်းကြောင့် ဘွားအေအိုကြီးနှင့် ကျန်ခဲ့သည့် မင်းယုလွင်ကို မင်းယုလွင်၏ဖခင် အချစ်ဆုံးသူငယ်ချင်းဖြစ်သည့် ဝတ်ရည်၏ ဒယ်ဒီက မင်းယုလွင်ကို သားအရင်းအချာတစ်ယောက်လို လုပ်ငန်းကိစ္စ၊ စီးပွားရေးကိစ္စအားလုံးကို ဂရုတစိုက်နှင့် စနစ်တကျ သင်ကြားပေးခဲ့သည့်အပြင် စီးပွားရေးလောကထဲမှာ လုပ်ငန်းရှင်သူဌေး မင်းယုလွင်ဖြစ်လာသည်အထိ ငွေရေးကြေးရေးကအစ အားလုံး ကူညီပံ့ပိုးပေးခဲ့သူ ဖြစ်သည်။

မထင်မှတ်ဘဲ ဝတ်ရည်၏ဒယ်ဒီ ကားအက်ဆီးဒင့်ဖြင့် ကွယ်လွန်သွားသောအခါ မျက်စိသူငယ် နားသူငယ်နှင့် ကျန်ရစ်သော ဝတ်ရည်တို့သားအမိနှစ်ယောက်ကို မင်းယုလွင်ပဲ ပြန်၍



www.burmeseclassic.com

www.burmeseclassic.com



အစစအရာရာ စောင့်ရှောက်တာဝန်ယူခဲ့လေသည်။
နောက်ဆုံး ဝတ်ရည်မာမီ၏ တောင်းဆိုလာသည့်အ
အတိုင်း ဝတ်ရည်ကို ချစ်သူတစ်ယောက်လို မချစ်သော်လည်
အိမ်ထောင်ဖက်အဖြစ် လက်ခံနိုင်သည့် အနေအထားနှင့်ပင် သ
တစ်ဖက်သား၏ ကျေးဇူးကို သိတတ်သူပီပီ ဝတ်ရည်နှင့် စေ့စ
ရန် လက်ခံသဘောတူခဲ့သည်။
ခမ်းနားကြီးကျယ်စွာ စေ့စပ်ခဲ့သည် မဟုတ်သော်လည်
နှစ်ဖက်ဆွေမျိုးအနည်းငယ်နှင့် အသိအမှတ်ပြုသည့်သဘော
စေ့စပ်ခဲ့ကြလေသည်။
သူ့အား ဝတ်ရည်သည် ချစ်သလားလို့ မမေးသ
သူကိုယ်တိုင်ကလည်း ဝတ်ရည်ကို ချစ်ပါသည်ဟု တစ်ခါ
မပြောခဲ့ဖူးပါ။ အကြောင်းကြောင်းကြောင့် တစ်ယောက်နှ
တစ်ယောက် စေ့စပ်ထားခဲ့သည်အထိ ဖြစ်ခဲ့ရသော်လည်း မင်းယ
လွင် ဝတ်ရည်အပေါ် ချစ်သူတစ်ယောက်လို ချစ်စိတ်လည်
မဝင်မိခဲ့ပါချေ။
ဝတ်ရည်ကို ညီမငယ်တစ်ယောက်လိုသာ သံယော
ရှိသူဖြစ်သည်။ ဘွားနှင့် ကြီးကြီးထားကတော့ ဝတ်ရည်အပေ
မှာ ချစ်ခင်ကြသူများပီပီ ဝတ်ရည် ဘာလုပ်လုပ် ဘာပြောပြေ
အပြစ်မမြင်ကြပါ။ ချစ်စရာကောင်းသော ကလေးတစ်ယော
ထက် ပို၍မမြင်ကြ။





သူတို့သဘောကတော့ မင်းယုလွင်ကို ဝတ်ရည်နှင့်
နောက်ဆုံး လက်ထပ်စေလိုသော်လည်း ဝတ်ရည်၏ ဆန္ဒအရ
ကောင်းပြီးမှ လက်ထပ်ဝါရစေဆိုသည့် စကားကို မင်းယုလွင်
ကိုယ်တိုင်က ကြည်ဖြူနှစ်လိုစွာ ခွင့်ပြုခဲ့သည်။
မဖြစ်မနေ လက်ထပ်ရမည့် နီးလောင်းတစ်ယောက်
အတွက်မဟုတ်ဘဲ ဝတ်ရည်ကို တစ်နေ့မတွေ့ရရင် မနေနိုင်အောင်
ဖြစ်နေသူမဟုတ်ခြင်းကြောင့် ဝတ်ရည်နှင့် ပတ်သက်လာလျှင်
အေးအေးစွာ တည်ငြိမ်လွန်းလှသဖြင့် သူငယ်ချင်းအပေါင်း
အသင်းများကပင် အံ့ဩယူကြရသည်အထိ ဖြစ်သည်။
"မင်းဥစ္စာက ဟုတ်မှဟုတ်ရဲ့လားကွာ၊ ဝတ်ရည်နဲ့ မင်း
က စေ့စပ်ထားကြတယ်သာပြောတယ်၊ မသိရင်တော့ သာမန်
မိတ်ဆွေတွေလိုပဲ၊ နည်းနည်းပိုပါဦးကွာ"
"ဘာပိုရမှာလဲကွာ၊ သူလည်း သူ့ကျောင်းသူ့တက်၊ ငါ
လည်း ကိုယ့်အလုပ်ကိုယ်လုပ်နေတာပဲ၊ အချိန်တန်လို့ သူ ကျောင်း
ပြီးရင် လူကြီးတွေဆန္ဒအတိုင်း လက်ထပ်ကြရုံပါ"
"မင်းဟာတာ လွယ်လှချည်လား မင်းယု"
"မလွယ်လို့ ငါက ဘာလုပ်ရမှာလဲ"
"ကျွတ်... မင်းယုလွင်... မင်းယုလွင်၊ အခုကိစ္စက
ကစ္စည်း ဈေးကစားနေတာ မဟုတ်ဘူးနော်၊ ဘဝတစ်ခုလုံးနဲ့
ဆိုင်တဲ့ အိမ်ထောင်ရေးကွ၊ ဒါကို မင်း ဘာမှတ်နေလဲ၊ တစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ခံစရာရှိရင် မင်းပဲ ခံရလိမ့်မယ်"

မြင့်နောင်၏ စကားကြောင့် မင်းယုလွင် ပခုံးတစ်ချ
တွန့်လိုက်ပြီး...

"ငါက ဘာကို ခံစားရမှာတုန်းကွ၊ သူနဲ့ ငါ လက်ထ
လိုက်ရင် ပြီးပြီပဲ၊ သူ့အဖေရဲ့ ကျေးဇူးတွေက ငါ့အပေါ်
အများကြီးရှိတယ်"

"ဒါဖြင့် မင်း ဝတ်ရည်ကို ချစ်လို့လက်ထပ်မှာ မဟုတ်
ပေါ့၊ ဟုတ်လား"

"ငါ့ဘဝမှာ အချစ်ဆိုတာကို ရှာဖွေစူးစမ်းဖို့ အချိန်
ပါဘူး မြင့်နောင်ရာ၊ ငါ့မိဘနှစ်ပါး မရှိတော့တဲ့အချိန်ကတည်း
ငါ့ဘဝကို အလုပ်ထဲမှာသာ နှစ်မြှုပ်ခဲ့တာ မင်းတို့လည်း သိ
တယ်ပဲ၊ ဝတ်ရည်ကို ငါ မချစ်ပေမယ့် မုန်းလည်း မမုန်း
သူ့မာမီ ကောင်းဆိုလာတဲ့အခါ ငြင်းရလောက်မယ့်အကြောင်
ချက်ကလည်း ငါ့မှာ မရှိဘူးလေ၊ အချိန်တန်ရင် အိမ်ထောင်
ရမယ့်အတူတူဆိုပြီး လက်ခံသင့်တယ်ထင်လို့ လက်ခံလိုက်တာ

မင်းယုလွင်၏ စကားကြောင့် မြင့်နောင်တစ်ယော
အကြာကြီး တွေဝေငြိမ်သက်သွားသည်။

"အေးလေ... မင်းနေရာမှာဆို ငါလည်း အဲလိုပဲဆုံးဖြ
မိမှာပါ၊ ဒါပေမဲ့ မင်းမှာ အသက်နဲ့ထပ်တူထားပြီး ချစ်ရမ
မိန်းကလေး ပေါ်မလာပါစေနဲ့လို့ပဲ ဆုတောင်းရတော့မှာပေ





"မင်း ဆုတောင်းပြည့်မှာပါ မြင့်နောင်၊ ဘာဖြစ်လို့လဲ ဆိုတော့ ခုချိန်ထိ ငါ့နှလုံးသားကို လှုပ်ရှားစေနိုင်တဲ့ မိန်းကလေး မျိုး တစ်ယောက်မှ မရှိခဲ့သေးလို့ပဲ"

မြင့်နောင်နှင့်သူ ပြောဆိုခဲ့သည့် စကားများကို ပြန်လည် သတိရမိရင်း မင်းယုလွင် နှုတ်ခမ်းတွန့်သည်ဆိုရုံလေး ပြုံးလိုက် မိသည်။

အချစ်... အချစ်...။

သူများတွေ အရူးအမူး အသည်းအသန်ပြောနေကြသည့် အချစ်ဆိုသည့် ခံစားမှုအရာသည် ဘယ်လိုမျိုးအရာပါလိမ့်။ မင်းယုလွင် ဘဝမှာတော့ အချစ်ဆိုသည့် လျှို့ဝှက်ဆန်းကြယ်သော အရာနှင့် အတော့်ကို ဝေးကွာလွန်းသည်ဟု ထင်ပါသည်။

အတွေးများကို ဖြတ်လျက် မင်းယုလွင်သည် ကုမ္ပဏီကို ဝင်ပြီးနောက် စီစဉ်ညွှန်ကြားစရာရှိသည်များကို ပြောဆိုပြီး ပြည်ပမှ ရောက်ရှိလာသည့် ကုမ္ပဏီသို့ တင်သွင်းသည့် ပစ္စည်း များကို ကိုယ်တိုင်သွားရောက်ကြည့်ရှုရင်းက အချိန်ကုန်လို့ ကုန် မှန်းပင် မသိလိုက်ပါ။

သူ သတိထားမိလိုက်သည့်အချိန်မှာတော့ အချိန်သည် ညနေစောင်းသို့ပင် ရောက်ရှိနေရပြီဖြစ်သည်။

ထိုအချိန်...

"တွီ... တွီ... တွီ..."



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ကိုင်ဖုန်းမှ အသံမြည်လာသည်မို့ မင်းယုလွင် နားထောင်လိုက်သည်။

“ဟဲလို…”

“ကိုမင်း ဘယ်လိုလုပ်သွားတာလဲကွာ၊ ဝတ်ရည် စောင့်နေတာ အကြာကြီးပဲ သိလား၊ ဒီကြားထဲ ကိုမင်းက ဖုန်းကို ပိတ်ထားသေးတယ်၊ ဝတ်ရည် ကိုမင်းကို အရမ်းစိတ်ဆိုးတယ် သိလား”

ထင်သည့်အတိုင်း ဝတ်ရည်အသံလေးက ဖုန်းထဲမှာပင် ခပ်စွာစွာ မကျေမနပ်လေး ကြားလိုက်ရတာမို့ မင်းယုလွင် သဘောတကျနှင့် ပြုံးလိုက်ပြီး…

“ဆောရီးကွာ… ဝတ်ရည်က ကိုယ်ပြောတာကို ဆုံးအောင်မှ နားမထောင်ဘဲ ဖုန်းချသွားတာကိုကွ၊ ဒီနေ့ ကိုယ် တကယ်မအားဘူး၊ အလုပ်ကိစ္စတွေ ချိန်းထားတာရှိလို့ သွားနေရတယ်၊ အခုပဲ အလုပ်တွေပြီးတယ်”

“မသိဘူးကွာ… မသိဘူး၊ ဝတ်ရည် ကိုမင်းကို တကယ် စိတ်ဆိုးတယ် သိလား၊ ကိစ္စရှိတယ်ဆိုလည်း ဝတ်ရည်ဆီကို ဖုန်းပြန်ဆက်ပါလားလို့၊ အခုတော့ ဝတ်ရည်တစ်ယောက်တည်း ကိုမင်းကို စောင့်နေရတာ၊ သိပါတယ်… ကိုမင်းက ဝတ်ရည်ကို နည်းနည်းမှ ဂရုမစိုက်ဘူးဆိုတာ”

“မဟုတ်ရပါဘူးကွာ၊ ဝတ်ရည်ဆီ ဖုန်းပြန်ဆက်လည်း





…ရည်မရှိမှာ သေချာလို့ မဆက်ဖြစ်တော့တာ၊ ကဲပါကွာ… …ဆိုးပါနဲ့၊ နောက်တစ်ခါ ဖုန်းဆက်ရင် ဝတ်ရည် ကိုယ်ပြောတာကို သေချာနားထောင်ပြီးမှ ဖုန်းချ ဟုတ်လား၊ ကိုယ် …ပ်များတာ ဝတ်ရည်လည်း သိနေတာပဲကွာ”

“ဝတ်ရည် တကယ်ဝမ်းနည်းတယ် သိလား၊ ကိုမင်း …ထဲမှာ ဝတ်ရည်မရှိဘူးဆိုတာ သိနေတယ်”

ပြောရင်းက ဝတ်ရည်အသံလေးမှာ တုန်ယင်လှုပ်ခါသွား …သည်။

ထိုအခါ မင်းယုလွင်မှာ စိတ်မကောင်း ဖြစ်သွားရ …

“ဝတ်ရည်ရယ်… ဘာဖြစ်လို့ ကိုယ့်အပေါ် နားမလည်ရ …ကွာ၊ နေရာတကာမှာ ဝတ်ရည် အဲလို ကလေးဆန်နေလို့ …ဘူးလေ”

“ကိုမင်း ပြောရင် ဒါပဲ၊ တော်ပြီ ဝတ်ရည် ဖုန်းချလိုက် …မယ်”

ပြောပြောဆိုဆို ဝတ်ရည်သည် ဖုန်းချသွားတာကြောင့် …ယုလွင် ရင်မောစွာ သက်ပြင်းချလိုက်မိသည်။

အလုပ်ကိစ္စနှင့် ပတ်သက်၍ စီးပွားရေးလောကတွင် …ကြီးနေသလောက် မိန်းကလေးကိစ္စမှာတော့ မင်းယုလွင် … တကယ့်ကို မကျွမ်းကျင်ပါ။ ပြောရလျှင် သူသည်



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေ၏ စိတ်အတွင်းသဘောကို အကဲမခတ်တတ်ခြင်း
သာ ဖြစ်ပါသည်။

ဝတ်ရည်ဆိုတာကလည်း မိန်းမများထဲက မိန်းကလေး
တစ်ယောက်မို့ လိုတာရလျှင် ပျော်မည်၊ သူတို့ လိုချင်တာမ
တော့ စိတ်ဆိုးစိတ်ကောက်မည်။ တစ်ဖက်သား၏ ခံစားချက်
နည်းနည်းမှ ထည့်မတွက်ပေးသည်က စိတ်ပျက်စရာ။

ဒါ ကိုယ် တကယ်ချစ်တဲ့သူ မဟုတ်လို့ပဲလား၊ ကိုယ်
ချစ်မြတ်နိုးရတဲ့သူဆိုလျှင် မင်းယုလွင် ဒီလိုအတွေးမျိုး စဉ်း
မိပါ့မလား။

အတွေးနှင့် မင်းယုလွင် ရင်မောသွားရသည်။ အိမ်ပြ
ရောက်တော့ မိုးချုပ်နေပြီ။ ရေချိုး၊ အဝတ်အစားလဲပြီးနော
အဘွားအခန်းရှိရာဆီသို့ ကူးလာခဲ့လိုက်သည်။

"ဘွား..."

"ဪ... မြေးလေး ပြန်လာပြီလား"

"ဟုတ်ကဲ့..."

"အင်း... မြေးလည်း အလုပ်တွေနဲ့ အရမ်းပင်ပန်းနေ
နဲ့တူတယ်"

"ဘွားရယ်..."

ဘွားလက်ပိန်ပိန်လေးများက မင်းယုလွင် လက်ကို ဆ
ကိုင်လျက် ကြင်နာနွေးထွေးစွာ မေးလာတာကြောင့် မင်းယု





ခင်ထဲမှာ သိမ့်ခနဲ ကြည်နူးချမ်းမြေ့သွားရသည်။

ဘွားနား သူရောက်လျှင် အခုလိုပင် သူ့ကိုယ်သူ ကလေး
လို ပြန်ခံစားသွားရသည်က ဘွား၏ နွေးထွေးကြင်နာသော
မေတ္တာကြောင့်ပင် ဖြစ်ပါလိမ့်မည်။ ဘွားက သူ့ခေါင်းမှ ဆံပင်
များကို လက်နှင့် ခပ်ဖွဖွပွတ်သပ်ပေးရင်း ကြင်နာနွေးထွေးသည့်
အရောင်ဖျော့နေပြီဖြစ်သော မျက်ဝန်းအစုံဖြင့် သူ့ကို ကလေး
တစ်ယောက်လို ငေးကြည့်နေသည်။

မင်းယုလွင် ဘွား၏ လက်လေးကို ပြန်လည်ဆုပ်ကိုင်
ထားလိုက်ပြီး...

"မပင်ပန်းပါဘူး ဘွားရယ်၊ ဒီနေ့ နိုင်ငံခြားသား
ဧည့်သည်တွေနဲ့ အလုပ်ကိစ္စ ဆွေးနွေးရတာ တစ်ခုပါပဲ"

"အင်း... မြေးလည်း အလုပ်တွေချည်းပဲ ဖိလုပ်မနေ
နဲ့ဦး။ ကိုယ့်အတွက် စိတ်ချမ်းသာစရာ၊ ပျော်စရာလေးတွေလည်း
ငဲ့စားပါဦးကွယ်"

ဘွား စကားကြောင့် မင်းယုလွင် ပြုံးသွားရတာ...

"အဟွန်း... ခုလည်း ဘွားမြေး စိတ်ချမ်းသာနေတာပါ
ဘွားရဲ့"

"ဒါလည်း ဒါပေါ့ မြေးရယ်၊ ဝတ်ရည်လေးကိုလည်း
မြေး ဂရုစိုက်ပါ၊ သူလေးက ကလေးလိုပဲ ချစ်စရာကောင်းတယ်၊
မြေးရော မချစ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အချိန်တန်ရင် လက်ထပ်ကြရမှာပဲ ဘွားရယ်၊ သူ့ ကျွန်တော့်ကြားမှာ အချစ်တွေ ဘာတွေ မလိုပါဘူး၊ နားလည်မှု ရှိရင် ရပြီ၊ ခု သူက သိပ်ကလေးဆန်လွန်းတယ်"

"ဒါတော့ ဝတ်ရည်လေးက ကလေးပဲရှိသေးတာကိုး သူ့မှာ ဒါကလွဲပြီး တခြား အပြစ်ဆိုစရာမရှိပါဘူးကွယ်၊ ဝတ်ရည် က မြေးကို ချစ်ရှာပါတယ်၊ ဘာလိုလိုနဲ့ မြေးလည်း အသက် မငယ်တော့ဘူးနော်၊ ဘွားတော့ မြေးကို အိမ်ထောင်ပြုစေချင်နေ ပြီ၊ ဝတ်ရည် အချိန်ဆွဲနေလို့သာ ဒီလောက်ကြာတာ၊ ဘွားစိတ် နဲ့ဆို မြေး အိမ်ထောင်ကျတာ ကြာပြီ"

နဂိုကတည်းက ဘွားသည် သူ့ကို အိမ်ထောင်ပြုစေချင် သူပီပီ အခုလည်း ဝတ်ရည်ကို အမြန်ဆုံးလက်ထပ်ရန် တိုက်တွန်း နေသည့် ဘွားစကားကြောင့် မင်းယုလွင် မျက်နှာကြီးရဲလျက် ဘွားရှေ့တွင် အနေခက်သလို ရှိနေသည်။

တကယ်တော့ ဘွားသည် ကြီးမားလှသည့် တိုက်ကြီး ထဲတွင် တစ်ယောက်တည်းနေရသည့် အဖြစ်ကို ငြီးငွေ့လျက် ခြောက်ကပ်စွာနေရသည့်အဖြစ်ကို စိတ်ပျက်နေသူတစ်ယောက် လည်း ဖြစ်သည်ဆိုတာ မင်းယုလွင် သိပါသည်။

မြေးတွေ၊ မြစ်တွေနှင့် ကြီးမားကျယ်ဝန်းလှသည့် တိုက် ကြီးထဲတွင် စိုပြည်ဆူညံစွာ နေချင်ရှာသည့် ဆန္ဒကိုလည်း သူ နားလည်ပါသည်။





ခက်သည်က ဝတ်ရည်သည် ဘွားတို့လို သက်ကြီးရွယ် အိုတွေအနားမှာ မနေချင်။ နှစ်သိမ့်စကားပြောဖို့ဆိုတာ ပိုဝေးမှ ပေး။ ကလေးဆန်ကာ အနိုင်ယူချင်သော ဝတ်ရည်သည် တစ်ခါ တစ်ရံ သူမကိုယ်သူမပင် စိတ်ရှည်တတ်သူမဟုတ်။

ဘွားတို့လို အသက်ကြီးသူကို ပြုစုလုပ်ကိုင်ပေးဖို့ဆိုတာ စိတ်ကူးထဲမှာပင် မဖြစ်နိုင်သည့်ကိစ္စ။

မင်းယုလွင် ဖြစ်စေချင်သည်ကလည်း ဒါပဲဖြစ်သည်။ ဝတ်ရည်သည် ဘွားကို ခင်တွယ်စေချင်သည်။ ထို့အတူ အနီးကပ် ပြုစုစောင့်ရှောက်မှုကိုလည်း လုပ်ပေးစေချင်၏။

သို့သော် ဝတ်ရည်ကတော့ သူ့ဆန္ဒနှင့် ဆန့်ကျင်ဘက် ဘွားလို သက်ကြီးရွယ်အိုတစ်ဦးကို သူမ စိတ်မဝင်စားပါ။ ဘွား ၏ ခဏနေရသည်ကိုပင် လူကြီးစော်နံသည်ဟူ၍လည်း ရယ် စရာ မောစရာတစ်ခုလို ပြောတတ်ပြန်သေးသည်။ ဝတ်ရည်ကို ချစ်သည့်ဘွားကတော့ ဒါကို သိမည်မဟုတ်။

"ဘွားတစ်ယောက်တည်း နေရတာ ငြီးငွေ့လာပြီကွယ်၊ မြေးကို မိသားစုလေးနဲ့ စိုစိုပြည်ပြည်လေး မြင်ချင် တွေ့ချင်သေး တယ်၊ အဖော်မရှိတော့လည်း ပျင်းစရာ မြေးရဲ့"

"ကြီးကြီးထား ပြောတော့ ဘွားအတွက် အဖော်ရပြီဆို"

"အင်း... အဲဒါ ဟိုကလေးမလေး လမင်းဆိုလား ဘာ လား"



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း··· လရိပ်မေပါ ဘွားရဲ့"

ထိုနာမည်ကို ရုတ်တရက် ပါးစပ်ဖျားမှ လွှတ်ခနဲထွက် သွားပြီးမှ မင်းယုလွင် သူ့ကိုယ်သူလည်း အံ့ဩနေရသည်။ ဘာ ကြောင့် သူ လရိပ်မေဆိုသည့် ဒီနာမည်ကို အလွယ်တကူ မှတ် နေရတာပါလိမ့်။

"အေး··· အေး··· အဲဒီ လရိပ်မေလေးက ဘွားဆီ လာမယ်လို့ ပြောသွားတယ် မြေးရဲ့"

"မနက်ဖြန် သူလာမယ်လို့ ကြိုးကြိုးထး ပြောပါတယ် ဘွား၊ ဒါနဲ့ ဘွား သူ့ကို သဘောကျလားဟင်"

"ကျတယ် မြေး··· ကျတယ်၊ သူလေးက ဘွားလက် တစ်ချိန်လုံးကိုင်ပြီး စကားတွေ ပြောတယ်၊ ပြီးတော့ ဘွား လည်း ဘုရားစာတွေ ဖတ်ပြတယ်၊ ပြီးတော့ ဘွားဆံပင်တွေ လည်း သေချာရှင်းပေးပြီး ဆီလူးပေးသွားသေးတယ်၊ ဘွားတော သူ့ကို ချစ်တယ်၊ သူလေးကလွဲပြီး မြေး တခြားသူ မဟားနဲ့နော်

ဘွားသည် မင်းယုလွင် လက်ကို ဆွဲကိုင်ရင်း က တစ်ယောက်လို ပြောနေသည့်အတွက် အပြုံးဖြင့် ဘွားလက် သူ ပြန်လည်ဆုပ်ထွေးလျက် ခေါင်းညိတ်ပြလိုက်သည်။

"စိတ်ချပါ ဘွားရယ်၊ ဘွားချစ်တဲ့သူကို ဘွားအနား ထားပေးမှာပါ၊ ဘွား စိတ်ချမ်းသာအောင်နေနော်"

"သာဓုပါ မြေးရယ်၊ သာဓုပါ··· ဘွားမြေးကြီး စိတ်





ချမ်းသာ ကိုယ်ချမ်းသာ ရှိပါစေလို့ ဆုတောင်းပေးပါတယ်ကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ ဘွား"

"ကဲ··· မြေးလည်း ဝင်ပန်းနေပြီ၊ သွားနားတော့ ဟုတ် ား၊ ဘွားလည်း ပုတီးစိပ်ပြီး အိပ်ရာထဲဝင်တော့မယ်"

"ဟုတ်ကဲ့··· ဘွား"

ဘွား နဖူးကို တစ်ချက်ငုံ့နမ်းပြီး မင်းယုလွင်သည် ဘွား ၏ သူကိုယ်တိုင် စောင်ခြုံပေးကာ အခန်းတံခါးကို ညင်သာစွာ ပိတ်ပေးလိုက်သည်။

ဘွားကတော့ သူ့အတွက် အဖော်ကို သိပ်တမ်းတနေလေ ပြီ။ ဝတ်ရည်သည် ဘွားအတွက် အဖော်ကောင်းမဖြစ်နိုင်တာကို ည်း မင်းယုလွင် သိနေရတော့ ရင်မှာ မောလျှရုံကလွဲလို့ များတတ်နိုင်ဦးမည်လဲလေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

အိမ်ရှေ့ပေါ်တီကိုအောက် ထိုးရပ်လာသည့် အငှားကား လေးကြောင့် ဧည့်ခန်းအလယ်တွင် ဖုန်းတစ်လုံးနှင့် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်စကားပြောနေရာမှ တစ်ချက်လှမ်းကြည့် လိုက်သည့်ခဏ မင်းယုလွင် မျက်ဝန်းအကြည့်တွေက မရွေ့လျား တော့ဘဲ ထိုနေရာမှာသာ စူးစိုက်တည်ငြိမ်စွာ ရပ်တန့်သွားရပေ တော့သည်။

ပထမဦးဆုံး သူ မြင်တွေ့လိုက်ရသည်က တင်ပါးတွင် ဝဲကျနေသည့် ပိုးသားမျှင်များကဲ့သို့ နက်မှောင်ရှည်လျားလှသည့် ဆံပင်များဖြစ်ပြီး မနိမ့်မမြင့်လွန်းသော အရပ်နှင့် လိုက်လျော ညီထွေရှိလှသော သေးကျဉ်သောခါး၊ အချိုးအစားကျ လှပပြေပြစ် လွန်းသည့် ခန္ဓာကိုယ်ကောက်ကြောင်းလေးတစ်ခုဖြစ်သည်။





ညိုဝါရောင် ခပ်မှိုင်းမှိုင်းပါသော ပါတိတ်လုံချည်နှင့် အဝါဖျော့ဖျော့ မြန်မာအင်္ကျီလက်စက ခါးတိုလေးကို ဝတ်ထား သည်မို့ အရပ်မှုရှည်ကာ ကျော့ရှင်းလှပသော ခန္ဓာကိုယ်အလှက အရှိအတိုင်း ပေါ်လွင်နေရပြီး လေညှင်းရောင်ကတ္တီပါ ပုံတော် နှပ်လေးစီးထားသော နီရဲပြည့်တင်းနေသည့် ခြေဖနောင့်လေးကို မြင်နေရသည်။

ဝင်းဝါနုမွတ်လျက် ကြည်စင်လွန်းသော အသားအရေ က အင်္ကျီအရောင်လေးနှင့် ရောထွေးလျက် ကားသမားကို ငွေရှင်း နေခြင်းကြောင့် သူမ နောက်တွင် မင်းယုလွင် ရှိနေခြင်းကို သည်း သူမလေး မသိဘဲ ရှိနေလေသည်။

သူမ မည်သူနည်း။

ဘာကိစ္စဖြင့် သူ့အိမ်ကို တည့်မတ်စွာ ရောက်ရှိလာရ သည်လဲဆိုသည့်အဖြေကို မင်းယုလွင် ရှာဖွေစဉ်းစားလို့မဆုံးမီ တွင် အငှားကားလေးသည် ထွက်သွားပြီဖြစ်သောကြောင့် သူမ သည် ပါလာသော ခရီးဆောင်အဝတ်အိတ်ကို ဆွဲယူကာ သူရှိရာ ဘက်သို့ မျက်နှာလှည့်လာလေသည်။

"ဟင်…"

မင်းယုလွင် ရင်ထဲ အသံတိုးတိုးလေး ရိုက်ခတ်မြည် သည်းသွားရသလို တစ်ခါမှ ရင်မှာ မခံစားဖူးသော ခံစားချက်



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးကလည်း သူ့ရင်ထဲ ညင်သာလျှင်မြန်စွာ ဖြတ်သန်းစီးဆင်း သွားရသည်။

လှလိုက်တာ… သိပ်လှပါသည်ဆိုသော စကားနှင့်ပင် မလုံလောက်နိုင်အောင် လှပလွန်းသည့် မျက်နှာလေးက သူ မြင်တွေ့ဖူးသမျှ မိန်းကလေးများနှင့် လုံးဝမတူဘဲ တည်ကြည် ငြိမ်းချမ်းလျက် မြင်ရသူ့ရင်ကို အေးမြစေရလေသည်။

စင်ရော်တောင်ပမာဏ အချိုးကျနေသော မျက်ခုံးထူထူ လေးနှင့် ကြည်စင်ရွှန်းလျက် နက်မှောင်နေသည့် မျက်ဝန်းတစ်စုံ နှာတံစင်းစင်းလေးနှင့် လိုက်ဖက်သည့် သွေးရောင်တောက်နေ သော နှင်းဆီဖူးနှုတ်ခမ်းအစုံက ဆေးမကူပါဘဲ သဘာဝပန်း သွေးရောင် တောက်လျက်ရှိနေရသည်။

မျက်နှာလှလှလေးက ဝတ်ရည်တို့လို စိမ်း၊ နီ၊ ပြာ ရောင်စုံခြယ်သထားခြင်းမရှိဘဲ သနပ်ခါးမှုန်မှုန်လေးဖြင့် ဝင်း မှုန်စက် အိတ္တေးနေရသည့်အလှ။

မင်းယုလွင်မှာ သိပ်လှလွန်းသော သူမလေးကို သူ သတိလက်လွှတ် ငေးစိုက်ကြည့်မိနေရသည်။

"အို…"

စူးရှတောက်ပလွန်းသည့် မျက်ဝန်းနှင့် အကြည့်စူးစူး ကြီးများဖြင့် သူမအား ဘာစကားတစ်ခွန်းမှ မဆိုဘဲ စူးစိုက်ငေး ကြည့်နေသည့် ကိုလူချော၏ အကြည့်များကြောင့် လရိပ်မေမှာ





ပါးပြင်နှစ်ဖက် ပူနွေးလာအောင် ရှက်ရွံ့အနေခက်လျက် ထူပူ ဘာရသည်။

သူ ဘယ်သူလဲဆိုတာ လရိပ်မေ မသိပါ။ လှုပ်ခတ်သွား သည့်စိတ်ကို လရိပ်မေသည် သူမကိုယ်သူမ သံပတ်ပြန်ပေးလိုက် ပြီးနောက် သူမကိုယ်သူမ အားတင်းလိုက်ပြီး…

"ကျွန်မ ကြီးကြီးထားနဲ့ တွေ့ချင်လို့ပါ"

သူမ စကားကြောင့် မင်းယုလွင် မျက်ခုံးကြီး ဝိုရှုတွန့် သွားရကာ…

"ကြီးကြီးထားနဲ့ ဟုတ်လား"

"ဟုတ်လား"

"ဘာကိစ္စများ ရှိလို့လဲ ခင်ဗျာ"

မင်းယုလွင်မှာ သူ သိလိုသည့်အကြောင်း မေးလိုက် သည်။

"ကျွန်မ အလုပ်ကိစ္စအတွက် လာတာပါ"

"ဪ…"

ကြည်လင်ချိုမြသော အသံလေးက တိုးသက်ညင်သာစွာ ညည်းလည်းအသံလေး ကြားလိုက်ရသလို ရင်ကို သာယာကြည်နူး သွားစေရသည်မှာ လှပလွန်းသော သူမရုပ်ရည်လေးနှင့် လိုက်ဖက် ညီနေရသည်။

"ဒါနဲ့ ဒီက…"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ လရိပ်မေပါ၊ ဒီအိမ်က ဘွားကို ပြုစုဖို့ အန်တီ… က လွှတ်လိုက်လို့ပါ"

"ဆောရီး… လာပါ… အိမ်ထဲဝင်ပါ၊ ကျွန်တော့်ကို… ကြီးကြီးထား ပြောထားပါတယ်၊ ကျွန်တော်က မင်းယုလွင်ပါ"

"ဟုတ်ကဲ့"

မိတ်ဆက်ပေးမည့်သူမရှိသဖြင့် မင်းယုလွင်တစ်ယောက် … သူ့ဘာသာသူ မိတ်ဆက်လိုက်ရသည်။ သူ့စိတ်ထဲတွင်တော့ သူ့ … ရှေ့တွင်ရှိနေသော မိန်းကလေးကို ကြည့်ကာ အံ့သြနေရသည် …

ဘွားအတွက် အဖော်သဘောမျိုး ဆိုပေမယ့် လရိပ်မေ … ဆိုသည့် သူမလေးမှာ လှပနုငယ်လွန်းသလောက် အထက်တန်း … ကျသည့် ရုပ်ရည်မျိုးနှင့် မိန်းကလေး ဖြစ်လိမ့်မည်ဟု သူ ထင် … မထားခဲ့ပါ။

သူထင်ထားသည်က သာမန်ရွက်ကြမ်းရေကျို မိန်းကလေး … တစ်ယောက်ဟုသာ စိတ်မှာ သာမန်ကာလျှံကာ မှတ်ထင်ခဲ့ပါ … သည်။

"ထိုင်ပါ"

"မထိုင်တော့ပါဘူးရှင်၊ ဘွားနဲ့ တွေ့ပါရစေ"

ခရီးဆောင်အိတ်ကို ဆုပ်ကိုင်လျက် လရိပ်မေမှာ မင်းယု … လွင်ကို ကြည့်သည်ဆိုရုံလေး ဖျတ်ခနဲ လှမ်းကြည့်ပြီး သူ့စကား … ကို အသိအမှတ်ပြုရုံကလွဲလို့ ဘာစကားအပိုမဆိုသလို အရွယ် …





…ည့် ယောက်ျားတစ်ယောက်နှင့် စကားပြောရခြင်းအတွက်လည်း …ကိုယ်သူမ ရှိုးတိုးရှန့်တန့်ဖြစ်မနေဘဲ ဣန္ဒြေသိက္ခာအပြည့် … တည်တည်ကြည်ကြည်ပင် စကားဆိုလိုက်လေသည်။

"ဘွားက အပေါ်ထပ်မှာပါ"

"ဟုတ်ကဲ့… ကျွန်မ ဒီနေ့ပဲ အလုပ်စဝင်တဲ့အကြောင်း …ကို အသိပေးချင်လို့ပါ"

သူ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားရသည်။ လရိပ်မေ …သည့် နာမည်နှင့်လိုက်အောင်ပင် သူမ အသွင်လေး၊ သူမ …ည်လေးက လမင်းလေးတစ်စင်းလို ငြိမ်းချမ်းအေးမြလွန်းကာ …ည်ငြိမ်လှသည့်အလှတွေဖြင့် လှရက်နိုင်သူဖြစ်သည်။

"ကြီးကြီးထား"

"လာပြီ… မောင်မင်းယုလွင်ရေ"

အတွင်းခန်းဘက်မှ ပြန်ထူးသံနှင့်အတူ ခန်းဆီးလိုက်ကာစ …ခနဲဖြစ်သွားပြီး ဖြူဖွေးဝဖိုင့်သော ကြီးကြီးထား ထွက်လာ …သည်။

"ဘာလို့ချင်လို့လဲ ဟင်၊ လရိပ်မေ ရောက်လာပြီလား …၊ မောင်မင်းယုလွင်… ကြီးကြီးထား ပြောတဲ့ လရိပ်မေဆို … သူလေးပဲကွယ်"

ကြီးကြီးထားမှာ သူ မသိသေးဘူးအထင်နှင့် ပြောလိုက် …သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သိပြီးပါပြီ ကြီးကြီးထား၊ သူ့ကို ဘွား တွေ့ရအောင် ဘွားအခန်းထဲ လိုက်ပို့လိုက်ပါ၊ ကျွန်တော် ကုမ္ပ ကို သွားတော့မယ်"

"အေးကွယ်... မမတော့ လရိပ်မေလာတာ သိရ ဝမ်းသာရှာမှာပဲ၊ လာ... လရိပ်မေအတွက် မမနဲ့ ကပ်ရက်အခ ကို ကြီးကြီး အားလုံးပြင်ထားပြီးပြီ"

"ဟုတ်ကဲ့..."

လရိပ်မေသည် သူ့ကို တစ်ချက်မှ လှည့်မကြည့်တော ဘဲ ကြီးကြီးထား ခေါ်ရာနောက်သို့ လိုက်ပါသွားသည်။

မင်းယုလွင်သည် ကားကို ခြံထဲမှ မောင်းထွက်လာခဲ့ သည့်တိုင် သူ့စိတ် သူ့အတွေးများကတော့ လရိပ်မေဆိုသ မိန်းကလေးထံမှာ ကျန်ရစ်သလို ခံစားရသည့် မျက်ခုံးထူထူကြီး ခပ်ပြေပြေ တွန့်နေရတော့သည်။

လရိပ်မေတဲ့။

ဘွားကို ပြုစုစောင့်ရှောက်ဖို့ အဖော်ရအောင် ခေါ်ထာ သည့် လရိပ်မေဆိုသည့် မိန်းမချောလေးက အထက်တန်းလွှ တော်ဝင်ပန်းလေးတစ်ပွင့်လို သိပ်လှလွန်းသူလေး ဖြစ်နေသ အပြင် ထိုအလှတွေနှင့်အညီ ပြုမူနေထိုင်ပုံလေးကလည်း တ ကြည်သိမ်မွေ့လွန်းရုံမက မြင်ရုံနှင့် သူမသည် အထက်တန်းလ အသိုင်းအဝိုင်းက လာသည့် မိန်းကလေးဖြစ်ရမည်ဆိုတာကလည်





င်းယုလွင် ဘာကြောင့် မသိ စိတ်မှာ ယုံကြည်နေမိရသည်။

မိန်းမချောလေးပုံစံက မင်းယုလွင်ကိုပင် အရောတဝင် ကားမပြောလိုဟန်တွေကြောင့် သူ့စိတ်ထဲ အောင့်သီးအောင့်သက် စ်ရသလိုလို ဘာလိုလိုနှင့် ရင်မှာ တစ်မျိုးဖြစ်ကျန်ရစ်ရသည့် အဖြစ်ကို မမေ့ပါ။

ကုမ္ပဏီကို ရောက်သည့်တိုင် မင်းယုလွင် စိတ်က အိမ် ပင် ကျန်ရစ်ခဲ့သည်။ လရိပ်မေ အကြောင်းများကိုသာ စဉ်းစား နေမိသည်။

သိပ်လှသော လရိပ်မေနှင့် ဘွား၏ အဖော်ဆိုသည့် လုပ်ကို ဆက်စပ်ကြည့်နေမိခိုက်မှာပင် တံခါးဖွင့်သံကြောင့် သူ မော့ကြည့်လိုက်သည်။

ဝင်လာသူမှာ တခြားမဟုတ်။ မင်းယုလွင်၏ သူငယ်ချင်း မျိုးဆက်ဖြစ်သည်။ အသားမဖြူမညို၊ ခေါင်းတုံးဆံတောက်နှင့် ဘာက ကိုရင်ပုံပေါက်နေသော်လည်း ဝတ်ထားသော အဖြူ ရောင်စတစ်ကော်လံအင်္ကျီနှင့် ညိုနက်နက်ပုဆိုးကြောင့် ယောကျ်ား ပီသော သူ့ရုပ်သွင်မှာ ခန့်ညားသပ်ရပ်နေစေသည်။

မျိုးဆက်သည် မင်းယုလွင်နှင့် စီးပွားဖက်လည်း ဖြစ် သလို အချစ်ဆုံးသူငယ်ချင်းလည်း ဖြစ်သည်။ စာရွက်ဖိုင်တစ်ထပ် ကြီးကို ဆုပ်ကိုင်လျက် လေချွန်လာရင်း ခြေလှမ်းသွက်သွက်နှင့် ဝင်လာပြီးမှ မင်းယုလွင်နှင့် မျက်နှာချင်းဆိုင်ခုံတွင် အပြုံးပြင့်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်ကာ နှုတ်ဆက်လိုက်သည်။

"ဘယ့်နှယ်လဲ မင်းယုလွင်၊ တစ်ယောက်တည်း ဘာတွေ တွေးပြီး မကျေမနပ်ဖြစ်နေရတာလဲကွ"

မင်းယုလွင်၏ မတည်မပြုံး မျက်နှာချောချောနှင့် ခပ် ပြေပြေ တွန့်ကြုတ်ထားသော မျက်ခုံးများကို ကြည့်ပြီး မျိုးဆက် စာရွက်ဖိုင်များကို စားပွဲပေါ်တင်ရင်းက မေးလိုက်သည်။

"မင်းပုံစံကလည်းကွာ… ဘာလဲ… ဝတ်ရည်နဲ့ အဆင် မပြေပြန်ဘူးလား"

"ခုကိစ္စက ဝတ်ရည်ကိစ္စ မဟုတ်ဘူး၊ တခြားကိစ္စပါ"

"စီးပွားရေးကိစ္စဆိုရင်တော့ လွန်ပြီကွာ၊ မင်းမှာ စားမယ့် သောက်မယ့်သူကလည်း မရှိ၊ သုံးမယ့်ဖြုန်းမယ့်သူဆိုတာက လည်း ဝတ်ရည်တစ်ယောက်တည်း၊ အဲ… လှူဖို့တန်းဖို့ဆိုတာ ကလည်းကွာ ဘွားအတွက် အားလုံးပြည့်နေပြီ"

"အေး… အခုဟာကလည်း ဘွားအတွက်ပဲကွ"

"ဟေ… ဘွားက ဘာဖြစ်လို့တုံး၊ မင်း ပြောတော့ ဘွားအတွက် အဖော်ရပြီဆို၊ ဘာလဲ… အဆင်မပြေလို့လား ဘယ်အရွယ်လောက်လဲ၊ အဒေါ်ကြီးလား၊ ကလေးမလား"

မျိုးဆက် စကားကြောင့် မင်းယုလွင် ပြုံးလိုက်သည်၊ သူ့မျက်ဝန်းများမှ ရယ်ပြုံးရိပ်ဖြင့် ရွှန်းလက်တောက်ပလာသည်။

"မင်းပြောသလို အဒေါ်ကြီးလည်းမဟုတ်ဘူး၊ ကလေးမ





…းလည်းမဟုတ်ဘူးကွ၊ သူ့အသက်က အလွန်ဆုံးရှိမှ ဆယ့်ရှစ်၊ …ဆယ့်ကိုးလောက်ပဲ ရှိဦးမယ်၊ ပြီးတော့ သိပ်လှတယ်"

"ဟေ…"

မျိုးဆက် မျက်ခုံးတွေ အလိုလိုပင် အပေါ်သို့ မြင့်တက် …သွားရကာ မင်းယုလွင်အား မျက်ဝန်းအပြူးသားနှင့် ပါးစပ် …ဟောင်းသားဖြင့် စိုက်ကြည့်နေသည်။

"သိပ်လှတယ်… လှတာမှ တော်တော်လှတာ၊ လှလွန်း …လည်း အံ့သြနေရတာ၊ ပြီးတော့ သူ့ကိုကြည့်ရတာလည်း …စ်မျိုးပဲ"

"ဘယ်လိုတစ်မျိုးလဲ မင်းယုလွင်၊ ဘာလဲ… ကြည့်ရ …ာ အမြင်မတော်တဲ့ မိန်းကလေးမျိုးလား"

ပြောရင်းက စိတ်ဝင်စားလာသလို မျိုးဆက်ကိုယ်ကြီး …ပွဲရှေ့သို့ ကိုင်းညွတ်ကျလာလျက် မင်းယုလွင် အဖြေကို စိတ် …ဝင်စားစွာ နားထောင်တော့ မင်းယုလွင်သည် ခေါင်းကို ခါယမ်း …လိုက်ပြီး…

"မဟုတ်ဘူးကွ၊ သူ့ပုံစံက ခပ်တည်တည်မှ တကယ့်ကို …တည်တည်လေးပဲ၊ ဣန္ဒြေလည်း ရတယ်၊ ကြည့်ရတာ ငါ့ကို …ောင် အရောတဝင် စကားပြောချင်ပုံ မရဘူး"

"မင်းတို့…"

"အေး…"



www.burmeseclassic.com

www.burmeseclassic.com



"သူက…"

"အေး…"

စကားအဆုံးမှာ မျိုးဆက်က ခေါင်းကို နောက်သို့မော့၍ အော်ကြီးဟစ်ကျယ် ရယ်မောလိုက်သည်။

"ဟိတ်ကောင်တွေ… တိုးတိုးကွ၊ တိုးတိုး"

မင်းယုလွင်မှာ မလုံမလဲအမူအရာနှင့် မျိုးဆက်အား သတိပေးလိုက်သည်။ ထိုအခါမှ မျိုးဆက်သည် သူ့ကိုယ်သူ ကိုယ်ရှိန်သတ်ပြီး…

"မင်းယုလွင်… မင်းကွာ၊ ကြားရမှဖြင့် အဆန်းတွေပါပဲလား၊ ကိုယ့်အိမ်မှာ ရောက်လာတဲ့ ကိုယ့်အလုပ်သမားတစ်ယောက်က အလုပ်ရှင်ကို စကားမပြောချင်ဘူးဆိုတာတော့ မဖြစ်နိုင်ပါဘူးကွာ၊ ဖြစ်ချင်းဖြစ် မင်းလိုလူကို သူ စကားမပြောရဲတာ ဖြစ်မှာပါ"

မျိုးဆက် စကား မှန်၊ မမှန်ဆိုတာကို မင်းယုလွင် စဉ်းစားကြည့်လိုက်သည်။ အဖြစ်မှန်ကတော့ မျိုးဆက်ပြောသလို ဖြစ်သင့်သည်မှန်သော်လည်း လရိပ်မေ၏ အမူအရာလေးများက ထိုသဘောမျိုးမဟုတ်ဘဲ သူမ အလုပ်တာဝန်မှလွဲ၍ ကျန်သည့် လူမှုရေးကိစ္စ သူမအနေနှင့် လုံးဝမပတ်သက်ချင်သလိုမျိုး ကင်းကင်းရှင်းရှင်းနေလိုခြင်းမှာ ထင်ရှားလျက်ရှိနေရသည်။





မင်းယုလွင်မှာ ဒီအကြောင်း မျိုးဆက်အား မပြောဖြစ်တော့ပါ။

"ထားပါတော့ကွာ… အဲဒီလိုပဲ ဖြစ်မယ်ထင်ပါတယ်"

လေသံ ခပ်အေးအေးနှင့် မင်းယုလွင် စကားကို လျှော့ချလိုက်သည်။ မျက်ဝန်းထဲမှာတော့ လရိပ်မေ၏ ထူးခြားလှပသည့် အလှနှင့် ရစ်သွင်နုနုလေးက မေ့မရနိုင်ပါ။

"သူ့နာမည်က ဘာတဲ့လဲ"

"လရိပ်မေတဲ့"

"အင်း… ကြားရတာ နာမည်က အပျံစားပဲ၊ လူလည်း အပျံစားဖြစ်ပုံရမယ်"

ထိုစကားကိုတော့ မင်းယုလွင်သည် ခေါင်းမညိတ်၊ ခေါင်းမခါဘဲ ရှိနေသည်က သူမလေးအလှကို သူ မဟုတ်သည့် အခြားလူ မြင်တွေ့သွားမှာ မလိုလားသောကြောင့် ဖြစ်သည်။

"လရိပ်မေတဲ့… လရိပ်ဆိုတာက အေးမြခြင်းပဲ၊ ပြီးတော့ လူကလည်း သိပ်လှနေတော့ မင်းမဟေသီလေးနဲ့ ဖြစ်ပါ့ကွား မင်းယုလွင်"

ပြောပြီး မျိုးဆက် ရယ်ပြန်သည်။

ဝတ်ရည်နှင့် သူ့အကြောင်းကို ကောင်းစွာသိထားခြင်းကြောင့် နေရာတကာ ကလေးဆန်လှသော ဝတ်ရည်၏စိတ်ကို သိသူပီပီ မျိုးဆက်သည် ထိုစကားဖြင့် သူ့အား တမင်နှောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းဖြစ်သည်။ မင်းယုလွှင်ဆိုတာက ဝတ်ရည်ကို မချ
သော်လည်း ဝတ်ရည် ဆိုးနွံသမျှအားလုံးကို အပြုံးမပျက် အတတ်
နိုင်ဆုံး သည်းခံအလိုလိုက်ရှာသူ ဖြစ်သည်။

"ဖြစ်ရမှာပေါ့ကွာ၊ ဒီကိစ္စက ဘွားကိစ္စပဲ"

"ကောင်မလေးက သိပ်လှတယ်ဆို"

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"သိပ်ဆိုင်တာပေါ့၊ တော်ကြာမှ အမေကယ်မါ၊ ဘာညာ
လာမလုပ်နဲ့"

"ဘာကို လုပ်ရမှာလဲကွ"

မင်းယုလွှင်က ခပ်တည်တည် ပြန်မေးလိုက်သည်
မျိုးဆက်က စားပွဲခုံကို လက်နှင့်ထောက်ရင်း ပြုံးစိစိလုပ်နေသဖြ
မင်းယုလွှင် မျက်နှာချောချောကြီးမှာ ရဲခနဲဖြစ်သွားကာ...

"မင်းကွာ... အဓိပ္ပာယ်မရှိတာတွေ လျှောက်တွေးနေ
တယ်"ဟု ရယ်မော၍ မလုံမလဲဟန်နှင့် ပြောလိုက်မိသည်။

ဒါတောင် မျိုးဆက်သည် စကားဆက်နေသေးလေ၏

"အေးပါ...အခုတော့ မင်း ပြောထားဦးပေါ့ မင်းယုလွှ
ကောင်မလေး ခု ဘယ်မှာလဲ၊ မင်းအိမ်မှာပဲလား"

"အေး... ဘွားအနားမှာပဲ ထားရတာပေါ့"

"မင်းယုလွှင်... ကြည့်လည်းလုပ်နော် သူငယ်ချင်
ဝတ်ရည်အကြောင်းလည်း မင်း သိသားနဲ့"





"သိလည်း ဘာတတ်နိုင်မှာလဲကွာ၊ ခုဟာက ဘွား
အတွက် လူလိုလို့ ခေါ်တာပဲ၊ ဒါကို ဝတ်ရည် နားလည်ရမှာပေါ့၊
င်းပြောမှ ညနေ ဝတ်ရည်အိမ်ကို ဝင်ရဦးမယ်"

"ဘာလဲ..၊ ကောင်မလေး ရောက်နေတဲ့အကြောင်း ဝတ်ရည်
ကို အသိပေးမလို့လား"

"ဟုတ်တယ်"

"ကောင်းပါလေ့ဗျာ"

အလုပ်ကိစ္စနှင့် နှစ်ယောက်သား ဆွေးနွေးတိုင်ပင်ပြီး
နောက် ညနေ ကုမ္ပဏီမှအပြန် ဝတ်ရည်အိမ်သို့ သူ့ကားလေး
ဦးတည်မောင်းလာခဲ့လိုက်သည်။

ခြံထောင့်ရှိ ဒန်းဖြူဖြူလေးပေါ်တွင် အပြာနုရောင်
ဝတ်စုံလေးဖြင့် ထိုင်နေသော ဝတ်ရည်ကို မင်းယုလွှင် မြင်သလို
ဝတ်ရည်သည်လည်း ခြံထဲသို့ မောင်းဝင်လာသည့် မင်းယုလွှင်
ကားကို မြင်သည်နှင့် ဒန်းပေါ်ထိုင်နေရာမှ ထကာ မင်းယုလွှင်
အား အပြုံးလှလှလေးနှင့် အပြေးလေး သွားကြိုလိုက်သည်။

ဝတ်ရည်ပုံစံက မင်းယုလွှင်အပေါ် သူမ စိတ်ဆိုးခဲ့သည်
ကို ရုတ်တရက် သတိမေ့သွားရသည့်ပုံ၊ ကျောလယ်တွင် ဝဲနေ
သော အညိုရောင်ဆံနွယ်ပျော့ပျော့အိအိလေးက ရှေ့တွင် ကပိုကရို
ကျလျက် နားတွင် နားကွင်းအကြီးကြီးတခါခါနှင့် သူမပုံစံလေး
ာ နုနယ်၍ ချစ်စရာကောင်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်မှာ မင်းယုလွင်ဘက်မှ ကားတံခါးကို ဆွဲဖွင့် ပြီးနောက် ဝမ်းသာအားရလေသံနှင့်…

"ကိုမင်း လာတယ်၊ ဝတ်ရည်ကို သတိရလို့လား

မေးပြီးမှ သူမ ရှက်သွားဟန်နှင့် မင်းယုလွင်၏ မျက် ချောချောကြီးကို ရှက်သွေးဖြာသွားသော မျက်နှာလေးနှင့် မဲ့ နိုးကြည့်လိုက်လျက် နောက် ချက်ချင်းဆိုသလို နှုတ်ခမ်း စူသွားရပြီး…

"ဟွန်း… သွားပါ၊ ကိုမင်းနဲ့ ဝတ်ရည် မခေါ်ဘူးဆို ခုမှ သတိရတယ်၊ ကိုမင်းကို ဝတ်ရည် မခေါ်ဘူး၊ သိလာ

မျက်စောင်းလေးတဝင့်ဝင့်နှင့် မကျေမနပ်လေး ပြီး စောစောက သူမ ဖွင့်ပေးထားသည့် ကားတံခါးကို ဝတ် သည် ဝုန်းခနဲနေအောင် ဆောင့်ပိတ်လိုက်တော့ မင်းယုလွင် သူမ၏ ကလေးဆန်မှုအတွက် အသံထွက်အောင် ရယ်မော သည်။

"ဝတ်ရည် မခေါ်လည်း ကိုယ်ကတော့ ဝတ်ရည် ခေါ်ရမှာပဲ၊ ဒီမှာကြည့်စမ်း… ဝတ်ရည်ကိုချော့မလို့ ကိုယ် လာတာ"

မင်းယုလွင်သည် ကားတံခါးကို သူ့ဘာသာသူ ဖွင့် ရင်း သူ့အား စိတ်ဆိုးကာ ကျောပေးနေသည့် ဝတ်ရည် လျှောက်သွားပြီးနောက် သူ့လက်ထဲက အဖြူရောင် ခွေးရုတ်





အရုပ်လေးကို ဝတ်ရည်အား လှမ်းပေးလိုက်လေသည်။

"ဟွန်း… မယူချင်ပါဘူးနော်၊ လူကိုများ ကလေးမှတ်နေ သလား မသိပါဘူး၊ တစ်ခါလာလည်း အရုပ်၊ တစ်ခါလာလည်း အရုပ်နဲ့၊ အရုပ်ပေးတိုင်း ကျေနပ်ရမှာ ကျနေတာပဲ"

"အဟွန်း… ဟွန်း… အရုပ်ပေးလို့ မကျေနပ်သေးရင် ရော့… ဟောဒီမှာ ချောကလက်ဘူး၊ ကဲ… ဒါဆို ကျေနပ်ပြီ လား"

သူမ အကြိုက် ချောကလက်ကို မြင်တော့ ဝတ်ရည် သည် နည်းနည်းငြိမ်ကျသွားလေသည်။

သို့သော် မျက်နှာလေးကို ပြန်တင်းကာ အကြည့်များကို ချောကလက်ဘူးလေးထံမှ လွှဲယူလိုက်ပြီး…

"ဟင့်အင်း…"

"ဟောဗျာ… ဒါဆို ဝတ်ရည် ကျေနပ်အောင် ကိုယ် ဘာလုပ်ပေးရမလဲ ပြော၊ ကိုယ် ဘာလုပ်ပေးမှ ဝတ်ရည် ကျေနပ် မှာလဲ"

မင်းယုလွင် စကားကြောင့် ဝတ်ရည်သည် မျက်ဝန်း လေးကို ထောင့်ကပ်လျက် အကြံထုတ်သလို စဉ်းစားလိုက် သည်။

ကိုမင်းနှင့် ဝတ်ရည် စေ့စပ်ထားကြသည်ဆိုသော်လည်း ဝတ်ရည်အတွက် ကိုမင်းမှာ အချိန်ပိုမရှိသလို အမြဲတမ်း လုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှပ်နေတတ်တာကိုတော့ ဝတ်ရည် မကျေနပ်ပါ။

"မနက်ဖြန် ဝတ်ရည်ကို ရုပ်ရှင်လိုက်ပြရမယ်"

"ဟာ... ဒါတော့ မဖြစ်ဘူးကွ၊ မနက်ဖြန် ကိုယ် တကယ်မအားဘူး၊ ဒီလိုလုပ်ကွာ... နောက်တစ်ပတ် လိုက်ပြ မယ်၊ ဟုတ်လား"

"ဟင့်အင်း... ဟင့်အင်း... မသိဘူး၊ နက်ဖြန် မနက်ဖြန်ပဲ"

"ကျွတ်... ဝတ်ရည်က လိမ္မာပါတယ်၊ ကိုယ် တကယ် မအားလို့ပါကွာ၊ နော်"

"သိပါတယ်၊ ကိုမင်း ပြောလိုက်ရင် အမြဲ ဒီလိုတွေပဲ ဝတ်ရည်အတွက်ဆို ကိုမင်းမှာ အချိန်ဘယ်တော့မှ မရှိဘူး"

နှုတ်ခမ်းလေးစူ ခြေလေးဆောင့်နေသူကြောင့် မင်းယုလွင် စိတ်ရှုပ်သွားရသည်။ ခက်တာက မနက်ဖြန် သူ တကယ်မအား ပါ။ ဝတ်ရည်ဆန္ဒကို မလိုက်လျောနိုင်သည့်အတွက် မင်းယုလွင် စိတ်မကောင်းဖြစ်သွားရပေမယ့် သူ့အနေနဲ့ကလည်း ဘာမှမတတ် နိုင်။

ဝတ်ရည်ကလည်း တစ်သက်လုံး အလိုလိုက်ခံထားရ ပီပီ ဒါဆိုဒါမှ၊ တစ်ဖွတ်ထိုး ခေါင်းမာသူမို့ အခက်တွေ့နေ သည်။

ထိုစဉ်...





"ဟော... မောင်မင်းယုလွင် ရောက်နေတာကိုး၊ သမီး း မောင်မင်းယုလွင်ကို အိမ်ထဲမခေါ်ဘဲ ဘာတွေ စိတ်ကောက် ဘာလဲကွယ်၊ လာကြ... လာကြ"

ဒေါ်မော်လီက အိမ်ထဲမှထွက်လာကာ မင်းယုလွင်အား တ်ဆက်လိုက်လေသည်။

"အန်တီ... နေကောင်းတယ်နော်"

"ကောင်းပါတယ်ကွယ်၊ သမီး... သမီး အစ်ကိုအတွက် အေးလုပ်ပါဦး"

ဧည့်ခန်းထဲ အတူထိုင်မိကြသည်နှင့် မိခင်ဖြစ်သူက မ်းပြောလိုက်ခြင်းဖြစ်ရာ ဝတ်ရည်မှာ မင်းယုလွင်အပေါ် မကျေ ပ်နှင့်ပင် နှုတ်ခမ်းလေးစူလျက်...

"မကျင်... မအေးယူခဲ့၊ နေ... နေ... ဝတ်ရည် လာခဲ့ ယ်"

နောက်သို့ လှမ်းပြောရင်းက သူမကိုယ်တိုင် နောက်သို့ သွားတာကြောင့် ဒေါ်မော်လီမှာ သမီးဖြစ်သူ၏ ကလေးဆန် ဆိုးနွဲ့မှုအတွက် မင်းယုလွင်ကို အားနာသွားရကာ...

"သမီးနဲ့တော့ ခက်ပါတယ်ကွယ်၊ သူက ဘာမဆို သူ ချင်တာကို ဖြစ်ရမှ၊ သူ့အဖေကလည်း သိပ်အလိုလိုက်ခဲ့တော့ အတိုင်း ဖြစ်နေတော့တာပါပဲကွယ်"

"ဒါနဲ့ မောင်မင်းယုလွင် အလုပ်တွေရော အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



တယ် မဟုတ်လား"

"ဟုတ်ကဲ့ ... ပြောပါတယ် အန်တီ"

ဒေါ်မော်လီသည် ခေါင်းညိတ်နေလိုက်သည်။

အသက်ငါးဆယ်ကျော်အရွယ်ဆိုပေမယ့် ဒေါ်မော် သည် အရွယ်တင်သူတစ်ယောက် ဖြစ်သည်။ ခေတ်နှင့်အ ဖြင်ဆင်တတ်သည်မို့လည်း ဒေါ်မော်လီသည် ရှိရင်းစွဲအသ ထက် ပိုမိုအရွယ်တင်ကာ ဣန္ဒြေရရ ကျက်သရေရှိရှိနှင့် ဝ ခန့်ညားသူဖြစ်သည်။

အမေလှသလို သမီးဖြစ်သူ ဝတ်ရည်သည်လည်း ဝ သည်။ သို့သော် ဖအေတူသမီးဖြစ်သဖြင့် ဝတ်ရည်သည် အ အနည်းငယ် ညိုချင်သူဖြစ်ကာ ဝင်းဝင်းဖန့်ဖန့်နှင့် လှနေသ မိခင်ဖြစ်သူ၏ အလှကို လိုက်မမီနိုင်ဘဲရှိနေရသည်။

"အေးကွယ်... အန်တီလည်း ဝတ်ရည်ကို ရ အရေးအဝယ်တတ်အောင် သင်ပေးနေတာပဲ၊ သူက စိတ် စားဘူး၊ ပွဲစားရုံကြီးဆိုပြီး နောက် ခေါ်လို့မရတော့ဘူး၊ အ ကိစ္စကျပြန်တော့လည်း မကျွင်က ရှိနေတော့ သူ ဘာတ သင်ခိုင်းလို့မရပြန်ဘူး၊ မီးဖိုထဲမဝင်လိုက်နဲ့ ဝင်လိုက်တာနဲ့ ထ ကို မားထိတာနဲ့၊ ဆီပူလောင်ရတာနဲ့၊ အိမ်ထောင်သာပြု မယ်၊ လူက ခုထိ ကလေးစိတ်မကုန်သေးဘူး၊ တစ်နေ့တ အန်တီမှာ သူ့အတွက် ရင်မောရတာ အမောပါပဲကွယ်"





မင်းယုလွင် ပြုံးလိုက်သည်။

ဒေါ်မော်လီ စကားတွေသည် အမှန်တွေဆိုတာကိုလည်း မင်းယုလွင် ယုံပါသည်။

တစ်ဦးတည်းသော သမီး၊ ငယ်စဉ် ကလေးဘဝ ကတည်းက အားလုံး ဖူးဖူးမှုတ် အလိုလိုက်ထားသူမို့ သူမ ဆိုး တာကို အပြစ်လို့ မယူရက်ပြန်၊ ဒါကိုတော့ မင်းယုလွင် [illegible]လည်း ခွင့်လွှတ်နိုင်ပါသည်။

"ဟိုတစ်နေ့က ကုမ္ပဏီကိုလာတာ ကျွန်တော်နဲ့ မတွေ့ လို့ စိတ်ကောက်နေတာ၊ အလုပ်မအားလို့ဆိုတာ ပြောလို့မရဘူး"

"အေးကွယ်... သမီးက သူ့အနားမှာ သူ့ကို အလိုလိုက် မယ့်သူတွေချည်းပဲဆိုတော့ သူ့စိတ်မှာ ဒါဆိုဒါမှဖြစ်နေတာ၊ အန်တီ လည်း ပြောပါတယ်၊ ကိုယ်က မကြာခင် အိမ်ထောင်ရှင်ဖြစ် တော့မယ်၊ လူကြီးစိတ်ထားဖို့နဲ့ သည်းခံတတ်ဖို့ ပြောနေရတယ်"

သမီးဖြစ်သူ၏ ဆိုးနွဲ့မှုကို ချစ်စနိုးပြောနေသော မိခင် ဒေါ်မော်လီမျက်နှာက နူးညံ့ပြုံးချိုလျက် မင်းယုလွင်ကို သမီး ဖြစ်သူအား ခွင့်လွှတ်လိုက်လျော့စေလိုဟန် ပေါ်လွင်နေရသည်။ ဝတ်ရည်သည် အအေးယူလာပြီး မင်းယုလွင် လက်ထဲသို့ အအေး ခွက်လေး ထည့်ပေးလိုက်သည်။

"သောက်လိုက် ကိုမင်း၊ ဝတ်ရည်ကိုယ်တိုင် ဖျော်လာ တာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သဖြင့် မင်းယုလွင် မျက်ခုံးပင့်လျက် အံ့ဩသွားရသလို ဒေါ်မော်လီမှာလည်း သမီးဖြစ်သူ၏ မျက်နှာကို တအံ့တဩဟန်လေးဖြင့် လှမ်းကြည့်လိုက်သည်။

သည့်နောက် ဒေါ်မော်လီ မျက်နှာချောချောကြီးမှာ ပြုံး သွားကာ…

"တယ်ဟုတ်ပါလား၊ မာမီ့သမီးက အိမ်မှုကိစ္စတွေ စိတ် ဝင်စားလာပြီပဲ"

"ကိုမင်း သောက်လေ"

"အဟွန်း… ကောင်းပါပြီဗျာ"

စောစောက သူ့အပေါ် စိတ်ဆိုးနေတာနှင့် ဆန့်ကျင်ဘက် အပြုံးလေးနှင့် ပြောလိုက်သည့် ဝတ်ရည် စကားကြောင့် မင်းယု လွင်သည် ဝတ်ရည် သူ့လက်ထဲထည့်ပေးသွားသည့် သံပရာရည် အေးအေးလေးကို တစ်ငုံသောက်လိုက်သည်နှင့်…

"အား…"

ချဉ်တူးငံကျိနေသောအရသာကြောင့် မင်းယုလွင်မျက်နှာ ချောချောကြီး ရှုံ့မဲ့သွားပုံကိုကြည့်ပြီး ဝတ်ရည် အသံထွက်၍ အော်ဟစ်ရယ်မောလိုက်ရုံမက လက်ခုပ်လက်ဝါးများပင် တီးလိုက် ပါသေးသည်။

"မောင်မင်းယုလွင် ဘာဖြစ်လို့လဲဟင်"

"ခစ်… ခစ်… ခစ်… ကိုမင်းတော့ ဝတ်ရည် အသာ





သွားပြီ မာမီရေ၊ ဝတ်ရည်ကို စိတ်ဆိုးအောင်လုပ်လို့ ကိုမင်း ကို လက်စားချေလိုက်တာလေ၊ ကဲ… တျော်ပြီနော် ကိုမင်း"

"အို… ဟဲ့…"

"ကိုမင်းရေ… ဘိုင့်ဘိုင်"

မချိုမချဉ်မျက်နှာလေးနှင့် အနိုင်ရသွားသူ တစ်ယောက် ၏ အကြည့်မျိုးဖြင့် ကြည့်ကာ အနားမှနေ လှစ်လှစ်ပါအောင် ပြေးထွက်သွားသည့် သူမပုံစံက သူ့ကို အနိုင်ရလိုက်၍ အရမ်းကို ပျော်ရွှင်သွားရကြောင်း ဖော်ပြလျက်ရှိနေရသည်။

"အဲဒါသာ ကြည့်တော့ကွယ်၊ ဒါ မကြာခင် အိမ်ထောင် ရှင်ဖြစ်မယ့်သူရဲ့ ပုံစံလားဆိုတာ၊ မောင်မင်းယုလွင်ကို စနောက် သွားတယ်၊ ဒီကလေးနဲ့တော့ ခက်ပါတယ်ကွယ်"

"အဟွန်း… ရပါတယ် အန်တီ၊ ကျွန်တော် ဝတ်ရည်ကို နားလည်ပါတယ်"

သံပရာရည်ခွက်ကို စားပွဲပေါ် အသာလှမ်းတင်ရင်း ဝတ်ရည် ဆိုးသမျှ အားနာနေသော ဒေါ်မော်လီကို မင်းယုလွင် က အနေမခက်စေရန် ပြောလိုက်သည်။

"ဒါနဲ့ ဘွားအတွက် လူရှာထားတာရော ရပြီလား"

ဟု စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ဟုတ်ကဲ့… ရပါပြီ အန်တီ"

"ဘယ်ကလဲကွယ့်၊ အဒေါ်ကြီးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်ကပါပဲ၊ အဒေါ်ကြီးတော့ မဟုတ်ပါဘူး ခင်ဗျား၊ ခပ်ငယ်ငယ်ပဲ ရှိပါသေးတယ်"

"ဟင်..."

ဒေါ်မော်လီ မျက်နှာဝယ် အလိုမကျခြင်းများ ဖြစ်ပေါ်သွားရသည်ကို မင်းယုလွင် တွေ့လိုက်ရသည်။

"လခ ဘယ်လောက်ပေးရလဲ"

"သုံးသောင်းပေးထားပါတယ်"

"များလိုက်တာကွယ်၊ သုံးသောင်းတောင် ပေးရလား၊ ထမင်းကျွေး စရိတ်ငြိမ်းအိမ်ဖော်ကိုများ ပေးရတာ မများလွန်းဘူးလား မောင်မင်းယုလွင်"

အိမ်ဖော်ဆိုသည့် စကားက မင်းယုလွင် နားထဲမှာ တစ်မျိုးကြီးဖြစ်သွားရသည်။

"အိမ်ဖော်မဟုတ်ပါဘူး အန်တီ၊ သူက ဘွားကို ပြုစုအဖော်လုပ်ပေးရုံသက်သက်ပါ၊ အိမ်မှုကိစ္စတွေကို ဘာတစ်ခုမှ သူ လုပ်ပေးစရာမလိုပါဘူး၊ ခိုင်းလည်း မခိုင်းပါဘူး၊ အဓိကက ဘွားအတွက်မို့ ဘွားအနားမှာ နေပေးရင် ရပါပြီ"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်၊ ဒါကလည်း အိမ်ဖော်တစ်မျိုးပါပဲ၊ အင်း... ဒါပေမဲ့ ဘွားအတွက် အဖော်ရတယ်ဆိုတော့လည်း တစ်မျိုးဝမ်းသာရတာပေါ့"

ဒေါ်မော်လီတစ်ယောက် သူမရင်ထဲက အလိုမကျမှုများ





ချည်တည်းထားလိုက်ဟန်နှင့် အပေါ်ယံစကားချိုချို ဆိုလိုက်သော်လည်း ရင်ထဲမှာတော့ သမီးဖြစ်သူအတွက် စိုးရိမ်သွားရသည်။

ခုခေတ်ကြီးထဲမှာ မင်းယုလွင်လို တော်သော တတ်သော သောက်အစားကင်းရှင်းကာ အပျော်အပါး မလိုက်စားတတ်သော လူရိုးလူကောင်းရှားနေချိန်မှာ သမီးရှင်တိုင်း မျက်စိကျစရာ စ်ယောက်ကို [illegible]လွှတ်ဆုံးရှုံးလိုက်ရမှာ ဒေါ်မော်လီ ကြောက်လန့်နေမိသည်။

သမီးဖြစ်သူကို အများမတွေ့စေချင်သလို မင်းယုလွင်လို စ်ယောက်ကိုလည်း တခြားသူလက်ထဲ အပါမခံနိုင်သော ကြောင့် ဝတ်ရည်နှင့် မင်းယုလွင်၏ မင်္ဂလာကိစ္စကို ဒေါ်မော်လီ ယ်တိုင်ကပဲ စတင်တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ဝတ်ရည်ဒယ်ဒီသည် ကျေးဇူးကြီးများမှုကြောင့် မင်းယု သည်း မငြင်းဆန်ဘဲ ခေါင်းညိတ်လက်ခံခဲ့သဖြင့် ဒေါ်မော်လီ က်၍ ပျော်နေခဲ့ရလေသည်။

ဝတ်ရည်က အိမ်ထောင်မပြုချင်သေးပါဟု ငိုယိုပြီး ငြင်းခုံခဲ့သဖြင့် သမီးဖြစ်သူ သဘောအတိုင်း ကျောင်းပြီးမှ လက်ထပ်ကြဖို့ နှစ်ဖက်သဘောတူခဲ့သည်။

ထိုနေ့က ဝတ်ရည် သိပ်ပျော်နေတာကို ဒေါ်မော်လီ ပါ။ အခုတော့ မဖြစ်တော့။ မင်းယုလွင် အိမ်ပေါ်သို့ အရွယ်ပေ



www.burmeseclassic.com

www.burmeseclassic.com

သော် မိန်းကလေးတစ်ယောက် ရောက်နေခြင်းအပေါ် ဒေါ်မော်လီ မှာ နည်းနည်းမှ အလိုမကျနိုင်ပါ။

"နာမည်က ဘာတဲ့လဲ"

"လရိပ်မေပါ အန်တီ"

"လရိပ်မေ"

ဒေါ်မော်လီ မျက်ခုံးတွန့်သွားရသည်။

သည်နာမည် ကြားဖူးသလိုလို၊ ခက်တာက ဘယ်မှာ ကြားဖူးမှန်းလည်း ဒေါ်မော်လီ စဉ်းစားလို့မရ…

ဒေါ်မော်လီ မျက်ခုံးတွန့်သွားသည်။

အိမ်ဖော်အဆင့်သာသာ အကူခေါ်ထားသည့် မိန်းကလေး နာမည်က မိအေးတို့၊ အစမ်းတို့လည်း မဟုတ်။ နာမည် သာမန်မဟုတ်၊ အဆင့်အတန်းရှိနေသလိုလို လူကရော ရွက်ကြမ်း ရေကျိုမှ ဟုတ်ရဲ့လား မသိ။

မင်းယုလွင် နှုတ်ဆက်ပြန်သွားသည်အထိ ဒေါ်မော်လီ နေရာမှာ ကျောက်ရုပ်တစ်ရုပ်လို တောင့်တောင့်ကြီး ထိုင်နေ သည်။ စိတ်ထဲကတော့ သမီးဖြစ်သူ ဝတ်ရည်ကိုသာ ကျိတ်ပြီး ဒေါသဖြစ်နေမိသည်။

ယခုချိန်ထိ ကားတစ်စီးနှင့် အပြင်သွားနေသည်မှာ အိမ် ပြန်မလာသေး။ တကယ်တော့ မင်းယုလွင်က သူ့အဘွား သိပ်ချစ်သည့်သူ ဖြစ်သည်။ ချစ်တာကိုလည်း အပြစ်ပြော၍မရ





သာကတွင် ပြေးကြည့်မှ ဒီမြေးနှင့် ဒီအဘွား နှစ်ယောက်သာ သူ။

ဝတ်ရည်ကို ဘွားကလည်း ချစ်ပါသည်။ သူ့မြေးနှင့် သဘောတူ၏။ ပြုံးပြုံး ပြုံးပြုံးနှင့် ဝတ်ရည် လှုပ်ရှားသမျှကို ခင်မြတ်နိုးသော မျက်လုံးများဖြင့် သူ့အိမ်ကိုလာလျှင် လိုက် ကြည့်နေတတ်သူ၊ ဘွားက ဝတ်ရည်ကိုချစ်သလောက် ဂရုစိုက် သလောက် ဝတ်ရည်က ဘွားကို စိတ်မဝင်စား၊ ဘွားနားမှာ နေချင်သူ။

မင်းယုလွင် သဘောက ဘွားကို ဝတ်ရည်ကိုယ်တိုင် ကြင်ကြင်နာနာ ယုယစေချင်သည်။ ဂရုစိုက်စေချင်သည်။ ဝတ်ရည်က မင်းယုလွင် ဖြစ်စေချင်သည့်အတိုင်း ဘာတစ်ခုမှ ဖြစ်ခဲ့။

ဘွားအတွက် အဖော်ရှာနေသည်ဟု ပြောစဉ်ကတည်းက ရေးမစိုက်သလို အလေးထားစရာဟူ၍လည်း မထင်ခဲ့ပါ။ အခု ပြန်ရမှန်း သိသည်။ သမီး ပြန်လာရင်တော့ ဒေါ်မော်လီသည် ကောင်းကောင်းပြောဆို ဆုံးမဦးမည်ဟု ဆုံးဖြတ်လိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

မနက်ခင်း၏ နေခြည်နုထွေးထွေးလေးက လ
ရှိရာ အခန်းဆီ ဖြာကျလာရသည်။

လရိပ်မေသည် ရုတ်တရက် မျက်ဝန်းလေးကို မဖွ
ဘဲ သူမကိုယ်သူမ ဘယ်ရောက်နေသည်ဆိုတာကို စဉ်းစာ
လေသည်။

နူးညံ့သော သတ္တဝါအတွင်း ထိုသူ ရှိနေသည်လား။

သူမကိုယ်လေး လှည့်ကာ ဘေးမှ နူးညံ့ကို လ
နှင့် စမ်းရင်း မျက်ဝန်းလေးအဖွင့်···

"ဟင်···"

အခန်းနံရံကို အပြာနုရောင်ဆေးသုတ်ထားပြီး
ရေတံခွန်နှင့် ရှုခင်းပုံလှလှက မျက်စိပသာဒဖြစ်စရာကို





လရိပ်မေသည် လက်ရှိ သူမ ရောက်နေသည့်နေရာကို သတိရ
သွားသည်။

"အို···"

လရိပ်မေ အိပ်ရာမှ ဆတ်ခနဲထလိုက်သည်။

ဘုရားရေ···။

အချိန်ပင် ဘယ်လောက်ရှိနေသည် မသိပါ။ နာရီကို
ကြည့်လိုက်တော့ မနက် ငါးနာရီ။

အိပ်ရာမှ လရိပ်မေ အမြန်ထလိုက်သည်။ ဒီနောက်
အိပ်ရာကို အလျှင်ဆုံး သေသပ်အောင် ပြုပြင်လိုက်ပြီး အိပ်ခန်း
နှင့်တွဲလျက် ရေချိုးခန်းဆီသို့ အပြေးအလွှားဝင်လိုက်သည်။

အိပ်ရာမှထလာသော လရိပ်မေ၏ ပုံစံလေးက နုနုထွေး
ထွေးနှင့် ချစ်စရာ။ ညဝတ်အင်္ကျီအဝါလေးနှင့် ဝင်းဝင်းစက်စက်
ပျို့မျှစ်နုနယ်လွန်းသည့် အလှများအပြင် ခါးလယ်ကျော် ဝဲကျနေ
သည့် ဆံနွယ်တွေကလည်း ရှုမောဖွယ်ရာ တလွင့်လွင့်။

အိပ်ရာနိုးစအလှကပင် ရှုမငြီးစရာ၊ ငေးမောချင်စရာ
အတိမို့ သူမလေးပုံစံက အရမ်းကို ချစ်စဖွယ်ကောင်းနေသည်။
မသိပါက သူမကို ဘွားအတွက် ခေါ်ထားသည့် အကူမိန်းကလေး
လို့ပင် ထင်မည်မဟုတ်ပါ။

လရိပ်မေမှာတော့ သူမအလှကို သူမ ဂုဏ်ယူ
ရှိမနေနိုင်အားပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမကိုယ်သူ တစ်ကိုယ်ရေသန့်ရှင်းမှုကို ခပ်မြန်မြန်လု
ပြီးသည်နှင့် သူမသည် ဘွားအခန်းဆီသို့ ကူးလာခဲ့လိုက်သည်

မနက်ငါးနာရီနှင့် ငါးနာရီခွဲကြားတွင် ဘွားသည် အိပ်
မှ အချိန်မှန်ထတတ်သူဖြစ်သည်။

သည်အချိန်ဆို ဘွားသည်လည်း အိပ်ရာမှ နိုးနေလော
ပြီ ဖြစ်သည်။

ထင်သည့်အတိုင်းပင် အခန်းတံခါးကို အသာအယ
တွန်းဖွင့်ကာ လရိပ်မေ ဘွားအခန်းထဲသို့ ဝင်လာလိုက်တေ
ဘွားသည် အိပ်ရာမှ နိုးနေရပြီဖြစ်သည်။

ဘွားအား မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပေးနိုင်
ပြတင်းတံခါးကို အဖွင့်မှာ လေနုအေးက အခန်းထဲသို့ အ
အယက် တိုးဝှေ့ကျီစယ် ဝင်ရောက်လာကြသည်။

BURMESE CLASSIC .com

"ဘွား… ခဏနော်၊ လရိပ် ဘွားအတွက် ရေနွေးလေ
နဲ့စပ်ပြီး 'ယူလာခဲ့မယ်"

ကြွေဇလုံကြီးနှင့် သွက်သွက် ရေနွေးနွေးလေးကို သွ
သွက်စပ်ရင်း အပူအအေး မျှ၊ မမျှ လက်နှင့်စမ်းကိုင်ကာ ကျေ
သွားလောက်သည့် အနေအထားရမှ ဘွားအား မျက်နှာသစ် ကို
လက်သန့်စင်မှုတို့ကို ပြုစေလိုက်သည်။

ဘွားအနားတွင်နေကာ ဘွားအတွက် သွားတိုက်တ
ဆင်ပြာခွက်၊ မျက်နှာသုတ်တဘက်တို့ကို ကိုင်ကာ အစအဆ





လုပ်ကိုင်ပေးသွားသည့် လရိပ်မေကို ဘွားသည် ကြည်နူး
ဝေနေသော အကြည့်တွေဖြင့် ကြည့်ကာ ကျေနပ်နေရလေ
သည်။

မထား လုပ်ပေးနေကျ တာဝန်များကို လရိပ်မေသည်
ရောက်လာသည့်နေ့မှစ၍ မညည်းမညူ ဘာတစ်ခုမှ ပြော
မလိုအောင် အားလုံးကို အလိုက်သိသိနှင့် စေတနာထားကာ
သွေးသားတစ်ယောက်ကို ပြုစုလုပ်ကိုင်ပေးနေသလိုမျိုး လုပ်
တတ်သည့် လရိပ်မေကြောင့် ဘွားသည် စိတ်ချမ်းသာလျက်
လေးကို ကျေးဇူးတင်လို့ မဆုံးတော့ပါ။

"အင်း… လရိပ်လေး ဒီကိုရောက်လာတာ ဘွားအတွက်
တအားပါပဲကွယ်၊ ရောဂါလည်း သက်သာ၊ စိတ်လည်း
သာနဲ့ တကယ့်ကိုပါပဲ၊ လရိပ်လေး လုပ်တာကိုင်တာတွေက
ထက် နေရာတိုင်းမှာ စေ့စပ်တယ်၊ အကွက်မြင်တယ်၊
နာသဒ္ဒါတရား ပိုတယ်…

"မထားကတောင် ပြောနေသေးတယ်၊ လရိပ်လေးကို
တုန်းက ဒီလောက်တော်လိမ့်မယ် မထင်ဘူးတဲ့၊ အခုတော့
က လူငယ်ဖြစ်ပေမယ့် အရွယ်နဲ့မလိုက်အောင် လုပ်တာ
ဘာ စေ့စပ်သေချာလွန်းလို့ လရိပ်ကို သူ ချီးကျူးပါတယ်တဲ့
ပြီးတော့ မထားက ပြောသေးတယ်၊ လရိပ်က အားကာ
ကားနေတာ မဟုတ်ဘူး၊ မီးဖိုထဲကို လာပြီး ကူညီလုပ်



www.burmeseclassic.com

www.burmeseclassic.com

ကိုင်ပေးသေးတယ်တဲ့၊ ဟုတ်လား သမီး၊ ဘွားကို ပြုစုလုပ်ကိုင်ပေးနေတာနဲ့တင် လရိပ်လေး ပင်ပန်းနေပါပြီကွာ၊ အဲလောက်ကြီးတော့လည်း အပင်ပန်းမခံပါနဲ့ ,သမီးရယ်၊ မနေတတ်လို့ လုပ်ပေးတယ်ဆိုပေမယ့် မီးဖိုထဲဝင်ရ၊ အိမ်မှုကိစ္စ အိမ်သန့်ရှင်းရေးတွေ လုပ်ရနဲ့ သမီးတစ်ယောက်တည်း အလုပ်တွေ ပိနေပြီ၊ မအေးလည်း ရှိနေသားပဲ၊ သူ့အလုပ်တွေ သူ လုပ်ပါလိမ့်မယ်၊ သမီး အားလို့ မနေတတ်ဘူးဆိုလည်း ခြံထဲဆင်း နားနားနေနေနေပေါ့”

“အဟင်း... ရပါတယ် ဘွားရဲ့၊ ဒီအလုပ်လောက်တော့ လရိပ် မပင်ပန်းပါဘူး၊ အိမ်မှာလည်း လရိပ် ဒီလိုပဲ လုပ်နေကျပါ၊ ဘွားက လရိပ် မီးဖိုထဲဝင်ပြီး ချက်ပြုတ်တာကို မကြိုက်လို့လားဟင်”

သူ့မလေးအတွက် ကရုဏာနှင့် တားမြစ်သည့် စကားကို လရိပ်မေ တစ်မျိုးထင်သွားပြီဟူသော အသိနှင့် ဘွားသည် ပြုံးလိုက်ပြီး...

“ဒီလောက်ကောင်းတဲ့ သမီးရဲ့ လက်ရာတွေကို ဘွားက မကြိုက်ဘဲရှိပါ့မလား၊ သိပ်ကြိုက်တာပေါ့”

“ဒါဆို ဘွား...”

လရိပ်မေ စကားမဆုံးလိုက်ရ၊ ဘွားသည် လရိပ်မေလက်ကို ဆုပ်ကိုင် ရယ်မောလိုက်ပြီး...





“ဘွားက လရိပ်လေး လုပ်ကိုင်တာတွေကို မကြိုက်လို့နေတာ မဟုတ်ဘူး သမီးရဲ့၊ အိမ်အလုပ်လည်း လုပ်ရ၊ ဘွားကိုလည်း ပြုစုအဖော်လုပ်ပေးရနဲ့ ကြာရင် သမီး အလုပ်တွေ ပင်ပန်းမှာစိုးလို့ ဘွားက စေတနာနဲ့ သတိပေးတာ၊ ဘွားတော့ လရိပ်လေး ရောက်လာတာဟာ ကိုယ့်မြေးသားယောက် ရောက်လာတယ်လို့ပဲ သဘောထားတယ်၊ ဘွားကိုအဖော်လုပ်ပေးဖို့ဆိုပြီး ဘွားအနား ရောက်လာတဲ့ မိန်းကလေးအများကြီးရှိတယ်၊ ဒါပေမဲ့ လရိပ်လေးလောက် ဘယ်သူမှအပေါ် စိတ်မရှည်ကြဘူးလေ၊ သမီးကတော့ သူတို့နဲ့ မတူ ဒါကြောင့် မြေးကတောင် သမီးကို ပြောနေသေးတယ်”

မြေးဆိုသည့် စကားကြောင့် လရိပ်မေ ဘွားကို လုပ်ကိုင်နေရာမှ ခေါင်းလေး ဆတ်ခနဲမတ်သွားရသည်။ ဦးမင်းယုလွင် သူ့မကို ဘာပြောတာပါလိမ့်ဟူ၍ လရိပ်မေသည် စိတ်ဝင်စားသွားရသည်။

“မြေးက ပြောတယ်၊ သမီးကို သူ ဒီလောက်ထိ စိတ်ရှည်နဲ့ အလုပ်တွေ လုပ်တတ်လိမ့်မယ်လို့ မထင်ဘူးတဲ့လေ၊ ...မိန်းကလေးတွေဆိုရင် အိမ်အလုပ်တွေကိုလည်း ကိုယ်နဲ့ ...သလို ဘာသိဘာသာနဲ့ နေတတ်သလို နေကြတာတဲ့၊ အခု လရိပ်က ဒီလိုမဟုတ်ဘူး၊ ဘွားကိုလည်း ပြုစုအဖော်လုပ် ...သေးတယ်၊ အိမ်အလုပ်၊ မီးဖိုအခန်းတွေကိုလည်း အားရင်



www.burmeseclassic.com

www.burmeseclassic.com


အားသလို ဝင်လုပ်ပေးနေသေးတာ အားနာဖို့ကောင်းနေပြီတဲ့လေ အခုလို သိတတ်စေတနာထားတဲ့ သမီးကို ခေါ်လာပေးတဲ့လူကို တောင် ကျေးဇူးတင်နေသတဲ့လေ…

"မြေးပြောတာလည်း ဟုတ်တာပဲ၊ တကယ်တော့ မြေး ကိုယ်တိုင်က ဘွားအနားမှာနေဖို့ စိတ်ရှိပေမယ့် သူ့ခမျာ အလုပ် တစ်ဖက်နဲ့ မအားနိုင်ရှာဘူးလေ၊ မြေးခမျာမှာလည်း အချိန်နဲ့အမျှ အလုပ်လုပ်နေရတာဆိုတော့…"

ဘွားမှာ စကားအရှည်ကြီးကို စိတ်လိုလက်ရ ပြောရှာ လား မသိပါ။ ဘွား၏မျက်နှာမှာ ကြည်နူးရွှင်ပျလျက် နူးညံ့သော အပြုံးများနှင့် မောရမှန်းမသိနိုင်အောင် စကားတွေ ရွှန်းရွှန်းဝေ နေသည်ကို ကြည့်ပြီး လရိပ်မေသည်ပင် ရင်ထဲ ကြည်နူးခြင်း ဝေဋ ကူးစက်လာရသလိုလို။

တစ်ဦးတည်းသော မြေးဖြစ်သူကို အရိပ်လို ကြည့်နေ တတ်သည့် ဘွားကို ကြည့်ရင်း လရိပ်မေ မျက်ဝန်းထဲ ဖေဖေ့ ရုပ်သွင်က အလိုလိုပေါ်လွင်လာရသည်။

ဖေဖေ… သူမ၏ ချစ်လှစွာသော ဖေဖေ၊ ဖေဖေသည် သူ၏ တစ်ဦးတည်းသော သမီးဖြစ်တဲ့ သူမကို စောစီးစွာ ခွဲခွာ သွားခဲ့လေပြီဖြစ်သည်။

လရိပ်မေအား အရိပ်တစ်ခုလို အုပ်မိုးပေးခဲ့သူ ဖေဖေ သည် ခုတော့ဖြင့် ဘဝခြားခဲ့ရပြီဖြစ်သည်။



ခွဲခွာသွားသည့် ဖေဖေ့ထံ ဖျတ်ခနဲ အတွေးရောက်ရှိသွား သော လရိပ်မေ မျက်နှာပျက်ချင်သလိုဖြစ်သွားရသည်ကို ဘွား သည် သတိထားမိဟန်မတူ။

သူ ပြောလိုသည့်စကားကို တပြုံးပြုံးနှင့် ဆက်ပြောနေ လေသည်။ လရိပ်မေမှာသာ ပွင့်လွင့်နေသော စိတ်တို့ကို ကြိုးစား ထိန်းချုပ်ရင်း မျက်ဝန်းထဲ မျက်ရည်တွေ ခိုတွဲလာရသည်။

"မြေးက ပြောသေးတယ် သမီးရဲ့၊ သမီး ကြည့်ရတာ ရိုးရိုးရှင်းရှင်းနဲ့ လူကြီးလေးလိုပဲတဲ့လေ၊ ဘွားလည်း လူကြီးရောဂါ နဲ့ နေမကောင်းဖြစ်ပြီးကတည်းက မြေးကို ခါတိုင်းလို သိပ်ဂရု စိုက်နိုင်တော့ဘူး၊ ဒါကြောင့် မြေးက အိမ်ကို မှန်မှန် ထမင်း ပြန်မစားဖြစ်တော့ဘူးလေ၊ အလုပ်မှာပဲ ကြုံသလို ထမင်းစားနေ တာ သမီးရဲ့၊ ဒါပေမဲ့ ခုတလော ထူးထူးခြားခြား သမီးချက်တဲ့ ဟင်းလျာ စားပြီးတဲ့နေ့က စပြီး မြေး အချိန်မှန်မှန် အိမ်ပြန်ထမင်း စားနေတာ အံ့ဩစရာပဲ"

ဘွား ပြောသမျှ စကားများသည် သူမကို သွယ်ဝိုက် ချီးကျူးသည့်စကားများပေမယ့် လရိပ်မေ စိတ်ထဲ ထူးပြီး မလှုပ် ရှားမိပါ။

ဘွားအပေါ် သူမ လုပ်ကိုင်ပေးနေသမျှ အားလုံးသည် စေတနာသက်သက်နှင့်သာဖြစ်ကာ သူမ အခုလို ချီးကျူးခံချင်၍ ဟုတ်ဆိုတာတော့ လရိပ်မေ သူမကိုယ်သူမ သိပါ၏။


www.burmeseclassic.com

www.burmeseclassic.com

ဘွား၏မြေး ဦးမင်းယုလွှင် ယခုမှ အိမ်ကို ထမင်းပုံမှန်လာစားခြင်းသည် ဘွားထင်သလို လရိပ်မေ လက်ရာကောင်း၍ ဟုတ်မည်မထင်။

ယခုမှ သူ့ဘာသာသူ စိတ်ကူးပေါက်ပြီး လာစားခြင်းလည်း ဖြစ်နိုင်ပါသည်။ ဒါမှမဟုတ် ဟိုအလျင်က အိမ်ကို ထမင်းပြန်စားချိန်မရလောက်အောင်ပင် အလုပ်ရှုပ်နေခဲ့ပြီး အခုမှ အချိန်ရ၍ ပြန်စားကောင်း ပြန်စားတာလည်း ဖြစ်နိုင်၏။

လရိပ်မေမှာ ဒီအိမ်ကို သူမ ရောက်သည့်ရက်လေးများ ကြာလာသည်နှင့်အမျှ ဒီမိသားစုနှင့် ဘွားအပေါ် သူမ သွေးသားရင်းချာများလို သဘောထားခဲ့သည်မို့လည်း အိမ်အလုပ်၊ မီးဖိုချောင်အလုပ်များကို သူ့အလုပ် ကိုယ့်အလုပ် မခွဲခြားဘဲ သူမ လုပ်ကိုင်ပေးနေခြင်းအား သူမ ဒီမိသားစုအပေါ် ထားသည့် စေတနာကြောင့်ပင် ဖြစ်သည်။

ဒါကြောင့် လရိပ်မေမှာ ဘွား၏ ချီးကျူးစကားကို သူမ အအနေနှင့် အထူးတလယ် ဝမ်းသာပီတိဖြစ်နေစရာ အကြောင်းမရှိပေ။

သည်အဘွားနှင့် ဒီမြေး နှစ်ယောက်တည်းသာ ရှိသည်မို့ တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ကြတာလည်း သူမ မသိမဟုတ်။ ကိုယ်တိုင် မျက်မြင်မြင်တွေ့နေရ၍လည်း ဦးမင်းယုလွှင်သည် အကြောင်းမရှိပါဘဲ





ဘွားနှင့် အိမ်ကို ဥပေက္ခာပြုမည့်သူ မဟုတ်ပါ။

သူ့တွင် တခြားအကြောင်းကိစ္စရှိလို့သာ ဖြစ်ပါလိမ့်မည်။

လရိပ်မေမှာ ဘွားကို လုပ်ပေးစရာရှိတာများ လုပ်ပေးပြီးသည်နှင့် ဘွားအတွက် စားရန် ကော်ဖီနှင့် မုန့်ကို အသင့်စားသုံးရန် ပြင်ပေးလိုက်သည်။

အသက်ရှစ်ဆယ်နီးပါးရှိနေသော ဘွားသည် လမ်းကို ကောင်းကောင်းမလျှောက်နိုင်တော့သဖြင့် မနက်စာကို အခန်းထဲဝင် ယူစားလေသည်။

ဝဖိုင့်သောခန္ဓာကိုယ်နှင့်အတူ အသက်အရွယ်ကြီးရင့်နေသည့် ဘွားအတွက် အဖော်ဆိုတာ လိုသည်က အမှန်။

ဘွားအား အဖော်အဖြစ် ဘွားအတွက် လိုအပ်တာများ လုပ်ကိုင်ပေးရင်း အားသည့်အချိန်များတွင် ဘွားကို လမ်းတွဲလျှောက်ခြင်းတို့ဖြင့်လည်း ဘွား၏ ကျန်းမာရေးကို လရိပ်မေ ဂရုစိုက်တတ်သူ ဖြစ်သည်။

ခုလည်း လရိပ်မေသည် ဘွားကို မနက်စာကျွေးပြီးသည်နှင့် ဘွားခန္ဓာကိုယ်ကြီးကို ညင်သာစွာ တွဲထူကာ…

“ဘွား… မနက်စောစော လမ်းလျှောက်ရအောင်နော်၊ နေပွင့်လာပြီ”

လရိပ်မေ စကားသည် ဘွားသည် အသာအယာ ခေါင်း


www.burmeseclassic.com

www.burmeseclassic.com

ညိတ်ပြကာ လရိပ်မေလက်ကို အားပြုဆုပ်ကိုင်လျက် ထလိုက်သည်။

ယခင်ကနှင့်စာလျှင် ဘွား ကျန်းမာရေးသည် အများကြီး သိသာကောင်းမွန် တိုးတက်လာရပြီဖြစ်သည်။ သူမ ရောက်စဉ် တုန်းကနှင့် မတူတော့။ ဘွား ကျန်းမာရေးသည် သူမရှေ့မှာပင် တဖြည်းဖြည်း ကောင်းမွန်လာရသည်က အမှန်။

သည့်အတွက် လရိပ်မေ ဝမ်းသာပါသည်။

ပြောရလျှင် ဘွားဘဝက သနားစရာ။ ဘွားဘဝတွင် အစစပြည့်စုံပါလျက် ကျန်းမာရေးကတော့ဖြင့် အသက်အရွယ် ရလာသည်ကတစ်ကြောင်း၊ ဝဖြိုးသော ခန္ဓာကိုယ်၏ဒဏ်ကို ခံရသည်က တစ်ကြောင်းကြောင့် လူက စိတ်သွားတိုင်း ကိုယ် မပါနိုင်။

လရိပ်မေမှာ ကျန်းမာရေးမကောင်းသော ဘွားကို မိဘ အရာထားလျက် ကိုယ်ချင်းစာနာစိတ်အပြည့်နှင့် သနားချစ်ခင် မိပါသည်။

ကျယ်ဝန်းသော ခြံကြီး၏ စိမ်းစိုသော မြက်ခင်းပြင် ပေါ်ဝယ် ဘွားသည် လရိပ်မေကို အားပြုလျက် လမ်းလျှောက် နေသည်မှာ ခြေးလေးများပင် အတော်စိုလာရပြီဖြစ်သည်။

"နားစို့ သမီးရယ်၊ မနက်ခင်း စောစောစီးစီးမှာ ခုလို လမ်းကိုလျှောက်ရတာ စိတ်ကို ကြည်နူးပေါ့ပါးသွားတာပဲ၊





သမီးလည်း နားဦး၊ ဘွားလည်း နည်းနည်းတော့ ညောင်းစပြု လာပြီ"

ဘွားသည် လရိပ်မေ လက်လေးကို ဆွဲကိုင်ကာ သူ့အနား ထိုင်ခိုင်းလိုက်သည်။

လရိပ်မေသည် ဘွားနားတွင် ဝင်ထိုင်ရင်း ဘွားလက် လေးကို ညင်ညင်သာသာ နှိပ်နယ်ပေးကာ…

"ဘွား အညောင်းပြေရင် နည်းနည်းတော့ လမ်းထပ် လျှောက်ရဦးမယ်နော် ဘွား၊ ဒီပုံအတိုင်းဆို ဘွား မကြာဘူး မြန်မြန် ကျန်းမာလာမှာ သေချာတယ်"

နံနက်ခင်း နေခြည်နုနုတွင် အပြုံးလှလှလေးနှင့် သူ့လက် ကို ဆုပ်ကိုင်ကာ အားပေးစကားပြောနေသော လရိပ်မေ၏ ချစ် စရာလှပလွန်းသည့် မျက်နှာနုနုလေးကို ဘွားသည် ချစ်ရင်းစွဲ စိတ်အပြုံးနှင့် ငေးကြည့်ရင်း ခေါင်းညိတ်လေသည်။

လမ်းလျှောက်လိုက်ရ၍ မောပန်းသွားရပေမယ့် ဘွား၏ မျက်နှာမှာတော့ ကြည်နူးမှုအပြုံးတွေက သိသာစွာ ထင်ရှားနေ သည်။

"အင်း… သမီးကတော့ နာမည်နဲ့လိုက်အောင် အမြဲ တမ်း အေးမြတဲ့စကားတွေကို ပြောတတ်လွန်းတယ်၊ သမီးရဲ့ ဒီလို သိတတ်အားပေးမှုတွေကြောင့် ဘွား ကျန်းမာရေး ဒီလောက် မြန်မြန်ကောင်းတယ်ထင်တာပဲ၊ မြေးတစ်ယောက်တည်းနဲ့ဆို ဘွား


www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ကောင်းချင်မှ ကောင်းမှာ"

"ဘွားရယ်… မဟုတ်တာပဲ"

သည်တစ်ခါတော့ လရိပ်မေမှာ ဘွားစကားကြေ အနေခက်သလိုလေး ဆိုလိုက်သည်။

သူမ၏ အနေခက် ရှက်ရွံ့သွားဟန်လေးက ဘွား ထဲ အပြစ်ကင်းသည့် ဘဲလေးတစ်ယောက်လို အရမ်းကြ ကောင်းသွားရသည်မို့…

"ဘာလို့ မဟုတ်ရမှာလဲ သမီးရဲ့၊ သိပ်ဟုတ်တာ သမီး ဘွားနား ခုလို မရှိရင် ဘွားကို ဘယ်သူပြုစုပေး ဒါဆို ဘွားကရော ခုလို ကျန်းမာရေး မြန်ပြီးကောင်းလာ မလား"

"ဟုတ်တယ်၊ ဘွားပြောတာ မှန်တယ်၊ မင်းသာ နားမှာ ခုလို ပြုစုလုပ်ကိုင် ဘွားကို အားမပေးရင် ဘွား မြန်မြန်နဲ့ ပြန်ပြီးကျန်းမာလာမှာကို မဟုတ်ဘူးဆိုတာ ပြောရဲတယ်၊ လူတစ်ယောက် မကျန်းမာဘူးဆို အဲဒီလူကို မယ့်လူ လိုသလို သူ့ကို အားပေးစကားပြောတတ်ဖို့ လိုတယ်၊ မင်းက ဘွားအနားမှာ ဒါတွေအားလုံးနဲ့ ကိုက် သူပဲ၊ ဒါကြောင့် ဘွား ဒီလောက် မြန်မြန်ဆန်ဆန် ကျန်းမာလာတာ"

"ဟင်…"





ဘယ်အချိန်က သူမတို့နောက်နား ရောက်နေသည်မသိသော ဦးမင်းယုလွင်၏ စကားကြောင့် လရိပ်မေမှာ မျက်ဝန်းအပြူးသားလေးနှင့် အံ့သြသွားရလေသည်။

ထို့အတူ ယောကျ်ားတစ်ယောက်၏ ချီးကျူးဖွင့်ဟစကားကြောင့် လရိပ်မေခမျာ သူ့ရှေ့တွင် မနေတတ်အောင်ပင် မျက်နှာလှလှလေးတစ်ခုလုံး နှင်းဆီပန်းခင်းနီနီရဲလို ဖြစ်သွားရသည်။

မင်းယုလွင်ကတော့ မျက်တောင်ရှည်ကြီးများ စင်းချကာ နေရာတွင် မလှုပ်မယှက်ဟန် တွေတွေလေး ရပ်နေသော လရိပ်မေကို အပြုံးနှင့် နှစ်လိုဖွယ် စိုက်ကြည့်လိုက်သည်။

သည့်နောက် ဘွားနှင့်လှည့်ကာ အပြုံးချောချောကြီးနှင့် စကားတွေ ဆိုနေလိုက်သည်။ ဒါကိုပင် လရိပ်မေမှာ အခွင့်အရေးကို လက်လွှတ်မခံဘဲ…

"ဘွား… လရိပ် ဘွားအခန်းကို သွားရှင်းလိုက်ဦးမယ်နော်၊ အခန်းရှင်းပြီးတာနဲ့ လရိပ် ဘွားကို အခန်းထဲ ပြန်ပို့ပေးမယ်"

တားချိန်ပင် မရလိုက်၊ ပြောလည်း ပြော အနားမှနေ လှစ်ခနဲ ပြေးထွက်သွားသည့် လရိပ်မေကြောင့် မချင့်မရဲဖြစ်ကျန်ခဲ့ရသူက မင်းယုလွင်။

သည်ကောင်မလေး ဒါ ဘာပုံစံ ဘာအချိုး ချိုးသွားရသည် မသိပါ။ လရိပ်မေဆိုတဲ့ သူမလေး ဒီကို ရောက်ကတည်း



www.burmeseclassic.com

www.burmeseclassic.com



က ခုချိန်ထိ သူ့ကို မတွေ့လိုက်နှင့် တွေ့လိုက်တာနှင့် သူ့အနား ကနေ အကြောင်းတစ်မျိုးမဟုတ် တစ်မျိုးပြလျက် သူနှင့်ရင်မဆိုင်ဘဲ ထွက်သွားတတ်သူဖြစ်သည်။

အစကတော့ သူသည် သတိမထားမိပါ။

တစ်ခါမဟုတ်၊ နှစ်ခါ၊ သုံး၊ လေးခါ ဖြစ်လာသည့်အခါမှာတော့ မင်းယုလွင်တစ်ယောက် ဒီအဖြစ်တွေကို သတိမထားဘဲ မနေနိုင်တော့ပါ။ ဒါ သူ့ကို သူမ တမင်ရှောင်ဖယ်သွားတာဆိုသော အတွေးနှင့် မင်းယုလွင် အခံရခက်ခက်ကြီး ဖြစ်ခဲ့ရသည့် အဖြစ်တွေကလည်း မနည်းတော့။

ဒီအဖြစ်က သူ့ဘဝတွင် ဒါ ပထမဦးဆုံးသာဖြစ်ပေသည်။ စီးပွားရေးလောကတွင် နာမည်တစ်လုံးနှင့် နေရာရထားသူ မင်းယုလွင် ဆိုသည့် သူ့အနားတွင် သူ့အတွက် ခူးဆွတ်ရန် အသင့်ရှိနေသည့် မိန်းမလှလေးတွေက မနည်းပါ။

ချောမောသောရုပ်သွင်နှင့် တည်ကြည်ခန့်ညားသော မင်းယုလွင်ဆိုတာက ယောကျ်ားပီပီသသနှင့် တည်ကြည်ရဲရင့် ပြတ်သားသည့် လူတစ်ယောက်။

အသည့်လို ငွေကြေး၊ စီးပွားရေး၊ လူမှုရေး၊ ရုပ်ရည်က အစ ဘာဆိုဘာတစ်ခုမှ ပြောစရာမရှိသော မင်းယုလွင်သည် မိန်းကလေးများကို စိတ်ဝင်စားစရာအဖြစ် ခံယူထားသူမဟုတ်ပါ။

သူ့ဘဝတွင် အချစ်ဆိုတာကလည်း ရှာဖွေစရာမလို





လောက်အောင် သူ့အနားတွင် ဝတ်ရည်ဆိုသည့် မိန်းကလေးက သူ့ဘဝအတွက် အသင့်ရှိနေခဲ့လေပြီ။

ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ ဝတ်ရည်ဆိုတာက သူ တစ်ချိန် လက်ထပ်ရမည့် မိန်းကလေးတစ်ယောက်၊ ဒီအတွေးနှင့်လည်း မင်းယုလွင်သည် သူ့အနား ချဉ်းကပ်လာသည့် မိန်းမချော မိန်းမလှများကို ဥပေက္ခာပြုခဲ့ခြင်းဖြစ်သည်။

မင်းယုလွင်ဆိုသည့် သူ့ဘဝတွင် သူကသာ မိန်းကလေးတွေကို ဥပေက္ခာပြုခဲ့ပေမယ့် အခုတော့ မင်းယုလွင်မှာ သူ့ကို ဘာမဟုတ်သည့် မိန်းကလေးတစ်ယောက်က ဥပေက္ခာပြုခြင်း ခံလိုက်ရသည့်အတွက် ရင်မှာ မချင့်မရဲနှင့် အခံရခက်ခက်ကြီး ဖြစ်လျက် ရှိနေရသည်။

သူမလေး ဆိုတာက ကိုယ့်အိမ်မှာ အလုပ်လုပ်နေသည့် မိန်းကလေးတစ်ယောက်။ အလုပ်ရှင်နှင့် အလုပ်သမားဟု အခဆင့်အတန်းခွဲခြားတာ မဟုတ်ပေမယ့် လရိပ်မေဆိုသည့် သူမကတော့ သူ့အပေါ် ဘာကြောင့်ရယ်မသိ။ လိုတာထက်ပို၍ တင်းမာပြတ်သားအေးစက်စွာ ဆက်ဆံတတ်သူဖြစ်သလို ရှောင်ဖယ်တတ်သူလည်း ဖြစ်သည်။

မကောင်းတတ်၍ သူ့အပေါ် စကားပြောနေရပေမယ့် လရိပ်မေ ပုံစံနှင့် အပြုအမူများက တတ်နိုင်ပါက သူနှင့် မပတ်သက်ချင်သည့်ပုံ၊ သူမ ဒါ ဘာကြောင့်ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ဟူး…။

မင်းယုလွင်သည် သူ့မျက်စိရှေ့အောက်က ပျောက်ကွယ် သွားသည့် လရိပ်မေ၏ နောက်ကျောပြည့်ပြည့်လှလှလေး ကြည့်ပြီး သက်ပြင်းမောတစ်ချက်ကို ချလိုက်သည်။

သည်အတွက်လည်း မင်းယုလွင် သူ့ကိုယ်သူ အံ့ဩ ရပါ၏။ သူ့ဘဝတွင် မိန်းကလေးတစ်ယောက်နှင့်ပတ်သက်ပြီး သူ့အသိစိတ်ထဲအထိ နှစ်ထည့်ထားသူမှာ လရိပ်မေတစ်ယောက် သာ ရှိသည် မဟုတ်ပါလား။

* * *



## အခန်း (၇)

နဖူးပေါ်မှ ချွေးလေးများကို လက်နှင့်ဖယ်ရှား သိမ်းဖယ် သုတ်လိုက်ရင်း လရိပ်မေသည် ဖိတ်ဖိတ်တောက်အောင် လက် နေသည့် ကြမ်းခင်းကို ကြည့်လိုက်သည်။

ဘွားကို မနက်စာကျွေးပြီး အိပ်ရာထဲ သိပ်ထားပြီး ကတည်းက လရိပ်မေသည် ခမ်းနားကြီးမား ကျယ်ဝန်းလှသည့် ဘွားတိုက်ကြီးကို အပေါ်ထပ် အောက်ထပ် သန့်ရှင်းရေးများကို သူမကိုယ်တိုင် ချွေးလေးတစို့စို့နှင့် မမောတမ်း လုပ်နေသည်မှာ ခုချိန်ထိ မပြီးနိုင်သေး။

တိုက်ကြီးအပေါ်ထပ်တစ်ခုလုံးကို သူမ စိတ်ကြိုက် ပြင်ဆင်သန့်ရှင်းပြီးသည့်နောက် အောက်ထပ် ကြမ်းခင်းများကို



www.burmeseclassic.com

www.burmeseclassic.com



သူမကိုယ်တိုင် ပွတ်တိုက်နေသည်မှာ ကြမ်းခင်းတစ်ခုလုံး ဖိတ် ဖိတ်လက်တောက်နေရပြီ ဖြစ်ပေမယ့် လရိပ်မေ စိတ်ကျေနပ် မှု မရှိသေးသလို ထပ်၍တိုက်နေလိုက်သည်။

ကြမ်းခင်းကို တိုက်လိုက်၊ ကြည့်လိုက်နှင့် သူမ စိတ် ကျေနပ်မှုရပြီးသည်နှင့် လရိပ်မေ အောက်ထပ်တစ်ခုလုံး ပစ္စည်း များကို သူ့နေရာနှင့်သူ အချိုးလှပအောင် ပြင်ဆင်ထားနေလိုက် သည်။

အောက်ထပ်တစ်ခုလုံး အဖြူရောင်ခန်းဆီးများ လဲလှယ် လိုက်ပြီးနောက် ဧည့်ခန်းအလယ် ပန်းအိုးကို ခြံထဲရှိ နှင်းဆီပွင့် လက်ပွင့်ခက်များဖြင့် လှပဝေဆာအောင် ထိုးစိုက်လှုက် အလှဆင် လိုက်သည်။

လရိပ်မေသည် ထောင့်အမျိုးမျိုး၊ နေရာအမျိုးမျိုး ကြည့်ရှုကာ ဘယ်နေရာက ဘာလိုသေးသည်ကို သေချာကြည့် လျှက် လိုအပ်တာများကိုလည်း သူမ စိတ်ကြိုက် ဖြုပြင်လျှက် တိုက်ကြီးတစ်ခုလုံးကို လှပဝေဆာအောင် သူမ တတ်သည့် ပညာဖြင့် အစွမ်းကုန် ပြင်ဆင်ခြယ်သနေလေသည်။

ခေတ်လူငယ်တစ်ယောက်၏ အသွင်အပြင်နှင့် စိတ်ကူး နှင့် ဖန်တီးထားသည်မို့ တိုက်ကြီးတစ်ဆောင်လုံးမှာလည်း သူမ လက်ရာဖြင့် အရမ်းကို လှပကျက်သရေရှိလွန်းနေရပြီ ဖြစ်သည်။

တိုက်ကြီးတစ်ဆောင်လုံး သူမ ဒီလို စိတ်ကြိုက်ပြင်ဆင်





ရအောင်လည်း ဘွားသည် သူမအား ယုံယုံကြည်ကြည်နှင့် အပ်ခဲ့လေသည်။

ထိုယုံကြည်မှုအတိုင်းလည်း လရိပ်မေသည် တစ်တိုက် ကို သူမ စိတ်ကြိုက် ခုလို ပြင်ဆင်နေခြင်းဖြစ်သည်။

တိုက်ကြီးတစ်ဆောင်လုံး သူမ ပြင်ဆင်ပြီးသွားသည့် ချိန်မှာတော့ လရိပ်မေသည်လည်း လူက မလှုပ်ချင်တော့ အောင် မောပန်းနေရပြီ ဖြစ်သည်။

မောပေမယ့်လည်း လရိပ်မေ မောရမှန်းမသိပါ။ သူမ စိတ်ကြိုက် ပြင်ဆင်အလှဆင်ထားသည့် တိုက်ကြီးကို ကြည့်ပြီး မှာ ကြည်နူးသွားရသည်။

လရိပ်မေသည် သူမလက်လေးဖြင့် ပြင်ဆင်အလှဆင် ထားသည့် တိုက်ကြီးကို ကြည့်ပြီး နသွယ်ကို သတိရသွားသည်။

နသွယ်သာ သူမ လုပ်နေသည်များကို မြင်ပါက စိတ် ဆောင်းနိုင်မည် မဟုတ်ပါ။ အဘွားတစ်ယောက်ကို ပြုစုအဖော် ပေးရုံသာ သိထားသည့် နသွယ်သည် လရိပ်မေ အခုလို လုပ်တွေ သိမ်းကျုံးလုပ်နေသည်ကို သိပါက ဘယ်နည်းနှင့်မဆို လာခဲ့ဖို့ ခေါ်မှာဖြစ်သည်။

ဒါပေမဲ့ လရိပ်မေ၏ ပင်ကိုစိတ်ကပင် အလုပ်မြင်ပါက တတ်ခုသလို အမြင်မတော်တာ တွေ့ရင်လည်း လုပ်လိုက်ရ ကျေနပ်တတ်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ဒီအလုပ်တွေကို လရိပ်မေအား- ဘယ်သူ မနိုင်းရပါဘဲ သူမသဘော သူမဆန္ဒနှင့် ဘွားထံ ခွင့်တောင်းက လရိပ်မေ လုပ်နေခြင်းဖြစ်သည်။

တစ်ခါတစ်ရံတော့လည်း လရိပ်မေ စဉ်းစားမိပါ၏ ဒီမိသားစုအပေါ် သံယောဇဉ်ထားတတ်လွန်းသည့် သူမသည် ဒီအိမ်က လူများအပေါ် သူမဘာဝပေါင်းက အကြွေးများ ကင်း ရဲ့လားဟုပင်···။

လရိပ်မေမှာ သူမ ပြင်ဆင်ထားသည့် တိုက်ကြီး ကြည့်လျက် ကျေနပ်ကြည်နူးနေရသလိုပင် သူမလိုပင် ကျေ ကြည်နူးသွားရသူတစ်ဦးက မင်းယုလွင် ဖြစ်သည်။

ညနေ ကုမ္ပဏီမှ ပြန်လာသော မင်းယုလွင် သူ့ကား ပေါ်တီကိုအောက်ရပ်ကာ တိုက်ထဲ ခြေလှမ်းချလိုက်သည်နှ ပထမဦးဆုံး သူ သတိထားမိသည်က ယခင်ကနှင့်မတူ ပြင်ဆ ပြောင်းလဲနေရသည့် အပြင်အဆင်နှင့် တိုက်ကြီး၏ လှပခန့်ညာ မှု···။

မင်းယုလွင်မှာ ယခင်ကနှင့်မတူသည့် ပြောင်းလဲ သည့် တိုက်ကြီး၏ ခန့်ညားထည်ဝါမှုနှင့် ကျက်သရေကို ကြ လျက် ရင်ကို ကြည်နူးလန်းဆန်းသွားစေရသည်ကိုတော့ ဝန်ခံရပေမည်။

ယခင်က ပြင်ဆင်ထားသည့် ပြင်ဆင်မှုနှင့် ကျက်သ





သည်လည်း မရှိမဟုတ်၊ ရှိပါသည်။ သို့သော် ထိုအပြင်အဆင်တွေက ကြီးကြီးထားနှင့် ဘွားတို့၏ အသက်အရွယ်အမြင်နှင့် ပြင်ဆင်ထားသည့် အပြင်အဆင်မျိုးမို့ တိုက်ကြီး၏ ပြင်ဆင်မှု အားလုံးသည် ရှေးရိုးကျချင်နေသလိုလို၊ ခု သူ မြင်ရသည့် တိုက်ကြီး၏ ခမ်းနားထည်ဝါမှုနှင့် အပြင်အဆင်သည်က ခေတ်သူငယ်တစ်ယောက်၏ အမြင်နှင့် ပြင်ဆင်ဖွဲ့ထားသည့်အသွင်မို့ သူမျက်စိထဲ ပို၍ပင် ကြည့်ကောင်းနေရလေသည်။

ဒါ ဘယ်သူပြင်ဆင်ထားတာပါလိမ့်။ ဘွားနှင့် ကြီးကြီးထားတော့ ဘယ်လိုမှ မဖြစ်နိုင်ပါ။ ဘွားဆိုတာ သူ့ကိုယ်သူ အနိုင်နိုင်။ ထိုနည်းတူ ကြီးကြီးထားသည်လည်း သူ၏ ဝဖိုင့်သော ခန္ဓာကိုယ်ကို အနိုင်နိုင်နေရသည့်အဖြစ်။

ဖျတ်ဆို သူ့မျက်ဝန်းထဲ အရိပ်လေးတစ်ခုက ပေါ်လာရသည်။

လရိပ်မေ သူမများ ဒီလိုပြင်ဆင်ထားသည်လား။ သူ တွေးတာ မမှားဘူးဆိုရင်ဖြင့် အဖြစ်နိုင်ဆုံးက လရိပ်မေသာ ဖြစ်ပါလိမ့်မည်။

ဘာပဲပြောပြော မင်းယုလွင်သည် တိုက်ထဲ ဝင်ဝင်ချင်းမှာပင် ကြည်နူးအေးမြသွားရသည့် စိတ်ချမ်းသာမှုကို ရလိုက်သည်မို့ အလုပ်တွင် ပင်ပန်းထားသမျှ အိမ်ပြန်ရောက်သည်နှင့် စိတ်ကို ကြည်နူးအေးချမ်းသွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတွေးနှင့် မင်းယုလွင်သည် အပေါ်ထပ် သူ့အခန်းဆီသို့ တက်အလာ…

"ဟင်…"

မင်းယုလွင်မှာ အပေါ်ထပ် ဧည့်ခန်းကို ဖြတ်ကျော်၍ သူ့အခန်းဆီသို့အသွား ရုတ်ခြည်း သူ့မျက်ဝန်းအစုံသည် တစ်နေရာဆီသို့ စိုက်ခနဲ ရောက်ရှိသွားရလေသည်။

သူ့အကြည့်များ ရောက်ရှိသွားရသည့် ဧည့်ခန်းတစ်နေရာ ခုံလေးပေါ်တွင် အလှပန်းအိုးထားရန် ပန်းလေးများကို အခက်အလက် ညီညာလှပစွာ ပန်းအိုးထဲ ပန်းထိုးစိုက်နေသည့် လရိပ်မေထံသို့ပင် ဖြစ်သည်။

ဆံနွယ်ရှည်လေးများကို ခပ်မြင့်မြင့် စုချည်ကာ ချည်ထည်လက်စက ပန်းသွေးရောင် ခါးတိုလေးနှင့် လုံချည်တစ်ပတ်နွမ်း ပါတိတ်ပန်းသွေးရောင်လေး ဝတ်ကာ သနပ်ခါးရေကျဲလေး လူးထားသည့် သူမပုံစံလေးက သူ မြင်တွေ့နေကျ ရောင်စုံခြယ် မိတ်ကပ်မျက်နှာများနှင့် တခြားစီ ပကတိ ရိုးရှင်းသောမျက်နှာလေးနှင့် သူ့စိတ်ကို များစွာ ဆွဲခေါ်နေရလေသည်။

သူ့အကြည့်များကို လရိပ်မေသည်ကတော့ မသိပါ။

ပန်းအိုးလေးမှ အလှပဆုံးဖြစ်ရန် အာရုံစိုက်နေသည်မို့လည်း သူမကို ဘယ်သူကြည့်နေသည်ဆိုတာလည်း သတိမထားပါ။





သတိထားမိသည့် သူမှာသာ အကြည့်များ မလွှဲနိုင်အောင် ရှိနေရသည်။ ကြည့်စမ်းပါဦး… ဘယ်လောက်များ သဘာဝကျကျနှင့် ပန်းချီကားဆန်လိုက်သည်လဲဆိုတာ။

နုသွယ်ပျော့ပျောင်းသော လက်လှလှလေးတွေနှင့် ပန်းလှလေးများကို ပန်းအိုးထဲ ထိုးစိုက်နေပုံက ဆေးနှင့် ရေးခြယ်ထားသည့် တကယ့် သဘာဝပန်းချီအလား ထင်မှတ်လောက်အောင် သူမ လှုပ်ရှားမှုဟန်နှင့် အလှများက အရမ်းကို အနုပညာဆန်ဆန် လှပလွန်းနေရသည်။

ဘယ်လောက်များ ရိုးရှင်းလှပတဲ့ မျက်နှာလေးနှင့် ဟန်ပန်လဲဆိုတာ…။

မင်းယုလွင်မှာ ကြည့်နေရင်းက သူ့ရင်မှာ နွမ်းလျသွားသည်။ တစ်ဆက်တည်း သူ့ရင်ထဲ ကြည်နူးပီတိတွေလည်း ဖြစ်ပေါ်သွားရသည်။

လရိပ်မေ… သူမလေးသည် သူ ထင်ထားတာထက် မိန်းကလေးဆန်ကာ အိမ်မှုကိစ္စများကို အကျွမ်းတဝင် ရှိနေ[illegible]န်းသူပါလားဆိုသည့် အတွေးက မင်းယုလွင်ရင်ကို ကျေနပ်မှု[illegible] ဖြစ်ပေါ်သွားစေရသည်။

လရိပ်မေကတော့ မင်းယုလွင်၏ ဒီခံစားချက်တွေကို ဘာမှမသိပါ။ သူမသည် ပန်းအိုးလေးကို အလှဆုံးနှင့် သူမ [illegible]ကြိုက်ထိုးပြီးနောက် အပြုံးလေးနှင့် သူမ ပန်းထိုးထားသည်



www.burmeseclassic.com

www.burmeseclassic.com



ပန်းအိုးလေးကို ကြည့်ကာ နေရာမှ ချာခနဲလှည့်အထွက်…

"အို…"

လရိပ်မေ နှုတ်ခမ်းလေး ပိုင်းစက်သွားရသည်အထိ အံ့သြမှုတွေနှင့် ရှက်လန့်တကြားလေး ဖြစ်သွားရသည်။

သည့်နောက် ချက်ချင်းဆိုသလို ပါးလေးနှစ်ဖက် ရဲရဲ နီထွေးသွားရကာ ရင်ခုန်သံတွေကလည်း တဒိတ်ဒိတ်နှင့် အခုံ မြန်လာရသည်။

ဘုရားရေ…

ကြည့်ပါဦး…

သူမကို စူးရှတောက်ပသော မျက်ဝန်းများနှင့် စိုက် ကြည့်နေသူ ဦးမင်းယုလွင် သူ ဘယ်အချိန်ကတည်းက ဒီနေရာ ကို ရောက်နေရတာပါလိမ့်။

လရိပ်မေမှာ သူမကိုယ်သူမ ဒီလောက် ပေါ့ဆရပါ့မလား ဆိုကာ ရှက်ဒေါသအငွေ့လေးနှင့် မချင့်မရဲဖြစ်လျက် နှုတ်ခမ်း လေး ဖိကိုက်မိလိုက်သည်။

ဒါကိုကြည့်ပြီး အသည်းယားရသူက မင်းယုလွင်၊ နီရဲ တောက်ပနေသော မျက်နှာလေးကို ကြည့်တာနှင့် သူမလေး သိပ်ရှက်သွားရပြီဆိုတာ သူ သိလိုက်ရလေသည်။

မင်းယုလွင် ခြေလှမ်းကျဲကြီးများနှင့် သူမနား တိုးတက် လာတော့ လရိပ်မေ ရှက်မျက်နှာလေး ပိုလို့တောက်ပသွားကာ…





"ဦး… ဦးမင်းယုလွင် ပြန်လာတာ ကျွန်မ မသိလိုက်ဘူး"

သူမ စကားကြောင့် မင်းယုလွင် ပြုံးမိသွားရသည်။ သူမသည် သူ့ကို တွေ့လိုက်ရသဖြင့် ရုတ်တရက် ရှောင်ချိန်မရ လိုက်မှန်းလည်း မင်းယုလွင် နားလည်ပါ၏။ နားလည်သည်နှင့် အမျှ လရိပ်မေဆိုသည့် သူမလေးအပေါ် သူ ပို၍ မချင့်မရဲဖြစ် သွားရပြီး…

"ကိုယ် ထင်တာ မမှားဘူးဆိုရင် မင်း ဒီနေ့ တစ်နေ့ လုံး နားမှနားခဲ့ရဲ့လား လရိပ်မေ"

"ရှင်…"

သူသည် ပါးနပ်လိမ္မာသူပီပီ ဒီအိမ်၏ ပြောင်းလဲမှု သက်ရာသည် သူမမှန်း ချက်ချင်းသိလိုက်တာမို့ လရိပ်မေ သူ့ ရှေ့ အနေရခက်သွားရသည်။

အနေခက်ခက်နှင့်ပင် လရိပ်မေမှာ သူ့မျက်နှာကို မကြည့် ရဲတော့သလို အကြည့်လေး လွှဲလိုက်သည်။

"ကျွန်မ တောင်းပန်ပါတယ် ဦးမင်းယုလွင်"

"ဘာအတွက်လဲ လရိပ်မေ"

"တကယ်ဆို ဘွားဆီမှာသာမက ဦးမင်းယုလွင်ဆီမှာ လည်း ကျွန်မ ခွင့်တောင်းသင့်ပါတယ်၊ ဒါပေမဲ့ ခွင့်မတောင်းဘဲ ဦးမင်းယုလွင်အိမ်ကို ကျွန်မ…"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ခွင့်တောင်းစရာမှမဟုတ်ဘဲ"

"ရှင်…"

"ဒီနေ့ မင်း ပြင်ဆင်ထားတာတွေအားလုံး ကိုယ် ကြိုက်ပါတယ်"

"ရှင်… ဒါ… ဒါ တကယ်ပဲလား ဦးမင်းယုလွင်"

လရိပ်မေမှာ သူ့စကားကို မယုံကြည်သလို ကြည်စင်သော မျက်ဝန်းပြာကြီးနှင့် ကြည့်ကာ မေးလိုက်တော့ မင်းယုလွင်သည် သူမလေး၏ ကလေးဆန်မှုကို သဘောကျသွားကာ…

"အဟွန်း… မင်းသိထားဖို့က ဘယ်လိုကိစ္စမဆို ကိုယ့်စိတ်မှာ တကယ်မပါဘဲနဲ့ စကားကို လွယ်လွယ်မပြောတတ်ဘူးဆိုတာ…"

သူ့စကားကြောင့် လရိပ်မေ ခေါင်းလေးငုံ့ချပစ်လိုက်သည်။

သူမစကားတွေက သူ့အပေါ်မှာများ လွှန့်သွားခဲ့ပြီလား။ လရိပ်မေမှာ အားလည်း နာ၊ စိတ်မှာလည်း မဝံ့မရဲဖြစ်ရသည်မို့ ဦးမင်းယုလွင်ရှေ့မှ ထွက်ရန် ခြေလှမ်းအပြင်…

"ဟိတ်… ဒါ ဘယ်လဲ"

"ရှင်… ဟို… ကျွန်မ ဘွားဘွားဆီ သွားမလို့ပါ"

လရိပ်မေ သူမအား မျက်ဝန်းစူးစူးကြီးတွေနှင့် အကဲခတ်သလို စိုက်ကြည့်နေသော မင်းယုလွင် အကြည့်များနှင့် ဆုံသွား





တာကြောင့် ရင်မှာ ဒိန်းခနဲ ရင်ခုန်ရင်း သူ့အကြည့်များကြောင့် နေတတ်အောင် ဖြစ်သွားရကာ သူ့မျက်ဝန်းအကြည့်များကို င်မဆိုင်ရဲသူပီပီ အကြည့်များကို ချက်ချင်းလွှဲလျက်…

"ကျွန်မကို ဦးမင်းယုလွင် ခိုင်းစရာရှိလို့လားဟင်"

မင်းယုလွင် မျက်နှာချောချောကြီးကို မကြည့်ဘဲ လရိပ်မေ မဝံ့မရဲ မေးလိုက်သည်။

"မရှိပါဘူး လရိပ်မေ"

"ဒါဆို ကျွန်မကို ဘွား မျှော်နေလောက်တော့မယ်"

အကြောင်းပြချက် ကောင်းကောင်းနှင့် နေရာမှသွားဖို့ င်နေလေလေ မင်းယုလွင်ရင်ထဲ ပိုလို့ မချင့်မရဲဖြစ်ရလေမို့…

"ဒီမှာနေရတာ မင်းအတွက် အဆင်ပြေရဲ့လား လရိပ်မေ"

"ဟုတ်ကဲ့… ပြေပါတယ်"

"လိုအပ်တာရှိရင် ကိုယ့်ကိုပြောပါ"

"ကျေးဇူးပါပဲ၊ ကျွန်မအတွက် အားလုံးပြည့်စုံပါတယ် ဦးမင်းယုလွင်"

"ဘွားကို ကိုယ့်သွေးသားရင်းတစ်ယောက်လို ဂရုစိုက်ပေးတဲ့အတွက် လရိပ်မေကို ကိုယ် ကျေးဇူးတင်ပါတယ်"

"ဘွားကို ပြုစုလုပ်ကိုင်ပေးနေတာတွေအားလုံးက ကျွန်မစိတ်ရင်းနဲ့ပါ ဦးမင်းယုလွင်၊ ဒါကြောင့် ကျွန်မကို ကျေးဇူးတင်ဖို့ မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲပြောပြောလေ… ခုခေတ်မှာ ကိုယ်နဲ့ သွေးမတော
သားမစပ်နဲ့ သူစိမ်းတစ်ယောက်ကို လရိပ်မေ့ို သဘောထားနိုင်
သူက ခပ်ရှားရှားပဲမို့ ကိုယ်ကတော့ လရိပ်မေကို ကျေးဇူးတ
တယ်၊ ဒါနဲ့ လရိပ်မေကိုကြည့်ရတာ ဘွားဆီ သွားချင်နေတဲ့ပုံ

"ရှင်… ဟုတ်ကဲ့"

လရိပ်မေမှာ မျက်နှာရဲရဲလေးနှင့် ခေါင်းညိတ်ပြလို
သည်။

ဟန်ဆောင်မှုမရှိသည့် သူမ၏ ထိုပုံစံလေးကိုပင် မင်း
လွှင် ရင်မှာ ပို၍မြတ်နိုးသွားရကာ…

"အဟွန်း… အဟွန်း… ကောင်းပါပြီဗျာ၊ လရိပ်
သွားနိုင်ပါပြီ"

စူးရှတောက်ပသော အကြည့်တွေနှင့် ကြည့်ကာ
လိုက်သော မင်းယုလွှင် စကားကြောင့် လရိပ်မေမှာ အသက်
ချောင်သွားရသလို သက်မလေး မသိမသာချရင်း သူ့ရှေ့မှ
ကိုယ်လေး ချာခနဲလှည့်အထွက်…

"ဪ… လရိပ်မေ ခဏ… ခဏ…"

"ရှင်…"

သူ့အပါးမှ လွှတ်ပြီဆိုသော အသိဖြင့် အားရဝမ်း
ဟန် နေရာမှ လှည့်ထွက်ခဲ့သည့် လရိပ်မေတစ်ယောက် ခြေ
မှ မစရသေး သူမကို ဟန့်တားလိုက်ပြန်သည့် မင်းယုလွှင်ကြော





လရိပ်မေသည် သူ့ကို ကျောပေးလျက်က မျက်နှာလေး မဲ့သွားရ
လေသည်။

မင်းယုလွှင်ကတော့ ဒီအဖြစ်ကို မသိပါ။ လရိပ်မေမှာ
စိတ်ရှုပ်ထွေးနေဟန် မျက်နှာမဲ့မဲ့လေးနှင့်ပင် မင်းယုလွှင်နှင့်
မျက်နှာချင်းဆိုင်လိုက်တော့…

"အားလုံးအတွက် ကျေးဇူးပဲ လရိပ်မေ၊ ဒါပေမဲ့ ဒီ
အလုပ်တွေ မလုပ်ပါနဲ့တော့၊ ဘာဖြစ်လို့လဲ မမေးနဲ့၊ မင်း ပင်ပန်း
မှာစိုးလို့"

"ဟင်…"

ပြောပြီး သူ မဟုတ်သလို ရှုတည်တည်မျက်နှာထားကြီး
နှင့် ချာခနဲ လှည့်ထွက်သွားသည့် မင်းယုလွှင်ကို လရိပ်မေ
ဘယ်လိုနားလည်ရမည် မသိတော့ပါ။

သေချာသည်ကတော့ သူမ၏ တည်ငြိမ်နေရသောနှလုံး
သားသည် မင်းယုလွှင် စကားကြောင့် လှုပ်ခတ်သွားရတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မင်းယုလွင် သူ့ကိုယ်သူလည်း အံ့ဩနေရသည် ခုတလော သူသူည် အိမ်မှသာ အနေမြဲလျက် ရှိနေရသည် အလုပ်ကိစ္စနှင့် အပြင်သွား၊ ကုမ္ပဏီသွားရပြန်တော့လည်း သူ့ တို့သည် ဘာကြောင့်ရယ် မသိ၊ အိမ်သို့သာ ပြန်ချင်နေရသည်

တစ်ယောက်တည်းမို့ ခါတိုင်း အိမ်ပြန်ရမှာ ပျင်းရိငြီး စရာဟု ထင်ထားခဲ့သော မင်းယုလွင် ခုတော့ဖြင့် ဘယ်သ သူ့ကို အမိန့်မပေးပါဘဲ အိမ်ကို အချိန်မှန်မှန်ပြန်လာတတ် အိပ်ချိန် စားချိန်ကအစ ဘယ်သူတစ်ဦးတစ်ယောက်၏ ပိုက်ဆ ချက်မှုမပါဘဲ မှန်နေရသည်က မင်းယုလွင် ကိုယ့်ကိုယ်ကို အံ့ဩနေရသည်။





ဒါ ဘာကြောင့်ပါလိမ့်ဟု အဖြေရှာလိုက်တော့ အဖြေ ာ တစ်ခုတည်းရှိပါ၏။ ထိုသည်မှာ လရိပ်မကြောင့်ပင် ဖြစ်ပေ သည်။

လရိပ်မကို မြင်လိုက်ရသည့်အချိန်မှစ၍ မင်းယုလွင် င်ထဲ လရိပ်မ၏မျက်နှာလှလှလေးသည် စွဲစွဲထင်ထင် ထင်မှတ် နေသလို အချိန် နာရီ စက္ကန့်ကိုလည်း သူမလေးသည် စိုးမိုးထား သည်။

ဝတ်ရည်နဲ့တုန်းကတောင် ဒီလို ခံစားချက်မျိုးမရှိခဲ့သော င်းယုလွင် ယခု သူ့အပေါ် လိုသည်ထက် မပိုသည့် ဆက်ဆံမှု င့် မျက်နှာတည်တည်တင်းတင်းလေးနှင့် ဆက်ဆံတတ်သော ရိပ်မနှင့်ကျမှ ထူးထူးခြားခြား ဒီခံစားမှုတွေ သူ့ရင်ထဲ ာက်ရှိလာသည့်အဖြစ်။

လရိပ်မသည် သူ့အတွေး သူ့စိတ်အာရုံများကို ဆွဲခေါင် ားပြီဖြစ်သည်။

ခုလည်း မင်းယုလွင်သည် ထမင်းစားပြန်ဟုဆိုကာ ိုးဆက်ကို ကုမ္ပဏီတွင် ထားခဲ့ပြီး ပြန်လာခဲ့လိုက်သည်။

ခါတိုင်း ကြုံသလို ထမင်းစားဖြစ်သည့် သူက ခုတော့ ရိပ်မ အိမ်ကိုရောက်လာပြီးသည့်ချိန်မှစလို့ အိမ်ကို ထမင်းစား ြန်နေတတ်လေပြီ။

ဘွားကတော့ သူ အခုလို အိမ်ကို ထမင်းစားပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် ကျေနပ်နေသူဖြစ်သည်။

မင်းယုလွင်မှာ အိမ်ပြန်ရောက်သည်နှင့် ဘွားရှိရာ အပေါ်ထပ်အခန်းဆီသို့ တက်လာခဲ့လိုက်သည်။

"ဟော… မောင်မင်းယုလွင် ထမင်းစားပြန်လာတာလား"

"ဟုတ်ကဲ့… ကြီးကြီးထား၊ ဘွားရော"

"အခန်းထဲမှာ ရှိတယ်"

"ကြီးကြီးထား ဘယ်သွားမလို့လဲ"

အပြင်သွားရန် ပြင်ဆင်ထားသည့် ကြီးကြီးထားကို မင်းယုလွင်မှာ အပေါ်ထပ်တက်သည့် လှေကားတစ်နေရာတွင် တွေ့လိုက်ရသည်မို့ နှုတ်ဆက်ကာ မေးလိုက်ခြင်းဖြစ်သည်။

"သီသီတို့ဆီ သွားမလို့ မောင်မင်းယုလွင်၊ မာလာလေး ပြန်ရောက်လာလို့ အဲဒါ ကြီးကြီးထားကို လာဦးဆိုလို့လေ"

မာလာ ဆိုတာက မင်းယုလွင်တို့နှင့် ဆွေမျိုးမတော်သည့် မိန်းကလေး။ နိုင်ငံခြားတွင် အနေကြာကာ ဆိုရှယ်ကျလွန်းသော မာလာသည် ဘွားကို ရှေးလူကြီးပီပီ ကြည့်မရသည်က မဆန်း။ ဒါကြောင့် မာလာသည် ဘွားကိုကြောက်ကာ အိမ်ကို အဝင်အထွက် သိပ်မရှိပေ။

ကြီးကြီးထားကတော့ ဘာလောက် ရှေးမကျသည်မို့ မာလာ ဆိုရှယ်ကျ ခေတ်ရှေ့ပြေးသည်ကို အပြစ်လို့ မမြင်တတ်သူမို့ မာလာအပေါ် ချစ်ချစ်ခင်ခင်နှင့် သွားလာလည်ပတ်တတ်





သူဖြစ်သည်။ တကယ်တော့ မာလာသည် ခေတ်ရှေ့ပြေးလွန်းတာကလွဲပြီး ခင်ဖို့ကောင်းသည့် မိန်းကလေး ဖြစ်ပါသည်။

ကြီးကြီးထားမှာ မင်းယုလွင်ကို နှုတ်ဆက်ကာ ဒရိုင်ဘာ ကိုမြ မောင်းပို့ပေးသော ကားနှင့် မာလာဆီ ထွက်သွားပြီဖြစ်သည်။

မင်းယုလွင်မှာ ဘွားအခန်းဆီသို့ ဝင်လာခဲ့လိုက်သည်။ ဘွားအခန်းထဲ [illegible] တွင် လရိပ်မေသည် ဘွားဘေးနေ စာအုပ်လေးတစ်အုပ်နှင့် ဘုရားစာတွေ ဖတ်ပြနေလေ၏။

ပါးပြင်ထက်ဝယ် သနပ်ခါး မပြယ်တပြယ်မျက်နှာလေးနှင့် ဝင်းဝင်းဖန့်ဖန့်ရှာနေသော လရိပ်မေ၏ ဣန္ဒြေရှိရှိနှင့် တည်ကြည်သောအလှကို မင်းယုလွင် အကြည့်စူးစူး တည်တည်ကြီးနှင့် တစ်ချက်ကြည့်လိုက်ပြီး…

"ဘွား နေလို့ကောင်းတယ်နော်"

"အင်း… ကောင်းပါတယ် မြေးရယ်"

"ထမင်းရော ဘွား စားပြီးပြီလား"

"စားပြီးပြီ မြေး၊ လရိပ်မေက ဘွားကို အချိန်စောရင်လည်း မဆာမှာစိုးလို့၊ နောက်ကျပြန်ရင်လည်း အဆာလွန်မှာစိုးလို့ဆိုပြီး ထမင်းကို ဂရုတစိုက်နဲ့ ကျွေးရှာတယ် မြေးရဲ့၊ မြေးနဲ့ မြေးရော စားပြီးပြီလား"

"အဟွန်း… မစားရသေးဘူး ဘွား"



www.burmeseclassic.com

www.burmeseclassic.com



"အို… ဒီကလေးတွေနှယ်၊ ထမင်းစား ဘာလို့ ဒီလောက်
နောက်ကျနေရတာလဲ၊ လရိပ်လေးလည်း ခုချိန်ထိ ထမင်းမစား
သေးဘူးလေ"

"ဟင်… ဒီအချိန်ရောက်နေပြီ၊ လရိပ်မေက ဘာ[illegible]
ထမင်းမစားသေးတာလဲ"

မင်းယုလွင်မှာ လက်က နာရီကို တစ်ချက်ငုံ့ကြည့်ပြ[illegible]
မျက်စိမျက်နှာပျက်ပျက်နှင့် [illegible]

"ကျွန်မ မဆာသေးလို့ပါ ဦးမင်းယုလွင်"

"ဟာ… မဟုတ်တာ၊ ဘယ်အချိန်ရှိနေပြီလဲ၊ ဒီအချိန်[illegible]
ထမင်းမစားရသေးဘူးဆိုတာ မဟုတ်သေးပါဘူးကွာ"

လရိပ်မေ ထမင်းစားနောက်ကျရခြင်းကို မင်းယုလွ[illegible]
စိုးရိမ်သလို ပြောလိုက်သည်။

"ရပါတယ် ဦးမင်းယုလွင်၊ ကျွန်မ မဆာ…"

"ကျွတ်… ဘာလို့မဆာရမှာလဲ၊ အချိန်ကိုလည်း ကြည့်
ပါဦး"

"ဟုတ်တယ် သမီး၊ [illegible] သမီးအစ်ကိုနဲ့ အတူ
တစ်ခါတည်း ထမင်းသွားစားလိုက်၊ ဘွားအတွက် စိတ်မပူနဲ့
ဘွား တရားမှတ်လိုက်ဦးမယ်"

ဦးမင်းယုလွင်နှင့် ဘွားကြားတွင် လရိပ်မေမှာ ငြင်း[illegible]
စကားခက်သွားရသည်။





သူမအနေနှင့် ဒီထက်ပို၍ငြင်းနေလို့ကလည်း မကောင်း
ဘူး။ တော်ကြာ သူမကို ကြီးကျယ်သူဟု မြင်သွားမှာကိုလည်း
လရိပ်မေ မလိုလားပါ။

သို့သော် ခက်သည်ကလည်း လရိပ်မေသည် သူ မလာ
မီ[illegible]င် ကြို၍စားထားခဲ့မည် ဖြစ်သည်။

ခုတော့ သူမအတွက် ငြင်းရန်လည်း ခက်၊ အတူစားဖို့
ကလည်း ခက်နှင့်ပင် ဦးမင်းယုလွင်နှင့်အတူ ထမင်းစားပွဲရှေ့
ရောက်နေရပြီဖြစ်သည်။

လရိပ်မေသည် သူနှင့်အတူ မစားလိုသည်မို့ မဝံ့မရဲနှင့်
[illegible]ရဲစွန့်ကာ…

"ဦးမင်းယုလွင် စားနှင့်ပါနော်၊ ကျွန်မ မဆာသေးလို့
နောက်မှစားပါ့မယ်"

မင်းယုလွင်မှာ လရိပ်မေ မျက်နှာလေးကို ခပ်စူးစူးကြည့်
လိုက်ပြီး…

"မရဘူး၊ စားရမယ်"

"ရှင်…"

"အချိန်ကိုလည်း ကြည့်ဦး လရိပ်မေ၊ မင်း ဒီပုံနဲ့ဆို
[illegible]ကြာခင် ရောဂါရမှာ သေချာတယ်၊ မဖြစ်ဘူး၊ မင်းအတွက်
[illegible]အချိန် အိပ်ချိန်မှန်အောင် ဘွားကို ပြောရမယ်"

ရော… ဒီလူ ဘယ်လိုလူပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ဘွားအား ပြုစုဖို့ သူမကို ခေါ်ထားပါသည်ဆိုမှ ဘွားက ပြန်၍ သူမကို ဂရုစိုက်နေရမည်ဆိုသောအခါ လရိပ်မေမှာ မျက်နှာလေးပျက်သွားရပြီး…

"ဘွားကို ဘာမှမပြောပါနဲ့ ဦးမင်းယုလွင်၊ ကျွန်မကိုယ် ကျွန်မ ဂရုစိုက်တတ်ပါတယ်"

"အပွန်း… ဂရုစိုက်တဲ့လူက ဒီအချိန်ထိ ဘာလို့ ထမင်း စား နောက်ကျနေရတာလဲ လရိပ်မေ"

"အို… ဒါက…"

"ဒါက နောက်ထား၊ အခု မင်း ကိုယ်နဲ့အတူ တစ်ခါ တည်း ထမင်းဝင်စားလိုက်၊ လရိပ်မေ၊ မင်း ခေါင်းမာနေဦးမယ် ဆိုရင်တော့ ကိုယ် ဘွားကို မပြောဘူးလို့ အာမ မခံနိုင်ဘူးနော်"

"ရှင်နော်"

မင်းယုလွင်မှာ ပြောပြီး ထမင်းကို ငုံ့စားနေလိုက်သည်။ လရိပ်မေမှာတော့ သူမကို အကျပ်ကိုင်သလိုလို ခြိမ်းခြောက် သလိုလို သူ့စကားကြောင့် မျက်နှာလှလှလေးမှာ ခပ်ရှုရှုလေး ဖြစ်နေရပြီး ထမင်းငုံ့စားနေသည့် မင်းယုလွင်ကို ကလေးတစ် ယောက်နှယ် မကျေမနပ်နှင့် မျက်စောင်းလေးအထိုး…

"ဟင်…"

"အို…"

"အပွန်း… ပွန်း… ပွန်း…"





ရုက်စိတ်နှင့် လရိပ်မေ မျက်နှာလေး ရဲပသွားရသလို သူတလည်း ရုက်စိတ်တို့ဖြင့် တစ်ကိုယ်လုံး ထူပူအနေရခက်သွား သည်။ ကြည့်ပါဦးလေ… သူမအဖြစ်က ဘယ်လောက်များ ရှက်ဖို့ကောင်းလိုက်လဲဆိုတာ။

သူ မမြင်ဘူးအထင်နှင့် သူ့ကို မျက်စောင်းထိုးကာမှ တိုက်တိုက်ဆိုင်ဆိုင်လို့ပင် ပြောရမည်လား မသိပါ။ မင်းယုလွင် သည် ထမင်းငုံ့စားနေရာမှ ဖျတ်ခနဲဆိုသလို သူမအား ကြည့်လာ သာအခါ လရိပ်မေ၏ မျက်စောင်းလေးက မင်းယုလွင်ထံ သူရောက်သွားရသည်။

မထင်မှတ်တဲ့အဖြစ်မို့ လရိပ်မေ သူမအကြည့်လေး လူမိ သွားပြီဆိုသော အသိနှင့် ပါးလေးတွေ ထူပူရဲတက်သွားကာ ခုတ်ချင်းပင် ခေါင်းလေးငုံ့ပစ်လိုက်တော့ မင်းယုလွင်မှာ မထင် မှတ်ဘဲ သူမ၏ ကလေးဆန်မှုကို မြင်တွေ့သဘောကျသွားကာ ခပ်လွန့်လွန့်ရယ်မောလိုက်မိသည်။

"အပွန်း… ဘာလဲ၊ ထမင်းစားခိုင်းလို့ ကိုယ့်ကို စိတ်ဆိုး နေပြီလား"

သည်လိုဆိုပြန်တော့လည်း လရိပ်မေ သူ့ကို ပြောရန် စကားမရှိသလို နှုတ်ဆိတ်သွားရသည်။

"ဟိတ်… မေးတာ ဖြေလေ၊ ကိုယ့်ကို မင်း စိတ်ဆိုးနေ သားဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း…"

ရဲပနေသော မျက်နှာလေးနှင့် လရိပ်မေ ခေါင်းလေး ခါယမ်းပြလိုက်သည်။ မင်းယုလွင်မှာ ပြုံးလျက် လရိပ်မေအား စိုက်ကြည့်ကာ…

"စားလေဗျာ… ကိုယ်ရှိလို့လား"

"အို… မဟုတ်ပါဘူး"

"ဒါဆို စားလေ၊ ဒီမှာ ဟင်းတွေများများထည့်စား"

ပါးစပ်က အပြောနှင့်ပင် မဟုတ်၊ လက်ကလည်း မင်းယုလွင်သည် လရိပ်မေ ပန်းကန်ထဲသို့ ဟင်းတွေ ခပ်ထည့်ပေးနေလိုက်သည်။

ယောကျ်ားတစ်ယောက်နှင့်အတူ နှစ်ယောက်တည်း ထမင်းလက်ဆုံစားရခြင်းသည် လရိပ်မေအတွက် ဒါ ပထမဦးဆုံး အကြိမ်မို့ ရင်မှာ တစ်မျိုးကြီးဖြစ်နေရသည်က အမှန်ဖြစ်၏။

လရိပ်မေ၏ ဒီအဖြစ်ကို ဂရုမစိုက်မိဟန်နှင့် မင်းယုလွင်သည် သူမကို ဂရုတစိုက်နှင့် ဟင်းတွေ တစ်မျိုးပြီးတစ်မျိုး သူမပန်းကန်ထဲ ခပ်ထည့်ပေးနေသည်မှာ လရိပ်မေ ထမင်းပန်းကန်ထဲတွင် ထမင်းများကိုပင် မမြင်ရတော့။

ဂရုစိုက်လွန်းသည့် သူ့အပြုအမူများကြောင့် ကြာတော့ လရိပ်မေမှာ အနေခက် ရှက်ရွံ့လာရသည်မို့…





"ဦးမင်းယုလွင် စားပါ၊ ကျွန်မဘာသာ ဟင်းတွေ ထည့်စားပါ့မယ်"

"အပျွန်း… ဆောရီး၊ လရိပ်မေ အနေခက်နေမယ်ဆိုတာ ကိုယ် မစဉ်းစားမိဘူး၊ ဒါဆို လရိပ်မေဘာသာပဲ ဟင်းတွေ ထည့်စားတော့၊ ကိုယ် ဗိုက်အရမ်းဆာနေတာ၊ အိမ်ရောက်မှ စားမယ်ဆိုပြီး အားခဲလာတာလေ"

တကယ်ပင် သူသည် ဗိုက်ဆာနေသည့်တစ်ယောက်လို ထမင်းကို အားရပါးရနှင့် သေသပ်စွာ ခေါင်းမဖော်တမ်း စားနေသည်။

အားပါးတရ စားနေသည့် မင်းယုလွင်ကို ကြည့်ကာ လရိပ်မေမှာ အားကျနေရပေမယ့် သူမကတော့ ထမင်းကို ဟုတ်တိပတ်တိ မစားနိုင်။

ကိုယ်နှင့် သွေးမတော်သားမစပ် ယောကျ်ားတစ်ယောက်နှင့်အတူ နှစ်ယောက်တည်း ထမင်းစားနေရသည့်အဖြစ်ကို ရင်က အနေခက်ခက်နှင့် မဝံ့မရဲဖြစ်ရကာ စားလို့မဝင်နိုင်အောင် ဖြစ်နေရတော့သည်။

"ဟင်… စားလေ လရိပ်မေ၊ ထမင်းလည်း ဘာမှ ဟုတ်တိပတ်တိ မစားပါလား၊ စားလို့မကောင်းလို့လား"

"မဟုတ်ပါဘူး… ကောင်းပါတယ်၊ ကျွန်မ ရင်ပြည့်နေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ မနက်က ဘာတွေစားလိုက်မိလို့လဲ"

"ကော်ဖီနဲ့ မုန့်ပါပဲ"

တကယ်တော့ သူမသည် မနက်က ကော်ဖီနှင့် မုန့်က လွဲပြီး ဘာမှမစားခဲ့သည်မို့ ရင်လည်း ပြည့်မနေပါ။ သို့ပေ သူမသည် ဘယ်လိုမှ ထမင်းကို စားမဝင်ပါ။ သူမအား အ ခတ်သလို ကြည့်နေသည့် မင်းယုလွင် အကြည့်များကို လရိပ်မေ ရှောင်ဖယ်ရင်း…

"ဦးမင်းယုလွင် ကြည့်ရတာ ထမင်းစားကောင်းတဲ့ပုံ နော်"

"အဟွန်း… ဟုတ်တယ်၊ ကိုယ် အဲလိုစားကောင်းနေတာ ချက်တဲ့ လရိပ်မေရဲ့ လက်ရာတွေ အရမ်းကောင်းနေလို့ပါ"

ဘုရားရေ… သူ လရိပ်မေ ချက်တာ ဘယ်လိုလု သိနေရတာပါလိမ့်။ လရိပ်မေမှာ သူမ လက်ရာမှန်း ဘယ်လိုလု သိနေတာပါလိမ့်ဟူသော အကြည့်နှင့် မင်းယုလွင်ကို အကြည့်…

"ဘာလဲ…ကိုယ်သိနေလို့ အံ့ဩနေတာလား၊ အဟွန်း… ဒါ ဘာအံ့ဩစရာရှိလို့လဲဗျ၊ ကိုယ်က ကြီးကြီးတား လက်ရာကို တစ်သက်လုံးစားလာတဲ့သူပဲ၊ လက်ရာပြောင်းတာနဲ့ ကိုယ်သိ တယ်၊ ဒီအိမ်မှာ ကြီးကြီးတားလက်ရာ မဟုတ်ရင် လရိပ်မေရဲ့ လက်ရာပဲဖြစ်မယ်ဆိုတာ ကိုယ် သိတယ်"

အောင်မြင်နေသည့် စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်





ယ်လို့ မပြောရ။ ထင်တာထက်ပိုတာ ပါးနပ်လွန်းသော လူကဲ တ်တော်လွန်းသည့် မင်းယုလွင်ကို လရိပ်မေ လျှော့မတွက်ရဲ တော့ပါ။

ဦးမင်းယုလွင် ဆိုသည့် ဒီလူတစ်ယောက်သည် အစစ အရာရာ စေ့စပ်သေချာလျက် သူများထက် အရာရာကို ကြိုမြင် သွားတတ်သူ ဖြစ်သည်ဆိုတာကိုလည်း လရိပ်မေ ပို၍သိလာရ သည်။

"လရိပ်မေ"

"ရှင်…"

ခေါ်သံကြောင့် လရိပ်မေ သူ့ကို ဖျတ်ခနဲ မော့ကြည့် လိုက်သည်။ ထိုအခါ သူမအား ကြည့်လာသည့် သူ့အကြည့်တို့ နှင့် ဆုံသွားရ၏။

လရိပ်မေမှာ သူမအား နာမည်ခေါ်ပြီး ဘာစကားမှ မပြောသော မင်းယုလွင်၏ အကြည့်ကြောင့် အနေခက်ကြီး ဖြစ်လာကာ…

"ဦးမင်းယုလွင် ကျွန်မကို ခေါ်တာ ပြောစရာရှိလို့လား"

"ဆောရီး… လရိပ်မေ၊ ဝန်မလေးဘူးဆိုရင် လရိပ်မေ အကြောင်း ကိုယ့်ကို နည်းနည်းပြောပြပါလား"

"ရှင်…"

လရိပ်မေမှာ အံ့ဩသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းယုလွင်လို လူတစ်ယောက်က သူမအကြောင်း စိတ်ဝင်စားသည်ကဲ့လား၊ မထင်ခဲ့ပါ။ သူ့လို အောင်မြင်နေသည့် စီးပွားရေးကလွဲပြီး ကျန်တာ ဘာကိုမှ စိတ်မဝင်စားတတ်သည့် လူတစ်ယောက်က သူမလို ဘာမဟုတ်သည့် အိမ်ဖော်သာသာ အဆင့်ရှိသည့် မိန်းကလေးတစ်ယောက်အကြောင်းကို စိတ်ဝင်စားသည်တဲ့လား။

လရိပ်မေမှာ ပျက်လုပျက်ခင် ဖြစ်သွားသည့် မျက်နှာကို ပြန်ပြင်လိုက်ရင်း…

"ဟို… ဟို… ကျွန်မ ဘာပြောရမှာလဲ"

ဘွားရှိသည့် ဒီအိမ်ကို လရိပ်မေ ရောက်သည်မှာ တစ်လကျော်၍ နှစ်လနီးပါးရှိလာခဲ့ပြီဖြစ်ပေမယ့် လရိပ်မေအကြောင်းကို ဦးမင်းယုလွင်သည် အခုလို စိတ်ဝင်တစား မေးမြန်းခဲ့ခြင်းမျိုး တစ်ခါမှ မရှိခဲ့ပါ။ ဒါနဲ့တောင် အခုမှ ကောက်ကာငင်ကာ ဦးမင်းယုလွင်သည် ဘာစိတ်ကူးပေါက်လာလျက် သူမအကြောင်း သိချင်ရသည် မသိ။

"ကမန်မဘဝက ဦးမင်းယုလွင် စိတ်ဝင်စားလောက်အောင် မရှိခဲ့ပါဘူး၊ သာမန် သူလို ကိုယ်လိုပါပဲ"

"အဟွန်း… ဟုတ်ပါပြီလေ၊ အဲဒီ သာမန်ဘဝလေးကိုပဲ ကိုယ်က သိချင်တယ်ဆိုရင်ကော၊ တစ်အိမ်တည်း အတူနေတဲ့သူတွေပဲ၊ တစ်ယောက်အကြောင်း တစ်ယောက် သိထားတော့





ကောင်းဘူးလား၊ အန့်တီမေကလည်း ကိုယ့်ကို လရိပ်မေအကြောင်း တစ်ခါမှ မပြောပြခဲ့ဖူးဘူး"

မင်းယုလွင် စကားကြောင့် လရိပ်မေသည် ရုတ်တရက် နုသွယ်ကို သတိရသွားရလေသည်။ ဘာလိုလိုနှင့် သူ နုသွယ်နှင့် တွေ့ရသည်မှာ ရက်တွေ အတော်ပင် ကြာခဲ့ပြီဖြစ်သည်။

ပြောမည်ဆိုလျှင် လရိပ်မေတစ်ယောက် ဒီအိမ်ရောက်ပြီး နုသွယ်ဆီ တစ်ခေါက်မှ မပြန်ဖြစ်ပေ။

ကိုယ်က သူများအိမ်တွင် အလုပ်လာလုပ်နေရပြီမို့ လရိပ်မေသည် သူမဘဝကို သူမ နားလည်ရမည်ဖြစ်သည်။ အိမ်ရှင်က ကိုယ့်ကို ယုံကြည်အလေးထားတာနှင့် အခွင့်အရေး ယူရယ်လို့လည်း သူမ အဖြစ်မခံနိုင်။

အချိန်တိုင်း နုသွယ်ကို သူမ သတိရနေသလို နုသွယ်သည်လည်း သူမကိုပင် သတိရနေမှာက သေချာပါသည်။

နုသွယ်နှင့် သူမဆိုတာ တစ်ကောင်ကြွက် တစ်မျက်နှာ၊ တူအကျိုးပေး ဘဝကို ကိုယ့်အားကိုယ်ကိုးကာ ရုန်းကန်နေရသူများမို့ ရင်ထဲက ခံစားချက်တို့ကို ရှေ့တန်းမတင်နိုင်အားပါ။

ဝေသီသွားသော မျက်ဝန်းနှင့် ချက်ချင်းလို မျက်နှာလေး ညှိုးသွားရသော လရိပ်မေကို ကြည့်ပြီး မင်းယုလွင်၏ စိမ်းနေသော မျက်ခုံးကြီး တွန့်ကြုတ်သွားရကာ…

"လရိပ်မေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်…"

နှုတ်သွယ်ကို သတိရသွားရသော လရိပ်မေမှာ သူမအနား မင်းယုလွင် ရှိနေသည်ကိုပင် မေ့သွားရသည့်အဖြစ်။

"ဘာဖြစ်တာလဲ လရိပ်မေ၊ နေမကောင်းလို့လား၊ ထမင်း မစားချင်ရင် ဆက်မစားနဲ့တော့လေ"

နူးညံ့ညင်သာလွန်းသည့် သူ့စကားသံက လရိပ်မေအား လက်ရှိအခြေအနေကို သတိရသွားစေရသည်။ လရိပ်မေမှာ မင်းယုလွင်ကို ဘာစကားမှ ပြန်မပြောဘဲ ထမင်းကို လက်စသိမ်း ထလိုက်တော့ မင်းယုလွင်လည်း သူမနည်းတူ စားပွဲဝိုင်းမှ ထလာ လေသည်။

လရိပ်မေမှာ ထိုအချိန်ထိ သူ့ကို ဘာစကားမှ မပြော သေးသည်မို့ မင်းယုလွင် မချင့်မရဲဖြစ်လာပြီး…

"လရိပ်မေ"

"တစ်ဆိတ် ကျွန်မအကြောင်း ပြောပြမှဖြစ်မှာလား ဦးမင်းယုလွင်"

"ဟင်…"

မင်းယုလွင် အံ့သြသွားရသည်။

ကြည့်စမ်း… သူမလေးရဲ့ မျက်ဝန်းအိမ်တွင် မျက်ရည် တွေနဲ့ပါလား။

လရိပ်မေ နှုတ်ခမ်းလေးကို ဖိကိုက်ပစ်လိုက်သည်။





ဖြစ်နိုင်လျှင် လရိပ်မေသည် သူမဘဝနောက်ကြောင်းကို ဘယ်သူ့ကိုမှ ပြန်မပြောပြချင်ပါ။

နာကြည်းလွမ်းမောစရာ အတိတ်မှအရိပ်တို့ကို လရိပ်မေသည် အားလုံး မေ့ထားလိုက်ချင်ပါသည်။ သို့သော် မေ့၍မရအောင် သူမနှလုံးသားတွင် ဝေဒနာဒဏ်ရာဒဏ်ချက်တွေက ရှိနေဆဲ။

"ရိုင်းသလိုဖြစ်သွားမိတဲ့အတွက် ကျွန်မ တောင်းပန်ပါတယ် ဦးမင်းယုလွင်"

မထင်မှတ်သည့် စကားမို့ အံ့သြသလို ရှိသွားရသည့် ဦးမင်းယုလွင်ကို လရိပ်မေ ခေါင်းလေးငုံ့လျက် တောင်းပန်လိုက်သည်။

"တောင်းပန်ဖို့ မလိုပါဘူး လရိပ်မေ၊ တကယ်တမ်း ကိုယ်ကသာ လရိပ်မေကို ပြန်ပြီး တောင်းပန်ရမှာပါ၊ လရိပ်မေ စိတ်အနှောင့်အယှက်ဖြစ်သွားရင် ကိုယ့်ကို ခွင့်လွှတ်ပါ"

"ကျွန်မမှာ မိဘတွေ မရှိတော့ပါဘူး ဦးမင်းယုလွင်၊ မေမေက တလောကပဲ ဆုံးသွားတယ်၊ ကျွန်မ မေမေ မေမေသည်း ကျွန်မဘဝမှာ မရှိတော့ပါဘူးလေ၊ ဒီကို မရောက်ခင်အထိ ကျွန်မလိုပဲ ကျွန်မနဲ့ ကံတူအကျိုးပေး သူငယ်ချင်းတစ်ယောက်နဲ့ အတူနေပါတယ်၊ ဒါပေမဲ့ သူကလည်း ကျွန်မလိုပဲ ပညာတစ်ပိုင်း တစ်စနဲ့ပဲလေ၊ ဒါကြောင့် ကျွန်မတို့နှစ်ယောက် ဘဝရှေ့ရေးကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး အန်တီမေရဲ့ ဆက်သွယ်ပေးမှုနဲ့ ကျွန်မ ဒီမှာ အလုပ်လာလုပ်တာပါ ဦးမင်းယုလွင်၊ ကျွန်မအကြောင်းက ဒီလောက်ပါပဲ"

ပြောရင်းက ဖေဖေ့ကို သတိရသွားရတော့ ဖခင်ဖြစ်သူအား ရင်မှာ လွမ်းမောမှုတို့နှင့်အတူ နာကျင်မှုတို့ကလည်း ဖြစ်ပေါ်သွားရသည်။

နှုတ်ခမ်းလေးကို ဖိကိုက်ကာ ရစ်ဝဲလာသော မျက်ရည်တွေနှင့် တွေတွေလေး ငြိမ်သက်သွားရသည့် လရိပ်မေ၏မျက်နှာလေးကို မင်းယုလွင်သည် ကရုဏာသက်စွာကြည့်ရင်း သူကိုယ်တိုင်သူ ပြန်၍ ဒေါသဖြစ်ချင်ရသလိုလို။

သူသာ သူမအကြောင်း မမေးခဲ့မိရင် လရိပ်မေသည်လည်း ဒီလို ဆွတ်ကျင်မှုဝေဒနာတွေ ပြန်၍ခံစားရမည် မဟုတ်ပါ။ လရိပ်မေ ရင်ထဲတွင် ဘယ်လိုခံစားမှုဝေဒနာ ရှိနေသည်ဆိုတာ မင်းယုလွင် မသိပါ။

သူ သိသည်က သူမလေးကို အရမ်းပင် သနားကရုဏာ ဖြစ်နေရခြင်းဖြစ်သည်။

အရွယ်ငယ်ငယ် လှပလွန်းသည့် ရုပ်ရည်လေးနှင့် မလိုက်အောင် ဘဝပေးအကျိုးမကောင်းသော သူမသည် မိဘ အုပ်ထိန်းသူ မရှိ၊ အားကိုးစရာ မရှိပါဘဲ သူမတစ်ယောက်တည်း လောကအလယ်တွင် ကိုယ့်အားကိုယ်ကိုးလျက် ဘဝကို အရှုံးမပေးဘဲ ကြံ့ကြံ့ခိုင်သည့်စိတ်နှင့် လောကဓံကို ရင်ဆိုင်နေသူလေး





ပါလားဆိုသော အတွေးနှင့် မင်းယုလွင် ရင်မှာ ကျင်တက်သွားရသည်။

မိဘမရှိ အရွယ်ငယ်ပင် ငယ်သော်လည်း စိတ်ဓာတ်ကြံ့ခိုင်စွာ ပညာရေးအတွက် ရိုးသားစွာ သူများအိမ်တွင် အလုပ်လုပ်နေရသူလေးပါလားဆိုသော အသိဖြင့် မင်းယုလွင်သည် လရိပ်မေအား စိတ်မှာ သနားကရုဏာ အထင်ကြီးလေးစားခြင်းတို့နှင့် ချီးကျူးမိလိုက်သည်။

နှုတ်ဆိတ်ကာ မျက်လွှာလေး စင်းချလျက် ငြိမ်သက်သွားသူလေးကို မင်းယုလွင် တစ်ချက် ငေးကြည့်ရင်းက အလိုက်သိစွာ နေရာမှ ထရပ်လိုက်သည်။

လရိပ်မေ စိတ်မပါတော့မှန်း သိ၍ သူမအကြောင်းကို သူ ဒီထက်ပို၍ မမေးချင်တော့ပါ။

"ကိုယ့်ကြောင့် လရိပ်မေ အဟောင်းက အသစ်ဖြစ်သွားရင် တောင်းပန်ပါတယ်၊ ကဲ… ကိုယ် အလုပ်သွားတော့မယ်"

မင်းယုလွင် လရိပ်မေအပါးမှ ထွက်ခွာသွားခါမှ လရိပ်မေသည်လည်း တင်းထားသမျှ စိတ်တို့ကို လျှော့ချလျက် ပင့်သက်ကို မှုတ်ထုတ်မိတော့သည်။

ဘာပဲပြောပြော မင်းယုလွင် အနားမှာမရှိလေမှ လရိပ်မေ စိတ်ရောကိုယ်ပါ လွတ်လပ်သွားရသည်က အမှန်ဖြစ်သည်။

မင်းယုလွင်မှာလည်း လရိပ်မေအား ကျောခိုင်းခဲ့ရသော



www.burmeseclassic.com

www.burmeseclassic.com



မယ့် သူ့မျက်ဝန်းထဲမှာတော့ လရိပ်မေ၏ မျက်နှာလှလှလေးက တရစ်ဝဲဝဲနှင့် တွယ်ငြိကပ်ပါလာရတော့ သူ့ရင်မှာ မောသွား… ရသည်။

သူ ဘာဖြစ်တာပါလိမ့်။

ရှင်းရှင်းပြောရလျှင် သူနှင့် စေ့စပ်ထားသည့် ဝတ်ရည် နှင့် ပတ်သက်လာလျှင်တောင် မင်းယုလွင် ရင်ထဲ ဒီလိုခံစား… မျိုး မဖြစ်ပေါ်ခဲ့ဖူးပေ။

ယခုမှ သူမလေးနှင့်ကျမှ မင်းယုလွင် ရင်ထဲ ဒီခံစား… တွေ ဖြစ်တည်နေရသည်က ဘာကြောင့်မှန်း ကိုယ့်ကိုယ်ကိုလည်… နားမလည်နိုင်တော့ပါ။

ဟင်း… လရိပ်မေရယ်။

မင်းယုလွင်သည် ခေါင်းကို လေးပင်စွာ ခါယမ်း… လိုက်သည်။ လရိပ်မေဆိုသည့် သူမနှင့် ပတ်သက်ပြီး ရင်မော… ရသည်က သူ့အတွက် မနည်းတော့ပါ။

သူမနှင့် ပတ်သက်လာသည့် ဒီခံစားမှုတွေကို … မကြိုက်ပေမယ့်လည်း မင်းယုလွင် သူ့ကိုယ်သူ မထိန်းချုပ်နိုင် ခဲ့ပါ။

စိတ်မောကိုယ်မော သက်ပြင်းတွေချရင်း မင်းယုလွ… ကုမ္ပဏီကိုရောက်တော့ မျိုးဆက်မှာ သူ့ကိုကြည့်ကာ…

"မင်းယုလွင်… ပြန်လာသေးတယ်နော်၊ ငါဖြင့် မင်း…





…မင်းစားပြန်လွှတ်လိုက်တာ မှားပြီလို့တောင် ကိုယ့်ကိုယ်ကို …င်နေတာ၊ တကတည်းကွာ… မနက်စာထမင်းကို ပြန်စားတဲ့ …တဲ့၊ တစ်ခါတည်း ညစာပါ ပေါင်းစားနေလား မသိပါဘူး၊ …ငါ အခုပဲ မင်းဆီ ဖုန်းဆက်တော့မလို့ မင်းယုလွင်"

"အဟွန်း… ဟွန်း… ဟွန်း… မင်းကတော့ကွာ ပြောပြီ"

ကိုယ့်အပြစ်နှင့်ကိုယ်မို့ မင်းယုလွင်မှာ မျိုးဆက်ကို မျက်နှာချိုသွေးလိုက်ရသည်။

"မင်းကတော့ မလုပ်နဲ့ မင်းယုလွင်၊ ငါ တကယ်ပြော နေတာ၊ ကုမ္ပဏီမှာ အလုပ်တွေ ဒီလောက်ရှုပ်နေတာ သိသိကြီး …များ မင်းမို့ ဒီလောက်ကြာကြာနေနိုင်တယ်၊ ငါ့မှာတော့ ခုချိန်ထိ ထမင်းကို မစားရသေးဘူး၊ အလုပ်တွေနဲ့ တစ်ယောက်တည်း ခြေကျင်ကို လည်နေတာ"

"အေးပါကွာ… ဟုတ်ပါတယ်၊ ငါလည်း ချက်ချင်း ပြန်လာမလို့ပါပဲ၊ မထင်မှတ်ဘဲ နောက်ကျသွားတာ၊ နောက် ဒီလိုမဖြစ်စေရဘူး၊ ဟုတ်ပြီလား"

"ပြောတာပဲကွာ"

"တကယ်ပါကွာ၊ ငါ ကတိပေးပါတယ်"

မင်းယုလွင် ရယ်ကျဲကျဲနှင့် ကတိပေးလိုက်တော့မှ မျိုးဆက် ငြိမ်ကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် မျိုးဆက်ပုံစံက သိပ်ကျေနပ်လှသည် မဟု
သလို ပါးစပ်က ပွစိပွစိနှင့် မကျေမနပ် ပြောနေသေးသည်

"မင်းအပြောကို ယုံရင် ဒီတစ်ခါ ငါ ထမင်းတော်ကြ
တော့ မြင်ရပြီ မင်းယုလွင်"

"အဟွန်း… ဟွန်း… ဟွန်း… မင်းတော့ကွာ၊ ကြံဖ
ဖန်ဖန် ပြောတော့မယ်"

တစ်ခါလေး ထမင်းစားနောက်ကျရတာနှင့် မျက်နှာကြ
ရှုံ့မဲ့ကာ ပြောနေသော မျိုးဆက်ကို ကြည့်ပြီး မင်းယုလွင် မနေ
တော့ပါ။ သွားစွယ်ဖွေးဖွေးလေးများပေါ်အောင် သဘောတ
ရယ်မိလိုက်တော့သည်။

သည်တော့ မျိုးဆက်လည်း မနေနိုင်တော့။ မင်းယုလွ
ကိုကြည့်ကာ သူပါ ရောရယ်လေတော့သည်။

မျိုးဆက်ဆိုတာက ဒီလိုလူမျိုး၊ စိတ်အခန့်မသင့်၍ စိ
ဆိုးဒေါပွလျှင် ဘယ်လောက်မှ မကြာတတ်၊ ခဏလေးဖြစ်သ
က သူ့ထုံးစံပင်ဖြစ်သည်။

ဘာရယ်ညာရယ်လို့ အမှတ်သညာကြီး သူ မဟုတ်သ
မင်းယုလွင်အပေါ်တွင်လည်း သူငယ်ချင်းကောင်းပီသစွာ အ
သည်းခံနိုင်သူ၊ သည်းခံတတ်သူ ဖြစ်သည်။

ဒါတွေကြောင့်လည်း မင်းယုလွင် မျိုးဆက်ကို ညီအစ်
အရင်းတစ်ယောက်လို ခင်မင်ကာ ကုမ္ပဏီတွင် သူ့ကိုယ်





ျိုးဆက်ကို ထားနေရခြင်းဖြစ်သည်။

ဘွား ကျန်းမာရေး မကောင်းတော့သည့်အချိန်ကတည်း
က မင်းယုလွင်သည် ဘွားကို ဂရုစိုက်ရသည်က တစ်ဖက်၊
ုမ္ပဏီလုပ်ငန်းအပြင် တခြားလုပ်ငန်းတွေနှင့် မအားလပ်နိုင်
အောင် ဖြစ်နေသည်က တစ်ဖက်နှင့်၊ ဒီအခြေအနေတွင် မျိုးဆက်
သည် သူ့ကို များစွာ ကူညီပေးခဲ့သူဖြစ်သည်။

မျိုးဆက်ရှိလို့သာ သူလည်း သက်သာရာရပါသည်။
ဟုတ်ပါက သူတစ်ယောက်တည်း လွယ်မည်မဟုတ်။

သည်ကြားထဲ လရိပ်မဆိုသည့် မိန်းကလေးက အိမ်ကို
ရောက်လာပြန်တော့ မင်းယုလွင်တစ်ယောက် ယခင်ကထက်
ိမ်မှာ ပိုမြဲချင်နေရသည်။

သူ၏ ပျက်ချင်နေသော ခြေလှမ်းတွေကို မျိုးဆက်သည်
ိပ်မိသည်လား၊ မရိပ်မိဘဲ နေသည်လားတော့ မသိပါ။

အကဲခတ်ရခက်သော မျက်နှာနှင့် သူ့ကို ကြည့်လာ
ပြီး…

"ဘွားအခြေအနေရော ဘယ့်နှယ်နေသေးလဲ မင်းယုလွင်၊
ဘွားကျန်းမာရေးအခြေအနေ ပြန်ကောင်းနေပြီဆို"

"အင်း… လမ်းတော့ ကောင်းကောင်းပြန်လျှောက်နိုင်
နေပြီ"

"ဒါနဲ့ နေပါဦး မင်းယုလွင်၊ ငါ အခုမှသတိရတယ်၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ အိမ်ရောက်နေတဲ့ ဘွားအတွက် အကူခေါ်ထားတဲ့ မိန်းကလေး လေ"

လရိပ်မေအကြောင်း ပါလာသဖြင့် မင်းယုလွင် မျက်နှာ ကြီးတွန့်သွားရကာ…

"ဘာဖြစ်လဲ အဲဒီမိန်းကလေး"

"ဩော်… ငါမေးချင်တာက အဲဒီ မိန်းကလေး ဘွားအတွက် အဆင်ပြေလား မေးမလို့ပါကွာ"

မျိုးဆက်မှာ ပြောရင်းက တစ်စုံတစ်ရာကို သတိရသွားသလို မျက်မှောင်ကြုတ်လျက် စဉ်းစားဟန်နှင့် ငြိမ်သွားပြီးမှ…

"ကြည့်စမ်း… ငါ ဒါကို ဘာလို့ မေ့နေရတာပါလိမ့်"

"ဘာလဲ မျိုးဆက်"

မင်းယုလွင်မှာ မျိုးဆက်ကို ပြန်ကြည့်ရင်းက မေးလိုက်သည်။

"မင်း အခုတလော အိမ်ပြန်ပြန်နေတာ ရိုးမှ ရိုးရဲ့လား မောင်၊ မင်း ငါ့ကို မှန်မှန်ပြောနော် မင်းယုလွင်၊ ညာမယ်တော့ မကြံနဲ့၊ ဘွားကို အကြောင်းပြပြီး ကောင်မလေးနား မင်း ကပ်ဖို့ ကြံစားနေတာ မဟုတ်လား"

သူ့မျက်နှာကို အသေအချာ အကဲခတ်ကြည့်ရင်းက အတည်ပေါက်ပုံစံနှင့် မေးနေသော မျိုးဆက် စကားကြောင့် မင်းယုလွင်ပင် အနေခက်ခက်နှင့် မလုံမလဲကြီးဖြစ်သွားရသည်။





မျိုးဆက်ဆိုတာ ပါးနပ်သူတစ်ယောက်မှန်း မင်းယုလွင် မေ့ထား၍မရပါ။

ခက်သည်က သူ့အနေနှင့်ကလည်း ရင်မှာရှိသမျှ အမှန်အတိုင်း ဖွင့်ပြောဖို့ဆိုတာကလည်း မဖြစ်နိုင်သေးသည့်မို့ မျက်နှာ သွဲ့လျက် မယုတ်မလွန် စကားဆိုလိုက်သည်။

"မင်း ထင်သလို မဟုတ်ပါဘူးကွာ၊ အဲဒီမိန်းကလေးက ဘွားကို ပြုစုဖို့ ခေါ်ထားတဲ့ ချာတိတ်မလေးဆိုတာ မင်းလည်း သိနေတာပဲ၊ ပြီးတော့ မင်းပြောသလို စိတ်ကူးရအောင် ငါ့မှာ ဝတ်ရည်ရှိနေပြီးသားပဲ"

"အောင်မယ်… မင်းစကားက ဝတ်ရည်သာ မင်းအနား မှာမရှိရင် ကောင်မလေးအနား ချဉ်းကပ်မယ့်ပုံလိုလို၊ မင်းယုလွင် မင်းနဲ့ ငါက ဟိုးငယ်ငယ်ကတည်းက ပေါင်းလာတဲ့ သူငယ်ချင်း အရင်းကြီးတွေပါကွာ၊ တစ်ယောက်အကြောင်းလည်း တစ်ယောက် သိနေသလို မင်းစိတ်ထဲ ဘာရှိနေတယ်ဆိုတာလည်း ငါ ဝင် မကြည့်ပေမယ့် မြင်နေရပါတယ်ကွ"

မင်းယုလွင်မှာ မျိုးဆက်စကားကြောင့် ဖြူသောမျက်နှာ မှာ ရဲတက်သွားရပြီး…

"မင်း မယုံလည်း ငါ မတတ်နိုင်ဘူး မျိုးဆက်၊ ငါက အမှန်အတိုင်း ပြောနေတာပဲ၊ ဒီထက်လည်း ငါ မပြောတတ်တော့ ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ငြင်းလက်စနှင့် မင်းယုလွင် ဆက်၍ ညာပစ်လိုက်သည်။ မျိုးဆက်မှာ ဒါကိုပင် မခံချိမခံသာ ဖြစ်ရကာ မင်းယုလွင်ကို ကြည့်လျက် နှုတ်ခမ်းကို ဖိကိုက်လိုက်ကာ…

"အေးလေ… မင်းက မဟုတ်ဘူးငြင်းနေမှတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ ဒီပုံအတိုင်းဆို ငါတော့ မကြာခင် စွဲရချည့်သေးရဲ့"

"ဘာ…"

တစ်ချိန်လုံး ရယ်ရယ်မောမောနှင့် ပြုံးရွှင်စွာ စကားဆိုနေသော မင်းယုလွင်တစ်ယောက် မျိုးဆက်ထံမှ စကားပင် မဆုံးသေး၊ ခက်ထန်သော မျက်နှာကြီးနှင့် 'ဘာ' ဆိုသော အသံသူ့ကိုယ်သူ သတိမထားမိခင် ထွက်ပေါ်သွားရသည်မို့ မျိုးဆက်မှာ ပြုံးလွှန့်လွှန့်နှင့် ပခုံးတွန့်လိုက်ပြီး…

"ဘာဖြစ်ရတာလဲကွာ၊ မင်း ပြောတော့ အဲဒီကောင်မလေးက သိပ်လှတယ်ဆို၊ ဒီလောက်လှတဲ့ ကောင်မလေးကို ဖူးစာရေးနတ်က ငါ့အတွက် ကြဲဖန်လွှတ်ပေးလိုက်တာပဲနေမှာ၊ မဖြစ်ဘူး… ငါ သူနဲ့တွေ့အောင် မြန်မြန်ကြိုးစားရမယ်၊ ဒါမှ ငါလည်း လူပျိုကြီးဘဝက အမြန်စွံမှာ၊ ဟုတ်တယ် မဟုတ်လား မင်းယုလွင်"

"မသိဘူးကွာ၊ ငါနဲ့ ဘာဆိုင်လို့လဲ"

"မျက်နှာကြီးကလည်း ခုပဲ လူထသတ်တော့မယ့်





အတိုင်း၊ ဘာလို့ မဆိုင်ရမှာလဲကွ၊ အဲဒီ ကောင်မလေးဟာ င်းအိမ်မှာနေတာ မင်းနဲ့ အဆိုင်ဆုံးပေါ့၊ ဘာလဲ မင်းက ဒီကောင်မလေးကို ငါနဲ့ သဘောမတူလို့လား၊ အဲဒီလိုတော့ ကက်စက်ပါနဲ့ မင်းယုလွင်ရာ၊ မင်းနဲ့ ငါက သူငယ်ချင်းအရင်း ကြီးတွေပါ၊ ငါ့အပေါ် ဒီလောက်လေးတော့ မင်း သဘောထား ကြီးဦးမှပေါ့"

"တော်စမ်းကွာ မျိုးဆက်၊ အဓိပ္ပာယ်မရှိတဲ့ စကားတွေ င်း မပြောစမ်းနဲ့"

မျက်နှာတင်းတင်းကြီးနဲ့ မင်းယုလွင်သည် မျိုးဆက်အား ဆတ်တည်တည် ငေါက်ပစ်လိုက်သည့်တိုင် မျိုးဆက်မှ စကား ချပ်သေးဘဲ…

"ဟ… မသိလို့ ရမလားကွ၊ မင်းက အိမ်ရှင်ပဲ"

"ဟာ… မင်း…"

စ,ကောင်းကောင်းနှင့် စနေသော မျိုးဆက် စကားမှ ဆုံးသေး။ မင်းယုလွင်သည် ရှုတည်တည် မျက်နှာထားကြီးနှင့် ကခုံးကြီးတွန့်ကြုတ်လျက် နေရာမှ ထရပ်လိုက်ကာ အပြင်သို့ ခြေလှမ်းကျဲကြီးများနှင့် ထွက်သွားတော့ အံ့သြစွာ ကျန်ခဲ့သူက မျိုးဆက်ဖြစ်သည်။

ရော်… မင်းယုလွင်၊ ဒီကောင် ဘာဖြစ်တာပါလိမ့်၊ မျက်နှာပျက်ပျက်နှင့် ထွက်သွားသည်က တကယ့်ကို စိတ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



သွားသူတစ်ယောက်လို သူ စိတ်ဆိုးအောင်လည်း ငါ မစ,ရသေ ပါလားဆိုသော အတွေးနှင့် မျိုးဆက် အဖြေရှာသလို စဉ်းစားေ မယ့် ကျေနပ်လောက်သည့်အဖြေက ရှိမလာခဲ့ပါ။

တစ်ဦးနှင့်တစ်ဦး ဒီထက်မက စ,နောက် ပြောခဲ့ကြ တုန်းကတောင် မင်းယုလွင်သည် ခုလိုမျိုး မျက်နှာပျက်တဲ့အ မဖြစ်ခဲ့ဖူးပါ။ ခုမှ ဘာမဟုတ်တာလေးနှင့် ဒေါသတကြီး ရှူးရှ ရှားရှား ဖြစ်သွားရသော မင်းယုလွင်ကို မျိုးဆက်သည် နားမလည် နိုင်တော့ပါ။

အတွေးများနှင့် မျက်မှောင်တွန့်ကာ စဉ်းစားနေဆဲမှာပ မင်းယုလွင်သည် အခန်းထဲသို့ ပြန်ဝင်လာသည်။

သည်တစ်ခါတော့ သူ့မျက်နှာသည် စောစောတုန်းကလ မဟုတ်တော့။ သုန်မှုန်ခြင်း မရှိ၊ ခက်ထန်ခြင်း မရှိ၊ ပကတ ကြည်စင်သောမျက်နှာနှင့်ပင် အပြုံးခပ်လွန့်လွန့်နှင့် သူ့အနား ရောက်လာပြီး….

"မင်း ငါ့အကြောင်း မဟုတ်တာ ဘာတွေစဉ်းစားနေတ လဲ မျိုးဆက်"

စိတ်မလုံသလို ရှက်ယောင်ဝဲဝဲမျက်နှာကြီးနှင့် ဆိုလိုက တော့ မျိုးဆက်မှာ ဟန်မဆောင်နိုင်တော့ဘဲ ရယ်မိလိုက်၏။

"အင်း….မင်းယုလွင်၊ မင်းကိုယ်မင်း ဘာတွေပြောင်းလဲ နေလဲဆိုတာတောင် သတိမထားမိတော့ဘူးနော်၊ တော်ပါပြီကွာ…





နောက်တစ်ခါ မင်းအိမ်က ကောင်မလေးကိုလည်း မတောင်းရဲ တော့ပါဘူး"

"တော်စမ်းပါကွာ"

မျိုးဆက် စကားတွေက သူ့ကို တမင်စနေမှန်းသိတော့ င်းယုလွင် အပြုံးနှင့် မျိုးဆက်ပခုံးကို ခပ်ဖွဖွထိုးရင်း ရယ်မော လိုက်ရ၏။

အားလုံး တကယ်တမ်း သူ့အလွန်သာ ဖြစ်ပါသည်။ လရိပ်မေနှင့် ပတ်သက်ကာ မျိုးဆက် သူ့ကို စ,နေမှန်းသိသိ ကြီးနှင့်ပင် သူ စိတ်ထိန်းမရ ဒေါသဖြစ်သွားရသည့်အဖြစ်ကို င်းယုလွင် သူ့ကိုယ်သူ ပြန်၍အပြစ်တင်မိလေသည်။

လရိပ်မေနှင့် သူ ဆိုတာက ကိုယ်နှင့်ဆိုင်လည်း မဆိုင်၊ ိုင်လည်း မပိုင်ပါဘဲနှင့် သူမနှင့် ပတ်သက်လာလျှင် စကား လေးနှင့် စတာကိုပင် သူ့အနေနှင့် ခံနိုင်ရည်မရှိအောင် ဖြစ်ရ သည့်အတွက်လည်း သူ့ကိုယ်သူ ရှက်လို့မဆုံးပါတော့။

တစ်ဆက်တည်း သူ့ကိုပင် သူ နားလည်လိုက်သည်က လရိပ်မေဆိုသည့် သူမလေးသည် သူ့နှလုံးသားကို အမှန်ပဲ စိုးမိုး နေပြီဟူသော အသိပင် ဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

အိမ်ရှေ့က ကားထိုးရပ်သံကြောင့် လရိပ်မေမှာ မီးဖိုထဲ မအေးနှင့်အတူ ချက်ပြုတ်နေရာမှ ခေါင်းလေး ဆတ်ခနဲ ထောင် သွားကာ အကြည့်များကလည်း ရှေ့သို့ ရောက်ရှိသွားရသည်။

အိမ်ထဲဝင်လာသူက အသက်ငါးဆယ်ကျော်ရှိမည့် ခော်မီ သော အပြင်အဆင် အခြယ်အသများနှင့် အသားဖြူဖြူ၊ ကိုယ် ဟန်လှလှ၊ နုတ်ခမ်းထက်ဝယ် အပြုံးတစ်ပွင့်တွဲခိုလျက် အိမ်ထဲ သို့ ရဲရဲတင်းတင်း ဝင်ရောက်လာသည့် အမျိုးသမီးကြီးတစ်ဦး။

ထိုအမျိုးသမီးကြီးမှာ တစ်အိမ်လုံးကို အကြည့်များဝင့် လျက် အကဲခတ်သော အကြည့်တော်နှင့် ကြည့်ကာ ထမင်းစား ခန်းဝတွင် ရပ်နေသော လရိပ်မေနှင့် မျက်နှာချင်းဆုံမိသွားရ သည်။





ဒေါ်မော်လီမှာ ဝင်းဝင်းဖန့်ဖန့် မျက်နှာနုထွေးထွေးနှင့် ဆင်တာထက်ပင် ပို၍ချောမောလှပနေသော ကြည်စင်ဝင်းဖန့် သည့် အသားအရေကို ပိုင်ဆိုင်ထားသည့် လရိပ်မေကို ကြည့် ပြီး သေးသွယ်သည့် မျက်ခုံးလှလှလေးမှာ တွန့်ကွေးမြင့်တက်သွား ရသည်။

ကြည့်စမ်း… ဒါ ဘွားကို ပြုစုဖို့ ဘွားအနားရောက်နေ သည့် လရိပ်မေဆိုသည့် မိန်းကလေးတဲ့လား။

အလိုမကျမှုတွေနှင့် သုန်မှုန်သွားရသည့် ဒေါ်မော်လီကို လရိပ်မေသည်လည်း ပြန်ကြည့်နေလေသည်။

လရိပ်မေ ဒီအမျိုးသမီးကြီးကို တစ်ခါမှ မမြင်တွေ့ဖူး ပါ။ သူမ ဒီအိမ်ကို ရောက်နေသည့် အချိန်နှစ်လအတွင်းမှာ ဒီအမျိုးသမီးကြီးသည် ဒီအိမ်ကို တစ်ခါမှ မလာဖူးတာ သေချာ သည်မို့ ကြည်စင်သော မျက်ဝန်းတောက်တောက်လှလှလေးများ နှင့်ပင် လရိပ်မေသည် ထိုအမျိုးသမီးကြီးကို ဒီအိမ်လာသည့် ဧည့်သည်ဟု ထင်မှတ်ကာ…

"အန်တီ ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲရှင်"

လရိပ်မေ စကားကို အမျိုးသမီးကြီးမှာ ဂရုမစိုက်ဟန် လက်ကိုင်အိတ်လှလှကြီးကို လက်မှာချိတ်လျက် သူမရှေ့ကနေ ဧည့်ခန်းဆောင်တစ်ခုလုံးကို လိုက်ကြည့်လိုက်ပြီး…

"မောင်မင်းယုလွင် ရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဪ… အန့်တီက ဦးမင်းယုလွင် ညွှဲ့သည့်ထင်
တယ်၊ ဦးမင်းယုလွင် မရှိပါဘူးရှင်"

"သူ ဘယ်သွားလဲ"

"အဲဒါတော့ ကျွန်မ မသိပါဘူး"

"ဘွားရော"

"ရှိပါတယ်"

"ဘယ်မှာလဲ"

"အပေါ်ထပ် ဘွားအခန်းထဲမှာပါ"

အမျိုးသမီးကြီးမှာ ပြောရင်းက လရိပ်မေကို စေ့စေ့
စူးစူး သေချာစိုက်ကြည့်လိုက်သည်။

"ဒါနဲ့ မင်းက ဘွားကို ပြုစုဖို့ ခေါ်ထားတဲ့ မိန်းကလေး
ဆိုတာလား"

"ဟုတ်ပါတယ်"

"အင်း… မောင်မင်းယုလွင်တို့ကတော့ ခက်တာပဲ၊ ဘွား
အတွက် အဖော်ခေါ်ထားတဲ့ မိန်းကလေးက ဒီလောက် အသက်
အရွယ်ငယ်ငယ်နဲ့ ဘာလုပ်တတ်မှာမို့လို့လဲ"

"ဟင်…"

အနေခက်အသွားမလွတ်သည့် အမျိုးသမီးကြီး၏ စကား
ကြောင့် လရိပ်မေမှာ ရုတ်ခြည်း ဒေါသဖြစ်သွားရသည်။

ဒီအမျိုးသမီးကြီး စကားတွေက ဘယ်လိုပါလိမ့်၊





တစ်ယောက်ကို အပေါ်ယံအကြည့်နှင့် အထင်သေးလွန်းသည်က
တော့ သူမကို စော်ကားနေသလို။

ခေတ်မီသော အပြင်အဆင်၊ အခြယ်အသများနှင့်အတူ
စိန်များ တဖျတ်ဖျတ်လက်နေအောင် ဝတ်ထားသည့် ထိုအမျိုး
သမီးကြီးသည် စကားတွေသာမက အကြည့်တွေကပါ သူမကို
အထင်အမြင်သေး နှိမ့်ချသည့်နှယ် လူလူချင်း မတူမတန်သလို
ကြည့်နေပုံက လရိပ်မေ သူမစိတ်ကို သူမ မနည်းဖြန့်၍ ချုပ်ထိန်း
ထားရသည့်အဖြစ်။

သို့သော် ဘယ်လိုပဲ ချုပ်ထိန်းထားပါစေ၊ လရိပ်မေဆို
တာက နဂိုကပင် မဟုတ်မခံစိတ်ရှိသူပီပီ သူမကိုယ်သူမမှ မထိန်း
လိုက်နိုင်ခင်မှာပဲ…

"လူတစ်ယောက်ကို အပေါ်ယံကြည့်ပြီး ဆုံးဖြတ်တာ
ဟာ တစ်ဖက်သတ်မဆန်လွန်းဘူးလား အန်တီ"

"အိုအေ… ကိုယ့်ကိုယ်ကိုတော့ အဲလိုပြောကြတာပဲ
ညည်းတို့လို အဆင့်အတန်းက လူတွေက ပြောရင်လည်း ခံချင်
ကြတာ မဟုတ်ဘူး၊ ပြီးတော့ လူကြီး လူကြီးမှန်းမသိ၊ ခုပဲကြည့်၊
ညည်း ငါ့ကို နှုတ်လှန်ပြန်ပြောနေလိုက်တာ၊ အေးလေ… ညည်း
တို့အဆင့်က လူတွေက ဒီလိုပါပဲ၊ မိဘအဆုံးအမလည်း မရှိဘူး
ဆိုပါတော့၊ သိပ်ရိုင်းတာပဲ"

လွန်ပြီ၊ သိပ်ကိုလွန်နေပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝအခြေအနေမလှ၍ သူများအိမ်တွင် လရိပ်
အလုပ်လာလုပ်နေရသည့် ဆိုပေမယ့် လရိပ်ခမသည် သူမ
ဒီထိ စော်ကားလွန်းသည့် စကားများကိုတော့ သည်းမခံနိုင်တေ
ပါ။

အဆိုးဆုံးက လရိပ်မေအား မိဘအဆုံးအမမရှိသ
မိန်းကလေးလို့ ပြောလိုက်သည်ကတော့ လရိပ်မေ သည်းခံနိ
ကို အစွမ်းကုန် ပေါက်ကွဲစေရသည်။

မိမရှိ၍ မိမဆုံးမလျှင်သော ရှိပါလိမ့်မည်။ ဖြစ်သ
ဖေဖေကတော့ လရိပ်မေအား သူမငယ်စဉ် ကလေးဘဝကတ
က ဆိုဆုံးမပြောခဲ့သူ ဖြစ်သည်။

သည်လို ဖခင်၏ အုပ်ထိန်းမှု၊ ဆိုဆုံးမမှုအောက်
လီမ္မာယဉ်ကျေးစွာ နေထိုင်ကြီးပြင်းခဲ့ရသည့် သူမကို မိဘ
ဆိုဆုံးမမှုမရှိသည့် မိန်းကလေးအဖြစ် ပြောလိုက်သည်က
သူမကိုသာမက ကွယ်လွန်သူ ဖေဖေ့ကိုပါ စော်ကားလိုက်သ
စကားပေမို့ လရိပ်မေသည် နာကျင်စိတ်နှင့် နှုတ်ခမ်းလေး
ပြတ်ထွက်လုမတတ် ဖိကိုက်လိုက်ပြီး…

“ဒီမှာ အန်တီ၊ အန်တီလည်း လူကြီးတစ်ယောက်
သားသမီးချင်း ကိုယ်ချင်းစာပါ၊ ကျွန်မထင်တာ မမှားဘူးဆို
အန်တီ့မှာလည်း သားသမီး ရှိကောင်းရှိပါလိမ့်မယ်၊ မိဘ
ယောက်အနေနဲ့ ကျွန်မနေရာမှာ အန်တီ့သမီးတစ်ယောက်ဆို





ရာ အန်တီ ခုလိုပဲ ပြောနိုင်ဦးမှာလားဆိုတာ”

“ဟင်… ညည်း… ညည်း…”

ရင်မှာ ခံစားမှုတွေက မမျိုသိပ်နိုင်တော့သည့်အဆုံး
လရိပ်မေ စကားကြောင့် ဒေါ်မော်လီမှာ မျက်နှာကြီးရဲလျက်
ဒေါသတွေနှင့် ဆွေ့ဆွေ့ခုန်သွားရသည်။

“ဒီမှာ… ညည်းက ရာရာစစ၊ ညည်းကို ငါ့သမီးနေရာ
ထားပြီး စဉ်းစားပေးရဦးမယ် ဟုတ်လား၊ အံ့ပါအေ… ညည်းတို့
လို လူမျိုးတွေက ကိုယ်နဲ့ တန်သည် မတန်သည်၊ အပ်စပ်သည်
အပ်စပ်သည် မသိတော့ဘဲ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မတန်မရာ
နေရာကို ရောက်ချင်နေတဲ့သူတွေပဲ၊ ညည်းဘဝကိုရော ညည်း
သိရဲ့လား”

သားသမီးချင်း ကိုယ်ချင်းမစာ ပြောရက်လေခြင်းဆို
သည့် စိတ်နှင့် လရိပ်မေသည် ရစ်ဝဲလာသော မျက်ရည်စများ
ကို မျက်တောင်ရှည်ကြီးနှင့် တဖျတ်ဖျတ် ပုတ်ထုတ်ရင်းက
သတ်ကလေးနှစ်ဖက် တင်းတင်းဆုပ်ထားလိုက်ပြီး…

“သိပါတယ် အန်တီ၊ ကျွန်မ ဘဝကို ကျွန်မ သိပါတယ်၊
သိလို့လည်း ကျွန်မ ဒီစကားတွေ ပြောနေရတာပါ၊ ကိုယ့်မှာ
ငွေကြေးရှိတယ်၊ ငါ ပိုက်ဆံရှိတယ်ဆိုပြီး တစ်ဖက်သားကို လူလူ
ချင်း မမြင်ဘဲ နှိမ့်နှိမ့်ချချ အထင်သေးစော်ကားလွန်းတဲ့ အန်တီ
တို့လို ငွေရှင်ကြေးရှင်လူတွေ ရှိနေသရွေ့ ကျွန်မတို့လို ဘဝကို



www.burmeseclassic.com

www.burmeseclassic.com



ရိုးသားစွာ ကြိုးစားရုန်းကန်နေတဲ့ မိန်းကလေးတွေ ဒုက္ခနဲ့ ရင်ဆို နေရဦးမှာပါပဲ"

"အံမယ်… အံမယ်… ကြည့်စမ်း၊ ညည်းစကား မသိရင် ငါကပဲ လူလူချင်း မတရား နှိပ်စက်ပြောဆိုနေ မိန်းမကြမ်းကြီးတစ်ယောက်လိုပါလား"

"ဒါကတော့ အန်တီ့ကိုယ်အန်တီ ပိုသိမှာပေါ့လေ"

"ဟွန်း… စိတ်ကုန်တယ်၊ ညည်းကို ကြည့်ပြီး တကယ်စိတ်ကုန်တယ်၊ ပြောလိုက်ပြန်ရင်လည်း နှုတ်သီးကော လျှာပါးနဲ့၊ မဖြစ်ဘူး… မဖြစ်ဘူး၊ လူကြီးကို လူကြီးမှန်းမေ ပြန်ပြီးခံပြောတတ်တဲ့ မိန်းကလေးဟာ ဘွားကို ဘယ်လိုမျ ပြုစုနေလဲဆိုတာ မောင်မင်းလွင်ကို မေးရဦးမယ်"

လရိပ်မေ၏ သည်းခံမှုတွေ ဒီလောက်မပိုနိုင်တော့ လရိပ်မေဆိုသည့် သူမသည် လူကြီးသူမများအပေါ် ရိုင်းစိုင်း မဆိုထားနှင့် ဖေဖေ ဆုံးမထားသည့်အတိုင်း ကိုယ့်ထက်ကြီးသူ ရှိသေး ငယ်သူကို လေးစားဆိုသည့်စိတ်နှင့် အားလုံးအပေ သည်းခံစိတ်မွေးကာ မေတ္တာရှေ့ထားလျက် ဆက်ဆံတတ်သူ လေ။

ခုတော့ ဒါတွေက သူမရှေ့က အမျိုးသမီးနှင့်တွေ့တော့ အရာအားလုံး သဲထဲရေသွန်ဖြစ်ခဲ့ရကာ လရိပ်မေသည် တစ်သ နှင့်တစ်ကိုယ် သူမဘဝတွင် မပြောဖူးသည့် စကားများဖြင့် ေ





တော်ကြေးဝှတ် အခေါင့်အတန်းခွဲခြားကာ လူလူချင်း အထင်သေး မိုချလွန်းသည့် အမျိုးသမီးကြီးအပေါ် သည်းခံနိုင်သည့် အတိုင်း အတာ လွန်ခဲ့ရပြီမို့ ရင်မှာ နာကျင်မှုတွေနှင့် ပေါက်ကွဲခဲ့ရလေ ပြီ။

သည်အတွက် သူမကို ရိုင်းစိုင်းသည့် မိန်းကလေးရယ် သို့ ထင်ချင် ထင်ကြပါစေတော့။ လရိပ်မေကား ဂရုမစိုက်နိုင် တော့ပါ။ သူမကို ပြောတာထက် ဆုံးပါးသွားသည့် ဖေဖေ့ကို စော်ကားလွန်းသည့်စကားမျိုးကိုတော့ လရိပ်မေသည် ဘယ် ခင်အားနှင့် သည်းခံနိုင်မှာတဲ့လဲလေ။

ဒါတွေအားလုံးသည် သူမ၏ နုံချာလှသည့် ဘဝပေး ကြောင့်ပါလားဆိုသော အသိနှင့် လရိပ်မေသည် အကြည့်ရူးရူး နှင့် အမျိုးသမီးကြီးကို တစ်ချက်ကြည့်ကာ နေရာမှ သူမ လှည့် ထွက်…

'နေဦး' ဆိုသည့် ဟန့်တားလိုက်သည့် အမျိုးသမီးကြီး၏ စကားကြောင့် လရိပ်မေ၏ ခြေလှမ်းများ ရပ်တန့်သွားသည်။

ကျောပေးလျက် ရပ်နေသည့် လရိပ်မေကို ဒေါ်မော်လီ သည် အကြည့်စိမ်းစိမ်းတွေနှင့် ကြည့်လိုက်ပြီး…

"ညည်းကို ငါ တစ်ခါတည်း သတိပေးထားရဦးမယ်၊ ညည်း မောင်မင်းယုလွင်နဲ့ ခပ်ကင်းကင်းနေပါ၊ မောင်မင်းယုလွင် ဆိုတာ ငါ့သမီး ဝတ်ရည်နဲ့ စေ့စပ်ထားတဲ့ မကြာခင် လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်သူ”

နှုတ်ခမ်းဖူးဖူးလှလှလေးကို လရိပ်မေသည် တွေးညွှ
သွားအောင် ခပ်မဲ့မဲ့ပြုံးလိုက်ပြီး…

“အန်တီ ပြောချင်တာ ဒါပဲဆိုရင် ကျွန်မကို ခွင့်ပြု
ဦး”

ပြောပြီး ချာခနဲ လှည့်အထွက် လရိပ်မေ၏ မျက်ရည်
စက်တချို့က ကြမ်းပြင်ထက် ကြွေကျသက်ဆင်းခဲ့ရသည်ကိုတော့
သူမမှလွဲ၍ တခြား ဘယ်သူမှ သိမည်မဟုတ်ဟု ထင်ထားခဲ့
မယ့် သိနေသူတစ်ဦးကတော့ ရှိနေပါသေး၏။ ထိုသူမှာ လရိပ်
နှင့်အတူ မီးဖိုထဲ ချက်ပြုတ်နေသည့် မအေးပင်ဖြစ်သည်။

ဒေါ်မော်လီနှင့် လရိပ်မေတို့၏ ပြောစကားများကို အစ
အဆုံး မြင်တွေ့ခဲ့ရသော မအေးသည် လရိပ်မေအတွက် စိတ်
မကောင်းဖြစ်ရရုံကလွဲလို့ သူမအနေနှင့် ဘာမှမတတ်နိုင်ခဲ့ပါ။

ထိုနေ့က ထူးထူးခြားခြားပင် လရိပ်မေသည် ဒေါ်မော်
ပြန်သွားမှ ဘွားနားသို့ သူမ ပြန်ရောက်ခဲ့လေသည်။

* * *





မင်းယုလွင် ဆောက်တည်ရာမရနိုင်ပါ။ သူ့ကိုယ်သူ
ည်း ဘာဖြစ်သွားရသည် မသိပါ။ ကြားလိုက်ရသည့် စကား
တွေက သူ့အတွက် မယုံချင်စရာ အံ့သြမှုတွေနှင့် လရိပ်မေအပေါ်
သနားကြင်နာမှုတို့ကလည်း ခုနေ ရင်ထဲ ဘာနှင့်မှ နှိုင်းယှဉ်ပြ
ဖို့ မရနိုင်တော့။

“မအေး ခုပြောနေတဲ့ စကားတွေက အားလုံးအမှန်တွေ
လား”

“အမှန်တွေပါပဲ ဆရာရယ်၊ ကျွန်မ ဆရာ့ကို ညာဝံ့ပါ့
လား၊ တကယ်တော့ ကျွန်မ ဒီစကားကို မပြောဘူးလို့ ဆုံးဖြတ်
တာပါ၊ ဒါပေမဲ့ လရိပ်လေးကို သနားလွန်းလို့…”

“တော်တော့ မအေး၊ တော်တော့… လရိပ် သူ ခု
ဘယ်မှာလဲ”

“ရှိပါတယ် ဆရာ၊ ဘွားနားမှာပါ၊ ဆရာ ပြန်မလာခင်
အထိ လရိပ်လေး သူ့အခန်းထဲမှာ အရမ်းငိုနေတာ ကျွန်မကိုယ်
တိုင် မြင်ခဲ့ရတာပါ”

မင်းယုလွင် ကုမ္ပဏီမှ ပြန်ရောက်သည်နှင့် မအေးမှာ
သူမ သိထားသမျှ ဒေါ်မော်လီနှင့် လရိပ်မေ အချေအတင်ဖြစ်ခဲ့
သမျှ နေ့လယ်က အဖြစ်ကို မင်းယုလွင်အား တစ်လုံးမကျန်
အတုန်ပြန် ပြောပြနေခြင်းဖြစ်သည်။

မအေး ပြောသမျှ စကားတို့ကို နားထောင်ရင်း မင်းယု



www.burmeseclassic.com

www.burmeseclassic.com



လွင် မျက်မှောင်ကြီးကြုတ်သထက် ပို၍ တွန့်ကြုတ်လာရသည်
မအေး ပြောစကားအရ သူ မရှိသည့်အချိန် အန်တီ
ဒေါ်မော်လီသည် အိမ်ကိုလာသွားကာ လရိပ်မေအား အထင်သေး
နှိမ့်နှိမ့်ချချစကားတွေ ဆိုသွားရုံမက သူမမာနနှင့် သိက္ခာ ကိုယ်
ကျင့်တရားတို့ကိုပါ ငွေရှင်ကြေးရှင်တစ်ယောက်က အလုပ်ကြမ်
သမားတစ်ယောက်ကို ဆက်ဆံသလိုမျိုး ပြောဆိုဆက်ဆံသွား
သည့်အကြောင်း သိရတော့ မင်းယုလွင်မှာ အန်တီဒေါ်မော်လီ
အတွက် လရိပ်မေကို အရမ်းကို အားနာသွားရသည်။
သနားစိတ်နဲ့လည်း မင်းယုလွင်သည် လရိပ်မေရှိရာ
ဘွားအခန်းထဲသို့ ရောက်ရှိသွားတော့ သူမလေးသည် ဘွားအနား
တွင် နွမ်းလျသည့် မျက်နှာလေးနှင့် ဘွားအတွက် လိုအပ်တာများ
ပြုစုလုပ်ကိုင်ပေးနေလေသည်။
မအေး ပြောသလို သူမလေး အရမ်းငိုထားရသည်
တာ ဟုတ်ပါလိမ့်မည်။ နှာသီးဖျားလေးများရဲလျက် မို့အစ်
သော မျက်နှာလေးနှင့် ခပ်နွမ်းနွမ်း မျက်နှာလေး သနားစဖွယ်
ကရုဏာသက်ဖွယ် ဖြစ်သည်။
လရိပ်မေမှာ သူ့ကို တစ်ချက်မှ မကြည့်ပါ။ မင်းယုလွင်
သူမရင်ထဲက ခံစားမှုဝေဒနာတွေကို နားလည်ပါသည်။ ရိုးသား
ကာကြိုးစားသော လရိပ်မေသည် ငွေမရှိ ပိုက်ဆံ မချမ်းသာ





ပေမယ့် မဟုတ်မခံ မာနလေးကတော့ သူမတွင် ရှိပါသေး၏။
ဘဝအတွက် ရိုးရိုးသားသား ကြိုးကြိုးစားစားနှင့် မိန်းမ
ပျိုလေးတန်မဲ့ သူများအိမ်တွင် လာအလုပ်လုပ်နေရပေမယ့်လည်း
သူမ၏ ကိုယ်ကျင့်တရားနှင့် မာနကိုတော့ လရိပ်မေသည်
ဆ်ကားခံမည့်သူ မဟုတ်ပေ။ ပြောရလျှင် မင်းယုလွင်ကိုယ်
တိုင်က သူမ၏ စိတ်ဓာတ်ကို ချီးကျူးလေးစားရသူဖြစ်သည်။
ကိုယ့်ဘဝအတွက် ကြိုးစားရုန်းကန်သူ၊ သူမလေးသည်
ဘဝကို ဖြတ်လမ်းကမလိုက်ဘဲ ရိုးရိုးသားသားနှင့် မဟုတ်မခံ
မာနလေးနှင့် ဘဝကို တန်ဖိုးထားကာ ဖြူဖြူစင်စင် ဖြတ်သန်း
သူလည်း ဖြစ်သည်။
ဒီလို မိန်းကလေးတစ်ယောက်ကိုမှ အန်တီ ဒေါ်မော်လီ
သည် သားသမီးချင်း ကိုယ်ချင်းမစာ သူများအိမ်တွင် အလုပ်လုပ်
နေသည့် မိန်းကလေး၊ ငါပြောရင် ခံရမည်ဟူသော ငွေကြေးရှင်
အရှင်ဆန်ဆန်အတွေးနှင့် အထင်သေးနှိမ့်ချစွာ ဆက်ဆံပြောဆိုခဲ့
သည်ကတော့ သိပ်ကိုလွန်ပါသည်။
တကယ်တော့ လရိပ်မေဆိုတာ ဝတ်ရည်နှင့် သက်တူ
ရွယ်တူ မိန်းကလေး။ အသက်အရွယ်ချင်း တူတူဆိုပေမယ့်
ဝတ်ရည်သည် မိဘရှာထားသည့် ပိုက်ဆံနှင့် တစ်သက်လုံး
သိုတရာဘဝဖြင့် ကြီးပြင်းခဲ့သူဖြစ်သလို ယခုအချိန်ထိလည်း
ငွေတန်ဖိုးဆိုတာ နားမလည်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သမျှ အဝတ်အစား အသုံးအဆောင်များကို မရိုး အောင် ဝတ်ဆင်သုံးစွဲနေရသော ဝတ်ရည်ဘဝက လောကစက် ပေါ်တွင် အလိုက်သင့် လိုက်ကနေရသူမို့ သူမဘဝတွင် ဘာတစ်ခု မှ လေးလေးနက်နက် မရှိခဲ့ပါ။

ငွေဆိုတာ မိဘထံ လက်ဖြန့်တောင်းလိုက်ရုံနှင့် အဆင် သင့်။ ဒီလို ဘဝမှာ ကြီးပြင်းခဲ့သော ဝတ်ရည်သည် ဘဝတွင် ပူပင်သောကဆိုတာလည်း ဘာတစ်ခုမှ မရှိခဲ့ပါပေ။

လရိပ်မေကတော့ သူမနှင့် ဆန့်ကျင်ဘက်။ အရွယ်ငယ် ငယ်နှင့် မိဘတွေမရှိသောကတွင် ဘဝရှင်သန်ရပ်တည်ရေး အတွက် ကိုယ့်အားကိုယ်ကိုးကာ သူများအိမ်တွင် လာ၍ အလုပ် လုပ်နေရသူ။

ဝတ်ရည် တစ်နေ့သုံးငွေသည် လရိပ်မေအတွက် တစ် လစာ ရှိပါလိမ့်မည်။ ဒီလို မိန်းကလေးတစ်ယောက်ကိုမှ အနိုင် မော်လီသည် ဘာကြောင့် ခုလို ရက်ရက်စက်စက် ကိုယ်ချင်းမစာ ပြောဆိုဆက်ဆံခဲ့ရပါသည်လဲ။

တွေးရင်းက မင်းယုလွင်သည် မချင့်မရဲ မကျေနပ်စိတ် တို့နှင့် မေးကြောကြီးများ ထောင်ကားလာသည်အထိ အံကို တင်း တင်းစေ့ကြိတ်ပစ်လိုက်သည်။

နွမ်းလျသော မျက်နှာလေးနှင့် တစ်ချိန်လုံး ဘာစကားမှ မဆိုသော လရိပ်မေကို မင်းယုလွင် သတိပြုမိတော့ စိတ်မသက်





သာနှင့် သက်ပြင်းတစ်ချက် ချလိုက်မိသည်။

တကယ်တော့ သူကိုယ်တိုင် သူမအတွက် **စိတ်မကောင်း** ပါ။ သူမနည်းတူ သူလည်း စိတ်မှာ **ထိခိုက်ရကာ လရိပ်မေ** အပေါ် သနားကြင်နာစိတ်များက ရင်မှာ အလိုလို **စိတ်လှုပ်လာရ** သည့်အဖြစ်မို့ သူကိုယ်တိုင်က **စကားမဆိုမိသလို**…

လရိပ်မေမှာလည်း ရင်ထဲ **ခံစားရသမျှ စိတ်ကြေကွဲမှု** တို့ကို အလုပ်လုပ်ရင်း ဖြေသိမ့်ရသည်မို့ **အချိန်တို့သာ ကုန်မှန်း** သိ ကုန်ဆုံးသွားရပါသည်။ သူမကတော့ ဘာကိုမှ **ဂရုမပြုမိ** အောင် ရင်ထဲ ခံစားကြေကွဲမှုတို့နှင့် အလုပ်တွေ တစ်ခုပြီးတစ်ခု လုပ်နေသည်မှာ ညဦးနက်တိုင် အိပ်ရာမဝင်ဖြစ်။

ဘွားကို ပြုစုလုပ်ကိုင်ပေးလို့ ဘွားပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။ သူမကတော့ အလုပ်နှင့်လက် မပြတ် သေး။ နာကျင်ကြေကွဲသည့် ဝေဒနာတွေ ခံစားရမည်ဆိုသော ကြောင့် စိတ်ကို အနားမပေးဘဲ လရိပ်မေသည် တမင် အလုပ် တွေကို တစ်ခုပြီးတစ်ခု ဆက်တိုက်လုပ်နေခြင်းဖြစ်သည်။

မင်းယုလွင်မှာ အစကတော့ဖြင့် သူမလေး စိတ်သက်သာ ပါစေတော့ဆိုသည့်အတွေးနှင့် သူမ လုပ်သမျှ ဘာတစ်ခုမှမပြော ဘဲ ဒီအတိုင်းကြည့်နေသော်လည်း တဖြည်းဖြည်း ညဦးနက်လာ သည်နှင့်အမျှ သူမ အလုပ်တွေ တစ်ခုပြီးတစ်ခု မနားတမ်း လုပ်နေသည်ကို မြင်ရတော့ သူ့ရင်မှာ စိုးရိမ်စိတ်နှင့် မျက်နှာပျက် လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကိုကြည့်လိုက်တော့ အချိန်သည် မနည်းတော့။ မင်းယုလွင်သည် ကွမ္ပျူတာစာရင်းဇယားများကို ကြည့်နေရာမှ မနေသာတော့ဘဲ လုပ်လက်စအလုပ်တွေကို ရပ်ကာ လရိပ်မေအား လှမ်းသတိပေးလိုက်သည်။

"လရိပ်မေ အိမ်တော့လေကွာ၊ အလုပ်တွေ တစ်နေ့လုံး လုပ်နေတာ အချိန်ကိုလည်း ကြည့်ဦးမှပေါ့၊ မင်း ဒီလိုလုပ်နေပုံနဲ့ဆို ကျန်းမာရေးထိခိုက်လာလိမ့်မယ်၊ အိမ်တော့"

မျက်နှာထားတည်တည်ကြီးနှင့် ပြောလာသည့် မင်းယုလွင် စကားကို လရိပ်မေ မလွန်ဆန်ရဲသလို ခေါင်းလေးညိတ်ပြလိုက်ပြီး…

"ဟုတ်ကဲ့" ဟုဆိုကာ လုပ်လက်စအလုပ်တွေကို အပြီးသတ်လျက် သူမအခန်းထဲ ဝင်လာခဲ့လိုက်သည်။

အိမ်တော့ဆို၍သာ အိမ်ရသည်။ လရိပ်မေတစ်ယောက်သည် အိပ်၍မပျော်ပါပေ။ ရင်ထဲတွင် ကြေကွဲဝမ်းနည်းမှုတို့နှင့် အတူ သူမဘဝကို သူမ တွေးပြီး မျက်ရည်တွေကျလာရသည်မှာ ခေါင်းအုံးလေးတစ်ခုလုံး ရွဲရွဲစိုနေရသည်။

ဖေဖေသာ သူမရှေ့တွင် သက်ရှိထင်ရှား ရှိနေပါက လရိပ်မေသည် ဒီနေ့အခြေအနေမျိုး ရင်ဆိုင်ကြုံတွေ့ရမည်မဟုတ်သလို ဒေါ်မော်လီ၏ အထင်သေး အမြင်သေး နှိမ့်ချစော်ကားသည့် စကားများကိုလည်း ခံရလိမ့်မည်မဟုတ်ပါ။





ခုတော့ သူမရှေ့တွင် မားမားရပ်တည်ပေးမည့် ဖေဖေ ည်လည်း မရှိတော့။

ဖေဖေမရှိတော့၍ မေမေရှိလားဆိုတော့လည်း လရိပ်မေ တွင် မေမေသည် မရှိခဲ့ပါပေ။

လူမမယ်ကလေးနှင့် လင်ယောကျ်ားကို သံယောဇဉ်မငဲ့ ်ရက်စက်စက် ပစ်ခွာကျောခိုင်းသွားရက်သော မေမေ့ကို ရိပ်မေ ဘယ်လိုအင်အားမျိုးနှင့် ရင်ဆိုင်ရမည်ဆိုတာလည်း မ မသိပါပေ။

သေချာသည်ကတော့ လရိပ်မေသည် သူ၏မေမေဆိုသူ တွေ့ရန် သူမအနေနှင့် ကြိုးစားလိမ့်မည် မဟုတ်ခြင်းပင်။

သည်အတွက် နှသွယ်သည် သူမကို ခေါင်းမာသူရယ်၊ စ်စွတ်ထိုးဆန်သူရယ်လို့ အပြစ်ဖွဲ့ချင် ဖွဲ့ပါစေတော့။

သူမ ခံစားရတာ သူမ သိသည်မို့ နှသွယ် အပြစ်ဖို့သမျှ ါတော့မည်ဟူသော အတွေးနှင့် မျက်ဝန်းလေး ဝိတ်လိုက်တော့ ါမော်လီ၏ ခက်ထန်မာကျောသော အသွင်က သူမမျက်ဝန်းထဲ ါလာရသည်။

မနက်က ဒေါ်မော်လီ ပြောသွားသမျှ စကားများကို ရိပ်မေ့ကို သိစေရုံသက်သက်သာဖြစ်ပါလိမ့်မည်။ ဦးမင်းယု ွင်နှင့် ဝတ်ရည် စေ့စပ်ထားတာ မကြာခင် လက်ထပ်တော့မည့် ဖြစ်ကို ဒေါ်မော်လီသည် သူမအား တမင် သိစေချင်၍ ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်မှန်း လရိပ်မေ သိလိုက်တော့ ရင်အစုံသည် စူးခနဲနင့်လျှက် နာကျင်သွားရသည်။

နင့်သည်းစွာ နာကျင်မှုအတွေးတွေ ဟိုပိုသည်သည် ရောက်ရောက်နင့်ပင် လရိပ်မေ မျက်ရည်တွေ ပါးပြင်ထက် ကျလာရပြန်၏။

အထင်အမြင်သေးသော အကြည့်တွေနှင့် လူတစ်ဖက် သားကို နှိမ့်ချစော်ကားချင်သော ဒေါ်မော်လီတို့လို လူမျိုးနှင့် လရိပ်မေ မတွေ့ချင်တော့ပါ။

ထိုအဖြစ်မျိုးနှင့် လရိပ်မေ သူများအိမ်တွင် အလုပ်လုပ် နေသည်ကိုလည်း ဖေဖေ တမလွန်ကသိပါက အဘယ်မျှ စိတ် ထိခိုက်ရှာမည် မသိပါ။

ဘွားကို လရိပ်မေသည် ကိုယ့်သွေးသား ဘွားရင်း တစ်ယောက်လို သဘောထားပေမယ့် သူမအနေနှင့် ဒီမှာဆက်နေ ဖို့ဆိုတာ မဖြစ်နိုင်တော့ပါ။

ဒေါ်မော်လီ ဆိုတာက ဦးမင်းယုလွင်၏ ယောက္ခမဖြစ် လာမည့်သူ၊ ဒေါ်မော်လီ ဤအိမ်တွင် အဝင်အထွက်ရှိနေသရွေ့ တစ်နေ့မဟုတ်တစ်နေ့ လရိပ်မေသည် ဒေါ်မော်လီနှင့် ဆုံတွေ့ရ မှာဖြစ်သည်။

လရိပ်မေသည် ဒေါ်မော်လီနှင့် မဆုံချင်ပါ။ အထင်သေး





အမြင်သေး အကြည့်များနှင့် သူမ၏ ကိုယ်ကျင့်တရားနှင့် မာန ကိုတို စော်ကားထားသော ဒေါ်မော်လီနှင့် ဖြစ်နိုင်လျှင် လရိပ်မေ သည် နောက်တစ်ကြိမ် ပြန်မဆုံချင်တော့ပါ။

သည်အတွက် လရိပ်မေသည် သူမဘဝ ရပ်တည်မှု အတွက် အလုပ်ရှာရမည်ဖြစ်သည်။ နုသွယ်ကိုလည်း လရိပ်မေ အကြောင်းတွေ ပြောပြမနေချင်တော့ပါ။ နုသွယ် သိပါက စိတ်မကောင်းဖြစ်ရရုံကလွဲလို့ သူမအနေနှင့် ဒီထက်လည်း လုပ်နိုင်မည် မဟုတ်ပါ။

ဘာပဲပြောပြော ဖြစ်လာသမျှ လောကဓံကို လရိပ်မေ သည် သူမတစ်ယောက်တည်း ကျိတ်ခံမည်ဟူသော ဆုံးဖြတ်ချက် နှင့် အားလျော့နေသော စိတ်တို့ကို ပြန်လည်အားပေးရင်း တစ် ယောက်တည်း ဝမ်းနည်းစွာငိုလျက် မာန်ပြန်တင်းကာ အားပေး စိတ်နှင့် အချိန်ကြာ ညဉ့်နက်လာတော့မှ သူမသည်လည်း စိတ် ပင်ပန်းလူပန်းနှင့် နွမ်းနယ်စွာ အိပ်ပျော်သွားလေတော့သည်။

အိပ်မှ အိပ်ပါရဲ့လား၊ တစ်ယောက်တည်း ကျိတ်ငိုနေ သားဆိုသည့် စိုးရိမ်မှုအတွေးတွေနှင့် စိတ်မချနိုင်သော မင်းယု လွင်မှာ လရိပ်မေ အခန်းဆီမှ ဖြာထွက်နေသည့် မီးရောင်ကို မြင်ရသဖြင့် ဘာရယ်မဟုတ် သူ့အကြည့်များက သူမအခန်းဆီ သို့ ရောက်ရှိသွားရာ…

"ကျွတ်… ဒီချာတိတ်မတော့ ထင်တဲ့အတိုင်းပဲ၊ ညဉ့်



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်နက်နေပြီ၊ ဒီအချိန်ထိ မအိပ်သေးဘူးနဲ့ တူပါရဲ့၊ ဒေါ
ကြာ နေမကောင်းဖြစ်နေမှ"

မင်းယုလွင်မှာ အခန်းတံခါး ပိတ်မထားသည့် လရိပ်
အခန်းကို ကြည့်ပြီး စိုးရိမ်မှုအတွေးတွေနှင့် သတိပေးရန်
မထားသည့် လရိပ်မေ တံခါးကို တွန်းဖွင့်လိုက်သည်နှင့်—

"ဟင်…"

မျက်ခုံးထူထူကြီး တွန့်ကြုတ်သွားကာ မင်းယုလွင် ရင်
အလိုမကျမှုတွေ ဖြစ်ပေါ်သွားရသည်။

ကြည့်စမ်း…။

သူမ အိပ်ပျော်နေသည်တဲ့ဟေ။

အခန်းတံခါးကို မေ့ပြီး ပိတ်မထားဟန်တူသော လ
မေသည် အခန်းတွင်းရှိ တခြားပြတင်းပေါက်များကိုလည်း ပိ
မထားပါပေ။

ခုတင်ထက်ဝယ် မျက်တောင်ရှည်ကြီးများ စင်းချလ
ကလေးတစ်ယောက်လို အိပ်နေသော လရိပ်မေကို မင်းယု
မထင်မှတ်ဘဲ ငေးခနဲ စိုက်ကြည့်မိသွားရသည်။

မျက်တောင်ရှည်ကြီးတွေ စိုလူးနေပုံက သူမသည် မေ
ခင်ကအထိ ငိုထားဟန်တူပါ၏။

မခန်းခြောက်သေးသော မျက်ရည်စတွေနှင့် နှစ်နှစ်ခြ
ခြိုက်လေး အိပ်နေသော လရိပ်မေကို ပြတင်းတံခါးမှတစ်





တိုးဝင်လာသည့် လေနုအေး ခပ်ကြမ်းကြမ်းများက သူမအနား
အလှအပယက် တိုးဝှေ့သွားကြသည်။

အပြင်တွင် အေးစိမ့်နေပါလျက် စောင်ကိုလည်း မခြုံ၊
အခန်းပြတင်းတံခါးများကိုလည်း ပိတ်မထား။

ကြေကွဲစွာ ငိုကြွေးရင်းက သူမလေးသည် အိပ်ပျော်သွား
ဟန်တူပါသည်။

ညဝတ်အင်္ကျီ ပန်းနုရောင်လေးဖြင့် အခြယ်အသကင်းမဲ့
နေသည့် မျက်နှာ…းက ဘယ်လိုနေနေ ကြည့်လို့ကောင်းလျက်
နှစ်စဖွယ်လည်း ကောင်းနေရပါသည်။

ရှည်လျားသော ဆံပင်တွေက ရင်ညွန့်ပေါ် ဖရိုဖရဲဖြာဝေ
လျက် အိပ်ပျော်နေပုံက မင်းယုလွင် နှလုံးသားများကို လှုပ်
ခတ်သွားစေရသည့်အဖြစ်။

သူမလေးအပေါ် မရိုးသားသည့်စိတ်နှင့် မဖောက်ပေမယ့်
အိပ်လှလွန်းသည့် လရိပ်မေကို သူ သတိလက်လွှတ် ငေးကြည့်
သွားရတာကိုတော့ မငြင်းနိုင်ပါ။

သက်ပြင်းမော်နှင့်အတူ ကိုယ့်စိတ်ကို ကိုယ် သတိကြီးစွာ
ချုပ်တည်းရင်းက မင်းယုလွင်သည် သူမ ခြေရင်းနား အသင့်ရှိနေ
သည့် စောင်ကို လရိပ်မေ ကိုယ်ပေါ်သို့ လွှမ်းခြုံပေးလိုက်သည်။

သည့်နောက် သူမထံ အကြည့်များ မရောက်စေရန်
ပြတင်းခံရင်း မောလျှသော ရင်ခုန်သံခံစားမှုတွေနှင့် မင်းယုလွင်



www.burmeseclassic.com

www.burmeseclassic.com



သည် အခန်းတံခါးများကို ပိတ်ပေးခဲ့ကာ အခန်းထဲမှ ပြန်ထွက် လာခဲ့လိုက်သည်။

လရိပ်မေမှာ သူမအခန်းထဲ မင်းယုလွင် ဝင်လာသည်ကို ရော ပြန်ထွက်သွားသည်ကိုပါ သူမ မသိပါပေ။

သောကအတွေးတွေနှင့် ခံစားရသမျှ စိတ်ကို လျှော့ လိုက်သည့်အချိန်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရခြင်းဖြ သည်။

မှေးခနဲ အိပ်ပျော်သွားသည်လို့ ထင်လိုက်သည့် လရိပ်မေ တကယ်တမ်း သူမ နိုးလာချိန်မှာတော့ မနက်ဆေးနာရီထိုးနေ ပြီဖြစ်သည်။

လရိပ်မေသည် ထိုမျှအထိ အိပ်ပျော်သွားရသဖြင့် ကိုယ် ကိုယ်ကို အံ့သြရင်း အိပ်ရာမှအထ…

"ဟင်…"

"ဘုရားရေ… ဒါ… ဒါ… ညက ငါ စောင်လည် မခြုံခဲ့ပါဘူး၊ ဒါနဲ့စောင် ဘယ်လိုလုပ်ပြီး ဒီစောင်က ငါ့ကိုယ်ပေါ် ရောက်နေရတာပါလိမ့်"

ကြက်သွေးရင့်ရင့် ဂွမ်းစောင်ကြီးက သူမကိုယ်ပေါ် ရောက်နေသည်မို့ လရိပ်မေသည် စောင်ကို ဆွဲယူခေါက်ရင်း မျက်မှောင်လေးတွန့်လျက် စဉ်းစားနေလိုက်သည်။

ညက တစ်ညလုံး အတွေးများ ဟိုတွေး ဒီတွေးနှ





ယ်အချိန်က အိပ်ပျော်သွားမှန်းပင် လရိပ်မေ မသိလိုက်ပါ။ မှာ ပူလောင်မှုအတွေးများကြောင့်လည်း လရိပ်မေ သူမကိုယ် မ စောင်ခြုံဖို့ကိုလည်း သတိမရခဲ့။

အခု ဂွမ်းစောင်ကြီးက သူမကိုယ်ပေါ် အကျအန ရောက် နေရသည်ဆိုတော့…။ လရိပ်မေ တွေးနေဖို့ မလိုတော့ပါ။

သူမ အခန်းထဲသို့ တစ်စုံတစ်ယောက် ဝင်လာကာ စောင်ကို သူမကိုယ်ပေါ်သို့ ခြုံပေးသွားတာ ဖြစ်ပါလိမ့်မည်။

အတွေးနှင့် လရိပ်မေ အကြည့်တို့က အခန်းတံခါးဆီ တ်ခနဲ ရောက်ရှိသွားတော့…

မြတ်စွာဘုရား…။ ကြည့်စမ်းပါဦးတော့…။

ညက တစ်ညလုံး သူမ အခန်းတံခါးကို မပိတ်မိဘဲ မေ့လျော့လျော့နှင့် တံခါးဖွင့်လျက် ဒီအတိုင်း အိပ်ပျော်သွားခဲ့ သည်ပဲ။

"သေချာပါပြီ၊ အခန်းတံခါးကိုလည်း ညက ငါ မပိတ်မိ း တစ်ယောက်ယောက်က ငါ့ကို ဝင်ကြည့်ရင်း စောင်ခြုံပေး းတာပဲ နေမှာပါ"

မလုံမလဲ စိတ်အတွေးလေးနှင့် ကိုယ့်ကိုယ်ကို ဆင်ခြေ ရင်း လရိပ်မေသည် ဘဝင်မကျစွာ တွေတွေလေးဖြစ်လျက် ကို စောင်ခြုံပေးသွားသူသည် ဘယ်သူလဲဆိုတာကိုလဲ ပြ သိချင်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးထားလား၊ ဘွားလား၊ ဦးမင်းယုလွင်လား။ ဒီအိမ်ကြီးမှာ နေသူဆိုလို့ သူမနှင့်အတူ ဒီသုံးယောက်သာ ရှိပါသည်။ ထိုထဲတွင် အသက်အရွယ်ကြီးမားလျက် ကိုယ့်ကိုယ်ကိုမှ အနိုင်နိုင် ဖြစ်နေသူ ဘွားကတော့ဖြင့် မဖြစ်နိုင်ပေ။

ဒါဖြင့် ကြီးကြီးထားများလား။

ဟင့်အင်း... ဒါလည်း မဖြစ်နိုင်ပါ။ ကြီးကြီးထား တာ ညရေးညတာ သိပ်ထတတ်သူမဟုတ်။ ဘုရားရေ... ဒါ သူမ အခန်းထဲဝင်ပြီး သူမအား စောင်ခြုံပေးသွားသူသည် ဦးမင်း ယုလွင်ကလွဲလို့ တခြားသူ မဖြစ်နိုင်တော့ပါ။

ဦးမင်းယုလွင်ဆိုတာ တွေးမိရုံနှင့် လရိပ်မေ ရင်ထဲ တစ်ကိုယ်လုံး ရှက်စိတ်တွေ ဖြာဝေသွားမိသည်။

စိတ်များ ညစ်ရသည်မှာ မပြောပါနှင့်တော့။ လရိပ်မေ မှာ ကိုယ့်ကိုယ်ကိုလည်း ဒေါသဖြစ်ရပါသည်။

ဒီည သူမ ဘာဖြစ်လို့ တံခါးကို ချက်ချဖို့ သတိမရတာ ပါလိမ့်။

မိန်းမပျိုလေးတစ်ယောက်အနေနှင့် လွတ်လပ်စွာ နှစ်နှ ခြိုက်ခြိုက် အိပ်ပျော်သွားမိသည့်အဖြစ်ကို သူစိမ်းယောက်ျား တစ်ယောက် မြင်တွေ့သွားသည့်အဖြစ်က ဘယ်လောက်များ ရှက်ဖွယ် ကောင်းလိုက်ပါသည်လဲ။

လရိပ်မေသည် တစ်စုံတစ်ရာကို အပြစ်တင်ဖို့ထ





သူမကိုယ်သူမ အပြစ်တင်ရင်း ဖြစ်လာသမျှ အခြေအနေကို ဆက်ခံရင်ဆိုင်ဖို့သာ ရှိတော့သည်မို့ အားတင်းရင်း အိပ်ရာမှ ထလိုက်သည့်တိုင် သူမစိတ်များကတော့ ခါတိုင်းလို ပေါ့ပါး လန်းဆန်းခြင်း မရှိပါပေ။

စိုးရိမ်မှု၊ ရှက်ရွံ့မှုတွေနှင့်အတူ ဦးမင်းယုလွင်အား ရင်ဆိုင် ရမည့်အရေးကို တွေးကာ လရိပ်မေရင်ထဲ လေးလံလျက် ထူပူနေ ရတော့သည်။

မင်းယုလွင်ကတော့ လရိပ်မေအဖြစ်ကို မသိပါ။ အိပ်ရာ ထပြီးသည်နှင့် သွက်လက်စွာပင် သူမကိုယ်သူမ တစ်ကိုယ်ရေ သန့်ရှင်းမှုများလုပ်ပြီး ဘုရားခန်းသို့ဝင်ကာ သောက်တော်ရေကပ်၊ သီးပန်းကပ်လှူ ပူဇော်ကာ ဘုရားဝတ်ပြု ဆုတောင်းပြီးသည် နှင့် ဘွားအခန်းဆီသို့ ကူးလာခဲ့ရိုးသည်။

ဘွားအခန်းဆီသို့ လာသာလာရပါသည်။ ဦးမင်းယုလွင် နှင့် တွေ့မလားဆိုသည့် အတွေးစိတ်ကြောင့်လည်း လရိပ်မေ ခြေလှမ်းတွေ လေးလံနေရသည်။

ခက်တာက ရှောင်လို့က ရမည်မဟုတ်၊ ရှောင်လို့လည်း ရမည့်အတူ လာမည့်ဘေး ပြေးတွေ့တာသာ အကောင်းဆုံးမို့ ကိုယ့်ကိုယ်ကို အားတင်းရင်း လရိပ်မေ ဘွားအခန်းဆီသို့ ရောက်ရှိ လာခဲ့သည်။

ကံကောင်းစွာ လရိပ်မေသည် ဦးမင်းယုလွင်အား ဘွား



www.burmeseclassic.com

www.burmeseclassic.com



နား မတွေ့ရပါပေ။ လရိပ်မေမှာ ဘွားနား ဦးမင်းယုလွင်ကို မတွေ့ရသဖြင့် စိတ်အေးသွားရသလို သက်ပြင်းလေးချရင်း ထုံး အတိုင်း ဘွားအား သူမလုပ်စရာရှိတာများ လုပ်ပေးနေလိုက်သည်

တကယ်တော့ လရိပ်မေမှာ ကိုယ့်အကြံနှင့်ကိုယ် ဖြစ် သည်။ ဘွားအား သူမ လုပ်စရာရှိတာများ လုပ်ပေးပြီးသည်နှင့် အခန်းထဲသို့ ဦးမင်းယုလွင် ဝင်မလာခင် လရိပ်မေသည် သူ့အား အလျင်ရှောင်နေမည်ဆိုသော အတွေးနှင့် သူမ လုပ်စရာရှိတာ များကို ခါတိုင်းထက် ပိုခပ်သွက်သွက်လေး လုပ်နေလိုက်သည်

သို့သော် သူမအတွေးသည် လက်တွေ့မှာတော့ဖြင့် အကောင်အထည်ဖော်ခွင့် မရခဲ့ပါပေ။

ခါတိုင်း အလုပ်သွားချိန်လောက်မှ ဘွားနား ရောက်လာ တတ်သော ဦးမင်းယုလွင်သည် ဒီနေ့တော့ဖြင့် ဘာစိတ်ကူး ပေါက်သည် မသိပါ။ ဘွားနား စောစောစီးစီး ရောက်လာတာ လရိပ်မေမှာ သူ့ကို တွေ့လိုက်ရသဖြင့် ပါးလေးတွေ ထူပူနီ သွားရသည်အထိ ရင်မှာ ရှက်ရွံ့မှုတို့ ကြီးစိုးသွားရသည်။

ဘွားအား အပြုံးနှင့် စကားဆိုနေသော ဦးမင်းယုလွင် ကို လရိပ်မေ အလုပ်လုပ်နေရင်းက မသိမသာ အကဲခတ်လိုက် တော့ ဦးမင်းယုလွင်မှာ လုံးဝ ပုံစံမပျက်။ သူမ ထင်ထားတာနှ တခြားစီ မျက်နှာကြီး ခပ်တည်တည်ရှိနေတော့ လရိပ်မေသည် စိတ်မှာ မလုံမလဲဖြစ်နေရာမှ အသက်ရှူချောင်သွားရသလို…





ဦးမင်းယုလွင်သည် ဘွားအား စကားအတန်ကြာအောင် ပြောပြီးသည်နှင့်…

"ဒီနေ့ ကုမ္ပဏီမှာ အလုပ်နည်းနည်းများလို့ စောစောသွား ရမယ် ဘွား"

မင်းယုလွင်သည် ဘွားကိုပြောရင်း လရိပ်မေရှိရာသို့ သူ့ကြည့်ကာ…

"ဘွားကို ဂရုစိုက်ပါ လရိပ်မေ၊ အကြောင်းကိစ္စရှိရင် ကိုယ့်ဆီ ဖုန်းဆက်လိုက်၊ ကိုယ် ကုမ္ပဏီမှာပဲရှိနေမယ်၊ ဟုတ် သား"

သူ့စကားကို လရိပ်မေမှာ အမြန်ပင် ခေါင်းလေးညိတ် ပြလိုက်သည်။ သူမပုံစံက မင်းယုလွင် သူမနားရှိနေသည်ကို စိတ်မှာ ကျဉ်းကျပ်နေရသလိုလို။ မင်းယုလွင်သည် လရိပ်မေ မျက်နှာလေး စူးစူးခဲ့တစ်ချက်စိုက်ကြည့်ပြီး အခန်းထဲမှ ထွက်သွား လေသည်။

ဘာပဲပြောပြော လရိပ်မေကတော့ သူမအနား မင်းယုလွင် ရှိတော့သည်ကိုပင် ရင်မှာ ပေါ့ပါးလန်းဆန်းလျက် ရှိနေရတော့ သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

အခုတလော မင်းယုလွင်တစ်ယောက် အလုပ်တွေနှင့် မအားလပ်သည့်ကြားက သူ့စိတ်မှာ အနှောင့်အယှက်ဖြစ်နေ သည်က လရိပ်မေကြောင့်ပင် ဖြစ်သည်။

လရိပ်မေသည် သူ့အား သိသိသာသာ ရှောင်နေသည် အန်တီမော်လီနှင့် ပြဿနာဖြစ်ပြီးကတည်းက ဖြစ်သည်။

လရိပ်မေသည် သူမဘက်က သူ့အား ဒီလိုမျိုး သိသ သာသာ ရှောင်နေပြန်တော့ မင်းယုလွင် မချင့်မရဲ စိတ်တွေတို ပါ၏။

ခါတိုင်း တွေ့နေကျ မျက်နှာလေးကို မတွေ့ရတော့ မင်းယုလွင် ရင်ထဲ အလိုမကျခြင်းတွေက ကြီးစိုးလာရသည်





မင်းယုလွင်က လရိပ်မေ သူ့အား ရှောင်နေမှန်း အစက တော့ဖြင့် သတိမထားမိခဲ့ပါ။ သူ့အား မတွေ့လိုက်နှင့် တွေ့လိုက် တာနှင့် အနားက လှစ်လှစ်ပါအောင် ရှောင်နေတတ်သော လရိပ် မေကို မင်းယုလွင် တစ်ခါမက နှစ်ခါ၊ သုံးခါ သတိထားမိလာ သည့်အခါမှာတော့ မင်းယုလွင် ရင်ထဲ အခံရခက်မှုတွေက ကြီးမားလာရသည်။

အန်တီဒေါ်မော်လီသည် လရိပ်မေအား သူနှင့် ဝတ်ရည် စေ့စပ်ထားတာ မကြာခင် လက်ထပ်တော့မည့်အကြောင်း သူမ အား တမင်အသိပေးလိုက်မှန်း ထိုနေ့က မအေး ပြောကတည်းက သူ သိခဲ့ရပါသည်။

တကယ်ဆို ဝတ်ရည်နှင့် သူ စေ့စပ်ထားတာ မကြာခင် လက်တော့မည့်အကြောင်းကို အန်တီမော်လီသည် လရိပ်မေအား ဘာမှပြောနေစရာမလိုပါ။

ထိုသို့ ပြောရန်လည်း လရိပ်မေနှင့် သူသည် တစ်ဦးနှင့် တစ်ဦး ဘာပတ်သက်မှုမှ မရှိသူတွေ မဟုတ်။

ဒါနဲ့တောင် အန်တီမော်လီသည် လရိပ်မေကို ဘာရည် ရွယ်ချက်နှင့် ဒီအကြောင်း ပြောရသည် မသိပါ။

သေချာသည်ကတော့ အန်တီမော်လီသည် သိပ်လှသော လရိပ်မေကို သူနှင့် စိတ်မချခြင်းသာဖြစ်ပါလိမ့်မည်။

ထိုအတွေးဝင်လာတော့ မင်းယုလွင်မှာ လရိပ်မေအား



www.burmeseclassic.com

www.burmeseclassic.com



အားနာသွားရသည်။ တကယ်တော့ လရိပ်မေ ဖြူစင်ရိုးသားထ အနေအထိုင် တည့်ဖြောင့်တာကို သူ မသိမဟုတ်ပါ။

အသက်ငယ်သော်လည်း အနေအထိုင်သေသပ်ကျစ်လျ ကာ သူနှင့်တွေ့လို့မှ စကားအပိုမဆိုတတ်သူ လရိပ်မေသည် သူမ၏ ကိုယ်ကျင့်သိက္ခာကိုလည်း အထူးစောင့်ထိန်းတတ်သူလေ ဖြစ်သည်။

ငွေမရှိပေမယ့် ဖြူစင်ရိုးသားသည့် မာနလေးတော့ ရှိ သည်။ ဒီမာနလေးကိုပင် မင်းယုလွင်သည် တန်ဖိုးထား၊ မြတ်နိုး ရခြင်းဖြစ်သည်ကိုတော့ သူမလေး သိမည်မဟုတ်ပါ။

သူ့တွင် စေ့စပ်ထားတာ မကြာခင် လက်ထပ်တော့မည့် မိန်းကလေးရှိမှန်း အန်တီမော်လီ ပြောလိုက်သည့်စကားက ဖြူစ ရိုးသားသည့် လရိပ်မေ၏ မာနကို ဘယ်လောက်ထိ ထိခိုက် နာကျင်သွားစေမှန်း မင်းယုလွင်သာ အသိဆုံးဖြစ်ပါသည်။

ဒါတွေကြောင့်လည်း လရိပ်မေသည် သူ့အား အခုလ ရှောင်ဖယ်နေခြင်း ဖြစ်ပါလိမ့်မည်။

တစ်အိမ်တည်းတွင် အတူရှိနေပါလျက်နှင့် တွေ့ချင် မြင်ချင်သူလေးကို မမြင်မတွေ့ရသောအခါ မင်းယုလွင် နှလုံး သားက တစ်စုံတစ်ရာကို နာကျင်မှုတွေနှင့် ပေါက်ကွဲချင်လာ သလို။

ထိုအဖြစ်အတွက် မင်းယုလွင် သူ့ကိုယ်သူ မအံ့ဩ





သော့ပါ။ အချစ်ဆိုတာကို ဘာရယ် သေချာနားမလည်ပါဘဲ တ်ရည်အား သူ လက်ထပ်မည့် မိန်းကလေးအဖြစ် ရွေးချယ်ခဲ့ ခဲ့သည့်ကိုက မင်းယုလွင် သူ့အမှားသာ ဖြစ်ပါသည်။

သည်အတွက် မင်းယုလွင် နှလုံးသားတွေသည်လည်း ဘာကျင်ကြေကွဲရပါ၏။ 'အချစ်'ဆိုတာကို မင်းယုလွင်သည် သူ့ ဘဝတွင် မေ့လျော့ထားခဲ့သမျှ ခုတော့ သူ မေ့လျော့ထားခဲ့သည့် အဖြစ်က သူ့နှလုံးသားကို စူးနစ်စွာ လာရောက်စိုက်ဝင်ရသည့် အဖြစ်။

လရိပ်မေကို သူ ချစ်နေမိပြီဆိုသော အတွေးနှင့် မင်း ယုလွင်မှာ ဆို့နင့်နင့်ကြီး ဖြစ်သွားရသည်။ မရှုနိုင်မကယ်နိုင် ဆိုတာ သူ့အဖြစ်ကိုများ ပြောသည်လား မသိပါ။

အချစ်ဆိုတာကို တကယ်တမ်း မသိခင်မှာ မင်းယုလွင် သည် ဝတ်ရည်ကို သူ တစ်နေ့ လက်ထပ်မည့် မိန်းကလေးအဖြစ် သတ်မှတ်ခဲ့သလို တကယ်တမ်း မင်းယုလွင် ရင်ထဲ အချစ်ဆိုတာ ကို သူ သိလာရပြန်တော့ သူ သိပ်ချစ်ရသည့် မိန်းကလေးသည် သူ့နှလုံးသားနှင့် အဝေးဆုံးတွင် ရှိနေရလေသည်။

ကဲ… ဒီအဖြစ်က မင်းယုလွင်အတွက် ဘယ်လောက် ကြေကွဲဖွယ်ရာ ကောင်းလိုက်ပါသည်လဲ။

နက်ရှိုင်းလေးနက်လှန်းသည့် နှလုံးသားပြဿနာကြောင့် သင်၊ မင်းယုလွင် မျက်နှာချောချောကြီးမှာ အုံ့မှိုင်းနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မှာလည်း သူသည် ခါတိုင်းလို သွက်သွက်လက်လ
ဖျတ်လတ်တက်ကြွနေသည့်အသွင် မရှိပါပေ။

အချိန် နာရီ စက္ကန့်တိုင်းမှာ လရိပ်မေသည်သာ သူ
မျက်ဝန်းထဲ ရှိနေရသလို သူ၏ ရှုပ်ထွေးလှသည့် နှလုံးသာ
ပြဿနာကလည်း မင်းယုလွင် စိတ်အတွေးများကို နာကျင်စေ
လေသည်။ မင်းယုလွင်၏မှုပျက်နေသော အခြေအနေကို မျိုးဆက်
မှာ အကဲခတ်မိကာ…

"မင်းကိုကြည့်ရတာ ခုတလော ဘာဖြစ်နေတာလ
မင်းယုလွင်၊ ငါကြည့်နေတာ ကြာပြီ၊ တစ်ယောက်တည်း မင်း
ဘာတွေခံစားနေတာလဲ"

မျိုးဆက်သည် မျက်မှောင်တွန့်လျက် မင်းယုလွင်
နားမလည်သလို ထူးဆန်းစွာကြည့်ရင်း မေးလိုက်သည်။

မင်းယုလွင်သည် ခေါင်းကို ခါယမ်းလိုက်ရင်းက ရီဝေ
သော မျက်ဝန်းတို့ဖြင့် အဝေးတစ်နေရာသို့ ခပ်ငေးငေးကြည့်
နေလေရာ မျိုးဆက်မှာ ထူးခြားနေသည့် မင်းယုလွင်၏ ပုံစံ
စိုက်ကြည့်လိုက်ပြီး…

"မင်းဟာတ မဟုတ်သေးပါဘူး မင်းယုလွင်ရာ၊ မေ
တော့လည်း မဖြေဘူး၊ တစ်ယောက်တည်း ကျိတ်ခံစားနေတ
ထက်စာရင် ရင်ဖွင့်လိုက်တော့ မင်း ခံစားနေရတာတွေ သက်သ
မသွားဘူးလား"





"ငါ့အဖြစ်က ပြောလို့လည်း မကူညီနိုင်ပါဘူးကွာ၊
ပ်လည်း ဆူး၊ စားလည်းရူးဆိုတာ ငါ့အဖြစ်ကို ပြောတာနေမှာ
မျိုးဆက်"

မင်းယုလွင် စကားကို မျိုးဆက်မှာ စိတ်ဝင်စားသွားရ
သည်။ မင်းယုလွင်သည် ဒီစကားကို အကြောင်းမဲ့နှင့်တော့ ပြော
သိမ့်မည်မဟုတ်ပါ။ သူတွင် ခံစားစရာတစ်ခုခုရှိနေ၍သာ မင်းယုလွင်
ဒီစကားပြောနေခြင်းဆိုတာကို မျိုးဆက် နားလည်လိုက်တော့
သူ့ရင်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။

သည့်နောက် သူသည် တစ်စုံတစ်ရာအား အလိုလို
ားလည်သလိုရှိလာတာ…

"မင်းယုလွင်… မင်း…"

"ဟင်း… ငါ့ရင်မှာ ရှုပ်ထွေးနေတယ် မျိုးဆက်၊ ပြီးတော့
ငါ ဝန်ခံတယ်၊ လရိပ်မေကို ငါ ချစ်နေမိပြီဆိုတာ"

"ဟင်…"

မျိုးဆက်မှာ မျက်လုံးကြီးပြင့်လျက် အံ့သြသွားရသည်။
အံ့သြမှုတွေနှင့် မျိုးဆက်သည် မင်းယုလွင်အား မျက်ဝန်းချင်းဆုံ
အောင် ကြည့်လိုက်ပြီး…

"မင်း ဒီစကားတွေ တကယ်ပြောနေတာလား မင်းယုလွင်၊
လရိပ်မေကို မင်း ချစ်နေမိပြီဆိုတာ တကယ်ပဲလား"

မင်းယုလွင်သည် သူ့ရင်ထဲ ရှိသမျှ မျိုးဆက်အား အလုံ



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ဟလိုက်သည်။

"ငါ့နှလုံးသားကို ငါ မညာချင်ဘူး မျိုးဆက်၊ လရိပ်... ဆိုတာ ငါ့နှလုံးသားထဲက ပျောက်ဆုံးနေတဲ့သူ၊ သူနဲ့တွေ့မှ အ... ဆိုတာ ငါ နားလည်လာတာ၊ ငါ... ငါ... သူ့ကို သိပ်ချစ်တယ်..."

မျိုးဆက်မှာ မင်းယုလွှင် စကားဆုံးသည်နှင့် အား... တရ ရယ်ပါလေတော့သည်။ အတန်ကြာ အားရအောင် ရယ်ပြီး... မျိုးဆက်သည် သူ့ကိုယ်သူ ကိုယ်ရှိန်ပြန်သတ်လိုက်ပြီး...

"မင်းယုလွှင်... မင်းယုလွှင်... မိန်းကလေးတစ်ယောက်... နဲ့ပတ်သက်ပြီး အချစ်ဆိုတာကို မပြောခဲ့တဲ့လူက ခုတော့လည်... အချစ်အကြောင်းတွေ ပြောတတ်နေပါရောလား"ဟု ဆိုလိုက်...

ပြုံးလွှန့်လွှန့်မျက်နှာပေးနှင့် မျိုးဆက် စကားကြော... မင်းယုလွှင် မျက်နှာကြီးရဲလာကာ...

"အေးကွာ... မင်းပြောလည်း ခံရမှာပဲ၊ လရိပ်မေ... ချစ်တဲ့ အချစ်က ငါ့ဘဝမှာတော့ ပထမဆုံးပဲ၊ ငါ သူ့ကိုချစ်တာ... ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ဖူးတဲ့ အချစ်နဲ့ ချစ်တာ၊ အဓိက... တော့ သူ့ရဲ့ ဖြူစင်ရိုးသားတဲ့ စိတ်လေးကိုပဲ"

ခဏမှာတော့ နှစ်ဦးသား အတွေးကိုယ်စီနှင့် ဘာစကား... မှမဆိုဘဲ ငြိမ်သွားလေသည်။ မင်းယုလွှင်ကို လူက မိန်းကလေး... တစ်ယောက်ကို သူ တကယ်မချစ်ဘဲနဲ့ ချစ်သည်လို့တော့ ပြော... မည်မဟုတ်ပါ။





...သူနှင့် စေ့စပ်ထားသည့် ဝတ်ရည်အပေါ်မှာတောင် ...င်းယုလွှင်သည် ဒီလိုမျိုး ချစ်တယ်ဆိုသည့် စကား သူ မပြောခဲ့ ...း မျိုးဆက် အသိဆုံးဖြစ်ပါသည်။

လရိပ်မေအပေါ်တွင် မင်းယုလွှင် တော်ရုံအချစ်မျိုးနှင့် ...သည်ကတော့ မဖြစ်နိုင်။ မချစ်တတ်ပေမယ့် 'အချစ်' ကိုတော့ ...င်းယုလွှင် တန်ဖိုးထားသူဖြစ်ပါသည်။ ဒါကြောင့်လည်း လရိပ် ...အပေါ် မင်းယုလွှင် တကယ်ချစ်မှန်း မျိုးဆက် အကြွင်းမဲ့ ...ကြည်လိုက်ပါ၏။

ယုံကြည်မှုနှင့်အတူ မင်းယုလွှင် ခံစားရမှုတို့ကိုလည်း ...ဆက် ကိုယ်ချင်းစာစိတ်နှင့် နားလည်လာရသည်။

တစ်ဖက်က သိပ်ချစ်ရသည့်သူ၊ တစ်ဖက်က ကိုယ်နှင့် ...လက်ထပ်ရန် စေ့စပ်ထားသည့် မိန်းကလေး။

သည်နှစ်ယောက်ကြား မင်းယုလွှင် ဆုံးဖြတ်ရခက်၊ ...ခွဲရခက်နှင့် အကျဉ်းအကျပ်ထဲ ရောက်နေမှန်း သူ တဖြည်း ...ည်း နားလည်လာရသည်။

ဘေးလူတစ်ယောက်အနေနှင့် မျိုးဆက်သည်ပင် ဆုံးဖြတ် ...တ်နေသည်မို့ ရုတ်ခြည်း ဘာစကားမှ မဆိုဖြစ်ဘဲ မင်းယုလွှင် ... တည်ကြည်ခန့်ညားသည့် မျက်နှာချောချောကြီးကိုသာ ...ဝှယ်လေးနက်မှုတွေနှင့် ကြည့်နေလိုက်သည်။

"မင်းယုလွှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…"

"မင်း လရိပ်မေကို တကယ်ပဲ ချစ်သလား"

"သူ့ကို ငါ ချစ်မိသွားတာ မှားလားကွာ"

"အဟွန်း… လရိပ်မေကို မင်း ချစ်သွားတာ မမှားပ
မင်းယုလွှင်၊ အေး… မှားတာက မင်းရဲ့ ဆုံးဖြတ်ချက်"

"ဘယ်လို မျိုးဆက်၊ မှားတာ ငါ့ရဲ့ဆုံးဖြတ်ချက်၊ ဟုတ်
လား"

စိတ်အားလျော့သံဖြင့် မင်းယုလွှင်သည် မျိုးဆက်
မေးလိုက်သည်။

"ဟုတ်တယ်၊ လရိပ်မေကို မင်း တကယ်ချစ်မိသွားတ
ဆိုတာ ငါ ယုံတယ် မင်းယုလွှင်၊ ဒါပေမဲ့ မင်း ဝတ်ရည်ကိုလည်း
မေ့ထားလို့မရဘူးလေ"

"ဟင်…"

မျက်နှာကြီးပျက်ကာ မင်းယုလွှင် ခေါင်းငိုက်စိုက်
သွားလေသည်။ နှုတ်မှနေ တစ်စုံတစ်ရာ စကားကိုတော့ဖြ
မင်းယုလွှင် မပြောပါပေ။

မျိုးဆက်မှာ မင်းယုလွှင် တင်းမာနေသော မျက်နှာ
ကြည့်ပြီး သက်ပြင်းတစ်ချက်ရှိုက်ကာ…

"မင်း ဆုံးဖြတ်ချက် ပြတ်သားဖို့တော့ လိုပြီ မင်းယုလွှ
ဝတ်ရည်နဲ့ လရိပ်မေ နှစ်ယောက်ထဲက တစ်ယောက်ကိုတော





င်း ရွေးရလိမ့်မယ်၊ အဲဒီလို ရွေးတဲ့နေရာမှာ နှလုံးသားနဲ့ ရွေးချယ်
လား၊ ဦးနှောက်နဲ့ ရွေးချယ်မလားဆိုတာတော့ မင်းကိုယ်တိုင်
ဆုံးဖြတ်ရလိမ့်မယ် မင်းယုလွှင်"

မျိုးဆက် စကားအဆုံး မင်းယုလွှင်သည် ထိုင်ရာမှ
ရပ်လျက် ပြတင်းတံခါးမှတစ်ဆင့် အဝေးတစ်နေရာသို့ ငေး
ကြည့်လိုက်ရင်း…

"အဲဒီလို မေးခွန်းမျိုး ငါ့ကိုယ်ငါ အကြိမ်ကြိမ် ပြန်မေးခဲ့
တယ် မျိုးဆက်"

"အဖြေက…"

"ခုချိန်မှာ ငါ့အတွက် အခက်အခဲဆုံးကလည်း အဲဒီ
ဖြေပဲ"

"ဝတ်ရည်မာမီက မင်းနဲ့ သူ့သမီးကို လက်ထပ်ဖို့ လော
ပြီဆို"

"ဟုတ်တယ် မျိုးဆက်၊ အထူးသဖြင့် ဝတ်ရည်ထက်
တ်ရည်မာမီက ပိုလောနေတယ်ဆိုရင် မှန်မယ်"

"အေးပေါ့ကွာ… အသွားကြီးလည်း မင်းအိမ်မှာ လရိပ်
လို သိပ်လှတဲ့မိန်းကလေးရှိနေတော့ သူ့သမီးအတွက် စိတ်မချ
နဲ့တူပါတယ်၊ အင်း… အခြေအနေကလည်း ဒီအတိုင်းဖြစ်နေ
ကိုး"

လူကြီးဆန်ဆန် အခြေအနေကို သုံးသပ်မိသလို ဆိုလို



www.burmeseclassic.com

www.burmeseclassic.com



သည့် မျိုးဆက်ကို မင်းယုလွင် ဘာစကားမှ ပြန်မဆိုမိပါတော့။

မင်းယုလွင် နှုတ်ဆိတ်နေသလိုမျိုး မျိုးဆက်သည်လည်း မင်းယုလွင် ရင်ဆိုင်နေရသည့် အခက်အခဲကို နားလည်ကိုယ်ချင်းစာဟန်နှင့် စိတ်မကောင်းစွာ ငြိမ်နေလေသည်။

ထိုနေ့က မင်းယုလွင်နှင့် မျိုးဆက်မှာ အပြေရှာမရသည့် ပုစ္ဆာတစ်ပုဒ်ကို အတွေးတွေနှင့် ချာချာလည်ကာ ညနေ ကုမ္ပဏီအပြန်မှာတော့ စားသောက်ဆိုင်သို့ ဝင်ကာ နှစ်ယောက်သား စားရင်းသောက်ရင်း ခံစားရသမျှ ရင်ဖွင့်မိပါတော့သည်။

* * *

လရိပ်မေအကြည့်က နာရီဆီ ရောက်သွားရလေသည်။ အပြင်တွင် မည်းမည်းမှောင်လျက် အချိန်သည်လည်း အတော်ပင် ညဥ့်နက်နေရပြီဖြစ်သည်။ သို့တိုင် ဦးမင်းယုလွင်က ခုချိန်ထိ ပြန်မလာသေး။

ဒီနေ့မှ အိမ်တွင် ကြီးကြီးထားကလည်း မရှိ။ ကြီးကြီးထားအား သူ့ဆွေမျိုးမကောင်းသည့်အိမ်မှာ ညအိပ်ညနေ လာခေါ်သွားသည်။ အိမ်မှာရှိသည့် ဒေါ်ကြိုင်ကျပြန်တော့လည်း နေမကောင်းဖြစ်၍ ဆေးတိုက်ကာ အိပ်ခိုင်းထားလိုက်သလို ဘွားကိုလည်း လရိပ်မေသည် အိပ်ပျော်သွားအောင် သိပ်ထားခဲ့ပြီဖြစ်သည်။





မအေးက ညနေ အလုပ်တွေပြီးသည်နှင့် သူ့အိမ်တန်းသွားလေး သူမ ပြန်သွားပြီဖြစ်သည်။

အိမ်ကြီးတွင် ကျန်ခဲ့သည့် လူသုံးယောက်မှာလည်း တစ်ယောက်က လူမမာ၊ တစ်ယောက်က အသက်အရွယ်ကြီးရင့်သည့်ဘွား၊ ထိုထဲတွင် ကျန်းကျန်းမာမာနှင့် သွက်သွက်လက်လက် လုပ်နိုင်သူက လရိပ်မေသာ ရှိပါ၏။

လရိပ်မေမှာ နေမကောင်းသည့် ဒေါ်ကြိုင်ကို ညာကာ မင်းယုလွင် ပြန်အလာကို သူမကပင် စောင့်၍ တံခါးဖွင့်ပေးရန် တာဝန်ယူလိုက်သည်။ ခါတိုင်းရက်တွေမှာ အိမ်ကို အချိန်မှန်မှန်ပြန်လာတတ် သော မင်းယုလွင်သည် ဒီနေ့မှ ထူးထူးခြားခြားဘာကြောင့် အိမ်ပြန်နောက်ကျနေမှန်း မသိပါ။

လရိပ်မေသည် မင်းယုလွင် ပြန်အလာကို စောင့်ရင်း ဆိုင်လိုက် ထလိုက် နာရီကြည့်လိုက်နှင့် ရှိနေစဉ်မှာပင် ကားတစ်စီး ခြံထဲသို့မောင်းဝင်လာသည်ကို မြင်ရသဖြင့် မျက်နှာလေး ဝင်းပသွားရသည်။

ဦးမင်းယုလွင် သူ ပြန်လာပြီတူပါရဲ့။

ဖျတ်ခနဲ ပျော်ရွှင်သွားရသည့် အပျော်စိတ်ကို ရင်မှာပြန်သိမ်းလိုက်ရင်း လရိပ်မေသည် ကားလေးကို ကြည့်လိုက်တော့ ထင်သည့်အတိုင်း သူမ ဝတ္တရားရှိသည့်အတိုင်း တံခါးကိုဖွင့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်သွားသော တံခါးမှ မင်းယုလွင်သည် အိမ်ထဲဝင်လိုက်တော့ လရိပ်မေသည် သူမ ကိုယ်လေးကို တံခါးဘေးတစ်ဖက်သို့ ဖယ်ပေးလိုက်သည်။

မင်းယုလွင်မှာ သူ ထင်သလို တံခါးလာဖွင့်သူမှာ ဒေါ်ကြိုင်မဟုတ်ဘဲ သူ့ရင်မှာ နင့်သည်းသိပ်သည်းစွာ ချစ်နေခဲ့ပါသည့် သူ ဘယ်လိုမှ မမျှော်လင့်ထားသည့် လရိပ်မေ ဖြစ်နေသောအခါ သူ့ရင်ခုန်သံတွေသည် မမှန်နိုင်တော့အောင် လှုပ်ရှားလာရသည်။

လရိပ်မေသည် ခုချိန်ထိ မအိပ်သေးဘဲ သူ ပြန်အလာကိုစောင့်ကာ သူမကိုယ်တိုင် တံခါးဆွဲဖွင့်ပေးနေသည်တဲ့လား

မျက်မှောင် ခပ်ပြေပြေတွန့်လျက်က အံ့ဩမှုတွေနှင့် မင်းယုလွင်သည် လရိပ်မေအား ခပ်စိုက်စိုက်လေး ကြည့်လိုက်ပြီး...

"ဒေါ်ကြိုင်ရော"

"ဖျားနေလို့ ဆေးတိုက်ပြီး ကျွန်မ သိပ်ထားပါတယ်"

"ဪ... ဒါကြောင့် မင်းကိုယ်တိုင် စောင့်ပြီး ကိုယ့်ကို တံခါးဖွင့်ပေးတာကိုး"

"ဘွားရော..."

"အိပ်နေပါပြီ၊ ကျွန်မ ထမင်းပွဲပြင်လိုက်ရတော့မလား ဦးမင်းယုလွင်"





"မပြင်နဲ့တော့၊ ကိုယ် အပြင်မှာ စားခဲ့ပြီးပြီ"

"ဟုတ်ကဲ့... ဒါဆို ကျွန်မ သွားပါတော့မယ်"

"နေဦး..."

"ရှင်..."

သူနှင့် မျက်ဝန်းချင်းဆုံအောင် မကြည့်ဘဲ မျက်တောင်ကော့ကြီးများကို စင်းချကာ စကားကို လိုအပ်တာထက်ပိုမပြောဘဲ မျက်နှာတည်တည် တင်းတင်းလှလှလေးနှင့် အရောမဝင်ချင်ဟန် ရှောင်ဖယ်ဖယ်လုပ်နေသော လရိပ်မေကို ကြည့်ကာ မင်းယုလွင် ရင်ထဲ ခံရခက်ခက်နှင့် မချင့်မရဲကြီးဖြစ်လာရသည်မို့ သူ့ရှေ့က ထွက်သွားတော့မည့် သူမလေးကို သူသည် အသည်းယားယားနှင့် ခမင်ပင် တားလိုက်ခြင်းဖြစ်သည်။

"ကျွန်မကို ဘာခိုင်းစရာရှိလို့လဲ ဦးမင်းယုလွင်"

သူမကို အလုပ်ခိုင်းစရာရှိ၍ ခေါ်သည်အထင်နှင့် မေးနေသော လရိပ်မေကို မင်းယုလွင်သည် ရီဝေမျက်ဝန်းတွေနှင့် စိုက်ကြည့်ကာ...

"မရှိပါဘူး"

"ရှင်... ဒါဖြင့်..."

"ကိုယ် မင်းနဲ့ ပြောစရာစကားတွေ ရှိတယ်"

"ဟင်..."

ပြောရင်းက သူမအနီး ခြေတစ်လှမ်းတိုးလာသော



www.burmeseclassic.com

www.burmeseclassic.com



မင်းယုလွင်ထံမှ အရက်နံ့က သူမနှာဝ ငွေ့ခနဲ ရောက်ရှိလာ ကြောင့် လရိပ်မေ မျက်နှာလေးပျက်သွားရသည်။

ကြည့်စမ်း... ဦးမင်းယုလွင် သူ အရက်တွေသော လာသည်ပဲ။ ဒါကြောင့် သူကြည့်ရတာ တစ်မျိုးဖြစ်နေပါသ လို့ ထင်မှတ်နေသော လရိပ်မေ၊ အခုမှ သူ အရက်သောက် မှန်း သိရတော့၏။

ပျက်သွားသော မျက်နှာလေးနှင့်အတူ လရိပ်မေသ ခြေတစ်လှမ်း နောက်သို့ဆုတ်လိုက်ရင်း...

"ကျွန်မ ဦးမင်းယုလွင်နဲ့ ဘာစကားမှ ပြောစရာမရှိ ဘူး"

"အပြွန်း... မင်းဘက်က မရှိပေမယ့် ကိုယ့်ဘက် တော့ ရှိတယ်"

"ရှင်..."

"ဟုတ်တယ်၊ ကိုယ် လရိပ်မေကို ချစ်တယ်"

"အို..."

"လရိပ်မေကို သိပ်ချစ်တယ်"

မြတ်စွာဘုရား...။

ရှက်ရွံ့မှု၊ အံ့သြမှု၊ ထိတ်လန့်ကြောက်ရွံ့မှုတွေနှင့် လ မေသည် ဘုရားတလိုက်မိသည်။

ဦးမင်းယုလွင်ကို ကြည့်လိုက်တော့ သူသည်လည်း





စူးစိုက်စိုက် ကြည့်နေလေ၏။ သူ့အကြည့်ကြောင့် လရိပ်မေ နှံ့သံတွေ မမှန်နိုင်အောင်ဖြစ်လာကာ...

"ဟို... ဟို... ကျွန်မ သွားတော့မယ်"

"နေဦးဆို"

"အို... ဟင့်အင်း... ရှင်နော်"

"လရိပ်... လရိပ်ရယ်၊ မောင် မင်းကို ဆုံးရှုံးမခံပါရ တော့ဗျာ"

"အို... အို..."

စကားနှင့်အတူ လရိပ်မေ၏ ကိုယ်လေးမှာ မင်းယုလွင် ရင်ထဲ လုံးလုံးလျားလျား ရောက်ရှိသွားရပါတော့သည်။

သည့်နောက် သူ့အနမ်းတွေက သူမပါးပြင်ထက်မှ ဆင့် မျက်နှာလေးအနှံ့ သိပ်သိပ်သည်းသည်း ကျရောက်လာ အခါ လရိပ်မေ အသက်ရှူလေးများ မှားယွင်းမွန်းကျပ်သွား သည်။

လရိပ်မေ ကိုယ်လုံးလေးကို မင်းယုလွင်သည် တစ်ကိုယ် သိမ်းကျုံးပွေ့ဖက်ထားသည်မို့ သူ့ထံမှ ဝင်သက်ထွက်သက် နွေးနွေးများက လရိပ်မေ ပါးပြင်နှင့် လည်တိုင်နုနုတို့ပေါ် ရောက်ရှိနေရသည်။

တင်းကျပ်ပွေ့နှန်းသော သူ့အပွေ့အဖက်များကြားတွင် ရိပ်မေသည် မနေတတ်တော့သလို သူ့ရင်ခွင်ထဲမှ သူမကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လေး အားထည့်ကာ ရုန်းထွက်လိုက်ပေမယ့် အချစ်သွေးဆ ဆူဝေနေရသော မင်းယုလွင် အချစ်လှုကြမ်းကြီးကတော့ဖြ ဂရုမစိုက်နိုင်ဘဲ ရင်ခွင်ထဲက လရိပ်မေ ကိုယ်လေးကိုသာ တိုးဖ လိုက်ပြီး…

“မင်း မရုန်းနဲ့လေ လရိပ်၊ ရုန်းလို့လည်း မောင့်ရင်ခွ ထဲက မင်း လွှတ်မှာမဟုတ်ဘူး”

“ရှင်နော်…လွှတ်…လွှတ်ဆို၊ ပြောနေတာ မရဘူးလ”

“မရဘူး၊ လရိပ်ကို မောင် သိပ်ချစ်တယ်၊ မောင် ဝ တယ်၊ မောင့်ဘဝမှာ ချစ်မိတဲ့သူဆိုလို့ လရိပ်တစ်ယောက် ရှိတယ်၊ လရိပ်ကို မောင် မြင်မြင်ချင်း ချစ်တယ်”

“အိုး… မသိဘူး၊ ကျွန်မ ဘာမှနားမလည်ဘူး၊ လွှတ် ကျွန်မကို လွှတ်ပါ ဦးမင်းယုလွင်”

ရင်ချင်းဆွဲကပ်ထားသည်မို့ နီးကပ်လွန်းသော အ အထားမှာ လရိပ်မေမှာ သူမကိုယ်လေးအား ခပ်တင်းတင်း ဖ ဖက်ထားသည့် မင်းယုလွင် လက်အစုံကို ရုက်လန့်တကြား ရုန်း ဖယ်ထုတ်ဖို့ ကြိုးစားလိုက်ပါသော်လည်း မင်းယုလွင်ကတော့ဖြ သူမကို မလွှတ်ပါ။

“လွှတ်နော် ဦးမင်းယုလွင်”

“မလွှတ်ဘူး”

“ဟင်…”





“လရိပ်ကို ချစ်တယ်”

သူ့စကားကြောင့် လရိပ်မေ မျက်နှာလေး ရဲပသွားရ ပြီး…

“ရှင်… ရှင်… အရှက်မရှိ ဒီစကားတွေ ပြောနေတယ်၊ နှင့်မှာ စေ့စပ်ထားတဲ့ မကြာခင် လက်ထပ်တော့မယ့် မိန်းကလေး ရှိနေရက်နဲ့ ရှင် ဒီစကားတွေ ပြောနေတာ ကျွန်မတို့ အထင်သေး သို့လား ဦးမင်းယုလွင်”

“ဟာ… မဟုတ်ဘူး၊ လရိပ် မောင့်ကို အထင်လွဲနေပြီ၊ မောင် လရိပ်ကို ဘာကြောင့် အထင်သေးရမှာလဲ၊ မောင့်ဘဝမှာ အထင်တကြီးနဲ့ မြတ်နိုးလေးစားပြီး ချစ်မိတဲ့ မိန်းကလေးဆိုလို့ င်းတစ်ယောက်ပဲရှိတယ် လရိပ်”

အထင်လွဲနေသည့် ချစ်သူလေး၏ စကားကြောင့် မခံ ရပ်နိုင်သလို နှလုံးသားတွေ နာကျင်သွားရသော မင်းယုလွင် မှာ လရိပ်မေကိုယ်လေးကို မချင့်မရဲနှင့် တင်းခနဲ ဖျစ်ညှစ်ပစ် လိုက်သည်။

“အင့်… အို… ရှင် ဘယ်လိုလုပ်လိုပ်တာလဲ”

လရိပ်မေ တစ်ကိုယ်လုံး အသက်ရှူမွန်းကျပ်သွားရ သည်။

“ဝတ်ရည်ကို မောင် စေ့စပ်ခဲ့တာမှန်ပေမယ့် မောင် တကယ်ချစ်မိတဲ့သူက မင်းပါ လရိပ်”



www.burmeseclassic.com

www.burmeseclassic.com



မင်းယုလွင်သည် လရိပ်မေ မျက်ဝန်းထဲ စိုက်ကြည့်ရင်းက ထိုစကား ဆိုလိုက်သည်။

"လရိပ်"

"ရှင်… ရှင်… ကျွန်မကို လွှတ်ပါတော့"

"လရိပ်"

"ဟင့်အင်း… ဟင့်အင်း… ရှင် လွှတ်လို့ ပြောနေတယ်နော်၊ မကြားဘူးလား"

"အဟွန်း… ကြားပါတယ်ဗျာ၊ မောင် လရိပ်ကို ချစ်တယ်"

"အို… လွှတ်ဆို၊ ရှင်… ရှင် ဒီစကားတွေ ပြောနေမယ်ဆို ကျွန်မ ဘွားကို လှမ်းခေါ်ရလိမ့်မယ်"

ဘာရယ်ညာရယ် မစဉ်းစားတော့ဘဲ သူ့လက်က လွတ်မြောက်ရေးအတွက် ပြောလိုက်သော လရိပ်မေ စကားကြောင့် မင်းယုလွင် မျက်နှာချောချောကြီးမှာ ခပ်ပြုံးပြုံးဖြစ်သွားရပြီး…

"အဟွန်း… ဟွန်း… ခေါ်ချင်ခေါ်လေ၊ မောင် ချစ်တာဘွား သိသွားတာ ပိုကောင်းတာပေါ့"

"ဟင်… ရှင်…"

"ရှင်… ရှင်… အလကားလူ၊ အခုလို အခွင့်အရေးယူတာ ကောင်းလား"

ခေပျို့စင် နုနုထွတ်ထွတ်လေး လရိပ်မေမှာ ရှက်ဒေါသ





နှင့် ဆိုလိုက်သည်။ မင်းယုလွင်ဆိုသည့် သူ့ကို လရိပ်မေသည် ဒီလောက် ရဲရဲတင်းတင်းနှင့် အချစ်ကြမ်းသူတစ်ဦးဖြစ်လိမ့်မည်ဟု မထင်ခဲ့မိတာ လရိပ်မေ အမှားပင်ဖြစ်သည်။

"လရိပ်ရယ်… မောင် လရိပ်ကို ချစ်တဲ့စိတ်နဲ့ ပြုမူမိတာကလွဲပြီး လရိပ်အပေါ်မှာ မောင် ဘာအခွင့်အရေးမှ မယူဘူး၊ ယုံတာ လရိပ် ယုံပါ"

"ယုံပါ ဟုတ်လား၊ ကျွန်မက ဘာကိုယုံပေးရမှာလဲ မင်းယုလွင်၊ ရှင် အခုလို ကျွန်မကို ပြုမူနေတာဟာ အခွင့်အရေးယူတာ မဟုတ်လို့ ဘာလဲ"

"အဟွန်း… အဲဒါ လရိပ်ကို မောင် ချစ်တာဗျ"

"ကျွန်မကတော့ ရှင့်ကို မုန်းတယ်"

"လရိပ်"

"ကျေးဇူးပြုပြီး ကျွန်မကို ရှင် လွှတ်ပေးပါ ဦးမင်းယုလွင်၊ ကျွန်မ… ကျွန်မ ရှင့်ကို မချစ်ဘူး၊ အဟင့်… ဟင့်…"

"လရိပ် မင်း…"

သူ့အား မချစ်ပါဟု ဆိုနေသူ ချစ်သူလေး၏ ပါးပြင်မှ မျက်ရည်စများကို မြင်ရတော့ မင်းယုလွင်မှာ သူ့ကိုယ်သူ ဘယ်လို ထိန်းချုပ်၍မရတော့ပါ။

"လရိပ် မောင့်ချစ်ရယ်"

"အို…"



www.burmeseclassic.com

www.burmeseclassic.com



ရင်ဝယ် ခံစားမှုတွေ ပေါက်ကွဲသွားရပြီဖြစ်သော မင်းယုလွင်သည် ထိန်းချုပ်နိုင်စွမ်းတို့ မရှိသည့်အလား ရင်ခွင်ထဲက ချစ်သူမျက်နှာလှလှလေးထက် အနမ်းမိုးတို့ သည်းထန်စွာ ရွာလိုက်မိပါတော့သည်။

ရှက်လန့်တကြား ထွက်ပေါ်လာရသော လရိပ်မေ၏ စကားသံလေးများသည်လည်း သူ့ရင်ခွင်ထဲမှာပင် ပျောက်ကွယ်သွားခဲ့ရပြီ ဖြစ်သည်။

"ချစ်တယ် လရိပ်ရယ်"

"သိပ်ချစ်တယ်"

"ဟင့်အင်း…"

"အို…. အို…"

တိုးတိုးကျိတ်ကျိတ်နှင့် တွန်းထိုးရုန်းကန်သံလေးများက အချိန်ခဏလေးအတွင်းမှာ ပျောက်ကွယ်သွားရသည်။

အကြောင်းမှာ…။

လရိပ်မေသည် မင်းယုလွင်၏ ကိုယ်ကြီးကို သူမ လက်လေးနှင့် အားကုန်တွန်း ရုန်းကန်လျက် သူ့အနားမှ အပြေးလေး ထွက်သွားခဲ့ရပြီ မဟုတ်ပါလား။

* * *



အခန်း (၁၁)

ချစ်စကားတွေဆိုကာ ပေါက်ကွဲပြီးကတည်းက လရိပ်မေသည် သူနှင့် နှစ်ယောက်တည်း မျက်နှာချင်းဆိုင်ဖို့ အခွင့်အရေးမပေးတော့ဘဲ သူနှင့် မျက်နှာချင်းမဆိုင်နိုင်အောင် ရှောင်ဖယ်နေသည်က မင်းယုလွင်ကို အခံရခက် မချင့်မရဲဖြစ်စေရသည်ကိုတော့ လရိပ်မေ မသိပါပေ။

အိမ်တွင် သူ ရှိနေပါက ဘွားနား တစ်ချိန်လုံး တွယ်ကပ်နေသော လရိပ်မေကို မင်းယုလွင် ကြည့်ပြီး အသည်းယားနေခဲ့ရသည်က မနည်းတော့။

လရိပ်မေ သူမလေး ဘာအချိုးချိုးနေမှန်း မင်းယုလွင် သိနေရတော့ သူမ၏ ရှောင်ဖယ်မှုများအတွက် မင်းယုလွင် နှလုံးသားများ နာကျင်စေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမလေးကို သူ ချစ်စကားမဆိုခင်က အကြောင်းမဟုတ်ပေမယ့် ရင်ဖွင့်ကာ ချစ်စကားတွေ ဆိုပြီးသည့်အချိန်မှာတော့ မင်းယုလွင် သူမနှင့် အဝေးမှာနေဖို့ဆိုတာ သူ့အနေနှင့် ဘယ်လိုမှ မဖြစ်နိုင်တော့ပါ။

သည်အဖြစ်ကို သူ့နှလုံးသားကလည်း ဘယ်လိုမှ ခွင့်မပြု။ တစ်ဖက်သတ်ဆန်သည့် အချစ်တွေနဲ့လို့ပဲဆိုဆို အချိန်တိုင်းမှာ ချစ်သူမျက်နှာကို မြင်ချင်တွေ့ချင် ချစ်သူအနားမှာ သူ နေချင်ပါသည်။

သို့သော် လရိပ်မေဆိုသည့် သူမလေးကတော့ သူ့ကို အခွင့်အရေးမပေးခဲ့ပါ။ ဒီအတွက် နာကျင်ရသူက မင်းယုလွင်သာ ဖြစ်ပါသည်။

ခုလည်း သူ ဘွားနားရောက်ပါမှ အနားမှ ရှောင်ထွက်သွားသော လရိပ်မေကြောင့် မင်းယုလွင် နှလုံးသားများ ကျင်ခဲဖြစ်သွားကာ. . .

"ဒါ ဘယ်သွားမလို့လဲ လရိပ်"

"ဘွားအတွက် နေ့လယ်စာသွားစီစဉ်မလို့ပါ"

အကြည့်လေးလွှဲလျက် ခေါင်းလေးခပ်ငုံ့ငုံ့နှင့် မသိသလိုလို၊ သူ့အား ဂရုမစိုက်သလိုလို ပြောနေသော လရိပ်မေကို မင်းယုလွင်သည် အတွင်းနှုတ်ခမ်းသားကို ဖိကိုက်လျက် ခပ်စိုက်စိုက်လေး ကြည့်လိုက်သည်။

သွေးတိုး၊ ဆီးချိုရှိသော ဘွားအတွက် အစားအသောက်





ကို ဂရုစိုက်ရသည်မို့ ဘွားအတွက် စားစရာများကို လရိပ်မေကိုယ်တိုင် စီစဉ်ရပါသည်။ သူ ကြည့်နေဆဲမှာပင် လရိပ်မေသည် သူ့ရှေ့မှထွက်သွား ပြီဖြစ်သည်။

မင်းယုလွင် သူ့အတွက် ရလာသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ လရိပ်မေနောက်ကို ခြေလှမ်းကျဲကြီးများနှင့် လိုက်လာခဲ့လိုက်သည်။

လရိပ်မေကတော့ မသိပါပေ။ ဘွားအနားတွင် မင်းယုလွင်ရှိနေသဖြင့် သူ့အား ရင်မဆိုင်၊ မတွေ့ချင်သောကြောင့် သူ့အနားမှ ရှောင်ထွက်လာခဲ့သည့်တိုင် ရင်မှာတော့ တဒိတ်ဒိတ်နှင့် ရင်ခုန်သံတွေ မမှန်ချင်အောင် ဖြစ်နေရသည်။

ဖြစ်နိုင်လျှင် လရိပ်မေသည် မင်းယုလွင်နှင့် မျက်နှာချင်း မဆိုင်ချင်ပါ။ ချစ်သူရည်းစားသဖွယ် သူ့သဘောဆန္ဒနှင့်ပြုမူနမ်းရှိုက် ချစ်စကားတွေဆိုသွားသော သူ့ကို လရိပ်မေ မုန်းပါသည်။

အခွင့်အရေးယူရက်သူတစ်ယောက်အနေနှင့်လည်း လရိပ်မေ သူနှင့် မျက်နှာချင်းမဆိုင်လို။

မျက်နှာချင်းမဆိုင်လိုပါမှ သူမအား ဖွတ်မျက်နှာချင်းဆိုင်ရန် ကြိုးစားနေသူကလည်း မင်းယုလွင်ပင် ဖြစ်သည်။

ရီဝေရူးရှ ညို့ငင်ကာ ဆွဲဆောင်သော မျက်ဝန်းညိုအကြည့်ရူးရူးတွေနှင့် ကြည့်နေတတ်သော သူ့အကြည့်ကို လရိပ်မေ မမြင်တွေ့လိုပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နှင့် စေ့စပ်ထားသည့် မကြာခင် လက်ထပ်တော့မည့် မိန်းကလေးတစ်ယောက်အပေါ် သစ္စာဖောက်ကာ ချစ်စကား ဆိုသော ဦးမင်းယုလွင်၏ အချစ်ကို လရိပ်မေ မယုံနိုင်တော့ပါ။

သူ၏ ချစ်စကားတွေက သူမ၏နှလုံးသားနုနုကို နာကျင် စူးနင့်စေရပါသည်။

သူမဘဝအတွက် ပထမဦးဆုံး တွေ့ရသည့် အချစ်က သစ္စာမဲ့သည့် ယောကျ်ားတစ်ယောက်ဆီက ဒီလို အချစ်မျိုးတဲ့ လား။ အတွေးနှင့်ပင် ရင်မှာ နာကျင်သွားရသည်။

နာကျင်မောလျသည့် အတွေးတွေနှင့် လရိပ်မေ တစ်ယောက် အတွေးမှမဆုံးသေးခင် ဖျတ်ခနဲဆိုသလို သူမလက် ကလေးတစ်ဖက်ကို တစ်စုံတစ်ယောက်သည် နောက်မှ လှမ်း လိုက်တာကြောင့် လရိပ်မေမှာ အံ့ဩမှုတွေနှင့်အတူ အပြည့်မျှ နောက်သို့ ရောက်ရှိသွားတော့…

"ဟင်… ရှင် ဒါ ဘာလုပ်တာလဲ၊ လွှတ်… ကျွန်မ လက်ကို လွှတ်ပါ"

"မလွှတ်ဘူး"

"ရှင်နော်"

"ပြောစမ်း၊ မင်း ဘာလို့ မောင့်ကို ရှောင်နေတာလဲ တာ"

ဘုရားရေ…။ အကြည့်တွေသည် ချစ်ရည်ရွှန်းသ မဟုတ်။ စကားတွေကလည်း ချစ်သူရည်းစားတစ်ယောက်နှ





သူကိုယ်သူ တစ်မောင်တည်း မောင်နေသော မင်းယုလွင်ကြောင့် လရိပ်မေ ရှက်မျက်နှာလေး ရဲတောက်နေရပြီး…

"ဦးမင်းယုလွင် ရှင် စကားကို ဆင်ခြင်ပြောပါ"

"အဟွန်း… မောင်က ဘာကို ဆင်ခြင်ပြောရမှာလဲ လရိပ်"

"အို… ကျွန်မနဲ့ စကားပြောရင် ရှင့်ကိုယ်ရှင် မောင်လို့ ထည့်မပြောပါနဲ့၊ ရှင်နဲ့ ကျွန်မ ဘာမှမဆိုင်ဘူး"

"မောင်က ဆိုင်ချင်နေတယ်ဆိုရင်ရော"

"ရှင်နော်"

လှပသော လရိပ်မေမျက်နှာလေးကို စိုက်ကြည့်ရင်း မင်းယုလွင် ဆိုလိုက်လေသည်။ တကယ်လည်း မင်းယုလွင်သည် သူ့ဘက်က လရိပ်မေအား ပိုင်ဆိုင်ချင်နေရပြီဖြစ်သည်။

"လရိပ်"

"ရှင်နဲ့ ကျွန်မ ဘာစကားမှ ပြောစရာမရှိဘူး ထင်ပါ တယ်၊ ကျွန်မလက်ကို လွှတ်ပါ"

ပြောလည်း ပြော၊ လရိပ်မေသည် ရှက်သွေးဖြာ အနေ ခက်သော မျက်နှာလေးနှင့် မင်းယုလွင် လက်ထဲ ဆုပ်ကိုင်ထား သည့် သူမလက်လေးကို ရုန်းယူနေလိုက်သည်။

မင်းယုလွင်မှာ လရိပ်မေ လက်လေးကို လုံးဝလွှတ် မပေးပါပေ။ တင်းကျပ်စွာပင် ဖျစ်ညှစ်လိုက်သည်မို့ လရိပ်မေ မျက်နှာလေးမှာကား ရုန်းမရအောင် ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ခံစားမှုတွေကို လရိပ် နည်းနည်းမှ ထည့်မတွ
တော့ဘူးလား"

"အဲဒါ ရှင့်ကို ကျွန်မ ပြောရမယ့်စကား ဦးမင်းယုလွ
ရှင် ကျွန်မဘက်ကိုရော ထည့်မတွက်ပေးတော့ဘူးလား၊ ရှင်ဒီ
လုပ်နေမယ်ဆိုရင်တော့ ကျွန်မ ဒီအိမ်က ထွက်သွားရလိမ့်မ

"ဘာ..."

"ဘာပြောတယ် လရိပ်၊ မင်း... မင်း... ဘယ်မှမသွား
ရဘူး၊ သွားခွင့်လည်း ကိုယ် မပြုနိုင်ဘူး"

မင်းယုလွင် စကားအဆုံး လရိပ်မေ အကြည့်စိမ်းတေ
တွေက မင်းယုလွင်ထံ ရောက်ရှိသွားရသည်။

"ရှင် ကျွန်မကို အမိန့်ပေးနေတာလား ဦးမင်းယုလွ

"လရိပ်မေ ကြိုက်သလို ထင်နိုင်တယ်၊ ကိုယ့်အတွ
အရေးကြီးတာ လရိပ်ပဲ၊ လရိပ် ကိုယ့်အနားမှာ ရှိနေဖို့ပဲ အရေးကြ
တယ်"

"ဦးမင်းယုလွင်... ရှင့်စကားတွေ ဒီမှာရပ်လိုက်
ကောင်းမယ်၊ ကျွန်မကို ရှင် ဘာမှ ချုပ်ခြယ်ပိုင်ခွင့်မရှိဘူ
ကျွန်မ သွားချင်သွားမယ်၊ နေချင်နေမယ်၊ ကျွန်မ သဘော

"အဟွန်း... အဲဒါက အရင်တုန်းက ဖြစ်ချင်ဖြစ်မ
အခု မင်းအနားမှာ မောင် ရှိနေပြီလေ၊ ဒါကြောင့် လရိပ်
စိတ်ထင်တိုင်း လုပ်ခွင့်မပေးနိုင်ဘူး"

"ရှင် ပြောတိုင်း ကျွန်မ လိုက်လုပ်ရမှာလား၊ ဖယ်..."





မင်းယုလွင် လက်ထဲက လရိပ်မေ လက်လေးကို တအား
ဆောင့်ရုန်းလိုက်သဖြင့် မင်းယုလွင် လွှတ်ပေးလိုက်သည်နှင့်
လရိပ်မေ သူ့ရှေ့က လှမ်းအထွက်...

"ကိုယ် ပြောတာကို လရိပ် နားမထောင်ဘူးဆိုရင် ပြီးမှ
လရိပ် ကိုယ့်ကို အဆိုးမပြောနဲ့နော်၊ ကိုယ် နောက်ဆုံး ပြော
တယ်။ လရိပ် ဘယ်မှမသွားရဘူး"

လရိပ်မေသည် သူ့ကို တစ်ချက်ကြည့်ပြီး ဘာစကားမှ
မဆိုဘဲ နေရာမှ ချာခနဲလှည့်အထွက်...

"လရိပ်"

"အို... အမေ့..."

နောက်မှနေ ခပ်ကြမ်းကြမ်းလေး လှမ်းဆွဲလိုက်သည့်
မင်းယုလွင်ကြောင့် လရိပ်မေမှာ အရှိန်မထိန်းနိုင်တော့ဘဲ သူမ
တစ်ကိုယ်လုံး မင်းယုလွင် ရင်ခွင်ထဲ ရောက်ရှိသွားရသည်။

"အို... ဘာလုပ်တာလဲ"

"လွှတ်..."

"လရိပ်ရယ်"

"အို..."

"ချစ်လိုက်ရတာ လရိပ်ရယ်"

တင်းကျပ်စွာ တုပ်နှောင်ထားသည့် မင်းယုလွင် ရင်ခွင်
ထဲ လရိပ်မေ မွန်းကျပ်သွားရသည်။ မျိုသိပ်ရလွန်းသော ပေါက်
ကွဲချင်နေသည့် အချစ်စိတ်လေးက လရိပ်မေ၏ မခိုးမခန့် အ



www.burmeseclassic.com

www.burmeseclassic.com



အရာလေး ပေါင်းစပ်လိုက်သောအခါ သူ့ရင်မှာ မချင့်မရဲစိတ်က အစွမ်းကုန် ပေါက်ကွဲသွားရပြီ ဖြစ်သည်။

"မောင့်ကို မရက်စက်ပါနဲ့ဗျာ၊ လရိပ်ရဲ့ စိမ်းကားမှုက မောင့်ကို မခံစားနိုင်တော့ဘူး"

"မကြားချင်ဘူး၊ ဖယ်..."

"မကြားချင်လို့ မရဘူး၊ လရိပ်ကို မောင် ချစ်တယ် သိပ်ချစ်တယ်၊ အဲဒါ သိလား"

"ရှင်နော်... လူကို အနိုင်မကျင့်နဲ့၊ သိလား"

"အနိုင်ကျင့်တာ မဟုတ်ဘူး၊ ချစ်တာ"

"အို... မသိဘူး၊ ဖယ်... လွှတ်..."

"မလွှတ်ဘူး"

"ဟင်... ရှင်... ဒီလောက် အပြောရခက်လှတာ ကဲဟယ်... ကဲ..."

"ဗုန်း..."

"ဗုန်း..."

ရက်ဒေါသတွေနှင့် မျက်နှာလေးရဲတောက်ကာ လရိပ်မေသည် မင်းယုလွင် ရင်ဘတ်ကြီးကို တဗုန်းဗုန်းနှင့် ထုရိုက်လိုက်သည်။

မင်းယုလွင်မှာ လရိပ်မေ လုပ်သမျှကို ဘာမှပြန်မပြောဘဲ ရီဝေဝေ မျက်ဝန်းညိုကြီးနှင့်သာ သူမကို စိုက်ကြည့်နေပေ၏။





ကံကောင်းသည်လို့ ပြောရမည်က သူတို့နှစ်ဦး ဖြစ်နေသည့် လှေကားထောင့်ချိုးအကွေ့လေးမှာမို့ တော်ရုံနှင့် သူတို့နှစ်ဦးအဖြစ်ကို မမြင်နိုင်ပေ။

နာကျင်ခြင်းတွေ ပေါက်ကွဲနေသော လရိပ်မေသည်ကတော့ ဘာကိုမှ ဂရုမစိုက်နိုင်တော့အောင် မင်းယုလွင်အား တဗုန်းဗုန်း ထုရိုက်နေရင်းက မျက်ဝန်းမှ မျက်ရည်စီးကြောင်းများက ပါးပြင်ထက် စီးဆင်းကျလာရသည်။

ချစ်သူလေး၏ မျက်ရည်များကိုမြင်ရတော့ မင်းယုလွင်ရင်မှာ တစစ်စစ်နာကျင်လာရသည်။

သူ့ကြောင့် သူမလေး မျက်ရည်ကျနေသည့်အဖြစ်ကို မင်းယုလွင် မမြင် မတွေ့ချင်ပါပေ။

ဖြစ်နိုင်လျှင် ချစ်သူလေး သူ့ကြောင့် စိတ်ချမ်းသာတာကိုသာ မြင်ချင်ပါသည်။ ချစ်သူ သူ့ကြောင့် စိတ်ဆင်းရဲသည့်အဖြစ်ကိုတော့ မင်းယုလွင် မမြင်၊ မတွေ့ချင်ပါပေ။

ဆွတ်ကျင်ရသော နှလုံးသားတို့ဖြင့် မင်းယုလွင်သည် လရိပ်မေ မျက်နှာလေးကို စေ့စေ့စူးစူးစိုက်ကြည့်ရင်း သူ့လက်အစုံသည် ဖြေလျှော့လျက် သူမကိုယ်လေးကို လွှတ်ပေးလိုက်ပြီး...

"မငိုပါနဲ့ လရိပ်ရယ်၊ မောင့်ကြောင့် မင်း မျက်ရည်မကျစေပါဘူး၊ မင်းမျက်ရည်တွေကိုလည်း မောင် မကြည့်ရက်ပါဘူးဗျာ"

နာကျင်နက်ရှိုင်းသော ခံစားမှုတွေနှင့် စကားတွေကို လေးတနက်ဆိုရင်း မင်းယုလွင်သည် လရိပ်မေ ရှေ့မှ ချာခနဲ



www.burmeseclassic.com

www.burmeseclassic.com



လှည့်ထွက်ခဲ့လိုက်သည်။

"လရိပ်ရယ်... မောင့်အချစ်တွေကို မင်း နားမလည် တော့ဘူးလားဗျာ၊ မောင် မင်းကို အရှုံးပေးပါတယ်၊ မောင့်ထံ လရိပ် မုန်းချင်သလောက် မုန်းစေဦး၊ မောင်ကတော့ လရိပ်ကို အမြဲချစ်နေမယ့်သူဆိုတာ လရိပ် သိပါတော့ဗျာ"

မင်းယုလွင်မှာ ရင်မှာ သက်မမောနှင့်အတူ လရိပ်မေ နှင့်ပတ်သက်လို့ ရင်မှာ ခံစားရသမျှ ကျိတ်ကာဆိုရင်း သူ့ စိတ်အတွေးတို့သည် ချစ်သူလေးနား တဝဲလည်လည်သာရောက် ပါတော့သည်။

* * *

သည်နေ့ ဘွားရဲ၏ အသက်ရှစ်ဆယ်ပြည့် မွေးနေ့မို့ အိမ် မှာပင် သံဃာတော်များအား ဆွမ်းကပ်ပြီး ဘာမွေးနေ့အတွက် ဖိတ်ထားသည့် ဧည့်သည်များကို အကျွေးအမွေးများဖြင့် ဧည့်ခံ လေသည်။

ဘွားမွေးနေ့အတွက် အကျဉ်းချုံးကာ ရင်းနှီးသည့် မိတ်ဆွေအပေါင်းအသင်းများကိုသာ ဖိတ်သည်ဆိုပေမယ့် လာ သမျှ ဧည့်သည်တွေသည် မနည်းပါပေ။

လာသမျှ ဧည့်သည်များကို ကျွေးမွေးဧည့်ခံရန် နောက် ပိုင်းစီစဉ်ရသည့် လရိပ်မေ၊ ဒေါ်ကြိုင်နှင့် မအေးတို့မှာလည်း





တစ်ယောက်မှ မအားပါပေ။ ဧည့်သည်များကို မလစ်ဟင်းရ အောင် ကျွေးမွေးဧည့်ခံရင်း အလုပ်တွေ ရှုပ်နေရသည်။

ရှေ့ပိုင်းတွင်ကား မင်းယုလွင်၊ ကြီးကြီးထားနှင့် ဘွားတို့ မှာလည်း လာသမျှ ဧည့်သည်များကို နှုတ်ဆက်ဧည့်ခံ နေရပေး နေရသည်။

ဘွားမွေးနေ့ကို အကျဉ်းချုံးလုပ်သည်ဆိုပေမယ့် မိတ်များ သူမို့ ဧည့်သည်တွေက တော်တော်နှင့် မကုန်နိုင်။

ထိုအထဲတွင် ဒေါ်မော်လီနှင့် ဝတ်ရည်တို့လည်း ပါလေ သည်။ အရုပ်လေးတစ်ရုပ်လို လှပနေသော ဝတ်ရည်သည် အိမ်ရှေ့ဧည့်ခန်းတွင် မင်းယုလွင်နှင့်အတူ လာသမျှဧည့်သည်များ ကို အပြုံးလှလှလေးနှင့် ဧည့်ခံနေသည်ကို ကြည့်ပြီး ကြည်နူး ကျေနပ်နေရသူ ဒေါ်မော်လီဖြစ်သည်။

ဒေါ်မော်လီ မြင်ချင်တွေ့ချင်တာလည်း သမီးဖြစ်သူ ဝတ်ရည်နှင့် မင်းယုလွင်ကို ဒီလိုမျိုးပင်ဖြစ်သည်။

မင်းယုလွင်လို တော်သည့် ထက်သည့် အရည်အချင်း ရှိသော လူတစ်ယောက်ကို ဒေါ်မော်လီ ဘာအကြောင်းကိစ္စနှင့် မှ လက်လွှတ်အဆုံးရှုံးမခံနိုင်ပါ။

ဒါကြောင့်လည်း သမီးဖြစ်သူကို မြှောက်ထားရသည်။ မင်းယုလွင်ကို လက်မလွှတ်ရန်၊ အကင်းပါးသော သမီးက မင်းယုလွင်နား တစ်ချိန်လုံးလိုလို တွယ်ကပ်နေသည်မို့ ဒေါ်မော်လီ ကျိတ်၍ ကျေနပ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ဘွားမွေးနေ့ကို အကြောင်းပြုကာ မင်းသုလွင်နား ဝတ်ရည် တစ်ချိန်လုံးယှဉ်တွဲရှိနေတာကိုကြည့်ပြီး ဒေါ်မော်လီသည် အပြုံးတွေနှင့် ရှိနေသလောက် မပြုံးမရယ်နိုင်သူများကနောက်တွင် အလုပ်လုပ်နေသည့် လရိပ်မေတို့အုပ်စုပင် ဖြစ်သည်။

ဒေါ်ကြိုင်၊ မအေး၊ လရိပ်မေပါမကျန် သုံးယောက်လုံးကိုယ်စီအလုပ်တွေနှင့် လုပ်နေပေမယ့် လူက အလုပ်ကို မနိုင်အောင်ဖြစ်နေရသည်။

ယခုလည်း ဒေါ်ကြိုင်သည် လိုအပ်သည့် ဟင်းပွဲများကိုအသင့်ပြင်လိုက်ပြီး…

"လရိပ်… ဒေါ်ကြိုင့်ကို ကူညီပါဦးကွယ်၊ ဒီဟင်းပွဲလေးရှေ့ကို သွားပို့ပေးပါဦး၊ ကြီးကြီးထားက ဟင်းလိုက်ပွဲလိုတယ်ပြောလို့"

ဒေါ်ကြိုင့်စကားကြောင့် လရိပ်မေ အခက်တွေ့သွားရသည်။ ဖြစ်နိုင်လျှင် လရိပ်မေသည် ရှေ့ကို သူမ မသွားချင်ပါပေ။

သူမအနေနှင့် သွားရန်လည်း စိတ်များ မဝံ့မရဲ။ ညနေခင်းထဲတွင် သူမ မသိသော ဧည့်သည်တွေအပြင် သူမ မျက်နှာချင်းမဆိုင်ချင်သည့် ဒေါ်မော်လီနှင့် ဝတ်ရည်တို့သည်လည်း ရှိနေလေ၏။

ဒေါ်ကြိုင်ကိုယ်တိုင် ရှေ့ကို သွားပို့လိုက်ပါလို့လည်း လရိပ်မေ မပြောရက်ပြန်။ အကြောင်းကား ဒေါ်ကြိုင်သည် မအားလပ်သောကြောင့် ဖြစ်သည်။





ဒေါ်ကြိုင် မအား၍ မအေးကို ကြည့်လိုက်ပြန်တော့ …ကယ်တော့ သူမသည်လည်း မအားပါ။ သို့သော် သူမ အလုပ် …ာ ခဏထားခဲ့၍ဖြစ်သည့်အလုပ်မို့ နောက်ဆုံး လရိပ်မေသည် …ငြင်းသာတော့ဘဲ ဒေါ်ကြိုင် လှမ်းပေးသည့် ဟင်းလိုက်ပွဲဗန်း …းကိုယူကာ စိတ်မှာ မဝံ့မရဲနှင့်ပင် အိမ်ရှေ့ဧည့်ခန်းကျယ် …ြီးထဲသို့ လှမ်းလာခဲ့လိုက်သည်။

ခဲဆွဲထားသလို လေးလံလှသော ခြေလှမ်းများကို အနိုင် …င်သယ်လျက် မျက်လွှာလေးစင်းချကာ ဟင်းလိုက်ပွဲဗန်းလေး …ိုင်လျက် ဧည့်ခန်းထဲ ရောက်လာသော လရိပ်မေကိုကြည့်ပြီး …က်နှာပျက်သွားရသူက ဒေါ်မော်လီဖြစ်သည်။

ဆံပင်ရှည်လေးများကို နောက်တွင် ခပ်ဖြင့်မြင့်စုချည်ကာ …း ခရမ်းရောင် ချည်သားပေါ်တွင် အဖြူပွင့်သေးသေးလေးများပါ …သော ရင်စေ့လက်စက ခါးတိုဝတ်စုံလေးက ကျော့ရှင်းသော …ကိုယ်ထက်တွင် အချိုးကျလှပနေရသလို သနပ်ခါးမပြယ့် …ငြယ် မျက်နှာလေးက ဝင်းဝါစိုရှင်းလျက် မျက်ခုံးထူထူ မျက်ဆံ …ာ်နက်နှင့် ရိုးရှင်းစွာ လှပလွန်းနေရသည်။

သူမအလှက မပြုပြင်ပါဘဲနှင့် ပင်ကိုသဘာဝအလှတွေ …င့် ထူးထူးခြားခြား လှနေသော လရိပ်မေအလှကို ဒေါ်မော်လီ …တိထားမိသလို ဒေါ်မော်လီနည်းတူ အားလုံးသော အကြည့်တွေ …လည်း သူမအလှကို သတိထားမိသွားဟန် ငေးခနဲ ကြည့်လာ …သ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြည့်များကို မြင်ရလေ ဒေါ်မော်လီ စိတ်မှာ အနှောင့်အယှက် ဖြစ်ရလေ ဖြစ်နေဆဲမှာပင် မင်းယုလွင်သည် လရိပ်မေ လက်ထဲမှ ဟင်းပွဲဇွန်းလေးကို အပြုံးနှင့် လှမ်းယူလိုက်လေသည်။

ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါ။

ဧည့်ခန်းအလယ်တွင် ထိုင်ကာ လာသမျှဧည့်သည်များကို ဧည့်ခံနေသော ဘွားက လရိပ်မေကို သူ့အနား လှမ်းခေါ်လိုက်တာမို့ လရိပ်မေသည် ဘွားနားသို့ ရောက်သွားပြီး ခေါင်းလေးငုံ့ကာ ထိုင်အချ…

"ဟင်…"

ဒေါ်မော်လီ မျက်ခုံးကြီး မင့်တက်သွားရသလို ဟုတ်မှ ဟုတ်ပါရဲ့လားဟုလည်း ကိုယ့်ကိုယ်ကို သံသယဖြစ်သွားရသည်။ သေချာပါသည်။ သူမ အကြည့်မှား၊ အမြင်လွဲတာ မဖြစ်နိုင်ဆိုတာ။

ဘွားနား ခေါင်းလေးငုံ့ကာ ထိုင်အချဝယ် သူမ အင်္ကျီအောက်မှ အသည်းပုံပါ ဆွဲကြိုးလေးက ရှေ့သို့ လျှောခနဲကျလာကာ ဝင်းဝါသော ဆွဲကြိုးဝင်းဝင်းလေးက သူမ အင်္ကျီရင်ညွန့်ပေါ်ဝယ် မြင်သာထင်သာ ရှိသွားရလေသည်။

ရင်ခုန်သံတွေမြန်ဆန်လာမှုနှင့်အတူ ဒေါ်မော်လီအကြည့်တွေက လရိပ်မေ လည်တိုင်တွင် ဆွဲထားသည့် ဆွဲကြိုးလေးထံသာ အကြည့်များ စူးစူးစိုက်စိုက် ရောက်ရှိနေရှာသည်။





ကြည့်ရင်း ကြည့်ရင်းမှ ဒေါ်မော်လီ မျက်မှောင်ငို၍ ကြုတ်သထက် ကြုတ်လာရသည်။

သေချာပါပြီ။ ဒီပုံစံ ဒီဆွဲကြိုးမျိုးသည် သူမနှင့် အလွန်ရင်းနှီးခဲ့သည့် ပစ္စည်းဆိုတာ။

လရိပ်မေသည် ဘွားနား ခဏထိုင်ပြီးနောက် နောက်သို့ ပြန်ဝင်သွားသည်နှင့် ဒေါ်မော်လီသည်လည်း လရိပ်မေနောက် လိုက်လာခဲ့သည်။

"ဒီမှာ လရိပ်မေ၊ ညည်း ခဏနေဦး"

"ဟင်…"

စကားနှင့်အတူ သူမအနားရောက်လာသော ဒေါ်မော်လီကို ရုတ်တရက် တွေ့လိုက်ရတာကြောင့် လရိပ်မေ မျက်နှာလေး ပျက်သွားရ၏။

ဒါကို ဒေါ်မော်လီကတော့ သတိမထားမိဘဲ လရိပ်မေ ဆွဲထားသည့် ဆွဲကြိုးလေးကိုသာ အကြည့်စူးစူးတွေနှင့် မျက်တောင်မခတ်တမ်း ကြည့်နေသည်။

ကြည့်နေရင်းမှ ဒေါ်မော်လီသည် မျက်နှာကြီး တင်းမာလာရပြီး…

"ညည်း… ညည်း ဒီပစ္စည်း ဘယ်ကရလဲ လရိပ်မေ၊ ဒီဆွဲကြိုးကို ညည်း ဘယ်ကရလာတာလဲ"

လည်တိုင်ဝင်းဝင်းလေးတွင် ဆွဲထားသည့် လရိပ်မေ ဆွဲကြိုးလေးကို ဒေါ်မော်လီသည် သင့်၏၊ မသင့်၏ မစဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ ဆွဲကိုင်ကြည့်ရင်းက မေးလိုက်သည်။

လရိပ်မေမှာ ဒေါ်မော်လီ ကိုင်ထားသည့် ဆွဲကြိုးလေးကို ပြန်ယူလိုက်ရင်း…

"အန်တီ့လုပ်ရပ်တွေ သိပ်လွန်နေပြီနော်၊ အန်တီ ဒီလိုသာ လုပ်နေမယ်ဆိုရင် ကျွန်မ ရှေ့ဆက်ပြီး သည်းခံနိုင်မှာ မဟုတ်တော့ဘူး"

"ဘာပြောတယ်အေ… ညည်းကများ ရာရာစစ၊ သူခိုးက လူပြန်ဟစ်လို့၊ ပြောစမ်း… ညည်း ဒီပစ္စည်း ဘယ်ကယူလာတာလဲဆိုတာ"

ဒေါ်မော်လီ စကားတွေက လရိပ်မေ၏ ကိုယ်ကျင့်တရားနှင့် သိက္ခာကို ရစရာလုံးဝမရှိတော့သည်မို့ လရိပ်မေမှာ သူမ၏ ကိုယ်ကျင့်တရားနှင့် သိက္ခာကို စော်ကားနေသည့် ဒေါ်မော်လီကို အကြည့်စူးစူးစိမ်းစိမ်းတွေနှင့် နှုတ်ခမ်းလေးဖိကိုက်ကာ ကြည့်ရင်း…

"ဒီမှာ အန်တီ၊ အန်တီ စကားပြောတာ ကြည့်ပြောပါ၊ ကျွန်မက ဒီပစ္စည်းကို ဘယ်ကယူလာရမှာလဲ၊ ဒါ ကျွန်မပစ္စည်း"

"အဟင်း… ဟင်း… ဟုတ်မှလည်း ပြောပါအေ။ ညည်းလိုလူမျိုးတွေက ဒီလိုပဲ လူမိရင် ကိုယ့်ပစ္စည်းလို့ ပြောကြတာပဲ"

"ဟင်… ရှင်… ရှင်… ကျွန်မသိက္ခာကို မစော်ကားနဲ့၊ ကျွန်မ ရှင်ထင်သလို မဟုတ်ဘူး၊ သူများပစ္စည်းကို အပ်ငို





စ်ခုတောင် ကျွန်မ မပြစ်မှားဘူး သိလား"

"ဒါဖြင့် ညည်း ဝန်ခံလေ၊ ဒါ ဘယ်သူ့ပစ္စည်းလဲဆိုတာ"

"ကျွန်မ ဘာကိုဝန်ခံရမှာလဲ အန်တီ၊ တစ်ဆိတ် အန်တီ းသမီးချင်း ကိုယ်ချင်းစာစကားပြောပါ"

"ညည်း ငါ့သမီးနဲ့ နှိုင်းစရာမလိုပါဘူး၊ ညည်းလိုလူက သမီးနဲ့ နှိုင်းပြောခံရတာ ငါ နာတယ်၊ ဒီမှာ… ညည်းကို နောက်ဆုံးပဲမေးမယ်၊ ညည်း ဒီပစ္စည်း ဘယ်ကရသလဲဆိုတာ ပြော"

အထင်သေးရက်လေးခြင်း၊ စော်ကားရက်လေခြင်းဆို ည့် အတွေးများဖြင့် လရိပ်မေ နှလုံးသားမှာ ရစရာမရှိအောင် ကျင်ကြေကွဲလျက် သွေးစိမ်းရှင်ရှင် ကျလာရသည်အထိ ကိုယ် င့်သိက္ခာနှင့် မာနကို စော်ကားခံလိုက်ရသည့်အတွက် လရိပ်မေ အံကို တင်းတင်းကြိတ်လျက် ဒေါ်မော်လီကို ပြန်ကြည့်လိုက် …

"ကျွန်မကလည်း ပြန်မေးပါရစေဦး၊ အန်တီနဲ့ ဒီဆွဲကြိုး ယ်လိုသက်ဆိုင်နေလဲဆိုတာ"

"ညည်း ငါ့ကို ဘာမှပြန်ပြီး မေးခွန်းထုတ်နေစရာ မလို း လရိပ်မေ၊ ညည်း ငါမေးတာသာ ဖြေ"

"ဒါ ကျွန်မပစ္စည်း"

"အဟင်း… ကောင်းပြီလေ၊ ညည်း ပြောသလို ညည်း ည်းဆိုရင် ဒီဆွဲကြိုးလေးရဲ့ ထူးခြားမှုကို ညည်း သိရမှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဘာလဲဆိုတာ ညည်း ပြောစမ်း”

ရုတ်တရက်တော့ လရိပ်မေမှာ မှင်တက်သွားရသည်။ ဒေါ်မော်လီသည် ဘာရည်ရွယ်ချက်နှင့် မေးလိုက်မှန်း လရိပ်မေ မသိပါ။ ခက်သည်က သူ မေးသည့် စကားကိုလည်း လရိပ်မေ မဖြေနိုင်။

သည်ဆွဲကြိုးလေး ဖေဖေပေးခဲ့စဉ်ကတည်းက လရိပ်မေ တစ်ခါသာ ထုတ်ကြည့်ပြီးနောက် နောက် ထုတ်မကြည့်ဖြစ်တော့ပါ။ ထို့တူ မေမေ့ကို စိတ်နာကာ ဒီဆွဲကြိုးလေးကို သူမ တစ်ခါမှ ထုတ်မဝတ်ဖြစ်။

ယခုတောင် ဘွားမွေးနေ့မို့ လရိပ်မေသည် ဖေဖေ ပေး သည့် ဒီပစ္စည်းလေးကို စိတ်မှာ မဝတ်ချင်ဝတ်ချင်နှင့် ဝတ်ခဲ့ ခြင်းဖြစ်သည်။

ဒါကလည်း ဘွားကြောင့်သာ ဖြစ်ပါသည်။ လရိပ်မေ အပေါ် သွေးသားရင်းတစ်ယောက်လို ခင်မင်သံယောဇဉ်ရှိနေသော ဘွားသည် သူ့မွေးနေ့တွင် လရိပ်မေကို ဝတ်ရန်ဆိုကာ ရွှေထည် ပစ္စည်းတစ်ဆင်စာကို ထုတ်ပေးလျက် ဝတ်ခိုင်းနေသည်မို့ လရိပ် မေသည် ဘွား ထုတ်ပေးသည့်ပစ္စည်းများကို ဝတ်ရန် ငြင်းပယ် ရင်း ခေါင်းခါခဲ့လေသည်။

သည့်နောက် လရိပ်မေသည် ဘွားထုတ်ပေးသည့် ပစ္စည်း များကို မဝတ်ချင်တာနှင့် သူမကို ဖေဖေ ပေးခဲ့သည့် ဆွဲကြိုးလေး ကို သတိရသွားကာ သူမတွင် ဆွဲရန် ဆွဲကြိုးလေးရှိပါကြောင်း





ပြောပြီး လရိပ်မေသည် ဘွားအလိုကျရန် ဒီဆွဲကြိုးလေးကို ဆွဲခဲ့ ခြင်းဖြစ်သည်။ ခုတော့ မထင်မှတ်ဘဲ ဒီဆွဲကြိုးလေးကြောင့်ပင် လရိပ်မေ ပြဿနာဖြစ်ရပြီ ဖြစ်သည်။

ဒေါ်မော်လီသည် လရိပ်မေကို နဂိုကမှ ကြည့်ရသူ မဟုတ်။ ဒီကြားထဲ လရိပ်မေ ဆွဲထားသည့် ဆွဲကြိုးလေးကို ကြည့်ပြီး မျက်စိမျက်နှာပျက်နှင့် လူကို တရားခံဖမ်းသလို မရှိ ခိုးနိုး မလှစုန်းနိုးအထင်နှင့် အထင်သေး အမြင်သေး ပြောနေ သည့် စကားများက တစ်သက်လုံး ဖြူစင်ရိုးသားစွာ နေထိုင် ကြီးပြင်းခဲ့သူ လရိပ်မေ နှလုံးသားကို ဆတ်ဆတ်ခါ နာကျင်စေ ခဲ့ရပြီဖြစ်သည်။

“ဖြေလေ လရိပ်မေ၊ ဘာလဲ... ညည်းမှာ ဖြေစရာ စကား မရှိတော့ဘူးလား၊ အဟင်း... ဟင်း... ငါ ထင်တဲ့ အတိုင်းပါပဲလားအေ၊ ညည်း ဒီပစ္စည်းကို တစ်ယောက်ယောက် ဆီက ခိုးလာတာမဟုတ်လား”

“ရှင်...”

“မဟုတ်ဘူးလို့တော့ မငြင်းနဲ့နော် လရိပ်မေ၊ ညည်း ဘယ်သူ့ဆီက ခိုးလာတယ်ဆိုတာသာ ငါ့ကို ပြော”

“အို...”

လရိပ်မေ သွေးပျက်မတတ် ထိတ်လန့်ချောက်ချားသွား ရသည်။ ဒေါ်မော်လီသည် သူမကို သူခိုးတစ်ယောက်ဟု စွပ်စွဲ နေပါရောလား။



www.burmeseclassic.com

www.burmeseclassic.com



သွေးပျက်သွားသူတစ်ယောက်လို လရိပ်မေသည် ဖြူဖျော့နေသော မျက်နှာလေးနှင့် အယောင်ယောင်အမှားမှား ခြေတစ်လှမ်းနောက်သို့ ဆုတ်လိုက်ပြီး…

"ကျွန်မ ဒီပစ္စည်း ဘယ်သူ့ဆီကမှ ခိုးလာတာ မဟုတ်ဘူး၊ ကျွန်မ သူခိုးမဟုတ်ဘူး၊ မခိုးဘူး"

"သြော်… ညည်းက ခုထိ ဖန်မခွဲသေးဘဲကိုး၊ ဒါဖြင့် ညည်း ငါမေးတာ ဖြေလေ၊ ဒီဆွဲကြိုးလေးရဲ့ ထူးခြားမှုက ဘာလဲဆိုတာ၊ အဟင်း… ဟင်း… ညည်း မဖြေနိုင်ပါဘူး လရိပ်မေရယ်၊ အေးလေ… ဘယ်ဖြေနိုင်ပါ့မလဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီဆွဲကြိုးလေးရဲ့ ပိုင်ရှင်ဟာ ငါဖြစ်နေလို့ပဲပေါ့"

"ရှင်…"

"ဟင်…"

"ဘုရားရေ…"

ရုတ်ခြည်းတော့ ကမ္ဘာကြီးသည် သူမအတွက် မှောင်မိုက်သွားရပါသည်။ ဘာတွေဖြစ်ကုန်ပြီလဲ။ ဒေါ်မော်လီ စကားများသည် သူမ နားကြားလွဲမှားတာတော့ဖြင့် မဟုတ်နိုင်ပါ၊ သူမ လည်တိုင်မှာ ဆွဲထားသည့် ဒီဆွဲကြိုးလေး၏ ပိုင်ရှင်သည် ဒေါ်မော်လီတဲ့လား။

မြတ်စွာဘုရား… ကယ်ပါ။

ဒေါ်မော်လီမှာ ဒီဆွဲကြိုးလေး၏ သခင်သည် သူဖြစ်သည်လို့ ပြောနေပါရောလား။ ဒါဖြင့် လရိပ်မေအား ပေးခဲ့သည့်





ဒီဆွဲကြိုးလေး၏ပိုင်ရှင် လရိပ်မေ၏ မေမေဆိုသူသည်လည်း…

"ဟင်…"

ချောက်ချားမှုတွေနှင့် ထိတ်လန့်တကြား တုန်ခါသွားရသော ရင်အစုံကို လရိပ်မေ သတိနှင့်ဖြန့်ထိန်းရင်း ဒေါ်မော်လီ မျက်နှာကို စေ့စေ့စူးစူး သေချာကြည့်လိုက်သည်။

"ဒီဆွဲကြိုးလေးရဲ့ ပိုင်ရှင်ဟာ ဘယ်သူလဲဆိုတာ ညည်း သိရပြီပဲ၊ အေး… ဒါမှ မယုံသေးဘူး၊ ပိုပြီး သေချာချင်တယ်ဆိုရင် ညည်း ခုဆွဲထားတဲ့ ဆွဲကြိုးလေးရဲ့ အသည်းပုံနှစ်ထပ်ပါ လော့ကက်လေးကို ဖွင့်လိုက်၊ အဲဒီမှာ မိသားစုသုံးဦးရဲ့ဓာတ်ပုံ ပါလိမ့်မယ်၊ အဲဒီဓာတ်ပုံထဲက အမျိုးသမီးဟာ ငါပဲ"

ထိတ်လန့်အံ့ဩမှုတွေနှင့် နှုတ်ခမ်းဖူးဖူးလေးမှ ဝိုင်းစက်သွားရသည်အထိ ဖွင့်ဟသွားရသည်။ သည်နောက် လရိပ်မေသည် မယုံကြည်နိုင်ခြင်း၊ အံ့ဩခြင်းတွေနှင့် ဒေါ်မော်လီ ပြောသည့်အတိုင်း သူမ လည်တိုင်မှ ဆွဲကြိုးလေးကို ဖြုတ်ကာ လော့ကက်လေးကို ဖွင့်လိုက်သည်နှင့်…

"ဟင်…"

ဘာစကားမှ မပြောနိုင်တော့ဘဲ လရိပ်မေ နှုတ်ဆိတ်ကျက် လူက ကျောက်ရုပ်တစ်ရုပ်နှယ် ဖြစ်သွားရသည်။

သို့သော် ချက်ချင်းပင် အသိပြန်ဝင်လာသည်နှင့် လရိပ်မေသည် သူမလက်ထဲတွင် ရှိနေသည့် ဆွဲကြိုးလော့ကက်ထဲမှ မိသားစုသုံးဦး ရိုက်ထားသည့် ဓာတ်ပုံသေးသေးလေးကို မျက်



www.burmeseclassic.com

www.burmeseclassic.com



တောင်မခတ်တမ်း ပြန်၍ စိုက်ကြည့်နေလိုက်သည်။

ဓာတ်ပုံထဲမှ ဖေဖေသည် လရိပ်မေကို ပြုံး၍ကြည့်နေ
လေ၏။ ဖေဖေ့ဘေးတွင် ချောမောလှပသော အမျိုးသမီးတစ်
ယောက်၊ ထိုအမျိုးသမီးသည် ကလေးတစ်ယောက်ကို ချီထား
လေ၏။

ထိုအမျိုးသမီး ချီထားသော ကလေးမှာ လရိပ်မေဆိုတာ
သူမ အလိုလိုသိလိုက်လေ၏။ ဒါဖြင့် သူမကို ချီထားသည့်
အမျိုးသမီးသည် လရိပ်မေနှင့် ဖေဖေ့ကို ပစ်ခွဲသွားရက်သည့်
သူမ၏မိခင် မေမေဆိုသူပါလားဆိုသော အသိနှင့် လရိပ်မေ
နှလုံးသားတွေ မွမွကြေကွဲသွားရသည်။

"ညည်း ကြည့်နေတာ ငါတို့မိသားစုရဲ့ပုံပဲ၊ ငါ ချီထားတဲ့
ကလေးက ငါ့သမီးလေးပဲပေါ့၊ ငါ့ဘေးက ငါ့သမီးရဲ့ ဖေဖေ
ဒီဆွဲကြိုးလေးက ငါ သမီးအတွက် ငါကိုယ်တိုင် ပေးခဲ့တာ၊
ဒီပစ္စည်းက ညည်းလက်ထဲ ဘယ်လိုရောက်နေတာလဲ၊ ညည်း…
ညည်း ခုထိ ငါ့ကို အမှန်အတိုင်း မပြောသေးဘူးလား လရိပ်မေ
ဒီဆွဲကြိုးလေးက ငါ့အတွက် သိပ်အရေးကြီးတယ်၊ ပြောစမ်း
ဒီပစ္စည်း ညည်း ဘယ်ကရလာတယ်ဆိုတာ"

ဆို့နစ်လာသော ခံစားမှုတွေနှင့် လရိပ်မေ စကားမ
နိုင်တော့သလို ငိုဖို့ရာလည်း မျက်ရည်တွေက သူမတွင် မ
သလောက် ဖြစ်နေရသည်။

အာခေါင်တွေ ခြောက်ကပ်လျက် မျက်စိများ ပြာဝေသ





သော လရိပ်မေသည် နင့်သည်းသည့် ခံစားမှုတွေနှင့် တုန်လှုပ်
တ်လန့် ချောက်ချားနေရသူတစ်ယောက်လို ဒေါ်မော်လီအား
က်တောင်မခတ်တမ်း စိုက်ကြည့်ရင်း…

"အန်တီ သိချင်ရင် ပြောပြပါ့မယ်၊ အန်တို့ပစ္စည်းပါ
ဆိုတဲ့ ဒီဆွဲကြိုးလေးကို ကျွန်မဖေဖေ့ဆီက ကျွန်မ ရခဲ့တာပါ"

"ဟင်…"

"အို…"

"ဟာ…"

"အင့်…"

"လရိပ်… လရိပ်…"

မင်းယုလွင် လှမ်းခေါ်ပါသော်လည်း လရိပ်မေသည်က
ာ့ လှည့်မကြည့်တော့ပါ။ ဒေါ်မော်လီအား စကားများ တစ်လုံး
င်းဆိုပြီးနောက် အခန်းထဲမှ ဂဏှာရှူးထိုးဟန် ပြေးထွက်လာ
သာ လရိပ်မေသည် ဒေါ်မော်လီနှင့် သူမ ပြောစကား အစအဆုံး
ကြားလိုက်ရသည့် အခန်းအပြင်ဘက်တွင် ရှိနေသော မင်းယုလွင်
 မမြင်တော့ဘဲ ဝင်တိုက်မိကာ အနားမှ အပြေးလေး ထွက်သွား
သာကြောင့် ဖြစ်သည်။

တကယ်တော့ မင်းယုလွင်သည် ဘွား ခေါ်ခိုင်း၍ လရိပ်
တို့ လာခေါ်ရင်း ဒေါ်မော်လီနှင့် လရိပ်မေ ပြောနေသည့်
ားများကို မထင်မှတ်ဘဲ အစအဆုံး ကြားလိုက်ရခြင်းဖြစ်ပါ
ည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မထင်မှတ်သည့်အဖြစ်မို့ မင်းယုလွင်ကို
တိုင် ဒီအဖြစ်ကို လက်ခံဖို့ ခက်ခဲနေသလို ကာယကံရှင်ဖြစ်သ
လရိပ်မေကိုယ်တိုင်လည်း ထိုအဖြစ်ကို လက်ခံရန် လွယ်ကူ
မည်မဟုတ်မှန်း မင်းယုလွင် ကိုယ်ချင်းစာစိတ်နှင့် နားလည်
လေသည်။

သူ့မျက်ဝန်းထဲမှာတော့ မျက်ရည်တွေနှင့် ပြေးထွက်သ
သည့် လရိပ်မေ၏ အငိုမျက်နှာလှလှလေးက မထွက်နိုင်ပါတေ

* * *



## အခန်း (၁၂)

ဖြစ်ခဲ့သမျှ အဖြစ်အပျက်အားလုံးနှင့် ပြဿနာ၏ အဖြေ
မှန်ကို ရှင်းလင်းစွာသိခွင့်ရသည့်အခါမှာတော့ မယုံကြည်၍မရ
အောင် ဒေါ်မော်လီသည် တစ်ချိန်က သူ့ဘဝအကြောင်းများကို
ဘွားနှင့် မင်းယုလွင်အား ပြောပြခဲ့လေသည်။

ပိုက်ဆံရှိ မိဘများ၏ တစ်ဦးတည်းသောသမီး ဘဝမှ
နေ သာမန်ဝန်ထမ်းအရာရှိလေးတစ်ဦးနှင့် အိမ်ထောင်ကျကာ
မိဘများ၏ စွန့်ပစ်ခံသမီးအဖြစ်နှင့် ချစ်သူ၏ ရင်ခွင်ရိပ်တွင်
ခိုနားခဲ့ရသော်လည်း ခင်ပွန်းဖြစ်သူ အရာရှိဝန်ထမ်းတစ်ယောက်
၏ ဇနီးမယားဘဝတွင် မိဘလက်ထက်က ငွေကို ထင်တိုင်းသုံးစွဲ
ခဲ့သော ဒေါ်မော်လီခေါ် ဒေါ်ခင်မမသည် ချစ်သူနှင့် အတူနေရ
ပေမယ့် ငွေကို ထင်တိုင်းသုံးခွင့်မရသောအခါ လောကဓံ၏
ဆင်းရဲခြင်းကို ရင်မဆိုင်နိုင်တော့ဘဲ ခင်ပွန်းဖြစ်သူနှင့် သမီးကို



www.burmeseclassic.com

www.burmeseclassic.com



စွန့်ခွာကာ မိဘရင်ခွင်ရိပ်အောက်သို့ ပြန်လည်ခိုဝင်ခဲ့လေသည်။

သည်အတွက် ဒေါ်ခင်မမအနေနှင့် ရင်နာခဲ့ရပါသည်။ ချစ်ပေမယ့်လည်း ခင်ပွန်းဖြစ်သူကို ကျောခိုင်းနိုင်ခဲ့ပေမယ့် ကိုယ့်ရင်မှာ လွယ်မွေးထားရသည့် သမီးလေးကိုတော့ ဒေါ်ခင်မမ ကျောမခိုင်းနိုင်ပါ။

ဒါကြောင့်လည်း သမီးလေးကို သူနှင့်အတူခေါ်ကာ မိဘအိမ် ဆင်းပေမယ့် သမီး၏အဖေသည် ထိုအဖြစ်ကို လုံးဝ လက်မခံခဲ့ပါ။

ငွေမျက်နှာကို ကမ္ဘာထင်ကာ ကျောခိုင်းနိုင်သည့် ဒေါ်ခင်မမကို နာကြည်းစိတ်နှင့် သူ စွန့်လွှတ်လိုက်သည်။

သို့သော် သူ့နှလုံးသွေးများ ပုံအောကာ သူ့အသက်နှင့် ထပ်တူ ချစ်မြတ်နိုးရသည့် သမီးကိုတော့ သူသည် ဖခင်တစ်ယောက်၏ မေတ္တာကြီးမားစွာနှင့် သူ့ရင်ခွင်ထဲမှနေ စွန့်ခွာခွင့်မပြုနိုင်ပါပေ။

သည်အခြေအနေမှာ သမီး၏ဖခင်သည် သူမနှင့်အတိုက်အခံပြုကာ သမီးကိုတင်းတင်းပွေ့ရင် ဒေါ်ခင်မမအား ခေါ်ဆောင်ခွင့်မပြုသည့်အခါမှာတော့ ဒေါ်ခင်မမတစ်ယောက် နှလုံးသွေးစိမ်းရှင်ရှင်ကျကာ နာကျင်ရသည့် နှလုံးသားကို ရင်မှာပိုက်ရင်း မျက်ရည်စက်လက်နှင့်ပင် ရင်နာနာနှင့် သမီးကို ကျောခိုင်းခဲ့ရသည်။

ဒေါ်ခင်မမမှာ သမီးနှင့် မခွဲခင် သမီးအတွက် အမှတ်





တရဆိုကာ သူမလည်တိုင်တွင် ဆွဲထားသည့် မိသားစုသုံးဦးပါဝင်သည့်ပုံလော့ကက်နှင့် ဆွဲကြိုးလေးကို သမီးဖြစ်သူအတွက် နောက်ဆုံး သူမ ပေးခဲ့သည့် အမှတ်တရ ပစ္စည်းလေးအနေနှင့် ပေးထားခဲ့လေသည်။

ခုတော့ သမီးအတွက် သူမ ပေးခဲ့သည့် ဆွဲကြိုးလေးကို လရိပ်မေ ဆွဲထားသည်ကို မြင်ရသောအခါ ဒေါ်ခင်မမအနေနှင့် ကြည်နူးမှုတွေနှင့် တုန်လှုပ်ချောက်ချားခဲ့ရလေသည်။

သည်ဆွဲကြိုးလေးသည် သူမဘဝနှင့် တစ်ဘဝလုံး ပတ်သက်ဆိုင်နေသည်ဆိုတာ လရိပ်မေမှ သိမည်မဟုတ်ပါ။

ဒေါ်ခင်မမမှာ မိဘရင်ခွင် ပြန်လည်ရောက်ရှိလာရပေမယ့် သူမသည် သမီးဖြစ်သူကို တစ်နေ့တစ်ရက်မှ မေ့မရနိုင်ခဲ့။ ကြည်စင်ကာ အပြစ်ကင်းစင်သော မျက်နှာလေးနှင့် နုနုထွားထွား ချစ်စရာသမီးလေးကို ဒေါ်ခင်မမ သတိရလွမ်းဆွတ်သည့်စိတ်နှင့် ငိုခဲ့ရသည့် နေ့ရက်တွေကလည်း မနည်းတော့။

တစ်နေ့တစ်နေ့ မျက်ရည်မကျသည့်နေ့ရယ်လို့ မရှိသော သမီးဖြစ်သူ ဒေါ်ခင်မမကိုကြည့်ပြီး မိဘနှစ်ပါးမှာ စိတ်မကောင်းဖြစ်ရကာ သမီးဖြစ်သူ စိတ်အပြောင်းအလဲရှိပါစေတော့ဆိုသည့် စိတ်အတွေးနှင့် ခင်မမအား သူတို့ သဘောတူကြည်ဖြူသည့် ရည်လေး၏ ဖခင်နှင့် အိမ်ထောင်ချပေးလိုက်သည်။

ထင်သည့်အတိုင်းပင် ဒေါ်ခင်မမသည် ကလေးတစ်ယောက်ဖခင် မုဆိုးဖိုဖြစ်သည့် ငွေကြေးပြည့်စုံချမ်းသာသည့်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်လေး၏ ဖခင်နှင့် အိမ်ထောင်ကျပြီးနောက်ပိုင်း မျက်ရည် မကျတော့သလောက် ရှိသွားသည်က ဝတ်ရည်လေးကြောင့်ပင် ဖြစ်သည်။

သမီးနှင့် ရုပ်တူသာရှိမည့် ဝတ်ရည်လေးကို ဒေါ်ခင်မမ သည် သမီးကိုယ်စား သမီးဖြစ်သူကို သတိရလွမ်းဆွတ်စိတ်နှင့် အချစ်တွေတိုးကာ ဝတ်ရည်လေးကို ချစ်ပိုခဲ့လေသည်။

သမီးလေးကို နေ့စဉ်နှင့်အမျှ သတိရတမ်းတ လွမ်းဆွတ် နေသော ဒေါ်ခင်မမသည် သမီးကိုယ်စား ဝတ်ရည်လေးကြောင့် သူမ စိတ်ချမ်းသာခဲ့ရသည်ကတော့ အမှန်ဖြစ်သည်။

သမီးကိုယ်စား ဒေါ်ခင်မမသည် နှစ်တွေကုန်ဆုံးလာ သည်နှင့်အမျှ ဝတ်ရည်သည်လည်း တဖြည်းဖြည်း အရွယ်ရောက် လာသကဲ့သို့ ဒေါ်ခင်မမသည်လည်း ဒေါ်မော်လီဘဝဖြင့် သမီး လေးကို လွမ်းဆွတ်သတိရသည့်စိတ်များ လျော့ပါးလာခဲ့သည်။

သို့တိုင် ဒေါ်ခင်မမသည် သူမ စွန့်ခွာခဲ့ရသည့် သမီး လေးကိုတော့ တစ်နေ့မှ မေ့မရခဲ့ပါ။

ဝတ်ရည်ကို မြင်တိုင်း သမီးလေးလည်း အခုဆို ဒီအရွယ် ရောက်နေပြီဆိုသော အတွေးနှင့် သမီးကို သတိရလွမ်းဆွတ်စိတ် နှင့်ပင် သမီးကိုယ်ပွား ဝတ်ရည်လေးအပေါ်မှာသာ အချစ်တွေ ပိုပိုတိုးခဲ့ရသည်။ လရိပ်မေကို မြင်စမှာ ဒေါ်ခင်မမသည် တစ်ဦး တစ်ယောက်နှင့်တူသည်လို့ စိတ်က ထင်ခဲ့ပေမယ့် ဘယ်သူနှင့်တူ မှန်းလည်း ဒေါ်ခင်မမ သေချာမဝေခွဲနိုင်ခဲ့ပါ။

သိန်းမင်းစာပေ



ယခုမှ ဒေါ်ခင်မမ သိလာခဲ့ရသည်က လရိပ်မေသည် သူမ ငယ်စဉ်ကနှင့် တူနေမှန်း သိလာခဲ့ရပေမယ့် ထိုအသိသည် သူမအတွက် နောက်ကျခဲ့ရပြီဖြစ်သည်။

လရိပ်မေ သူငယ်ချင်း နုသွယ်ထံမှတစ်ဆင့် သူမဘဝ ဇာတ်ကြောင်းအားလုံးကို သိခွင့်ရခဲ့သောအခါ ဒေါ်ခင်မမသည် သူမကိုယ်သူမ ခွင့်မလွှတ်နိုင်တော့ပါ။

ကိုယ့်ဝမ်းနှင့် လွယ်မွေးထားရသည့် ကိုယ့်သမီးရင်း ကိုယ့်ရှေ့မှာ မြင်ပါရက်နှင့် သမီးရယ်လို့မှ မသိသည့်အဖြစ် လောက် ရင်နာရသည့်အဖြစ်လည်း မရှိတော့ပါ။

အားကိုးစရာ ဖခင်ဆိုတာလည်း မရှိတော့သလို မိခင်ကို လည်း နာကြည်းသော အတွေးဖြင့် မဆက်သွယ်ခဲ့သော လရိပ်မေ သည် သူမ ပညာရေးအတွက် သူများအိမ်တွင် ကိုယ့်အားကိုယ်ကိုး ကာ ရိုးသားစွာ လာ၍ အလုပ်လုပ်နေရှာသူလေးကို ဒေါ်မော်လီ သည် မညှာမတာ ရက်ရက်စက်စက် ပြောခဲ့သည့်အဖြစ်က ဒေါ်မော်လီကို ပြန်၍ ယူကျုံးမရ နောင်တကြီးစွာရစေသည့် အဖြစ်။ ဒီအတွက် ဒေါ်မော်လီ ခေါ် ဒေါ်ခင်မမသည် သူ့ကိုယ် သူ ဘယ်တော့မှ ခွင့်လွှတ်နိုင်မည်မဟုတ်ပါ။ အတ္တဆန်ဆန် ကိုယ့်အတွက် ကိုယ်သာ ကြည့်လျက် သားသမီးချင်း ကိုယ်ချင်း စာပေးရမှန်း မသိလောက်အောင်ပင် အတ္တစိတ်များ လွှမ်းကဲကာ တစ်ကိုယ်ကောင်းဆန်သလို ဖြစ်ခဲ့ရသည့် အဖြစ်များက ဒေါ်ခင် မမကို ရှက်ရွံ့နာ ကျင်ကြေကွဲစေရလေသည်။

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာဖြစ်ပြီးနောက် လရိပ်မေသည် ဘွားနှင့်တကွ အားလုံးကို ရင်မဆိုင်ဘဲ နေ့သွယ်ရှိရာသို့ ရှောင်ပြေးထွက်ခဲ့လေသည်။

လရိပ်မေသည် သူထားခဲ့သည့် သမီးလေးပါလားဆိုတာ သိသည်နှင့် ဒေါ်ခင်မမ လရိပ်မေ နောက်ကို ချက်ချင်းလိုက်လာခဲ့ပေမယ့် လရိပ်မေက ဘယ်သူ့ကိုမှ ထွက်မတွေ့တော့ပါ။

ဘယ်သူ့မှ မတွေ့ချင်ပါဆိုသော စကားနှင့်ပင် ခါးခါးသီးသီး ငြင်းဆန်ခဲ့သည်မို့ ဒေါ်ခင်မမနှင့်တကွ အားလုံး လက်လျှော့ပြန်ခဲ့ရသော်လည်း ဒေါ်ခင်မမသည် နာကျင်နေသော သမီးရင်ထဲက ခံစားချက်ကို သိနေရသူပီပီ ဇွဲမလျှော့ခဲ့ပါ။ ဒီအဖြစ်တွေ တစ်ခါ၊ နှစ်ခါ၊ သုံး၊ လေး၊ ငါးခါပင် ရှိလာခဲ့ပေမယ့် လရိပ်မေဘက်က တုံ့ပြန်မှုကတော့ ထူးမလာခဲ့ပါ။

ဒေါ်ခင်မမမှာ နေ့သွယ်ကို အားလုံး ရှင်းပြထားကာ နေ့သွယ်ထံမှ အကူအညီတောင်းပါသော်လည်း လရိပ်မေသည် ခေါင်းမာကာ တစ်ဖွတ်ထိုးဆန်သူပီပီ နေ့သွယ်စကားကိုပင် လက်မခံဘဲ ရှိခဲ့သည်က သူမ၏မိခင်ဆိုသူ ဒေါ်ခင်မမအပေါ် စိတ်မှာ နာကျင်နေရသောကြောင့် ဖြစ်သည်။

လရိပ်မေဘက်က ကြည့်ပြန်ရင်လည်း သူမ အလွန်၊ သူမ အမှားလို့ ပြောမရပါ။ သူမအတွက် မိခင်ရင်ခွင်ဆိုတာ ငယ်စဉ်ကလေးဘဝကတည်းက မရရှိခဲ့သလို မိခင်လို့ သိလိုက်ရချိန်မှာလည်း သူမမိခင်ပါလို့ သိလိုက်ရသည့် အမျိုးသမီးကြီးက





သူမနှလုံးသားကို နာကျင်အောင် ထိုးနက်ကာ သူမသိက္ခာ၊ မာန နှင့် ကိုယ်ကျင့်တရားတို့ကို ရစရာမရှိအောင် အထင်သေးစော်ကားခဲ့သူ ဖြစ်နေပြန်၏။

ကဲ... ဒီအဖြစ်က လရိပ်မေအတွက် ဘယ်လောက်များ ခါးသီးနာကြည်း ကြေကွဲဝမ်းနည်းစရာ ကောင်းလိုက်ပါသလဲ။

ကံကြမ္မာသည် လရိပ်မေကို ဒီလိုအဖြစ်မျိုးနှင့်များ တမင် ဖန်ဆင်းပေးထားခဲ့သည်လား မသိပါ။ လရိပ်မေသည် ဒီလိုအဖြစ်တွေနှင့် ရင်ဆိုင်ရသည့် သူမဘဝကိုလည်း သူမ တွေးကာ ဝမ်းနည်းကြေကွဲမဆုံးပါတော့။

နာကြည်းခါးသီး ကြေကွဲမှုတွေကြောင့်လည်း လရိပ်မေသည် ဒေါ်ခင်မမကို ရင်မဆိုင်ခဲ့ခြင်းဖြစ်သည်။

သူမ မိခင်ပါလို့ ဘယ်လိုပင်ပြောပြော လရိပ်မေကတော့ ဒေါ်ခင်မမကို သူမ၏မိခင်အဖြစ် လက်ခံဖို့ရာ လွယ်မည်မဟုတ်ပါ။ မိဘမဲ့ဘဝဖြင့် ဖြတ်သန်းကုန်ဆုံးခဲ့ရသည့် နှစ်တွေနည်းတော့သလို မိခင်မရှိသည့်ဘဝတွင် သူမ ခံစားခဲ့ရသည့် ဝေဒနာတွေကလည်း ရင်မှာ ပြည့်သိပ်နေရသည့်အဖြစ်။

သည်ဝေဒနာတွေ၊ ဒီအဖြစ်တွေကို ဘယ်သူက ခံစားနားလည်ပေးနိုင်လို့ ဘယ်သူက ချေဖျက်နိုင်မှာတဲ့လဲလေ။

"လရိပ်"

တစ်ယောက်တည်း အတွေးတွေနှင့် ရှိနေသော လရိပ်မေအနားသို့ နေ့သွယ် ရောက်လာကာ ငေးမှိုင်နေသော လရိပ်မေ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးကို ကြည့်လျက် ခေါ်လိုက်လေသည်။

သူမ ခေါ်သံကြောင့် လရိပ်မေ အကြည့်ငေးငေးလေးက နုသွယ်ထံ ရောက်ရှိလာပြီး…

"နုသွယ်"

တိုးဖျော့ဖျော့ အသံလေးက အားယူပြောလိုက်သည်မို့ တိမ်ဝင်နေရသည်။

လရိပ်မေ ခံစားနေရသမျှ သိနေသူမို့ သူမအဖြစ်ကို ကိုယ်ချင်းစာ နားလည်စိတ်နှင့် နုသွယ်သည် လရိပ်မေ မျက်နှာလေးအား စိတ်မကောင်းစွာကြည့်ရင်း…

"ကိုယ့်ကိုယ်ကို ဘာလို့ ဒီလောက် ဒုက္ခရှာနေရတာလဲ လရိပ်ရယ်၊ ခု လရိပ် လုပ်နေတာတွေက ကိုယ့်ကိုယ်ကို ပြန်ပြီး နှိပ်စက်နေတာနဲ့ အတူတူပဲ သိလား၊ နုသွယ် မင်းကို အကြိမ်ကြိမ် ရှင်းပြပြောခဲ့ပြီပဲ၊ တကယ်တော့ လရိပ်ရဲ့ မေမေဟာ လရိပ် ထင်ထားသလို အထင်လွဲ စိတ်နာဖို့ကောင်းတဲ့သူတစ်ယောက် မဟုတ်ဘူးဆိုတာ…"

"တော်… တော်ပါတော့ နုသွယ်ရယ်၊ လရိပ်ကို သနားတယ်၊ ချစ်တယ်ဆိုရင် လရိပ်ကို အဲဒီအကြောင်းတွေ မပြောပါနဲ့တော့"

"မပြောလို့မရဘူး လရိပ်၊ ဒီအဖြစ်တွေကို လရိပ် အချိန် ဘယ်လောက်ကြာကြာ ရှောင်လွှဲထားနိုင်မှာမို့လို့လဲ၊ လရိပ် ဒီလို ရှောင်လွှဲလို့ရော ဒီအဖြစ်တွေက ပြောင်းလဲသွားနိုင်မှာတဲ့လား၊





လရိပ်မေမေများမှာလည်း သနားစရာပါ၊ ကိုယ့်သားသမီးကို မချစ်လို့ ပစ်ထားခဲ့တာမှ မဟုတ်ဘဲ၊ အဲဒီအတွက် လရိပ်မေမေဟာ နှလုံးသွေးစိမ်းရှင်ရှင်ကျအောင် ခံစားခဲ့ရတယ်၊ နုသွယ်လည်း မိန်းမသားမို့ ကိုယ်ချင်းစာမိတယ်၊ လူဆိုတာ နဂိုကတည်းက အတ္တမကင်းတဲ့သူတွေပဲ၊ အတ္တဆန်တဲ့ ခံစားမှုတွေကို ရှေ့တန်းတင်ခဲ့မိတဲ့ အများတွေအတွက်လည်း လရိပ်ကို လရိပ်မေမကျေနပ်အောင် တောင်းပန်နေပြီပဲ၊ လရိပ်ဘက်က ကျေနပ်ခွင့်လွှတ်သင့်ပါပြီကွယ်"

"မပြောပါနဲ့တော့ နုသွယ်ရယ်၊ လရိပ် ဘာမှ မကြားပါရစေနဲ့"

ဝမ်းနည်းကြေကွဲစွာ နင့်သည်းမှုတွေနှင့် ခံစားနေရသော မျက်နှာလေးနှင့် ဟန့်တားရင်း နုသွယ်ကို ဖက်ကာ လရိပ်မေ ရှိုက်ငိုလေတော့ နုသွယ်မှာ သက်ပြင်းမောရှိုက်ရင်း အားမလို အားမရ စကားဆိုလေသည်။

"မငိုပါနဲ့ လရိပ်ရယ်၊ လရိပ်ဘဝမှာ မျက်ရည်ကျခဲ့တာတွေ များပါပြီ၊ ဒါနဲ့တောင် ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို ထပ်ပြီး နှိပ်စက်ချင်နေရသေးတာလဲ၊ ခုတော့ ကောင်းသေးရဲ့လားဟင်၊ သူများ မျက်ရည်ကျသလို ကိုယ်လည်း မျက်ရည်ကျရတာပဲ မဟုတ်လား၊ နုသွယ်ကတော့ လရိပ်ကို မာနတွေလျှော့၊ စိတ်ကို လျှော့ဖို့ပဲ ပြောချင်တယ်"

လေပြေလေးနှင့် ပြောနေသည့် နုသွယ်၏ စကားလုံး



www.burmeseclassic.com

www.burmeseclassic.com



တိုင်းသည် လရိပ်မေ နှလုံးသားနေနှကို ထိမှန်စေရသည်မို့ စကားပင် ပြန်မဆိုနိုင်တော့လောက်အောင် ရင်ထဲမှာ တင်းကျပ်ဆို့နင့်လျက် နှုတ်ခမ်းဖူးဖူးလေးကိုသာ ဖိကိုက်ထားလိုက်သည်။

တကယ်တော့ နုသွယ် ပြောသလိုပါပဲလေ။ သူများမျက်ရည်ကျသလို လရိပ်မေကိုယ်တိုင်လည်း မျက်ရည်ကျနေရသည့်အဖြစ်။ မေမေ့အပေါ် နာကျင်မှုတွေ မပြေပျောက်နိုင်ပါဟု ထင်ထားခဲ့ပေမယ့် တကယ့်လက်တွေ့ဘဝမှာတော့ ထင်သလို မဟုတ်ခဲ့။ တစ်ရစ်ချင်း ပြေနေရသည့် စိတ်အတွေးများနှင့်အတူ မေမေဆိုသည့် အသိကလည်း လရိပ်မေ နှလုံးသားကို နွေးထွေးလုံခြုံသွားစေရသည်။

"လရိပ်ရယ်… လရိပ် မေမေကို ခွင့်လွှတ်လိုက်ပါနော်"

လရိပ်မေ ရင်ထဲ ဆို့ရနင့်စကား မရှိတော့ပါ။ လောလောဆယ် သူမ သိသည်က ရင်မှာ ဝမ်းနည်းမှုတွေနှင့် ငိုချင်တာတစ်ခုတည်းပါပဲလေ။

"လရိပ်ရယ်"

နုသွယ်မှာ လရိပ်မေ ရင်ထဲက အဖြေကို သိနားလည်သွားသလိုမျိုး ကြည်နူးပျော်ရွှင်ရိပ်ဖြင့် လရိပ်မေ လက်လေးကို တင်းတင်းဆုပ်ရင်းက မကြာမီ မိခင်တစ်ယောက်၏ ရင်ခွင်တွင် နွေးထွေးလုံခြုံတော့မည့် လရိပ်မေ ဘဝလေးကို စိတ်ကူးနှင့် မျှော်ကြည့်လိုက်ပါတော့သည်။

* * *



## အခန်း (၁၃)

မင်းယုလွင်တစ်ယောက် လက်ထဲက စာလေးကို ဖတ်ရင်း ဖတ်ရင်းက မျက်မှောင်ကြီးတွန့်လာရသည်။

စာဆုံးသွားသော မင်းယုလွင်သည် သူ့လက်ထဲက ကိုင်ထားသည့်စာကို လုံးချေလျက် နံရံသို့ ပစ်ပေါက်လိုက်ပြီး…

"ကောင်းရောကွာ… ကောင်းရော… လုပ်ချင်တာသာ လုပ်ပေတော့"

"မြေး… ဘာဖြစ်နေတာလဲ"

စိမ်းမှောင်နေသော မျက်ခုံးကြီး တွန့်ကြုတ်လျက် စိတ်ယ် တစ်စုံတစ်ရာကို အလိုမကျသလို ဆိုလိုက်သော မင်းယုလွင်ို ဘွားသည် မေးရင်း အနားသို့ ရောက်ရှိလာသည်။

မင်းယုလွင်မှာ ဘွားကို အကျိုးအကြောင်းရှင်းပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လရိပ်စာ ဘွား၊ သူ အလုပ်မလုပ်နိုင်တော့တဲ့အတွ
ခွင့်လွှတ်ဖို့ တောင်းပန်တဲ့စာလေ"

မင်းယုလွင်စကားအဆုံးဝယ် ဘွားမှာငိုင်တွေသွားရသ

"ဘွားပြောတော့ လရိပ်က လိမ္မာပါတယ်ဆို၊ ခုတေ
လိမ္မာပါတယ်လို့ပြောတဲ့ ဘွားရဲ့လရိပ်က ဘွားကို ထားသွားခဲ့
လေ"

လရိပ်မေ အနားမှာမရှိတော့ဘူးဆိုတာနှင့် ရင်မှာ တ
တစ်ရာ လစ်ဟာသွားသလို ကျင်ခနဲနေအောင် ခံစားလိုက်ရသေ
မင်းယုလွင်တစ်ယောက် မကျေမနပ် စကားတွေဆိုနေတော့ ဘွ
ဖြစ်သူကို ဖျောင်းဖျဖို့ စကားဆိုရလေသည်။

"အင်း... ဘာတတ်နိုင်မှာလဲ မြေးရယ်၊ သူလည်း
အကြောင်းနဲ့သူနေမှာပေါ့၊ လရိပ်လေးက အသက်ငယ်ပေမ
အသိဉာဏ်ကြီးတဲ့သူတစ်ယောက်ပါ၊ သူ ဘွားနားကို မလာ
တော့ဘူးဆိုတာ အကြောင်းမဲ့တော့ ဟုတ်မယ်မထင်ပါဘူး၊ ခ
ကလည်း ပြောရှာသား၊ သူ့သမီးနဲ့သူ အဆင်ပြေပြီတဲ့လေ၊ ဒီ
ထဲ သားလည်း သူတို့အခြေအနေကို သွားကြည့်ပေါ့၊ ဘွားလ
သူတို့နဲ့ သွားတွေ့ပါဦးမယ်၊ လရိပ်လေး အခြေအနေကိုလ
ကြည့်ရင်းပေါ့"

"သွားတွေ့လည်း မထူးပါဘူး ဘွားရာ၊ သူ့စိတ်လ
ဘွား သိသားနဲ့၊ သား သူ့ကို အကြိမ်ကြိမ် သွားတွေ့ပြီ
သွားတွေ့တိုင်းလည်း ဘယ်သူနဲ့မှ မတွေ့ချင်ဘူးပြောပြီး အ





ငြင်းလွှတ်တယ်လေ၊ အဲလို ငြင်းလွှတ်တိုင်း စိတ်မောလူမောနဲ့
ပြန်လာခဲ့ရတဲ့နေ့တွေ မနည်းဘူးဆိုတာ ဘွားမှမသိဘဲ"

ပြောရင်း မင်းယုလွင် စိတ်ပျက်လက်ပျက် ညည်းညူ
နေပြန်၍...

"မြေးရယ်... သူ့ခမျာလည်း အခြေအနေကြောင့် ဖြစ်ပါ
လိမ့်မယ်၊ စောင့်ကြည့်ကြသေးတာပေါ့ကွယ်"

ဘွားမှာ မြေးဖြစ်သူ မင်းယုလွင်၏ တခွတ်ထိုးစိတ်ကို
သိနေသူပီပီ လေအေးအေးဖြင့် ချော့မော့စကားဆိုရင်း အခန်း
ထဲမှ ထွက်သွားလေသည်။

ကျန်ခဲ့သည့် မင်းယုလွင်မှာတော့ အတွေးများဖြင့် ငေး
ငိုင်စွာ တွေဝေနေဆဲ စိတ်ကို လျှော့လိုက်ဆိုပေမယ့် သူ ဘယ်လို
လုပ် စိတ်လျှော့နိုင်မှာတဲ့လဲလေ။

လရိပ်မေဆိုသည့် သူမကြောင့် ခံစားနေရသည့် ဝေဒနာ
တွေက ရင်မှာ တနင့်တပွေးမို့ ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသလို
ပါပဲလေ။ လရိပ်မေသည် မိခင်ဖြစ်သူ ဒေါ်ခင်မမနှင့် ပြေလည်
သွားပြီဆိုပေမယ့် သူမသည် မိခင်ဖြစ်သူနှင့် အတူမနေပါ။
လရိပ်မေနှင့် ပတ်သက်သမျှ အကြောင်းစုံကို သူမ သူငယ်ချင်း
နုသွယ်ထံမှ အဆက်မပြတ် ကြားသိနေရသဖြင့် မင်းယုလွင်
ပို၍ စိတ်ထိခိုက်နေရသည်။

သူ့အိမ်က ထွက်သွားပြီး နုသွယ်ဆီ ပြန်ရောက်ပြီ
ဆိုကတည်းက လရိပ်မေသည် သူ့မမိခင် ဒေါ်ခင်မမနှင့် ပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်သည့် လူများကို တစ်ဦးတစ်ယောက်မှ အတွေ့မခံတော့ပေ။ ရင်မှာ ခံစားမှုတွေနှင့် စိတ်ထိခိုက်နေရှာမည့် လရိပ်မေကို မင်းယုလွင် သနားစိုးရိမ်စိတ်နှင့် သူမမျက်နှာလေးကို မြင်ရနိုးနှင့် သွားတွေ့ပါသော်လည်း လရိပ်မေသည်ကတော့ သူ့ကို အတွေ့မခံခဲ့ပါပေ။

ထိုအတွက် မင်းယုလွင်မှာ ကိုယ့်ဒုက္ခနှင့်ကိုယ် ဗျာများနေရသည်။

ရင်မှာ မြတ်နိုးစွာ ချစ်မိသူလေးကို ချစ်စကားဆိုလျှက် သူ့ရင်ထဲက အချစ်များကို ဖွင့်ဟပြီးပြီမို့ ဘာဝဲပြောပြော သူ့အနေနှင့်ကတော့ ချစ်သူအနား အရိပ်အဖြစ်နှင့်သာ ရှိနေချင်ပါသည်။

ခက်တာက လရိပ်မေသည် သူ့အချစ်များကို အသိအမှတ်မပြုခြင်းပင် ဖြစ်သည်။

သူ့ရင်ထဲက အချစ်များကို ဘယ်လိုပင် ရင်ဖွင့်ဆိုခဲ့ပါစေမူ လရိပ်မေဆိုသည့် သူမလေးကတော့ သူ့အချစ်များကို နည်းနည်းမှ အသိအမှတ်မပြုသည့်အပြင် သူ့ကိုပင် အကြည့်စိမ်းစိမ်းတွေနှင့် သစ္စာမဲ့သူ၊ ဝတ်ရည်အပေါ်မှာ သစ္စာမရှိသူးရယ်လို့ မှတ်ယူသွားပုံက မင်းယုလွင် နှလုံးသားများကို နာကျင်စေရသည့်အဖြစ်။

ထိုအခြေအနေမှာ လရိပ်မေကို သူ ရှင်းပြခွင့်မရှိသေးခင် ဒေါ်ခင်မမနှင့် ပြဿနာပေါ်လာခဲ့ခြင်းဖြစ်သည်။

ခုတော့ ဒီအဖြစ်တွေသည်လည်း အားလုံး ရှင်းလင်းကာ အဖြေမှန်ပေါ်ခဲ့ရပြီ ဖြစ်သည်။





လရိပ်မေနှင့် ဒေါ်ခင်မမ၏ သားအမိဆက်ဆံရေးသည်လည်း ပြေပြေလည်လည်နှင့် သင့်မြတ်သွားပြီဖြစ်သလို လရိပ်မေကိုယ်တိုင်ကလည်း ဒေါ်ခင်မမကို သူမ၏ မိခင်အဖြစ် အသိအမှတ်ပြု လက်ခံလိုက်ပြီဖြစ်သည်။

ဒေါ်ခင်မမသည် သမီးဖြစ်သူ လရိပ်မေ၏ အသိအမှတ်ပြုမှုကြောင့် ဝမ်းသာပျော်ရွှင်လို့မှမဆုံးသေး သူမ၏ ဝမ်းမှာ သမီးဖြစ်သူ ဝတ်ရည်သည် မင်းယုလွင်နှင့် စေ့စပ်ထားသည့်ကြားက သူမ၏ ငယ်ရည်းစားဆိုသူနှင့် ခိုးရာလိုက်သွားသောအခါ ဒေါ်ခင်မမမှာ မချိသောရင်အစုံဖြင့် ဖြေမဆည်နိုင်အောင် ရှိခဲ့ရလေသည်။

သူမ ငယ်ရည်းစားနှင့် ခိုးရာလိုက်သွားသည့် ဝတ်ရည်ကို စိတ်မှာ ကျိတ်၍ ကျေးဇူးတင်နေရသူက မင်းယုလွင် ဖြစ်သည်။

တကယ်တော့ မင်းယုလွင်သည် ဝတ်ရည်ကို မချစ်ပါပေ။ မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို ထောက်ထားရမည့် လူကြီးများမျက်နှာနှင့် သူ ဝတ်ရည်ကို စေ့စပ်လက်ခံခဲ့ပေမယ့် ဝတ်ရည်သည် သူ့နှလုံးသားထဲတွင် ရှိနေသည့် မိန်းကလေး ဟုတ်မှန်းကိုလည်း မင်းယုလွင် သိနေခဲ့ပါ၏။

ခုတော့ သူ့တွင် ထောက်ထားစရာ မျက်နှာမရှိတော့သလို ဝတ်ရည်သည်လည်း သူမချစ်သူနှင့် ဘဝတစ်ခုကို ထူထောင်သွားပြီဖြစ်သည်။

ဝတ်ရည်ထားလို့ ကျန်သွားခဲ့သည်ဆိုပေမယ့် မင်းယုလွင်



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားသည် ဗလာမဟုတ်ခဲ့ပါ။ ရင်မှာ နင့်စူးစွာ ချစ်မိနေပြီဖြစ်သော လရိပ်မေသည် သူ့နှလုံးသား ရှိနေရပြီဖြစ်သည်။

လရိပ်မေကို သူ ချစ်ပါသည်။ ချစ်လွန်းလို့လည်း မင်းယုလွင်မှာ သူမ မျက်နှာလေးကို တစ်နေ့မမြင်ရရင် မနေနိုင်ခဲ့ပါ။

ချစ်သူမျက်နှာသည် သူ့ကမ္ဘာမို့ ချစ်သူလေးရှိရာ သွားတွေ့ပေမယ့် သူမကတော့ သူ့ကို တွေ့ခွင့်မပြုခဲ့ပါပေ။

သည်အတွက် ရင်နာရသူက သူပင်ဖြစ်သည်။ လရိပ်မေသည် သူ့အချစ်များကို နည်းနည်းမှ အသိအမှတ်မပြု။ မယုံကြည်ပါလားဆိုသော အတွေးနှင့် မင်းယုလွင် နှလုံးသားမချိအောင် နာကျင်ရပါသည်။

နာကျင်စိတ်နှင့် လရိပ်မေကို သူ ဖွင့်တိုးတွေ့ဖို့ရန်လည်း ကြိုးစားခဲ့လေ၏။

သို့သော် သူ ကြိုးစားမှုသည် မအောင်မြင်ခဲ့ပါပေ။ နှလုံးသားတွင် ဒဏ်ရာဒဏ်ချက်တွေနှင့် ရှိနေသော လရိပ်မေကို သူ့ကြောင့် ဝေဒနာတွေ တိုးအောင် သူမကို မခံစားစေလိုပါ။

ဒါကြောင့်လည်း မင်းယုလွင်သည် လရိပ်မေကို သူဘမင် အလျှော့ပေးခဲ့ပေမယ့် ဒီတစ်ခါတော့ဖြင့် သူမကို အလျှော့မပေးတော့ပါပေ။

အလျှော့မပေးတော့ရန်လည်း မင်းယုလွင် စိတ်မှာ ဆုံးဖြတ်ထားပြီးဖြစ်သည်။ လရိပ်မေဆိုတာ သူ့ဘဝ သူ့ကမ္ဘာ သူ့နှလုံးသားတွင် နက်ရှိုင်းစူးနစ်စွာ ရှိနေသည့် မိန်းကလေးမို့





လည်း မင်းယုလွင်သည် ချစ်သူကို ဘာအတွက်၊ ဘယ်လိုအကြောင်းမျိုးနှင့်မှ လက်လွှတ်ဆုံးရှုံးမခံနိုင်တော့ပြီမို့ သူ့အနေနှင့် တုံးဆိုတိုက် ကျားဆိုကိုက်ဆိုသလို သူ့အနေနှင့် သူမလေးကို ရယူပိုင်ဆိုင်ဖို့ဆိုပါက ဘာကိုမှ ဂရုမစိုက်၊ ကြမ်းသင့်ရင် ကြမ်းစေရမည်ဖြစ်သည်။

ထိုအတွေးနှင့် မင်းယုလွင်မှာ ခိုင်မာသည့် ဆုံးဖြတ်ချက်ကို ရင်မှာပိုင်ပိုင်ချလိုက်မိသည်။

ထိုသည်မှာ တခြားမဟုတ်။ ဒီတစ်ခေါက် လရိပ်မေနှင့်သူ တွေ့ပါက သူမလေးအချစ်ကို သူ အေးအေးဆေးဆေး တောင်းလို့ရရင်ရ၊ မရပါက သူမကို ခိုးပြေးရန် စိတ်ကူးလိုက်ခြင်း ဖြစ်သည်။

မချစ် မချစ်နှင့် ချစ်ပါတော့လည်း မင်းယုလွင်အချစ်က ကြောက်စရာ။

လရိပ်မေထံမှ အချစ်ကို ရဖို့ဆိုလျှင် သူ ဘာကိုပဲ ခိုင်ဆိုင်ရ ရင်ဆိုင်ရ ဂရုမစိုက်တော့သည်မို့ မင်းယုလွင်သည် ကိုယ့်ဆုံးဖြတ်ချက်ကို ကိုယ် ကျေနပ်စွာနှင့်ပင် လရိပ်မေ ရှိရာသို့ ထွက်လာခဲ့လေသည်။

မင်းယုလွင်တစ်ယောက် လရိပ်မေရှိရာကို ရောက်တော့ လရိပ်မေကို တွေ့ခွင့်မရ။ သူ့အား မတွေ့ချင်ပါဟု ငြင်းဆန်ကာဆိုလိုက်သည့် လရိပ်မေကြောင့် မင်းယုလွင် ရင်မောသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့မှ မတွေ့ချင်ဘူးလို့ ပြောနေတယ် ဦးမင်းယုလွှင်"

သူနှင့် လရိပ်မေအကြောင်းကို အစအဆုံး သိနေပြီဖြစ်တဲ့ နုသွယ်က အကျိုးအကြောင်း ပြောပြလာ၍…

"သူ မတွေ့ချင်ပေမယ့် ကျွန်တော် တွေ့ချင်တယ် မနုသွယ် ခဏလေးပဲဖြစ်ဖြစ် တွေ့ပါရစေလို့ ပြောပေးပါဗျာ၊ မတွေ့ရရင် မပြန်ဘူးလို့လည်း သူ့ကို ပြောလိုက်ပါ"

မထူးတော့ပြီမို့ ရှေ့မျက်နှာ နောက်ထားကာ မင်းယုလွှင်သည် ဖြစ်ချင်ရာဖြစ်ဆိုသည့်သဘောနှင့် ဖွတ်တရွတ်ပြောမိတော့ နုသွယ်မှာ စိတ်ရှုပ်သွားဟန် ခေါင်းလေးကုတ်လျက် အိမ်ထဲသို့ ပြန်ဝင်သွားလေသည်။

မကြာလိုက်။ နုသွယ်သည် ပြန်ထွက်လာကာ ခေါင်းလေးခါယမ်းပြပြီး…

"ကျွန်မလည်း ပြောတာပဲ ဦးမင်းယုလွှင်၊ ဒါပေမဲ့ လရိပ်က သိပ်ခေါင်းမာတယ်၊ ဘာပြောပြော လက်မခံဘူး တခြားလူဆိုရင် သူ ထွက်တွေ့ရင် ထွက်တွေ့မယ်၊ ဦးမင်းယုလွှင်ကိုတော့ သူ မတွေ့ချင်ဘူးတဲ့လေ၊ ဖြီးတော့ ပြောလိုက်သေးတယ်၊ သူ့ကို မနှောင့်ယှက်ပါနဲ့တဲ့လေ"

နုသွယ်မှာ လရိပ်မေ ပြောသည့်အတိုင်း ပြန်ပြောနေပေမယ့် သူမ မျက်နှာလေးကတော့ မင်းယုလွှင်ကို ထိုသို့ ပြောလိုက်ရသည့်အတွက် အားနာနေဟန်တူပါ၏။





လရိပ်မေနှင့် ဦးမင်းယုလွှင်၏ မပြေလည်သည့် အခြေအနေကို သိထားသူပီပီ သူမအနေနှင့် တတ်နိုင်သလောက် ကူညီပေးလိုနေဟန်လည်း နုသွယ်တွင် ရှိပါသည်။

သို့သော် ခက်သည်က လရိပ်မေပင်ဖြစ်သည်။ ကာယကံရှင်ကိုယ်တိုင် မတွေ့ချင်ပါဟု ခါးခါးသီးသီး ငြင်းဆန်နေသောအခါ သူမအနေနှင့် ဘာမှမတတ်နိုင်ခဲ့ပါ။

ဦးမင်းယုလွှင်ကို ကြည့်လိုက်တော့ အိမ်ရှေ့ဧည့်ခန်းခုံပေါ်တွင် စိတ်ပျက်လက်ပျက် ထိုင်ရင်း ခေါင်းကို ခုံနောက်တန်းမှီချလျက် တွေတွေကြီး ငြိမ်နေလေသည်။

သူနှင့်ပတ်သက်ကာ လရိပ်မေသည် ခါးခါးသီးသီးဖြစ်နေသည့်အတွက်လည်း စိတ်ထိခိုက်သွားသည်လား မပြောတတ်ပါ။

ခဏကြာတော့ တစ်စုံတစ်ရာကို ဆုံးဖြတ်ပြီးသွားဟန် မင်းယုလွှင်သည် နေရာမှ ထရပ်လျက် နုသွယ်အား တစ်စုံတစ်ရာ နှုတ်ဆက်စကားဆိုလိုက်သည်။

မင်းယုလွှင် စကားကြောင့် နုသွယ်သည် မျက်နှာလေး ပျက်သွားပြီး…

"ဖြစ်နိုင်ပါ့မလား ဦးမင်းယုလွှင်၊ တော်ကြာ လရိပ်မေက စိတ်ဆိုးနေပါဦးမယ်"

"မတတ်နိုင်ဘူး မနုသွယ်ရယ်၊ ကျွန်တော့်မှာလည်း ရွေးချယ်စရာလမ်းမရှိတော့လို့ မနုသွယ် ကျွန်တော့်ကို ကူညီပါ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လရိပ်ကို တကယ်ချစ်တာပါ၊ ကျွန်တော်တို့နှစ်ယောက် အခုလို ခံစားနေရတာထက်စာရင် အဖြေကို ရှင်းရှင်းလင်းလင်း သိအောင် ရင်ဆိုင်လိုက်တာသာ အကောင်းဆုံးဖြစ်မှာပါ မနုသွယ်

မင်းယုလွင် စကားကို နုသွယ်သည် စဉ်းစားသလို ငြိမ် သွားလေသည်။ တကယ်တော့ မင်းယုလွင် ပြောသည်ကလည်း မမှားပါ။ လရိပ်မေရင်ထဲ မင်းယုလွင်နှင့်ပတ်သက်လို့ ခံစားနေ သည်ကို နုသွယ် သိပါသည်။

မင်းယုလွင် ပြန်သွားတိုင်း ငေးငိုင်နေသော မျက်နှာလေး နှင့် မျက်ဝန်းမှာ မျက်ရည်စတွေ ခိုတွဲနေတတ်သော လရိပ်မေ ကြောင့် နုသွယ် သက်ပြင်းချရင်း သူငယ်ချင်းအတွက် အားမငယ် အားမရ ဖြစ်ခဲ့ရသည်ကလည်း မနည်းပါ။

လရိပ်မေ ရင်ထဲတွင် မင်းယုလွင်နှင့် ပတ်သက်သည့် ခံစားမှုကို နုသွယ် မြင်တွေ့သင့်သလောက်လည်း မြင်တွေ့ခဲ့ ပြီမို့ နုသွယ်အနေနှင့် လရိပ်မေကို မခံစားစေလိုတော့ပါ။

တတ်နိုင်သလောက် လရိပ်ကို စိတ်ချမ်းသာစေချင်ပါ သည်။ ထို့အတွက် သူမ ဆုံးဖြတ်ချက်များ မှားခဲ့တယ်ဆိုရင် တောင် ထိုအမှားသည် လရိပ်မေအပေါ်မှာထားသည့် စေတနာ အမှားများသာ ဖြစ်လိမ့်မည်မဟုတ်ပါလား။

* * *





ရင်ထဲတွင် တင်းကျပ်လွန်းသောကြောင့် အသက်ရှူတွေ ပင် မွန်းကျပ်လာသလိုလို၊ နှုတ်ခမ်းကို တင်းတင်းဖိကိုက်ရင်းက လရိပ်မေသည် ရင်ထဲဆောက်တည်ရာမရသလို နှလုံးသားတွေ နာကျင်ကြေကွဲဆို့နင့်နေရသည့် အဖြစ်။

ပြောရလျှင် သူမ နှလုံးသား ခံစားမှုဝေဒနာများသည် သူမအတွက် ပထမဦးဆုံးနှင့် နောက်ဆုံးသာ ဖြစ်ပါသည်။

ယောကျ်ားတစ်ယောက်နှင့် ပတ်သက်ကာ နှလုံးသားမှာ ဘာကြောင့် ဒီလိုဝေဒနာတွေ ခံစားရသည်ကိုလည်း လရိပ်မေ သူမကိုယ်သူမ နားမလည်နိုင်ပါ။

'အချစ်'

ဦးမင်းယုလွင်ဆိုသည့် ယောကျ်ားတစ်ယောက်နှင့် ပတ် သက်ကာ လရိပ်မေ ရင်ထဲ အချစ်ဆိုတာ တကယ်ပင် ဝင်ရောက် နေပြီတဲ့လား။

ဟင့်အင်း··· လရိပ်မေ ဒီအဖြစ်ကိုလည်း လက်မခံနိုင် ပါ။ နှလုံးသားအတွက် 'အချစ်' ဆိုတာ ရှိနေပြီးသား ယောကျ်ား တစ်ယောက်ကို လရိပ်မေအနေနှင့် လက်မခံနိုင်ပါ။

လက်ကမ်းကြိုရန်လည်း သူမအနေနှင့် မဝံ့ရဲ။ ထို့အတွက် လရိပ်မေသည် ဦးမင်းယုလွင်ကို သူမနှလုံးသားထဲ အဝင်မခံနိုင် သလို နေရာလည်း မပေးနိုင်ပါ။

တည်ငြိမ်ခဲ့သော လရိပ်မေ၏နှလုံးသားသည် မင်းယုလွင် ကြောင့် လှုပ်ရှားခဲ့သည်ကိုတော့ သူမ ဝန်ခံပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကြောင့် သူမ အကြိမ်ကြိမ် ရင်ခုန်ခဲ့ရသည်ကိုလည်း လရိပ်မေ မငြင်းပါ။

'သိပ်ချစ်ပါသည်' ဆိုသည့် သူ့နှုတ်မှ စကားများသည် လရိပ်မေ နှလုံးသားကို နှမ်းလျှရင်မော တုန်လှုပ်စေရပေမယ့် သူမသည် ထိုအချစ်ဆိုတာကိုလည်း ကြောက်မိပါ၏။

ပိုင်ရှင်ရှိပြီးသား နှလုံးသားတစ်ခုကို လရိပ်မေ အနေနှင့် မယူငင် မသိမ်းပိုက်လိုတော့ပါ။

ချစ်ပြီးမှ ခွဲရတာထက် မချစ်ခင်က ကြိုတင်ခွဲရသည်က သူမအတွက် ဖြေသာကောင်း ဖြေသာလိမ့်မည်လို့ ထင်ခဲ့ပေမယ့် တကယ်တမ်းမှာတော့ ထိုသို့ မဟုတ်ခဲ့ပါပေ။

နှလုံးသားမှာ နေရာယူထားသည့် လူတစ်ယောက်ကို မသိဟန်ပြု၊ ဟန်ဆောင်ကျောခိုင်းခဲ့ရသည်က ကိုယ့်နှလုံးသားကို ကိုယ် ပြန်၍ ခံစားစေရသည့်အဖြစ်။

သူမအတွက် ပျော်ရွှင်စရာ အချိန်များသည် ဘယ်တော့မှများ ရောက်ရှိလာတော့မည် မသိပါ။

ကံကြမ္မာသည် တကယ်ပဲ သူမကို မျက်နှာသာမပေးနိုင်တော့ပြီလားဆိုသော နာကျင်ဆို့နှင့် ကြေကွဲရသော အတွေးများနှင့် လရိပ်မေ မျက်ဝန်းအိမ်မှ မျက်ရည်စများသည် ပါးပြင်နုနုထက် စီးဆင်းကျလာရလေသည်။

ခုချိန်တွင် သူမအတွက် အဖော်ပြုစရာဆိုလို့ မျက်ရည်တွေသာ ရှိတော့သည့်အဖြစ်။





သည်အဖြစ်ကို ဘယ်သူတွေက သိနိုင်ဦးမှာတဲ့လဲ။

ဖေဖေ၊ မေမေ၊ ဘွား၊ ဦးမင်းယုလွင်၊ နုသယ်လား၊ တစ်ယောက်မှ မသိနိုင်ပါ။

လရိပ်မေသည် အတွေးနှင့် နာကျင်လာရသည်မို့ အိပ်ရာပေါ် မှောက်အိပ်ကာ ခေါင်းအုံးနှင့် မျက်နှာအပ်ပြီး ခံစားရသမျှ ငိုရှိုက်ပစ်လိုက်သည်။

"ဟင်..."

နင့်သည်းသော ရှိုက်သံလေးနှင့် ကိုယ်လေးသိမ့်သိမ့်တုန်အောင် ငိုကြွေးနေသော လရိပ်မေကို ကြည့်ပြီး အခန်းထဲဝင်လာသည့် မင်းယုလွင် ခြေလှမ်းများသည် အံ့ဩမှုတွေနှင့်အတူ ရပ်တန့်သွားရသည်။

မင်းယုလွင်သည် သူ မတွေ့ရသည့်ရက်ပိုင်းအတွင်း သိသာစွာပိန်ကျသွားသော လရိပ်မေကို ချစ်ကြင်နာမှုများနှင့် ငေးစိုက်ကြည့်ရင်း တိုးရှိုက်စွာ ခေါ်မိလေ၏။

"လရိပ်"

"ဟင်..."

ယဉ်ပါးရင်းနှီးလွန်းသော မင်းယုလွင် အသံကြောင့်လား မသိပါ။ မျက်ရည်တွေနှင့် ငိုရှိုက်နေရာမှ လရိပ်မေသည် နောက်သို့ ဖျတ်ခနဲ လှည့်ကြည့်လာလေ၏။

"ဦးမင်းယုလွင်"

မင်းယုလွင်အား အခန်းဝတွင် ရုတ်တရက် တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် လရိပ်မေသည် အထိတ်ထိတ်အလန့်လန့်နှင့် ဖြစ်သွားရကာ သူမသည်လည်း အလိုလိုပင် အိပ်ရာထက်မှ ဆတ်ခနဲ ထထိုင်မိလျက်သား ဖြစ်သွားရသည်။

"ဟုတ်တယ်၊ ကိုယ် မင်းယုလွင်ပါ လရိပ်"

"အို..."

ရှက်သွေးဖြာ ထိတ်လန့်နေသော မျက်နှာလေးနှင့် ဖြူဖျော့နေရသော လရိပ်မေ၏ မျက်နှာကိုကြည့်ပြီး မင်းယုလွင် ရင်ထဲ ကြင်နာသနားကရုဏာသက်မှုတို့က ဖြစ်လို့မဆုံးတော့ပါ။

မင်းယုလွင်သည် ခြေလှမ်းကျဲကြီးတွေနှင့် လရိပ်မေ ရှိရာသို့ ပို၍တိုးကပ်လာလိုက်ပြီး...

"လရိပ်"

သူ ခေါ်ပေမယ့် လရိပ်မေ မထူးတော့ပါ။ နီရဲနေသော မျက်နှာလေးနှင့် မျက်လွှာလေးချ၊ နှုတ်ခမ်းလေး ဖိကိုက်ကာ ငြိမ်သက်နေလေသည်။ သူမ၏ ဒီပုံစံလေးကပင် မင်းယုလွင် နှလုံးသားကို ပို၍ နှိုးဆွပေးနေသလို ရှိနေသည်မို့...

"မောင် ခေါ်နေတယ်လေ လရိပ်၊ လရိပ် မောင့်ကို ထူးပါဦးဗျာ"

ကြင်နာနူးညံ့သည့် မင်းယုလွင် စကားကြောင့် လရိပ်မေသည် နှုတ်ခမ်းလေးကို ဖိကိုက်ထားရာမှ မျက်ရည်တွေက ပါးပြင်ထက် စီးကျလာပြန်၏။ လရိပ်မေ မျက်ရည်များမြင်တော့ မင်းယုလွင် ရင်မှာ နင့်ဖြာသွားရကာ...





"မငိုပါနဲ့ လရိပ်ရယ်၊ လရိပ် မျက်နှာလေးကို မြင်တွေ့ချင်လွန်းလို့ လာခဲ့တဲ့ မောင့်ကို ဒီနည်းနဲ့ စိတ်မကောင်းအောင် မလုပ်ပါနဲ့လားဗျာ၊ လရိပ် ဒီလိုငိုနေတော့ မောင် ဘယ်လိုနေရတော့မလဲ၊ မငိုနဲ့နော် လရိပ်၊ တိတ်... ဟုတ်လား၊ မောင်တို့ အေးအေးဆေးဆေး စကားပြောရအောင်နော်"

မင်းယုလွင်သည် လရိပ်မေ ပခုံးလေးကို သူ့လက်နှင့် သိုင်းပွေ့ရင်းက ဆိုလိုက်သည်။ ထိုအခါ လရိပ်မေသည် သူ့အား မဝံ့မရဲ မော့ကြည့် လာရင်း...

"ရှင်... ရှင်... ဘာဖြစ်လို့ ကျွန်မ အခန်းထဲ ဝင်လာရတာလဲ ဦးမင်းယုလွင်၊ သွားပါ... ထွက်သွားပါရှင်၊ ကျွန်မ... ကျွန်မ... ရှင့်ကို မတွေ့ချင်ဘူး"

ပြောရင်းက မျက်ရည်တွေ ပါးပြင်ပေါ် ကျလာပြန်၏။

"ဟာကွာ... ဒီမျက်ရည်တွေ ပါးပြင်ပေါ် ဘာလို့ကျလာရပြန်ပြီလဲ"

မင်းယုလွင် လရိပ်မေ မျက်နှာလေးကို ဆွဲမော့ကာ တယုတယ မျက်ရည်သုတ်ပေးနေသည့်ကြားကပင် ဝမ်းနည်းကြေကွဲမှုတွေကြောင့် မျက်ရည်တွေက အဆက်မပြတ် ပါးပြင်ပေါ် စီးကျနေရသည်။

သူမ မျက်ရည်များက သူ့ရင်ကို နာကျင်ရသည်မို့ မင်းယုလွင် ကရုဏာသက်စွာ ဟန်တားရင်း လရိပ်မေ ကိုယ်လေးကို သူ့ရင်ခွင်ထဲသို့ ခပ်တင်းတင်းလေး ထွေးပွေ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လရိပ်ရယ်"

"သိပ်ချစ်တယ်"

"ဦးမင်းယုလွင်ရယ်"

"အို…"

ဟန်ဆောင်ရသည့်အလုပ်က တကယ်တော့ ပင်ပန်းလှပါသည်။ ထိုထဲက ကိုယ့်နှလုံးသားကို ကိုယ် ပြန်ညာရသည့် အလုပ်ကတော့ ပို၍ ပင်ပန်းစေရပါ၏။

ထိုပင်ပန်းမှုကို လရိပ်မေအနေနှင့် မခံစားနိုင်တော့ပါ။ ကိုယ့်နှလုံးသားကို ကိုယ်ပြန်ညာရသည့် အလုပ်ကိုလည်း လရိပ်မေ ကြောက်ရွံ့လာရသည်မို့ လရိပ်မေမှာ ရှေ့ဆက် ဟန်မဆောင်နိုင်တော့ဘဲ မင်းယုလွင် ရင်ခွင်ထဲကို ကလေးတစ်ယောက်လို အားကိုးတကြီး တိုးဝင်မိလိုက်ပါတော့သည်။

မင်းယုလွင်သည် ရင်ခွင်ထဲက လရိပ်မေ မျက်နှာလေးကို ဆွဲမော့ယူကာ နှုတ်ခမ်းဖူးဝင်းဝင်းလေးကို ညင်ညင်သာသာ ရှိုက်နမ်းလိုက်တော့ လရိပ်မေ ရင်ထဲ သိမ့်ခနဲ လှုပ်ရှားသွားရသည်။

ရှက်သွေးဖြင့် ရဲပဒေါင်းခတ်နေသော လရိပ်မေ မျက်နှာကိုကြည့်ပြီး မင်းယုလွင် အပြုံးဖြင့် စိုက်ကြည့်ကာ…

"လရိပ်"

"ဦးမင်းယုလွင်"

လရိပ်မေ ပြန်ထူးသံကြောင့် မင်းယုလွင် ရင်မှာကြည်နူးသွားကာ…





"အဟွန်း… လရိပ်က သိပ်ချစ်ဖို့ကောင်းတာပဲ၊ ကဲ… ပြောပါဦး၊ မောင့်ကို ချစ်တယ်ဆိုတာ…"

သူ ဆိုလိုက်တော့ လရိပ်မေ ရှက်ရှက်နှင့် မင်းယုလွင် ကိုယ်ကြီးကို တွန်းထုတ်ပစ်ရင်း…

"မသိဘူး၊ လရိပ် ရှက်တယ်"

"အဟွန်း… ဟွန်း… ဟွန်း… ချစ်တာ ရှက်စရာမှ မဟုတ်ဘဲဗျာ၊ မောင်ကတော့ လရိပ်မေကို ချစ်တယ်၊ သိပ်ချစ်တယ်၊ ဒါပဲနော်၊ ခင်ဗျားလေး ခုချိန်ကစပြီး မောင့်ကို ရှောင်ဖို့ မကြိုးစားနဲ့တော့၊ အေးကွ… ရှောင်လို့လည်း မရဘူး၊ မောင့်ကို ရှောင်လို့ကတော့ ဒီကောင်မလေးကို တစ်ခါတည်း အပိုင်သိမ်းလိုက်တော့မှာ"

"အို…"

ပြုံးလွှန့်လွှန့်နှင့် စသလို ဆိုလိုက်၍ လရိပ်မေမှာ မျက်နှာလေး ရဲပသွားကာ ရှက်ရှက်နှင့် မင်းယုလွင် ကိုယ်ကြီးကို တွန်းထုတ်ပေမယ့် မရပါ။ မင်းယုလွင်သည် လရိပ်မေ ကိုယ်လေးကို မလွှတ်ပါဘဲ တိုးလို့ဖက်ကာ…

"လရိပ်နော်… မောင့်ကို အသည်းယားအောင် မလုပ်နဲ့၊ ပြောစမ်း… ချစ်လားဆိုတာ၊ အဟွန်း… ဒါပေမဲ့ မပြောလည်း ကိစ္စမရှိပါဘူးလေ၊ လရိပ် ချစ်နေတာ မောင် သိနေတာပဲ"

"ဦးမင်းယုလွင်နော်… ရှင်…"

လရိပ်မေ မျက်နှာလေး ရဲပသွားလျက် မခံချင်ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ရကာ ရှက်ရှက်နှင့် မျက်စောင်းလေးထိုးမိလိုက်ရပါတော့သည်။

"ဟော့… ဘာလို့ လူကို မျက်စောင်းထိုးရတာလဲကွ"

"ထိုးမှာပေါ့၊ ဘာလို့ လူကို အဲလိုပြောရတာလဲ"

"ဟာဗျာ… မောင် ပြောတာ မဟုတ်လို့လား၊ မောင့်ကို မချစ်တာလည်း မဟုတ်ဘဲနဲ့၊ ချစ်ပါရက်နဲ့ ရင်မဆိုင်ရဲဘဲ တစ်ယောက်တည်း ကျိတ်ငိုနေတဲ့ ကောင်မလေး၊ တော်သေးလို့ပေါ့ကွာ၊ မောင့်ဆုံးဖြတ်ချက်တွေ မှန်သွားလို့ပေါ့၊ မဟုတ်လို့ကတော့ မင်းလေး ဒီလိုလုပ်နေပုံနဲ့ နှစ်ယောက်စလုံး ခံစားရမယ့်အဖြစ်၊ မင်း အဲဒါ မောင့်ကို ကျေးဇူးတင်"

"အံမယ်… မတင်ပါဘူးနော်"

"မတင်လို့ ရမလားဗျ၊ မောင်သာ ဆုံးဖြတ်ချက်မှန်မှန်နဲ့ အခုလိုမဆုံးဖြတ်ခဲ့ရင် လရိပ်အချစ်ကို မောင် အခုထိ ပိုင်ဆိုင်ခွင့်ရပါဦးမလား"

"အပွန်း… သူ့ကို ဘယ်သူက ချစ်ပါတယ် ပြောလို့လဲ"

"ဟင်… မောင့်ကို မချစ်ဘူးလား"

"အင်း…"

"ဘာလဲကွာ…"

"ချစ်တယ်"

"အပွန်း… လရိပ်ရယ်"

ချစ်သူကို ချစ်ပါသည် ပြောရတာကိုပင် ရှက်စရာယူ





ထင်မှတ်ကာ မျက်နှာရဲရဲလေးနှင့် မျက်လုံးလေး မှေးမှိတ်သွားသော ချစ်သူ၏ အရှက်သည်းနေပုံလေးကိုကြည့်ပြီး မင်းယုလွင်သည် ချစ်စိတ်တွေနှင့် မချင့်မရဲ ဖြစ်လာရသည်မို့ မှေးမှိတ်ထားသော လရိပ်မေ၏မျက်နှာလေးကို သူ့နှုတ်ခမ်းအစုံနှင့် ခပ်ဖွဖွ တို့ထိနမ်းရှိုက်နေရင်း တိုးရှိုက်စွာ ဆိုလိုက်၏။

"မောင့်ရင်တွေ အရမ်းခုန်နေတယ် လရိပ်၊ မောင့်ရဲ့ ရင်ခုန်သံစည်းချက်တိုင်းဟာ လရိပ်ကို ချစ်တယ်၊ သိပ်ချစ်တယ် ဆိုတဲ့ စကားတွေပဲ ပြောနေတယ်၊ လရိပ် ကြားလား"

မင်းယုလွင်မှာ တဒိတ်ဒိတ်ခုန်နေသည့် သူ့ရင်ခုန်သံတွေ သူ့ရင်ဘတ်များ ခေါင်းလေးကပ်ကာ လရိပ်မေအား နားထောင်ခိုင်းလိုက်သည်။

"ကြားလား လရိပ်"

"အင်း… ကြားတယ်"

"ဘာတဲ့လဲ"

"လရိပ်ကို ချစ်တယ်တဲ့"

"လရိပ်ကရော"

"သိပ်ချစ်တယ်"

"ဘယ်သူ့ကိုလဲ"

"မောင့်ကို"

"ဘယ်လို… ဘယ်သူ့ကို"

"ဟောဒီက လရိပ် သိပ်ချစ်ရတဲ့ မောင့်ကိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အပွင့်း… ပွင့်း… ပွင့်း…"

"လရိပ်ရယ်…"

"မောင်ရယ်…"

ကြည်နူးကျေနပ်မှု အပြုံးတွေနှင့် နွေးထွေးစွာကျရောက်လာသော မောင့်အနမ်းတွေကို လရိပ်သည် ငြင်းဆန်ခြင်းမပြုတော့ပါ။

နွေးထွေးလုံခြုံမှုတွေနှင့် အေးမြနေသော မောင့်ရင်ခွင်တွင် ခေါင်းလေးတိုးဝင်ရင်းက မောင့်ကိုယ်ကြီးကို သူမ လက်လေးနှင့် မမီမကမ်း ပြန်လည်ပွေ့ဖက်လိုက်သည်။

ထိုခဏမှာတော့ သူတို့နှစ်ဦး၏ ကြည်နူးမှု ရင်ခုန်သံများသည် ဟန်ချက်ညီညီနှင့် ကသည့်တေးသွားများလို ရင်ခုန်သံစိတ်လှုပ်ရှားဖွယ်အတိနှင့် ရှိသွားရတော့သည်။

BURMESE CLASSIC .com

*ပျော်ရွှင်မှု ရသများဖြင့်*

*ပြည့်စုံနိုင်ကြပါစေ…*

**စာချစ်သူများရဲ့…**

**မြသားသွင်**



www.burmeseclassic.com